* * * * * * * * * * * * * * * * * * *

၁။ ဗုဒ္ဓသာသနာအဖွဲ့အက်ဥပဒေ

၂။ ပါဠိပညာရေးအဖွဲ့အက်ဥပဒေ

၃။ ၎င်း နည်းဥပဒေ

၄။ ဝိနိစ္ဆယဋ္ဌာန အက်ဥပဒေ

၅။ ၎င်း နည်းဥပဒေ

၆။ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ
ဋ္ဌာန အက်ဥပဒေ

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

# ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၆။]

အမှတ်စဉ်............
နေ့စွဲ...............

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။ဤအက်ဥပဒေကို၊ ၁၃၁၂ ခု (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ခရိုင်''ဆိုသည်မှာ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၊ ချင်းဝိသေသတိုင်းနှင့်ကော်သူလေးမှအပ၊ပြည်ထောင်စုမြန်မာနိုင်ငံရှိကျန်နယ်မြေများအတွက်၊ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် ခရိုင်ကို ဆိုလိုသည်။

(ခ) ''နည်းဥပဒေ''ဆိုသည်မှာ၊ ဤအက်ဥပဒေ ဇယားများတွင် ပါသည့် နည်းဥပဒေများကိုဆိုလိုသည်။

(ဂ) ''မြို့မ''ဆိုသည်မှာ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က သတ်မှတ်သည့် မြို့နှင့်ဒေသများကို၊ သို့တည်းမဟုတ် ထိုသို့သတ်မှတ်သည့်မြို့မ မရှိသေးလျှင်၊အစိုးရကသတ်မှတ်ထားသည့် မြို့မများကိုဆိုလိုသည်။

(ဃ) ''ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့'' ဆိုသည်မှာ၊ ဗုဒ္ဓသာသနာရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများကိုသာလျှင် ဆောင်ရွက်သော အဖွဲ့ကို ဆိုလိုသည်။

(င) ''ဒေသကိုယ်စားလှယ်'' ဆိုသည်မှာ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် ပါဝင်ရန် ပုဒ်မ ၅ အရ ရွေးချယ်ခန့်ထားသော ပြည်နယ်တခုခု၏၊ သို့တည်းမဟုတ်ချင်းဝိသေသတိုင်း၏၊ သို့တည်းမဟုတ်ကော်သူလေး၏၊ သို့တည်းမဟုတ် ခရိုင် တခုခု၏ ကိုယ်စားလှယ်ကို ဆိုလိုသည်။

(စ) ''သာသနာနှစ်'' ဆိုသည်မှာ၊ ဤအက်ဥပဒေကိစ္စ အလို့ငှါ၊ နိုင်ငံတော် အမှုဆောင် အဖွဲ့က နည်းဥပဒေဖြင့် ပြဋ္ဌာန်းခြင်း မပြုမီ၊ ကဆုန်လပြည့်ကျော် တရက်နေ့မှ နောက်နှစ် ကဆုန်လပြည့်နေ့ထိ ဖြစ်သောကာလအပိုင်းအခြားကို ဆိုလိုသည်။

(ဆ) ''နိုင်ငံတော်ဩဝါဒါစရိယဆရာတော်'' ဆိုသည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာန အက်ဥပဒေ ပုဒ်မ ၆ အရ ရွေးကောက်တင်မြှောက်ပြီးဖြစ်သော လက်ရှိနိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များကို ဆိုလိုသည်။

အဘိုး—၂၅ ပြား]

၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးအတွက်—

(က) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ (ဤမှနောက်တွင် နိုင်ငံတော် အဖွဲ့ဟု ခေါ်ဆိုသည့်အဖွဲ့) တခုနှင့်

(ခ) နိုင်ငံတော် ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့ (ဤမှနောက်တွင် နိုင်ငံတော်အမှုဆောင်အဖွဲ့ဟုခေါ်ဆိုသည့်အဖွဲ့) တခု

ရှိရမည်။

၄။ ။ဤအဖွဲ့များ ဖြစ်ပေါ်လာသည့်အတွက် အခြားဗုဒ္ဓသာသနာရေး အဖွဲ့များနှင့်ထိုအဖွဲ့များ၏အခွင့်အရေးကို မထိခိုက်စေရ၊ အခြားဗုဒ္ဓသာသနာရေး အဖွဲ့များမှာ၊ မိမိတို့၏လုပ်ငန်းများကိုဆောင်ရွက်မြဲအတိုင်း လွတ်လပ်စွာဆက်လက်ဆောင်ရွက်နိုင်ခွင့် မပျက်မယွင်းစေရ၊ ဤအဖွဲ့များသည်အခြား ဗုဒ္ဓသာသနာရေး အဖွဲ့များ၏ကိစ္စများတွင် စွက်ဖက်နိုင်ခွင့်မရှိစေရ။ အခြားဗုဒ္ဓသာသနာရေး အဖွဲ့များက မိမိတို့၏လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကူအညီတောင်းလျှင်မူကား၊ ဤအဖွဲ့များသည်အကူအညီပေးနိုင်ကြသည်။ ထို့ပြင် ဤအဖွဲ့များဖြစ်ပေါ်လာသည့်အတွက်—

(က) သာသနာရေး အဆောက်အဦကို ဖြစ်စေ၊ မြေကိုဖြစ်စေ လှူဒါန်းသူ၊ သို့တည်းမဟုတ် ထိုသူ၏အမွေကိုဆက်ခံသူ၊

(ခ) သာသနာရေး အဆောက်အဦကို ဖြစ်စေ၊သာသနာရေး မြေကို ဖြစ်စေအလှူခံသူ၊ သို့တည်းမဟုတ်ထိုသူ၏အမွေကိုဆက်ခံသူ၊

(ဂ) သာသနာရေး အဆောက်အဦနှင့် မြေစသည်တို့ကို စောင့်ထိန်းသောတရားဝင်အသင်းအဖွဲ့၊သို့တည်းမဟုတ် ပုဂ္ဂိုလ်

အသီးသီး၏ အဆိုပါသာသနာရေးဆိုင်ရာ ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးတခုခုရှိလျှင်၊ ထိုအခွင့်အရေးကို မထိခိုက်စေရ။ အကူအညီ တောင်းလျှင်မူကား၊ ဤအဖွဲ့များသည်အကူအညီပေးနိုင်ကြသည်။

## နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။

၅။ ။(၁) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် အောက်ပါလူပုဂ္ဂိုလ်များပါဝင်ရမည်။

(က) နိုင်ငံတော် ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ဝင်အားလုံး။

(ခ) ရှမ်းပြည်နယ် ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့များမှ ကိုယ်စားလှယ် ငါးဦး။

(ဂ) ကချင်ပြည်နယ် ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ် လေးဦး။

(ဃ) ချင်းဝိသေသတိုင်း ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်သုံးဦး။

(င) ကရင်နီပြည်နယ် ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ် နှစ်ဦး။

(စ) ကော်သူလေး ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ် နှစ်ဦး။

( ဆ ) ရန်ကုန်ခရိုင်နှင့်မန္တလေးခရိုင်ရှိ ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့များမှ ကိုယ်စားလှယ် သုံးဦးစီ၊ ထို့ပြင်ကျန်ခရိုင်အသီးသီးရှိ ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များမှ၊ ခရိုင်တခုလျှင် ကိုယ်စားလှယ်တဦးစီ။

( ၂ ) နိုင်ငံတော် အဖွဲ့တွင် ပါဝင်ရန်၊ ဒေသကိုယ်စားလှယ် များကို အောက်ပါအတိုင်းရွေးချယ်ရမည်။

( က ) ပြည်နယ်အတွင်း၌၎င်း၊ ဝိသေသတိုင်းအတွင်း၌၎င်း၊ ကော်သူလေးအတွင်း၌၎င်း၊ ခရိုင်အတွင်း၌၎င်းရှိသည့်မြို့မများတွင်ဤအက်ဥပဒေအာဏာမတည်မီ အနည်းဆုံး တနှစ်အထက်ကတည်ထောင်ပြီးဖြစ်သောဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့အသီးသီးမှကိုယ်စားလှယ်တဦးစီတက်ရောက်ခွင့်ရှိသောအစည်းအဝေးတခုကျင်းပရမည်။

ယင်းဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့အသီးသီးသည်၊ မိမိ၏ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ထိုဥက္ကဋ္ဌကမဆောင်ရွက်လိုလျှင်၊ မိမိ၏အမှုဆောင်အဖွဲ့ဝင်တဦးဦးကိုသာလျှင်၊ မိမိ၏ကိုယ်စားလှယ်အဖြစ်ဖြင့်အစည်းအဝေးသို့တက်ရောက်ရန်ရွေးချယ်နိုင်ခွင့်ရှိသည်။

( ခ ) ထိုအစည်းအဝေးကို၊ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးက၊ သို့တည်းမဟုတ်သက်ဆိုင်ရာ ရေးရာဝန်ကြီးက၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်ဝန်က၊ နည်းဥပဒေနှင့်အညီ ဘိတ်ခေါ်ရမည်။

( ဂ ) ထိုအစည်းအဝေးတွင်၊ နိုင်ငံတော်အဖွဲ့ဝင် ကိုယ်စားလှယ်ကို မိမိတို့အထဲမှရွေးချယ်ရမည်။

( ဃ ) ထိုအစည်းအဝေးနှင့်စပ်လျဉ်းသည့်ကိစ္စအရပ်ရပ်ကိုနည်းဥပဒေအရဆောင်ရွက်ရမည်။

( ၃ ) အဖွဲ့တခုသည်၊ ပုဒ်မ ၂ (ဃ) နှင့်ဤပုဒ်မ၏ပုဒ်မခွဲ (၂) (က) အရ၊ ကိုယ်စားလှယ်လွှတ်ပိုင်ခွင့်ရှိသောဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့ဟုတ်သည် မဟုတ်သည်ဟူသောပြဿနာ ပေါ်ပေါက်လျှင်၊ နိုင်ငံတော်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်သည်အပြီးအပြတ်အတည်ဖြစ်စေရမည်။

ခြွင်းချက်။ ။သို့ရာတွင် ဤအက်ဥပဒေ အရ ပဌမဆုံးနိုင်ငံတော် အမှုဆောင်အဖွဲ့ကိုမဖွဲ့စည်းမီ၊ ဒေသကိုယ်စားလှယ်ရွေးချယ်ရန်ပဌမဆုံးအစည်းအဝေးသို့ မည်သည့်ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့သည်ကိုယ်စားလှယ်လွှတ်ပိုင်ခွင့်ရှိသော အရည်အချင်းနှင့်ပြည့်စုံသည့်အဖွဲ့ဖြစ်သည်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ သာသနာရေးဌာနဝန်ကြီး၏အဆုံးအဖြတ်သည်၊ ထိုအစည်းအဝေးအတွက်အပြီးအပြတ်အတည်ဖြစ်စေရမည်။

၆။ ။နိုင်ငံတော်အဖွဲ့၏ရာထူး သက်တမ်းသည်၊ သုံးနှစ် ကာလအပိုင်းအခြားအတွက်သာလျှင်ဖြစ်စေရမည်။

၇။ ။( ၁ ) နိုင်ငံတော်အဖွဲ့သစ်ကို ရွေးကောက်ဖွဲ့စည်းပြီးသည့် အခါတိုင်း၊ ရက်ပေါင်း ၄၅ ရက်အတွင်းလျှင်မြန်နိုင်သမျှလျှင်မြန်စွာ ပဌမညီလာခံကို ကျင်းပရမည်။ ဤအက်ဥပဒေအာဏာတည်သည့်နေ့မှ ပဌမဆုံးကျင်းပရမည့်ညီလာခံကို သာသနာရေးဌာနဝန်ကြီးကဘိတ်ခေါ်ရမည်။

(၂) ထိုညီလာခံတွင် ပုဒ်မ ၉ ပါကိစ္စများအပြင်၊ ပုဒ်မ ၁၁ (ဃ) အရ၊နိုင်ငံတော်အမှုဆောင်အဖွဲ့တွင်ပါဝင်ရန်၊ကိုယ်စားလှယ် ကိုးဦးကို ဒေသကိုယ်စားလှယ်များသည် မိမိတို့အထဲမှရွေးကောက်တင်မြှောက်ရမည်။

၈။ ။နိုင်ငံတော်အဖွဲ့၏ ညီလာခံကို၊ တနှစ်လျှင်အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။ ညီလာခံတခု၏နောက်ဆုံးအစည်းအဝေးနှင့်နောက်ထပ်ကျင်းပသောညီလာခံ၏ ပဌမအစည်းအဝေးတို့၏စပ်ကြားတွင်ခြောက်လခြားမနေစေရ။

၉။ ။နိုင်ငံတော်အဖွဲ့ ညီလာခံတွင်၊ အောက်ပါ ကိစ္စများကို ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(က) နိုင်ငံတော်အမှုဆောင်အဖွဲ့၏တာဝန်ဝတ်တရားများနှင့်ဖြစ်စေ၊ လုပ်ငန်းများနှင့်ဖြစ်စေ စပ်လျဉ်းသည့်မေးခွန်းများကို နိုင်ငံတော်အမှုဆောင်အဖွဲ့အားမေးခြင်း။

(ခ) နိုင်ငံတော်အမှုဆောင်အဖွဲ့ကတင်ပြသော ထိုအဖွဲ့၏ တနှစ်အတွက်၊ အရမှန်းခြေနှင့်အသုံးမှန်းခြေငွေစာရင်းကို စဉ်းစားဆွေးနွေး၍ ထိုအဖွဲ့အား အကြံဉာဏ်ပေးခြင်း၊

(ဂ) ဗုဒ္ဓသာသနာပြန့်ပွါး ထွန်းကားရေးနှင့် စပ်လျဉ်း၍၊ နိုင်ငံတော်အမှုဆောင်အဖွဲ့အား အကြံဉာဏ်ပေးခြင်း။

(ဃ) ဒေသကိုယ်စားလှယ်များကတင်ပြသောမိမိတို့ဆိုင်ရာ ဒေသအသီးသီး၏ ဗုဒ္ဓသာသနာအခြေအနေနှင့် ဗုဒ္ဓသာသနာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသောနှစ်လည် အစီရင်ခံစာများကို စဉ်းစားဆွေးနွေး၍အကြံဉာဏ်ပေးခြင်း။

၁၀။ ။(၁) နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အကျိုးဆောင်စာချီများသည်၊ နိုင်ငံတော်အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အကျိုးဆောင်စာချီများဖြစ်စေရမည်။

(၂) နိုင်ငံတော် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည်၊ မည်သည့်အခါတွင်မဆိုနိုင်ငံတော်အဖွဲ့၏ ညီလာခံကိုဘိတ်ခေါ်နိုင်သည်။ ညီလာခံကျင်းပမည့်နေ့ရက်အချိန်နှင့်နေရာကိုလည်းသတ်မှတ်ရမည်။

(၃) ညီလာခံဘိတ်ခေါ်ခြင်းနှင့် ညီလာခံနှင့်စပ်လျဉ်းသော အခြားကိစ္စများကိုနည်းဥပဒေနှင့်အညီဆောင်ရွက်ရမည်။

## အခန်း ၂။

### နိုင်ငံတော် ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့။

၁၁။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့တွင် အောက်ပါလူပုဂ္ဂိုလ်များပါဝင်ရမည်။

(က) သာသနာရေးဌာနဝန်ကြီး။

(ခ) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ၏ အစည်းအဝေးမှချမှတ်သော ဩဝါဒအရ၊ နိုင်ငံတော် သမတက ခန့်ထားသော ပုဂ္ဂိုလ်ကိုးဦး။

(ဂ) နိုင်ငံတော်သမတက ခန့်ထားသောပုဂ္ဂိုလ်ရှစ်ဦး။
(ဃ) နိုင်ငံတော် အဖွဲ့ဝင်ဒေသ ကိုယ်စားလှယ်များက မိမိတို့အထဲမှ ပုဒ်မ ၇ (၂) အရ ရွေးချယ်ခန့်ထားသောကိုယ်စားလှယ်ကိုးဦး။

၁၂။ ။နိုင်ငံတော် အမှုဆောင် အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှ အောက်ပါ အမှုဆောင်များကို နှစ်လည်အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ရမည်။

(က) ဥက္ကဋ္ဌတဦး။
(ခ) ဒုတိယဥက္ကဋ္ဌတဦး။
(ဂ) အကျိုးဆောင်စာချီနှစ်ဦး။
(ဃ) အကျိုးဆောင်ဘဏ္ဍာထိန်းတဦး။
(င) အကျိုးဆောင်စာရင်းစစ်တဦး။

သို့ရာတွင် ဤအက်ဥပဒေအရ၊ ပဌမဆုံးဖွဲ့စည်းသည့်နိုင်ငံတော် အမှုဆောင်အဖွဲ့သည်၊ လျှင်မြန်နိုင်သမျှလျှင်မြန်စွာ အဖွဲ့ဝင်များအထဲမှအမှုဆောင်များကို ရွေးကောက်တင်မြှောက်ရမည်။ ထိုအမှုဆောင်များကို ပဌမဆုံးနှစ်အတွက် အမှုဆောင်များဖြစ်သည်ဟုမှတ်ယူရမည်။

၁၃။ ။နိုင် ငံတော် အ မှု ဆောင် အဖွဲ့ဝင်များ၏ ရာ ထူး သက် တမ်း သည်၊ သုံးနှစ်ကာလအပိုင်းအခြားအတွက် သာလျှင်ဖြစ်ရမည်။

၁၄။ ။(၁) အမှုဆောင် တဦးဦး၏ နေရာလစ်လပ်သောအခါတိုင်း၊ ထိုလစ်လပ်သောနေရာအတွက် အဖွဲ့ဝင်တဦးဦးကို၊ နိုင်ငံတော် အမှုဆောင်အဖွဲ့က ရွေးချယ်ရမည်။

(၂) ပုဒ်မ ၁၁ (ခ)၊ (ဂ) နှင့် (ဃ) အရ၊ ခန့်ထားသူ တဦးဦး၏ နေရာလစ်လပ်သော အခါတိုင်း၊ ထိုလစ်လပ်သောနေရာအတွက် ထိုသူကိုခန့်ထားသော နည်းအတိုင်း၊ အရည်အချင်းနှင့်ပြည့်စုံသူတဦးဦးကို ခန့်ထားရမည်။

၁၅။ ။ဥက္ကဋ္ဌသည်၊ အကြောင်းတခုခုကြောင့် ဥက္ကဋ္ဌ၏တာဝန်ဝတ်တရားများကို မဆောင်ရွက်နိုင်သော အခါတွင်၊ ထိုတာဝန် ဝတ်တရားများကို ဒုတိယဥက္ကဋ္ဌက ဆောင်ရွက်ရမည်။

၁၆။ ။အမှုဆောင်တဦးဖြစ်စေ၊ အဖွဲ့ဝင်တဦးဖြစ်စေ—

(က) သေဆုံးသော်၊
(ခ) ရာထူးမှနုတ်ထွက်သော်၊
(ဂ) အရည်အချင်းပျက်ယွင်းကြောင်းထင်ရှားသော်၊
(ဃ) နိုင် ငံ တော် အမှုဆောင် အဖွဲ့၏ အစည်း အဝေးများကို ထိုအဖွဲ့၏ အခွင့်ပြုချက်မရရှိဘဲ၊ တက်ရောက်ရန်သုံးကြိမ်တဆက်တည်းပျက်ကွက်သော်၊

ထိုပုဂ္ဂိုလ်၏နေရာသည်၊ ထိုအခါလစ်လပ်သည်ဟုမှတ်ယူရမည်။

၁၇။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့က မိမိအား အပ်နှင်းထားသော အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရာတွင် ဩဝါဒပေးနိုင်ရန်အတွက်၊

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များအား၊ နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဩဝါဒါစရိယအဖြစ်ဖြင့်ဆောင်ရွက်ရန် လျှောက်ထားတောင်းပန်ရမည်။

၁၈။ ။ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်အမှုဆောင်အဖွဲ့သည်၊ အောက်ပါလုပ်ငန်း များအတွက် တာဝန်ယူရမည်။ ထိုတာဝန်များကို ဆောင်ရွက်ရန် အလို့ငှါ၊ ဤအက်ဥပဒေအရ ပေးအပ်ထားသော အာဏာများကို ရရှိမည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌၎င်း၊ အပြင်အပ၌၎င်း၊ ဗုဒ္ဓသာသနာ ပြန့်ပွါးထွန်းကားရေးအတွက် မိမိတဦးတည်းဖြစ်စေ၊ အခြားအဖွဲ့များနှင့်ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း၌၎င်း၊ အပြင်အပ၌၎င်း၊ ဓမ္မဒူတဌာနများ တည်ထောင်ခြင်း၊ ထိုလုပ်ငန်းအတွက် သင်တန်းများ၊ ကျောင်းများဖွင့်လှစ်တည်ထောင်ခြင်း။

(ဂ) ပရိယတ္တိသာသနာတိုးပွါးရေးအတွက်၊ ပရိယတ္တိစာပြန်ပွဲ၊ စာမေးပွဲများကျင်းပခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း။

(ဃ) ပဋိပတ္တိသာသနာတိုးပွါးရေးအတွက်ဆောင်ရွက်ခြင်း။

(င) ဗုဒ္ဓဘာသာစာပေ ယဉ်ကျေးမှု စသည်တို့ တိုးတက်ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ခြင်း။

(စ) ဗုဒ္ဓဘာသာအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ခြင်း။

(ဆ) လူဝတ်သိမ်းတို့သည် တရားတော်နှင့်အညီ လိုက်နာနေထိုင်ပြုကျင့်ရေးတွင်အားပေးဆောင်ရွက်ခြင်း။

(ဇ) လူဝတ်သိမ်းတို့ ချမ်းသာသုခ ငြိမ်းချမ်းမှုရရန် တရားတော်နှင့် အညီ ဆောင်ရွက်ခြင်း။

(ဈ) ဤအက်ဥပဒေ ရည်ရွယ်ချက်များ ပြီးမြောက်စေရန်နှင့် ဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွါးစေရန်အလို့ငှါ၊ လိုအပ်သည့် အခြားဗုဒ္ဓသာသနာရေး ဆိုင်ရာမည်သည့်ကိစ္စလုပ်ငန်းမျိုးကိုမဆို စီမံဆောင်ရွက်ခြင်း။

၁၉။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့သည်၊ မှတ်ပုံတင်စာရင်းများ၊ ငွေစာရင်းများကို အခါအားလျော်စွာနိုင်ငံတော် စာရင်းစစ်ချုပ်က သတ်မှတ်သည့် နည်းဥပဒေနှင့် အညီထား၍ရမည်။

၂၀။ ။နိုင်ငံတော် အမှုဆောင် အဖွဲ့ပိုင် ရွှေ့ပြောင်း နိုင်သည့် ပစ္စည်းများ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ထိန်းသိမ်းခန့်ခွဲခြင်းစသည်တို့ကို နိုင်ငံတော်အမှုဆောင်အဖွဲ့ကပြုရမည်။

၂၁။ ။(၁) နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေတွင် အောက်ပါများ ပါဝင်ရမည်။

(က) နိုင်ငံတော်အမှုဆောင်အဖွဲ့ပိုင်ပစ္စည်းများမှရသောဝင်ငွေ။
(ခ) နိုင်ငံတော်အမှုဆောင်အဖွဲ့ကဆောင်ရွက်ရသဖြင့်ရသောဝင်ငွေ။
(ဂ) ပြည်ထောင်စုအစိုးရကထောက်ပံ့ငွေ။

# ၁၃၁၄ (၁၉၅၃) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။]
(၁၉၅၈ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ခြင်း၊)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၃၁၄ (၁၉၅၃) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေပုဒ်မ ၁၂ တွင် အပိုဒ် (c) ကိုပယ်ဖျက်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၇၈၊ တရားရေးဝန်ကြီးဌာန၊ ၂၂-၅-၅၈—၂,၀၀၀+၂။
အဘိုး—၁၀ ပြား]

(ဃ) ပုဂ္ဂိုလ်နှင့်အဖွဲ့များကလှူသောငွေ။
(င) အလှူခံ၍ရရှိသည့်ငွေ။
(စ) အခြားဝင်ငွေများ။

(၂) နိုင်ငံတော် အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေကို၊ ထိုအဖွဲ့က တာဝန်ခံအုပ်ချုပ်ရမည်။ သုံးရန်ရှိသောငွေကို နည်းဥပဒေအရသာလျှင်ထိုဘဏ္ဍာငွေမှသုံးစွဲရမည်။

(၃) နိုင်ငံတော် အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေများကို အဖွဲ့ကရွေးချယ်သောဘဏ်တွင် အပ်နှံထားရှိရမည်။

(၄) ထိုဘဏ္ဍာငွေများကို၊ နည်းဥပဒေအရသာလျှင် ဘဏ်မှထုတ်ယူခြင်း သုံးစွဲခြင်းကိုပြုရမည်။

၂၂။ ။(၁) နိုင်ငံတော် အမှုဆောင်အဖွဲ့ အမှုဆောင်တဦးဦး၏၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦးဦး၏ တာဝန်ပျက်ကွက်မှုကြောင့်သော်၎င်း၊ ဖေါက်လွဲဖေါက်ပြန်ပြုမှုကြောင့်သော်၎င်း—

(က) နိုင်ငံတော် အမှုဆောင်အဖွဲ့က ရတိုက်သောငွေကို မရရှိလျှင်၊ သို့တည်းမဟုတ်
(ခ) ထိုနိုင်ငံတော် အမှုဆောင်အဖွဲ့၏ ငွေဖြစ်စေ၊ ပစ္စည်းဖြစ်စေ၊ ဆုံးပါးလျှင်၊ သို့တည်းမဟုတ် ပြုန်းတီးလျှင်၊ သို့တည်းမဟုတ်အလွဲ၌အသုံးပြုခံရလျှင်၊

ထိုသို့မရရှိခြင်းအတွက်၊ သို့တည်းမဟုတ် ဆုံးပါးခြင်းအတွက် သို့တည်းမဟုတ်ပြုန်းတီးခြင်းအတွက်၊ သို့တည်းမဟုတ် အလွဲ၌အသုံးပြုခံရခြင်းအတွက် သက်ဆိုင်ရာအမှုဆောင်တွင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်တွင် တာဝန်ရှိစေရမည့်အပြင်၊ ထိုသူက စိုက်ထုတ်ပေးဆောင်ရမည်။

(၂) ဆိုခဲ့သည့်စိုက်ထုတ်ပေးဆောင်ရမည့်ငွေကိုရရှိစေရန်၊နိုင်ငံတော် အမှုဆောင် အဖွဲ့မှာတာဝန်ရှိသည်။ တောင်းခံ၍မရပါမူ နိုင်ငံတော် အမှုဆောင်အဖွဲ့က ထိုငွေအတွက်တရားစွဲဆိုနိုင်သည်။

၂၃။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့သည်၊ မိမိအား အပ်နှင်းထားသောအာဏာများနှင့် တာဝန်ဝတ်တရားများကို ထိရောက်စွာသုံးစွဲဆောင်ရွက်နိုင်ရန် အလို့ငှါ၊ နိုင်ငံတော် အဖွဲ့ဝင်များ၊ သို့တည်းမဟုတ်၊ နိုင်ငံတော်အမှုဆောင်အဖွဲ့ဝင်များပါဝင်သည့် အဖွဲ့ငယ်များကို နည်းဥပဒေနှင့်အညီဖွဲ့စည်းနိုင်သည်။

၂၄။ ။(၁) ဤအက်ဥပဒေ ရည်ရွယ်ချက်များပြီးမြောက်စေရန်၎င်း၊ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွါးစေရန်၎င်း၊ မိမိ၏တာဝန် ဝတ်တရားနှင့် လုပ်ငန်းများအထမြောက်အောင်မြင်စေရန်၎င်း၊နိုင်ငံတော်အမှုဆောင်အဖွဲ့သည်၊မိမိ၏တာဝန်ဝတ်တရားတခုကိုဖြစ်စေ အများကိုဖြစ်စေ၊ လုပ်ငန်းတခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ကိစ္စတခုကိုဖြစ်စေ၊ အများကိုဖြစ်စေ—

(က) မည်သည့်ဗုဒ္ဓသာသနာရေး ဆိုင်ရာအဖွဲ့သို့မဆို၊ လွှဲအပ်ခြင်းဖြင့်၎င်း၊
(ခ) ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်သော

ယာယီအဖွဲ့များ ဖွဲ့စည်းပြီးလျှင်၊ ထိုယာယီအဖွဲ့များသို့ လွှဲအပ်ခြင်းဖြင့်ငင်း၊

(ဂ) လိုအပ်သည်ထင်မြင်လျှင်၊မိမိကဖွဲ့စည်းသော ကိုယ်စားလှယ်အဖွဲ့များသို့လွှဲအပ်ခြင်းဖြင့်ငင်း၊

ဆောင်ရွက်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) ၊ အပိုဒ် (ခ) တွင် ဖော်ပြသောယာယီအဖွဲ့များ လိုက်နာရမည့်ညွှန်ကြားချက်များကိုနိုင်ငံတော်အမှုဆောင်အဖွဲ့ကပြုလုပ်နိုင်သည်။

၂၅။ ။(၁) နိုင်ငံတော် အမှုဆောင် အဖွဲ့သည် အနည်းဆုံး တလလျှင် တကြိမ်စည်းဝေးရမည်။

(၂) နိုင်ငံတော် အမှုဆောင် အဖွဲ့ဥက္ကဋ္ဌသည်၊ မည်သည့်အခါမဆို အဖွဲ့၏အစည်းအဝေးကို ဘိတ်ခေါ်နိုင်သည်။ကိုးဦးအောက် မနည်းသော အဖွဲ့ဝင်များက စာဖြင့် တောင်းဆိုသောအခါ၊ ဥက္ကဋ္ဌသည် အစည်းအဝေးကို လျှင်မြန်နိုင်သမျှလျှင်မြန်စွာဘိတ်ခေါ်ရမည်။ အစည်းအဝေးနှင့် စပ်လျဉ်းသောကိစ္စများကို နည်းဥပဒေနှင့်အညီဆောင်ရွက်ရမည်။

၂၆။ ။(၁) နိုင်ငံတော် အဖွဲ့၏ ညီလာခံနှင့်နိုင်ငံတော် အမှုဆောင်အဖွဲ့၏အစည်းအဝေးများတွင်၊ ဥက္ကဋ္ဌသည် သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက်ရောက်လျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံးမတက်ရောက်လျှင် ညီလာခံက၊သို့တည်းမဟုတ် အစည်းအဝေးကတက်ရောက်သူအဖွဲ့ဝင်တဦးဦးအားသဘာပတိအဖြစ်ဖြင့်ရွေးကောက်တင်မြှောက်ရမည်။

(၂) နိုင်ငံတော်အဖွဲ့နှင့်နိုင်ငံတော် အမှုဆောင်အဖွဲ့တို့၏တည်ရာဌာနသည် ရန်ကုန်မြို့ဖြစ်ရမည်။

၂၇၊ ။(၁) နိုင်ငံတော် အမှုဆောင်အဖွဲ့၏ နှစ်လည် အစည်း အဝေးကို သာသနာနှစ်မကုန်မီ၊ တလအောက်မနည်း တင်ကြို၍ကျင်းပရမည်။

(၂) နှစ်လည်အစည်းအဝေးအတွက် ဘိတ်စာများကို တလအောက် မနည်းကြိုတင်၍ အဖွဲ့ဝင်များထံသို့ပို့ရမည်။

၂၈။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့နှစ်လည်အစည်းအဝေးတွင် အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) ပုဒ်မ ၁၂ အရအမှုဆောင်များရွေးကောက်တင်မြှောက်ခြင်း။

(ခ) လာမည့်နှစ်အတွက်၊အရ မှန်းခြေနှင့်အသုံး မှန်းခြေစာရင်းကိုစဉ်းစားဆွေးနွေးခြင်း၊ အတည်ပြုခြင်း။

(ဂ) အရည်အချင်းနှင့်ပြည့်စုံသည့် စာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

(ဃ) အပိုဒ် (ဂ) အရခန့်ထားသော စာရင်းစစ်ကစစ်ဆေးလက်မှတ်ထိုးထားသော နှစ်လည်ငွေစာရင်းရှင်းတမ်းကို စဉ်းစားဆွေးနွေးလက်ခံခြင်း။

(င) အစည်းအဝေး အစီအစဉ်တွင် ဖော်ပြထားသည့်၊ သို့တည်းမဟုတ် သဘာပတိက အရေးကြီးသည်ဟု ယူဆသဖြင့် ခွင့်ပြုသည့်၊ ဗုဒ္ဓသာသနာရေးဆိုင်ရာ အခြားကိစ္စများ။

## အခန်း ၃။

### အထွေထွေ။

၂၉။ ။(၁) အောက်ပါပုဂ္ဂိုလ်များအား၊ နိုင်ငံတော်အဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ နိုင်ငံတော်အမှုဆောင်အဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ရွေးချယ်ခြင်း၊သို့တည်းမဟုတ်ခန့်ထားခြင်း၊ သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိရ။

(က) ဗုဒ္ဓဘာသာဝင်မဟုတ်သူ။
(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်သားမဟုတ်သူ။
(ဂ) လူမွဲအဖြစ်ဖြင့် ဆုံးဖြတ်ကျေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(ဃ) စိတ်ပေါ့သွပ်၍ စိတ်ပေါ့သွပ်သူဟု အခွင့်အာဏာရ တရားရုံး၏ အမိန့်ချမှတ်ခြင်းခံနေရသူ။
(င) ကိုယ်ကျင့်တရားပျက်ယွင်းသည့် ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသူ။
(စ) နိုင်ငံတော်အဖွဲ့၏၊ သို့တည်းမဟုတ် နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဂုဏ်ကိုဖြစ်စေ၊ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွါးရေးကိုဖြစ်စေ၊ ထိပါးစေမည့် အကျင့်သိက္ခာပျက်ပြားမှုကိုကျူးလွန်သူ။

(၂) တဦးတယောက်သောသူသည်၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်တခုခုကြောင့် အရည်အချင်းပျက်ယွင်းခြင်းရှိသည်မရှိသည်ဟူသောပြဿနာပေါ်ပေါက်လျှင်၊နိုင်ငံတော်သမတက ခန့်ထားသောပုဂ္ဂိုလ်က၊ သို့တည်းမဟုတ်အဖွဲ့ကချမှတ်သည့် အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

၃၀။ ။အဖွဲ့ဝင်နေရာများ လစ်လပ်နေစေကာမူ၊ မှုခင်းကိစ္စများကိုဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဖွဲ့တွင်၎င်း၊ နိုင်ငံတော်အမှုဆောင်အဖွဲ့တွင်၎င်း အာဏာရှိရမည်။ ထိုပြင်အခွင့်အရေးမရှိသောသူ တဦးတယောက်သည်၊ အဖွဲ့အစည်းအဝေးသို့ဖြစ်စေ၊ ညီလာခံသို့ဖြစ်စေ၊ တတ်ရောက်ခဲ့သည်ဟူ၍သော်၎င်း၊ မဲဆန္ဒပေးခဲ့သည်ဟူ၍သော်၎င်း၊ မှုခင်းကိစ္စဆောင်ရွက်မှုတွင် အခြားတနည်းနည်းဖြင့် ပါဝင်ခဲ့သည်ဟူ၍၎င်း။ နောင်အခါမှာမှ ပေါ်ပေါက်လာစေကာမူ၊ အဖွဲ့တခုခု၌ ဆောင်ရွက်ခဲ့သည့် မှုခင်းကိစ္စသည် အတည်ဖြစ်ရမည်။

၃၁။ ။နိုင်ငံတော်အဖွဲ့ဝင်များသည်၎င်း၊ နိုင်ငံတော် အမှုဆောင်အဖွဲ့ဝင်များသည်၎င်း၊ သက်ဆိုင်ရာ ရာထူးဆက်ခံထမ်းရွက်မည့် အဖွဲ့သစ်အသီးသီးကိုဖွဲ့စည်းပြီး၍၊ ထိုအဖွဲ့ဝင်များ ရာထူးလက်ခံထမ်းရွက်သည်အချိန်အထိ၊ မိမိတို့၏ရာထူးများတွင် ဆက်လက်တည်ရှိနေကြရမည်။

၃၂။ ။နိုင်ငံတော်အဖွဲ့နှင့် နိုင်ငံတော် အမှုဆောင်အဖွဲ့ အသီးသီးသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းထားသော တရားဝင်အဖွဲ့ဖြစ်သည်ဟုယူဆရမည်။ ထိုအဖွဲ့အသီးသီးတွင် အဖွဲ့တံဆိပ်တခုစီ ထားရှိနိုင်သည်။

၃၃။ ။ဤအက်ဥပဒေနောက်ဆက်တွဲဇယားများတွင်ပါသည့် နည်းဥပဒေများနှင့် ထိုနည်းဥပဒေများကို၊ အခါအားလျော်စွာ ဤအက်ဥပဒေနှင့်အညီ ပြင်ထားသော နည်းဥပဒေများသည်၊ ဤအက်ဥပဒေ၏ အစိတ်အပိုင်းဖြစ်သည်ဟုယူဆရမည်။ ထို့ပြင် ဤအက်ဥပဒေတွင် နည်းဥပဒေဟု ရည်ညွှန်းခြင်းသည်၊ ထိုဇယားများတွင်ပါသော နည်းဥပဒေများနှင့် အခါအားလျော်စွာပြင်ဆင်သော နည်းဥပဒေများကို ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

၃၄။ ။ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ နိုင်ငံတော်အမှုဆောင်အဖွဲ့သည်၊ မိမိသင့်လျော်သည် ထင်မြင်သည့်အတိုင်း၊ ဇယားများကိုဖြစ်စေ၊ ထိုဇယားများတွင်ပါသည့် နည်းဥပဒေကိုဖြစ်စေ၊ ပြောင်းခြင်းဖြင့်သော်၎င်း။ ဖြည့်ခြင်းဖြင့်သော်၎င်း၊ ရုပ်သိမ်းခြင်းဖြင့်သော်၎င်း ပြင်နိုင်သည်။

သို့ရာတွင် နိုင်ငံတော်အဖွဲ့၏ ငွေစာရင်းနှင့်စပ်လျဉ်းသော နည်းဥပဒေများကို နိုင်ငံတော်စာရင်းစစ်ချုပ် သဘောတူညီချက်ကြိုတင်မရရှိဘဲ ပြင်ဆင်ခြင်းမပြုရ။

၃၅။ ။နိုင်ငံတော်ပုဒ္ဓသာသနာအဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင် အဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ ရွေးချယ်ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တိုင်းသည်၊ နည်းဥပဒေတွင်ဖော်ပြသည့်အတိုင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များရှေ့မှောက်တွင်ဖြစ်စေ၊ထိုဆရာတော်များက ညွှန်ကြားသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်တပါးပါးရှေ့မှောက်တွင်ဖြစ်စေ၊ ကတိသစ္စာဆို၍ လက်မှတ်ထိုးရမည်။

## ပဌမဇယား။

## ပဌမဆုံးဖြစ်သော နိုင်ငံတော်အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေများ။

[ပုဒ်မ ၅ (၂)]

၁။ ။သက်ဆိုင်ရာပြည်နယ်ဝန်ကြီး၊ သို့တည်းမဟုတ်၊ သက်ဆိုင်ရာ ရေးရာဝန်ကြီး၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်ဝန် ၊ မိမိတို့သင့်တော်သည်ဟု ထင်မြင်သူ တဦးဦးအားခန့်ထား၍ မိမိတို့ဆိုင်ရာမြို့မအသီးသီးတွင် ဤအက်ဥပဒေအာဏာမတည်မီ အနည်းဆုံးတနှစ်အထက်က တည်ထောင်ပြီးဖြစ်သော ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့ အသီးသီး၏ စာရင်းကိုကောက်ယူစေရမည်။

၂။ ။ထိုစာရင်းတွင် အောက်ပါအချက်များပါဝင်ရမည်။

(၁) အဖွဲ့၏အမည်။

(၂) အဖွဲ့၏တည်ရာဌာန။

(၃) အဖွဲ့စတင်တည်ထောင်သည့် ခု၊ နှစ်၊ လ၊ ရက်။

(၄) စာရင်းကောက်ယူသည့်အချိန်၌ရှိသော အဖွဲ့၏ အဖွဲ့ဝင်စာရင်းတွင် ပါဝင်သူ အဖွဲ့ဝင်ဦးရေ။

(၅) အဖွဲ့၏အမှုဆောင်အဖွဲ့ဝင်လူကြီးများ၏ အမည်များ၊ အလုပ်အကိုင်များနှင့် အဖွဲ့တွင်ဆောင်ရွက်သည့်ရာထူးများ။

(၆) အဖွဲ့၏အဓိကသာသနာရေးရည်ရွယ်ချက်များနှင့်ဆောင်ရွက်ချက်များ။

# ၁၃၁၅ (၁၉၅၄) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁။]

[၁၉၅၉ ခုနှစ်တွင်၊ ထပ်မံပုံနှိပ်သည်။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၃၁၅ (၁၉၅၄) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ၏ပုဒ်မ ၂ တွင်—

(က) အပိုဒ် (က) ၌ ''ကော်သူလေးမှအပ'' ဆိုသည့် စကားရပ်အစား ''ကရင်ပြည်နယ်မှအပ'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (င) ၌ ''ကော်သူလေး၏'' ဆိုသည့် စကားရပ်အစား ''ကရင်ပြည်နယ်၏'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၅ တွင်—

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) ၌ ''ကော်သူလေး'' ဆိုသည့်စကားရပ် အစား ''ကရင်ပြည်နယ်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂)၊ အပိုဒ် (က) ၌ ''ကော်သူလေးအတွင်း၌ရှင်း'' ဆိုသည့်စကားရပ်အစား ''ကရင်ပြည်နယ်အတွင်း၌ရှင်း'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

အဘိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၂၊ တရားရေးဝန်ကြီးဌာန၊ ၁၇-၁၀-၅၉-—၂,၀၀၀—၂။

# ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၆၂]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတွင်၊ ပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ခြင်းကြောင့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့များ၏၊ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်မှုများရပ်စဲသွားစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရက အခြားနည်းညွှန်ကြားခြင်းမပြုသေးသမျှ၊ ထိုအဖွဲ့များပိုင်သည့် ပစ္စည်းအားလုံးသည်၊ ၎င်းတို့၌တည်ရှိမြဲတည်ရှိရမည့်ပြင်၊ ထိုအဖွဲ့များ၏ ကြွေးမြီတာဝန် အားလုံးသည်လည်း၊၎င်းတို့အပေါ်သက်ရောက်မြဲသက်ရောက်ရမည်။

၄။ ။(၁) နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကဖြစ်စေ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ကဖြစ်စေ အဆိုပါ အက်ဥပဒေအရ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာအဝဝနှင့်၎င်း၊ ထိုအဖွဲ့ကထားရှိသော စာရင်းအင်းအားလုံးနှင့်၎င်း၊ထိုအဖွဲ့ပိုင်ပစ္စည်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့၏ကြွေးမြီတာဝန်အားလုံးနှင့်၎င်း စိစစ်၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုပြုရန်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မီတီတခုကိုခန့်ထားလိုက်သည်။

(က) ဦးသွန်းဘော်၊ ဥက္ကဋ္ဌ၊ ရာဟုဝန်အဖွဲ့—ကော်မီတီဥက္ကဋ္ဌ။
(ခ) ဦးဘခင်၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန ညွှန်ကြားရေးဝန်နှင့် နိုင်ငံတော် တော်လှန်ရေးအစိုးရ စာရင်းနှင့်စာရင်းကိုင်သင်တန်းကျောင်းအုပ်ကြီး။
(ဂ) ဦးလှမောင်၊ ဒုတိယညွှန်ကြားရေးဝန်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။
(ဃ) ဦးပါလွင်၊ ဒေသန္တရရုံးပုံငွေစာရင်းစစ်ဝန်။

(၂) ကော်မီတီသည်၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မီတီများ အက်ဥပဒေအရ ခန့်ထားသောကော်မီတီဖြစ်သည်ဟု မှတ်ယူရမည်။

၅။ ။စုံစမ်းစစ်ဆေးမှု ဆုံးခန်းတိုင်ရောက်သည့်အခါ၊ ကော်မီတီက၊ မိမိတွေ့ရှိသော အချက်များနှင့် ထောက်ခံချက်များကို စာဖြင့်ရေးသား၍၊ နိုင်ငံတော် တော်လှန်ရေးအစိုးရထံသို့ အစီရင်ခံရမည်။

**အတိုး—၁၀ ပြား]**

ပ.မ.ဗ.၊စ၊—အ၃၁ ၂၀၀၊ တရားရေးဌာန၊ ၂၆-၆-၆၂—၂,၃၂၂—၂။

၃။ ။ဤအက်ဥပဒေအာဏာတည်ပြီးနောက် ဆောလုင်နိုင်သမျှ ဆောလျင်စွာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးက၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ရေးရာဝန်ကြီးက၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်ဝန်က၊ နိုင်ငံတော်အဖွဲ့တွင် ပါဝင်ရမည့် ဒေသကိုယ်စားလှယ်များရွေးချယ်ရန် အစည်းအဝေးတခု ကျင်းပရမည်။ အစည်းအဝေးကျင်းပရမည့်နေ့ရက်၊ အချိန်နှင့်အရပ်ကို သတ်မှတ်ပြီးသည့်အခါ၊ အက်ဥပဒေပုဒ်မ ၅ (၂) (က) တွင် ဖေါ်ပြသော ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်တဦးစီ ထိုအစည်းအဝေးသို့ တတ်ရောက်စေရန် အစည်းအဝေးမကျင်းပမီ ၂၁ ရက်ကြိုတင်၍၊ ထိုအဖွဲ့များအား ဘိတ်ကြားရမည်။ အစည်းအဝေး အစီအစဉ်ကို ဘိတ်စာနှင့်အတူ ပေးပို့ရမည်။

၄။ ။သက်ဆိုင်ရာမြို့မ၏ ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့အသီးသီးမှ ရွေးချယ်လိုက်သော ကိုယ်စားလှယ်အား၊ ဆိုင်ရာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌနှင့် အကျိုးဆောင်စာရေးချီက လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာအဖွဲ့တံဆိပ်ခပ်နှိပ်ထားတော ခန့်အပ်လွှာကို ပေးအပ်လိုက်ရမည်။ ထိုခန့်အပ်လွှာကိုသက်ဆိုင်ရာကိုယ်စားလှယ်က နိုင်ငံတော်အဖွဲ့ဝင် ကိုယ်စားလှယ်များရွေးကောက်သည့် အစည်းအဝေးတွင် သဘာပတိထံတင်ပြရမည်။

၅။ ။အစည်းအဝေး တတ်ရောက်ကြသော ကိုယ်စားလှယ်များအထဲမှ အက်ဥပဒေပုဒ်မ ၅ (၁) (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တွင် သတ်မှတ်ထားသည် အရေအတွက်အတိုင်း၊ နိုင်ငံတော်အဖွဲ့ဝင်များရွေးချယ်ရမည်။

၆။ ။အစည်းအဝေးတွင် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး၊ ရေးရာဝန်ကြီး၊ သို့တည်းမဟုတ် ခရိုင်ဝန်က သဘာပတိအဖြစ် ဆောင်ရွက်၍ အစည်းအဝေးတက်ရောက်သူများအထဲမှ အကျိုးဆောင်စာချီတဦးရွေးကောက်တင်မြှောက်ရမည်။ အစည်းအဝေးအကျိုးဆောင်စာချီသည်၊ နိုင်ငံတော်အဖွဲ့ဝင်ကိုယ်စားလှယ်အဖြစ် အရွေးခံနိုင်သည့်ပြင်ဆန္ဒမဲလည်းပေးနိုင်သည်။

၇။ ။နိုင်ငံဆော် အဖွဲ့ဝင်ဖြစ်သင့်ကြောင်းဖြင့်၊ အစည်းအဝေးတက်ရောက်သူကိုယ်စားလှယ်တဦးက အမည်တင်သွင်း၍ အခြားကိုယ်စားလှယ်တဦးက ထောက်ခံရမည်။ ရွေးချယ်လိုသော နိုင်ငံတော်အဖွဲ့ဝင်ဦးရေထက် အရွေးခံရန်အမည်တင်သွင်းသောကိုယ်စားလှယ်ဦးရေပိုနေလျှင် အရွေးခံကိုယ်စားလှယ်ချင်းချင်း စေ့စပ်နှတ်ထွက်စေရမည်။ ယင်းသို့စေ့စပ်ချက်မပြီးပြတ် မအောင်မြင်မှသာ အစည်းအဝေးတက်ရောက်သူကိုယ်စားလှယ်များ၏ ဆန္ဒဖြင့်ရွေးချယ်ရမည်။

၈။ ။အစည်းအဝေးမှတ်တမ်းများကို အကျိုးဆောင်စာချီက စာဖြင့်ရေးမှတ်၍ထားရမည်။

၉။ ။နိုင်ငံတော်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၏ အမည်များကို အစည်းအဝေးတွင်ကျေညာ၍ ထိုအဖွဲ့ဝင်များ၏အမည်နှင့်နေရပ်များကို နိုင်ငံတော်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌထံသို့ ပေးပို့ရမည်၊

၁၀။ ။အက်ဥပဒေ ပုဒ်မ ၅ ၏ခြွင်းချက်ပါပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ အဖွဲ့တခုခုသည် ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့ဟုတ်သည် မဟုတ်သည်ဟု ပြဿနာ

ပေါ်ပေါက်လျှင်၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအရာရှိက ပဋ္ဌမဦးစွာ စုံစမ်းစစ်ဆေး၍ မိမိ၏ ထင်မြင်ချက်နှင့်တကွ စုံစမ်းချက်များပါရှိသော အစီရင်ခံစာကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီး၊ သို့တည်းမဟုတ် သက်ဆိုင်ရာရေးရာဝန်ကြီး၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်ဝန်ထံမှတဆင့် နိုင်ငံတော်အမှုဆောင်အဖွဲ့သို့ ဆုံးဖြတ်ရန်ပေးပို့ရမည်။

၁၁။ ။ဗုဒ္ဓသာသနာရေးဆိုင်ရာ အဖွဲ့များ၏ စာရင်းတခုကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီး၊ သို့တည်းမဟုတ် ရေးရာဝန်ကြီး၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ခရိုင်ဝန်ရုံးတွင်ထားရှိရမည်။

ထိုစာရင်းတွင်ပါရှိသည့် ဗုဒ္ဓသာသနာရေးဆိုင်ရာအဖွဲ့များသည် သင့်လျော်သည့် စည်းမျဉ်းဥပဒေများကို ထားရှိရမည်ဟူ၍၎င်း၊ ထိုစည်းမျဉ်းဥပဒေများ၏ မိတ္တူတစောင်စီကို ပေးပို့ရမည်ဟူ၍၎င်း သက်ဆိုင်ရာပြည်နယ်ဝန်ကြီး၊ သို့တည်းမဟုတ်ရေးရာဝန်ကြီး၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်ဝန်က ထိုအဖွဲ့များအား ညွှန်ကြားနိုင်သည်။

၁၂။ ။အဆိုပါစာရင်းတွင် ပါဝင်သည့်အဖွဲ့တခုသည်၊ သာသနာရေးသက်သက်မဟုတ်သော ကိစ္စများကို ဆောင်ရွက်ကြောင်းထင်ရှားလာသော်၊ ထိုအဖွဲ့ကိုစာရင်းမှ ထုတ်ပယ်ရမည်။

## ဒုတိယဇယား။

## နိုင်ငံတော်အဖွဲ့၏ ညီလာခံနှင့် ထိုညီလာခံနှင့်စပ်လျဉ်းသည့် အခြားကိစ္စများဆိုင်ရာ နည်းဥပဒေများ။

[ပုဒ်မ ၁၀(၃)။]

၁။ ။နိုင်ငံတော်အဖွဲ့ကအခြားဆုံးဖြတ်ချက်မရှိလျှင်၊ ညီလာခံများကို ရန်ကုန်မြို့၌သာကျင်းပရမည်။

၂။ ။ပဋ္ဌမဆုံးကျင်းပရမည့် ညီလာခံမဟုတ်သည့် နိုင်ငံတော်အဖွဲ့၏ ညီလာခံတရပ်ကျင်းပရန်လိုအပ်၍၊ နိုင်ငံတော်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ညီလာခံကျင်းပရန်နေရာနှင့် အချိန်ကိုသတ်မှတ်သောအခါ အကျိုးဆောင်စာချီသည်၊ နိုင်ငံတော်အဖွဲ့ဝင်များ ညီလာခံသို့တက်ရောက်ရန်အနည်းဆုံးတလကြိုတင်၍ဘိတ်ကြားရမည်။

၃။ ။နိုင်ငံတော်အဖွဲ့၏ ညီလာခံ အစည်းအဝေးများကိုသာမန်အားဖြင့် နံနက် ၁၁ နာရီအချိန်တွင်စတင်ကျင်းပရမည်။ သို့သော်အခြားအချိန်တွင် ကျင်းပရန်အတွက် ဥက္ကဋ္ဌကသော်၎င်း၊ ညီလာခံကသော်၎င်း သတ်မှတ်နိုင်သည်။

### ညီလာခံအစည်းအဝေးမတက်ရောက်နိုင်သည့် အဖွဲ့ဝင်များခွင့်တောင်းခြင်း။

၄။ ။နိုင်ငံတော်အဖွဲ့ဝင်တဦးသည်၊ ညီလာခံအစည်းအဝေးသို့ မတက်ရောက်နိုင်လျှင်၊ မိမိကိုယ်တိုင်သော်၎င်း၊ အခြားအဖွဲ့ဝင်တဦးမှ တဆင့်သော်၎င်း၊ ညီလာခံအစည်းအဝေးတွင်အခွင့်တောင်းရမည်။

၅။ ။ညီလာခံအစည်းအဝေးလုပ်ငန်းအခြေအနေကိုထောက်ထား၍ဥက္ကဋ္ဌသည် အကြောင်းအားလျော်စွာ ညီလာခံ အစည်းအဝေးကို ရွှေ့ဆိုင်းခွင့်ရှိသည်။ သို့သော် ညီလာခံ၏သဘောတူညီချက်မရရှိဘဲ၊ ဥက္ကဋ္ဌသည် ညီလာခံအစည်းအဝေးကို တကြိမ်လျှင် သုံးရက်ထက်ကျော်လွန်၍ ရွှေ့ဆိုင်းခြင်းမပြုရ။

၆။ ။ညီလာခံအစည်းအဝေး အထမြောက်စေရန် အဖွဲ့ဝင်အနည်းဆုံး သုံးဆယ် တက်ရောက်ရမည်။

## မေးခွန်းများ။

၇။ ။ညီလာခံအစည်းအဝေးများ၏ပဌမတနာရီအတွင်း၊နိုင်ငံတော်အမှုဆောင် အဖွဲ့၏ တာဝန်ဝတ်တရားများနှင့်ဖြစ်စေ၊ လုပ်ငန်းများနှင့်ဖြစ်စေ စပ်လျဉ်းသည့်မေးခွန်း များကို၊ နိုင်ငံတော်အဖွဲ့ဝင်တဦးဦးက ထိုနိုင်ငံတော်အမှုဆောင်အဖွဲ့အား သဘာပတိမှ တဆင့် မေးမြန်းနိုင်သည်။

၈။ ။နိုင်ငံတော်အဖွဲ့ဝင်တဦးသည်၊ ယင်းသို့မေးမြန်းလိုလျှင်၊ထိုမေးခွန်းများကို ညီလာခံတွင်မေးရန်မတင်သွင်းမီ၊ အနည်းဆုံးသုံးရက်မတိုင်မီကတင်ကြို၍မေးခွန်းများကို လက်မှတ်ရေးထိုးပြီး အကျိုးဆောင်စာချီထံ ပေးပို့အကြောင်းကြားထားရမည်။

သို့ရာတွင်ကန့်သတ်ထားသောရက် မပြည့်သော်လည်း၊ နိုင်ငံတော်အမှုဆောင်အဖွဲ့ က ဖြေဆိုရန်သဘောတူလျှင် မေးခွင့် ပြုနိုင်သည်။

၉။ ။(၁) မေးခွန်းများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီစေရ မည်။

(က) မေးခွန်းသည် အကြောင်းချင်းရာ တခုခုကို သိလို၍ စုံစမ်းမေးမြန်း သောအချက် ပါရှိစေရမည်။

(ခ) မေးခွန်းတွင်ပါရှိသောမိမိ၏ဖေါ်ပြချက်များ မှန်ကန်ကြောင်းအတွက် မေးခွန်းမေးမြန်းသော နိုင်ငံတော်အဖွဲ့ဝင်က တာဝန်ခံယူရမည်။

(ဂ) မေးခွန်းတွင် ဆင်ခြေပေးချက်များ၊ ယူဆချက်များ၊ ခနဲ့သော အသုံး အနှုန်းများ၊ သို့တည်းမဟုတ် ဂုဏ်သရေကိုထိခိုက်စေသည့်ဖေါ်ပြချက် များ မပါရှိစေရ။

(ဃ) မေးခွန်းတွင်ထင်မြင်ယူဆချက်တောင်းဆိုခြင်း၊ သို့တည်းမဟုတ် မဖြစ် ပေါ်သေးသော ကိစ္စများနှင့် စပ်လျဉ်း၍ မည်သို့ ဆောင်ရွက် သင့် ကြောင်းများကို ဖေါ်ပြမေးမြန်းခြင်းမရှိစေရ။

(င) မေးခွန်းများသည် အလွန်အကျူးမရှည်စေရ။

(၂) အထက်ပါ စည်းကမ်းချက်တခုခုနှင့် မကိုက်ညီသော မေးခွန်းကို ဥက္ကဋ္ဌကပယ်ရမည်။

၁၀။ ။(၁) ညီလာခံ ကျင်းပမည့် နေ့အတွက် ဆောင်ရွက်ရန်လုပ်ငန်း အစီ အစဉ်ကို အကျိုးဆောင်စာချီကရေးဆွဲ၍ ထိုနေ့မတိုင်မီတရက်ကြိုတင်လျက် နိုင်ငံတော် အဖွဲ့ဝင်အသီးသီးအား တစောင်စီ ဝေငှထားရမည်။

(၂) ဤနည်းဥပဒေများတွင် အခြားပြဋ္ဌာန်းချက် မရှိလျှင်၊ အဆိုပါ လုပ်ငန်းအစီအစဉ်တွင် မပါဝင်သော မည်သည့်ကိစ္စကိုမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိပါက မပြုလုပ် မဆွေးနွေး မဆောင်ရွက်ရ။

## နိုင်ငံတော်အမှုဆောင်အဖွဲ့၏ တနှစ်အတွက် အရ မှန်းခြေငွေစာရင်းနှင့် အသုံး မှန်းခြေ ငွေစာရင်းကို စဉ်းစား ဆွေးနွေးခြင်း။

၁၁။ ။(၁) နိုင်ငံတော်စာရင်းစစ်ချုပ်က သတ်မှတ်သည့်ပုံစံနှင့်အညီ ပြုထားသည့် အမှုဆောင်အဖွဲ့၏ တနှစ်အတွက် အရ မှန်းခြေနှင့်အသုံး-မှန်းခြေ ငွေစာရင်းကို၊ ဥက္ကဋ္ဌကညွှန်ကြားသောနေ့တွင် ညီလာခံ၌ စဉ်းစားဆွေးနွေးရန်၊ နိုင်ငံတော်အမှုဆောင် အဖွဲ့ကတင်ပြရမည်။

(၂) ထိုအရ မှန်းခြေနှင့် အသုံး မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ညီလာခံကအကြံဉာဏ်များပေးနိုင်သည်။

(၃) ဒေသ ကိုယ်စားလှယ်များသည်၊ မိမိတို့၏ သက်ဆိုင်ရာ ဒေသ အသီးသီး၏ဗုဒ္ဓသာသနာအခြေအနေနှင့် ဗုဒ္ဓသာသနာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသော နှစ်လည်အစီရင်ခံစာများကို နိုင်ငံတော်အမှုဆောင်အဖွဲ့မှတဆင့် ညီလာခံ အစည်းအဝေးအမီ နိုင်ငံတော်အဖွဲ့သို့ တင်ပြရမည်။

၁၂။ ။နိုင်ငံတော်အဖွဲ့ဝင်တဦးသည်၊ ညီလာခံတွင် ဆုံးဖြတ် ပြဋ္ဌာန်းရန် အဆို တင်သွင်းလိုလျှင် ထိုအဆိုကို ညီလာခံတွင်စဉ်းစားရန်မတင်သွင်းမီ အနည်းဆုံး သုံးရက် ကြိုတင်၍ မိမိလက်မှတ်ပါသောအဆိုလွှာကို အကျိုးဆောင်စာချိတ်ပေးပို့အကြောင်းကြားရမည်။

သို့ရာတွင် ဤစည်းကမ်းချက်နှင့် မညီညွတ်သော်လည်း၊ ဥက္ကဋ္ဌသည် အဆိုတင် သွင်းခွင့်ပြုနိုင်သည်။

၁၃။ ။ဆုံးဖြတ်ပြဋ္ဌာန်းရန် အဆိုတခုသည်၊ ညီလာခံ၏ အစီအစဉ်တွင် ပါရှိလာလျှင်၊ မိမိ၏အမည်ဖြင့်တင်သွင်းထားသော နိုင်ငံတော်အဖွဲ့ဝင်၏အမည်ကို သဘာပတိက ခေါ်လိမ့်မည်။ ထိုအခါ နိုင်ငံတော်အဖွဲ့ဝင်သည်—

(က) လုပ်ငန်းအစီအစဉ်တွင် ဖော်ပြထားသောအဆိုကို ပဌမဦးစွာ ဖတ်ပြ တင်သွင်းရမည်၊ ထိုနောက်မှသာလျှင် စကားဆက်လက် ပြောနိုင်သည်။ သို့တည်းမဟုတ်

(ခ) ဤအဆိုကိုမတင်သွင်းဘဲနေနိုင်သည်။ ဤသို့မတင်သွင်းဘဲနေလိုလျှင်၊ မတင်သွင်းလိုပါဟူသော စကားကိုသာပြောရမည်။

၁၄။ ။မည်သည့်နိုင်ငံတော်အဖွဲ့ဝင်မျှ သဘာပတိ၏ ခွင့်ပြုချက်မရဘဲ ညီလာခံ တွင် တဆယ့်ငါးမိနစ်ထက်ပို၍ စကားမပြောရ။

၁၅။ ။(၁) ညီလာခံတွင်ဆုံးဖြတ်ရန်လိုသော ကိစ္စဟူသမျှကို ညီလာခံတက် ရောက်သော နိုင်ငံတော်အဖွဲ့ဝင်များ၏ အများဆန္ဒအရ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတော်အဖွဲ့မှ မဖြင့်ဆုံးဖြတ်ရန်ကိစ္စများတွင် မဲအရေအတွက် ညီမျှနေသည့်အခါမှသာ သဘာပတိက မိမိ၏အနိုင်မဲကို ပေးရမည်။

၁၆။ ။ညီလာခံ၏ဆန္ဒကို နှုတ်အားဖြင့်သော်၎င်း၊မဲအားဖြင့်သော်၎င်း၊ ဖေါ်ပြရန် အဖွဲ့ဝင်တဦးဦးကတောင်းဆိုနိုင်သည်။

နှုတ်အားဖြင့်ဆန္ဒပြသည့်အခါ နိုင်ငံတော်အဖွဲ့ဝင်တဦးက မဲခွဲဆုံးဖြတ်ရန်တောင်းဆိုနိုင်သည်။ ထိုအခါသဘာပတိကသဘောတူသူများနှင့်မတူသူများအားလုံးကိုတဘက်ပြီးတဘက်မိမိတို့၏နေရာများမှထ်တပ်ရပ်၍ပြခြင်းအားဖြင့်ညီလာခံ၏ဆန္ဒကိုယူရမည်။

ထို့နောက်မှသဘာပတိသည်၊ဤသို့ဆန္ဒပြခြင်းဖြင့် အရှုံးအနိုင်ကိုကျေညာရမည်။ ထိုကျေညာချက်ကို စောဒကတက်နိုင် ခွင့်မရှိစေရ။

၁၇။ ။နိုင်ငံတော်အဖွဲ့ ညီလာခံတွင် စဉ်းစားဆဲဖြစ်သော မည်သည့် ကိစ္စနှင့် မဆိုစပ်လျဉ်း၍ ပြောဆိုလိုသောနိုင်ငံတော်အဖွဲ့ဝင်သည်၊သဘာပတိက အမည်ကိုခေါ်မှသာလျှင် ပြောဆိုခွင့်ရှိသည်။ ဤသို့ပြောဆိုသည့်အခါ သဘာပတိက အခြားခွင့်ပြုချက်မရှိလျှင် မတ်တပ်ရပ်၍ပြောဆိုရမည်။မည်သည့်အခါတွင်မဆိုသဘာပတိကမတ်တပ်ရပ်လိုက်လျှင်၊စကားပြောနေသောနိုင်ငံတော်အဖွဲ့ဝင်သည် မိမိ၏စကားကို ချက်ခြင်းရပ်၍ပြန်ထိုင်ရမည်။

၁၈။ ။ညီလာခံ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းများကို အကျိုးဆောင်စာချီက စုံလင်စွာရေးသား၍၊ သဘာပတိက အတည်ပြုပြီးဖြစ်သော ညီလာခံ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းများကို၊အဖွဲ့ဝင်များထံသို့လျင်မြန်နိုင်သမျှလျင်မြန်စွာဝေငှရမည်။

၁၉။ ။နိုင်ငံတော် အဖွဲ့၏ ညီလာခံအစည်းအဝေးသို့ တက်ရောက် ကြသော နိုင်ငံတော်အဖွဲ့ဝင်များ၏အမည်များကိုသီးခြားမှတ်တမ်းစာအုပ်တခုတွင်ရေးသွင်းထားရမည်။

၂၀။ ။ဤနည်းဥပဒေများတွင်သတ်မှတ်ချက်မရှိလျှင်၊သဘာပတိသည်၊မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ဆုံးဖြတ်ချက်များပြုနိုင်သည်။

## တတိယဇယား။

## စာရင်းစာအုပ်များထားရှိခြင်းဆိုင်ရာ နည်းဥပဒေများ။

[ပုဒ်မ ၁၉၊]

၁။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့တွင်၊ အောက်ပါ စာရင်းစာအုပ်များ ထားရှိရမည်။

(၁) ရ သုံးငွေစာရင်းစာအုပ်။
(၂) ရငွေပြေစာဖြတ်ပိုင်းစာအုပ်။
(၃) သုံးငွေပြေစာများ။
(၄) နိုင်ငံတော်အမှုဆောင်အဖွဲ့ပိုင်၊မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းစာရင်းစာအုပ်။
(၅) နိုင်ငံတော် အမှုဆောင်အဖွဲ့အား လှူဒါန်းကြသော အလှူရှင်များ စာရင်းစာအုပ်။

(၆) နိုင်ငံတော်စာရင်းစစ်ချုပ်က လိုအပ်သည်ဟု ညွှန်ကြားသည့် ပုံစံများနှင့် အခြားစာရင်းစာအုပ်များ။

၂။ ။(၁) နိုင်ငံတော် အမှုဆောင်အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော် အမှုဆောင်အဖွဲ့၏ အကျိုးဆောင်စာရင်းစစ်က လစဉ်စစ်ဆေးရမည်။

(၂) နိုင်ငံတော် အမှုဆောင်အဖွဲ့၏ ငွေစာရင်းများကို အက်ဥပဒေအရ ရွေးချယ်ခန့်ထားသော အရည်အချင်းနှင့်ပြည့်စုံသည့်စာရင်းစစ်က တနှစ်တကြိမ် စစ်ဆေးစေရမည်။

(၃) အမှုဆောင်အဖွဲ့၏ နှစ်လည် ငွေစာရင်း ရှင်းတမ်းကို နိုင်ငံတော် အမှုဆောင်အဖွဲ့က အစိုးရပြန်တမ်းတွင် ကြေညာရမည်၊

## စတုတ္ထဇယား။

## နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေများကိုထုတ်ယူခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ နည်းဥပဒေများ။

[ပုဒ်မ ၂၁ (၂) (၄)၊]

၁။ ။အက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကုန်ကျစရိတ်ကို၊ နိုင်ငံတော် အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေထဲမှ၊ နိုင်ငံတော် အမှုဆောင်အဖွဲ့ အစည်းအဝေး၏ ခွင့်ပြုချက်အရသာ သုံးစွဲနိုင်သည်။

၂။ ။ဘဏ္ဍာငွေများကို နိုင်ငံတော် အမှုဆောင်အဖွဲ့က အပ်နှံထားသော ဘဏ်တိုက်မှထုတ်လိုသောအခါ၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌနှင့် အကျိုးဆောင် ဘဏ္ဍာထိန်းတို့က လက်မှတ်ရေးထိုးရမည်။

၃။ ။(၁) အသေးသုံးစရိတ်အတွက် အကျိုးဆောင်စာချီလက်တွင် ငွေနှစ်ရာထားရှိနိုင်သည်။ ဥက္ကဋ္ဌသည်၊ ငါးရာထက်မပိုသောငွေကို အရေးကြီးသောကိစ္စအတွက် သုံးစွဲရန် အခွင့်ပြုနိုင်သည်။

(၂) မည်သည့် အသုံးငွေကိုမဆို သုံးပြီးသည့်နောက်၊ စည်းဝေးသည့် နိုင်ငံတော်အမှုဆောင်အဖွဲ့၏ အစည်းအဝေးတွင် တင်ပြရမည်။

၄။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့ဘဏ္ဍာငွေမှယင်းသို့ခွင့်ပြုချက်အရသုံးသော ငွေစာရင်းများကို၊လိုအပ်သည့်ပြေစာလက်မှတ်စသည်များနှင့်တကွ စည်းကမ်းတကျထားရှိရမည်။

## ပဉ္စမဇယား။

## အဖွဲ့ငယ်များ ဖွဲ့စည်းသည့်နည်းဥပဒေ။

[ပုဒ်မ ၂၃။]

၁။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့သည်၊ မိမိအားအပ်နှင်းထားသောအာဏာများနှင့် တာဝန်ဝတ်တရားများကို ထိရောက်စွာသုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဖွဲ့ဝင်၊

သို့တည်းမဟုတ် နိုင်ငံတော်အမှုဆောင်အဖွဲ့ဝင်များပါဝင်သည့် အဖွဲ့ငယ်များကို ဖွဲ့စည်းနိုင်သည်။

၂။ ။အဖွဲ့ငယ်များသည်၊မိမိတို့အား နိုင်ငံတော်အမှုဆောင်အဖွဲ့က လွှဲအပ်သည့် အာဏာများ၊ တာဝန် ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို၊ နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍သုံးစွဲဆောင်ရွက်ရမည်။

၃။ ။(၁) နိုင်ငံတော် အမှုဆောင်အဖွဲ့က တဦးဦးအား သဘာပတိ အဖြစ်ခန့်ထားခြင်းမရှိလျှင်၊ အဖွဲ့ငယ်များက မိမိတို့အထဲမှ တဦးဦးအား သဘာပတိ အဖြစ်ရွေးကောက်တင်မြှောက်ရမည်။

(၂) နိုင်ငံတော် အမှုဆောင်အဖွဲ့က အဖွဲ့ငယ် ဖွဲ့စည်းစဉ်က အဖွဲ့ငယ်အစည်းအဝေးအထမြောက်နိုင်စေရန် လိုအပ်သောအဖွဲ့ဝင်ဦးရေကို သတ်မှတ်ထားခြင်းမရှိလျှင်၊ ထိုအစည်းအဝေးများ အထမြောက်စေရန် အဖွဲ့ငယ်ဝင်စုစုပေါင်း ထက်ဝက်အောက်မနည်းတက်ရောက်စေရမည်။

၄။ ။အထူးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်နိုင်ရန်အလို့ငှါ ထိုကိစ္စတွင် အကြံဉာဏ်ပေးနိုင်သော အထူး အရည်အချင်းရှိသူကိုသော်၎င်း၊ ဆိုင်ရာအရပ်ဒေသ၏ အခြေအနေကို ကောင်းစွာသိကျွမ်းနားလည်သူကိုသော်၎င်း အဖွဲ့ငယ်က ဘိတ်ခေါ်နိုင်သည်။ ထိုသူတို့အား နိုင်ငံတော်အမှုဆောင်အဖွဲ့က ပြဋ္ဌာန်းထားသည့်အခငွေ၊ သို့တည်းမဟုတ် ဉာဏ်ပူဇော်ခ၊ သို့တည်းမဟုတ်ခရီးစရိတ်၊ သို့တည်းမဟုတ် အခြားစရိတ်ပေးနိုင်သည်။ သို့သော် ဤနည်းဥပဒေအရ ဘိတ်ခေါ်ထားသူမှာ မဲဆန္ဒပေးနိုင်ခွင့်မရှိစေရ။

အဖွဲ့ငယ်များသည်၊မိမိတို့အားလွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော် အမှုဆောင်အဖွဲ့သို့ အစီရင်ခံစာတင်သွင်းရမည်။

## ဆဋ္ဌမဇယား။

## ယာယီအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေများ။

[ပုဒ်မ ၂၄။]

၁။ ။ယာယီအဖွဲ့များလိုက်နာရန် ညွှန်ကြားချက်များကို နိုင်ငံတော်အမှုဆောင်အဖွဲ့က အထူးပြုလုပ်ထားခြင်းမရှိလျှင်၊ ၎င်းတို့သည် အောက်ပါနည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်၊

၂။ ။ယာယီအဖွဲ့များသည် ပုဒ်မ ၂၄ (၁) ပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတော်အမှုဆောင်အဖွဲ့က လွှဲအပ်သည့်အတိုင်း ဆောင်ရွက်ရာ၌၊ နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ကြီးကြပ်ခြင်းကိုခံယူ၍ အခါအားလျော်စွာ ပေးအပ်သည့်ညွှန်ကြားချက်အတိုင်း လိုက်နာရမည်။

၃။ ။အစည်းအဝေး ဘိတ်စာနှင့်အတူ ထိုအစည်းအဝေးတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို အကျိုးဆောင်စာချီကရေးသား၍ ယာယီအဖွဲ့ဝင်များထံ သုံးရက်ကြိုတင်၍ ပေးပို့ရမည်။

၄။ ။ယာယီ အဖွဲ့အစည်းအဝေးများတွင် အဖွဲ့ဝင်အနည်းဆုံး သုံးပုံတပုံ တက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်စေရမည်။

၅။ ။ယာယီ အဖွဲ့အစည်းအဝေး မှတ်တမ်းများကို အကျိုးဆောင် စာချီက ရေးသား၍၊နောက်တကြိမ်အစည်းအဝေးတွင် အတည်ပြုရန်တင်ပြရမည်။အစည်းအဝေးက အတည်ပြုပြီးသည့်အစည်းအဝေးမှတ်တမ်းများကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ နိုင်ငံတော်အမှုဆောင်အဖွဲ့ အကျိုးဆောင်စာချီထံ ပေးပို့ရမည်။

၆။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့က လွှဲအပ်သည့်တာဝန်ဝတ်တရားနှင့် လုပ်ငန်းများကို မည်သို့ ဆောင်ရွက်ကြောင်း၊ မည်မျှ ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို စာရင်းများလိုအပ်ပါက စာရင်းများနှင့်အတူ နိုင်ငံတော်အမှုဆောင်အဖွဲ့သို့ ပေးပို့ရမည်။

၇။ ။ထိုယာယီအဖွဲ့သည် နိုင်ငံတော်အမှုဆောင်အဖွဲ့က ယာယီအဖွဲ့များဖွဲ့စည်းစဉ်အခါက ၎င်း၏သက်တမ်းကို ပိုင်းခြားဖေါ်ပြမထားလျှင်၊ယာယီအဖွဲ့များ အားလွှဲအပ်သည့်ကိစ္စများ ပြီးဆုံးသည်အထိသာ ထိုယာယီအဖွဲ့များသည် တည်မြဲသည်ဟု မှတ်ယူရမည်။

## သတ္တမဇယား။

## နိုင်ငံတော်အမှုဆောင်အဖွဲ့၏ အစည်းအဝေးနှင့် စပ်လျဉ်းသည့် နည်းဥပဒေများ။

[ပုဒ်မ ၂၅ (၂)]

၁။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့၏ အစည်းအဝေးတရပ် ကျင်းပရန် လိုအပ်၍ ဥက္ကဋ္ဌကအစည်းအဝေးကျင်းပရန် နေ့ရက်၊ အချိန်နှင့် နေရာကို သတ်မှတ် ချိန်းဆိုသောအခါ၊အကျိုးဆောင်စာချီသည်၊ နိုင်ငံတော်အမှုဆောင်အဖွဲ့ဝင်များအား (နှစ်ပတ်လည်အစည်းအဝေးမှ တပါး) အစည်းအဝေးသို့ တက်ရောက်ရန်၊ အနည်းဆုံး ဆယ်ရက်တိတိတင်ကြို၍ ဘိတ်ကြားရမည်။

၂။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့၏ အစည်းအဝေး ကျင်းပမည့် နေ့အတွက်၊ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ကို အကျိုးဆောင်စာချီကရေးဆွဲ၍ နိုင်ငံတော် အမှုဆောင်အဖွဲ့ဝင်အသီးသီးထံ တစောင်စီ ဘိတ်စာနှင့်အတူ ဝေငှထားရမည်။

၃။ ။(၁) နိုင်ငံတော် အမှုဆောင် အဖွဲ့၏ အစည်းအဝေးတွင် ဆုံးဖြတ်ရန်လိုသော ကိစ္စဟူသ၍ အစည်းအဝေး တက်ရောက်သော နိုင်ငံတော် အမှုဆောင်အဖွဲ့ဝင်များ၏ အများဆန္ဒအရ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတော်အမှုဆောင်အဖွဲ့မှ မဲဖြင့်ဆုံးဖြတ်ရန်ကိစ္စများတွင် မဲအရေအတွက်ညီမျှရသေည့်အခါမှသာ သဘာပတိက မိမိ၏အနိုင်မဲကိုပေးရမည်။

၄။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့၏ အစည်းအဝေးမှတ်တမ်းများကို အကျိုးဆောင်စာချီက စုံလင်စွာရေးသား၍ နောက်တကြိမ် အစည်းအဝေးတွင် အတည်ပြုရန်တင်ပြရမည်။

၅။ ။နိုင်ငံတော်အမှုဆောင်အဖွဲ့၏ ဘဏ္ဍာငွေသို့ အခါအားလျော်စွာ လှူဒါန်းကြသောငွေနှင့် အခြားဝင်ငွေများကို အစည်းအဝေးမှတ်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

၆။ ။နိုင်ငံတော် အမှုဆောင်အဖွဲ့၏ အစည်းအဝေးတရပ် အထမြောက်စေရန် အဖွဲ့ဝင်အနည်းဆုံး ကိုးယောက်တက်ရောက်ရမည်။

## အဋ္ဌမဇယား။

## ကတိသစ္စာဆိုချက် ပုံစံ။

[ပုဒ်မ ၃၅။]

၁။ ။တပည့်တော်.........................သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ဝင် အဖြစ်ဖြင့် ရွေးချယ်ခန့်ထားခြင်း ခံရပြီးဖြစ်သဖြင့်၊ ဗုဒ္ဓသာသနာရေးဆိုင်ရာ တာဝန်ဝတ်တရားများပြင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွါးရေးကို ဖြောင့်မတ်မှန်ကန်စွာ အဂတိမလိုက်ဘဲ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ကတိသစ္စာပြုပါသည်ဘုရား။

၂။ ။တပည့်တော်.........................သည်၊နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင် အဖွဲ့ဝင် အဖြစ်ဖြင့် ရွေးချယ် ခန့်ထားခြင်း ခံရပြီးဖြစ်သဖြင့်၊ ဗုဒ္ဓသာသနာရေးဆိုင်ရာ တာဝန်ဝတ်တရားများပြင်၊ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွါးရေးကို ဖြောင့်မတ်မှန်ကန်စွာ အဂတိမလိုက်ဘဲ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကတိသစ္စာ ပြုပါသည်ဘုရား။

ပ၊မ၊ဗ၊စ၊—အမှတ် ၇၀၊ အမျိုးသားစီမံကိန်းဌာန။ ၁၅-၁-၅၃—၂၀၀၀—၂။

# ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၅။]

အမှတ်စဉ် .........
နေ့စွဲ ...............
အုပ်ချုပ်ရေးမှူးရုံး

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့အက်ဥပဒေဟု ခေါ်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊မဆန့်ကျင်လျှင်—

(က) '' နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် '' ဆိုသည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာနဥပဒေအရ၊ ရွေးကောက် တင်မြှောက်ထားသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကိုဆိုလိုသည်။

(ခ) '' ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ '' ဆိုသည်မှာ၊ ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေအရ၊ ဖွဲ့စည်းထားသောပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ကိုဆိုလိုသည်။

(ဂ) '' နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ '' ဆိုသည်မှာ၊ ၁၃၁၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအရဖွဲ့စည်းထားသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကိုဆိုလိုသည်။

(ဃ) '' ပါဠိပညာရေးအဖွဲ့ ''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသောပါဠိပညာရေးအဖွဲ့ကိုဆိုလိုသည်။

(င) '' နာယကအဖွဲ့ ''ဆိုသည်မှာ၊ ပုဒ်မ ၁၄ အရ ဖွဲ့စည်းထားသော နာယကအဖွဲ့ကိုဆိုလိုသည်။

(စ) '' အုပ်ချုပ်ရေးမှူး '' ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရခန့်ထားသော ပါဠိပညာရေးအဖွဲ့၏အုပ်ချုပ်ရေးမှူးကိုဆိုလိုသည်။

(ဆ) '' စာမေးပွဲ '' ဆိုသည်မှာ၊ သီးခြားဖော်ပြခြင်းမရှိလျှင် ပါဠိ ပဌမပြန်စာမေးပွဲကိုဆိုလိုသည်။

ပါဠိပညာရေးအဖွဲ့။

၃။ ။(၁) ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ ပါဠိပညာရေးအဖွဲ့ဟုခေါ်ရမည့်အဖွဲ့တခုကို နိုင်ငံတော်သမ္မတ ကအမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းရမည်။

(၂) ပါဠိပညာရေးအဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တခုရှိသောတရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊အဆိုပါ အမည်ဖြင့်တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၃) ပါဠိပညာရေးအဖွဲ့သည်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလက်ရှိထားခြင်း၊ လွှဲပြောင်းယူခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

(၄) ဤအက်ဥပဒေ စတင်အာဏာမတည်မီက ပါဠိဘာသာ ပညာရေးအဖွဲ့ဟူသောအမည်ဖြင့် အစိုးရဖွဲ့စည်းခဲ့သောအဖွဲ့၏ရံပုံငွေကိုငင်း၊ ထိုအဖွဲ့ပိုင်ပစ္စည်းအားလုံးနှင့်ကြွေးမြီတာဝန်အားလုံးကိုငင်း၊ပါဠိပညာရေးအဖွဲ့ကဆက်ခံရမည်။

အဘိုး—၂၀ ပြား]

၄။ ။(၁) ပါဠိပညာရေး အဖွဲ့တွင် အောက်ပါ လူပုဂ္ဂိုလ်အဖွဲ့ဝင်များ ပါဝင်ရမည်။

ပါဠိပညာရေးအဖွဲ့ဖွဲ့စည်းပုံ။

(က) ရန်ကုန်မြို့၊ စေတိယင်္ဂဏအသင်း၏ ကိုယ်စားလှယ် တဦး။

(ခ) မန္တလေးမြို့၊ပရိယတ္တိသာသနဟိတအသင်း၏ ကိုယ်စားလှယ်တဦး။

(ဂ) ရန်ကုန်မြို့၊ စေတိယင်္ဂဏအသင်းနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကိုယ်စားလှယ်များမှ တပါး၊ အောက်ပါအချက်တို့နှင့် ပြည့်စုံသော စာမေးပွဲအသင်းသုံးသင်းမှကိုယ်စားလှယ်သုံးဦး။

ပြည့်စုံရမည့်အချက်များမှာ—

(၁) ဤအက်ဥပဒေ စတင် အာဏာမတည်မီ အနည်းဆုံး ဆယ်နှစ်မှစ၍ စာမေးပွဲကို အစဉ်မပြတ် ဆက်လက်ကျင်းပနေခြင်း။

(၂) ငယ်၊ လတ်၊ ကြီး စာမေးပွဲ၊ စေတိယင်္ဂဏ ပရိယတ္တိအသင်း သီးခြား စာသင်တန်း စာမေးပွဲများနှင့်အလားတူသောစာမေးပွဲ အဆင့်အတန်းများ သတ်မှတ် ထားရှိခြင်း။ (အထက်ပါအချက်များနှင့် ပြည့်စုံသော စာမေးပွဲအသင်းများသည် သုံးသင်းထက် ကျော်လွန်ခဲ့သော်၊ စာမေးပွဲကျင်းပခဲ့သောနှစ်အများဆုံး သုံးသင်းမှ ကိုယ်စားလှယ်များကို ခန့်ထားရန် ဖြစ်သည်။ စာမေးပွဲကျင်းပခဲ့သော နှစ်အရေအတွက်သည်အကယ်၍ တူညီနေသော်၊ စာမေးပွဲဝင်ပုဂ္ဂိုလ်ဦးရေနှင့် အောင်မြင်သော ပုဂ္ဂိုလ်ဦးရေများရာအသင်းမှကိုယ်စားလှယ်ကို ခန့်ထားရန်ဖြစ်သည်။)

(ဃ) ရန်ကုန်မြို့၊ ပဋ္ဌမပြန် ဆွမ်းကျွေးအသင်း၏ ကိုယ်စားလှယ်တဦး။

(င) မန္တလေးမြို့၊ ပဋ္ဌမပြန်ဆွမ်းကျွေးအသင်း၏ကိုယ်စားလှယ်တဦး။

(စ) ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှတပါး၊ ဤအက်ဥပဒေအရ ကျင်းပသည့်စာမေးပွဲများတွင်၊ လွန်ခဲ့သော လေးနှစ်အတွင်းပျမ်းမျှခြင်းအားဖြင့် ဝင်ရောက်ဖြေဆိုသူ အများဆုံး ဖြစ်သော စာမေးပွဲကျင်းပရာဌာနလေးဌာနရှိ ဆွမ်းကျွေးအသင်းများ၏ကိုယ်စားလှယ်တဦးစီ။

# ၁၉၅၃ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါပြဋ္ဌာန်းချက်များကိုထည့်သွင်းရမည်။

"(၁) ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ လိုအပ်သည်ဟု ပါဠိပညာရေးအဖွဲ့က ထင်မြင်သော ရာထမ်း မှုထမ်းများကို နိုင်ငံတော်သမတ ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ အုပ်ချုပ်ရေးမှူးက ခန့်နိုင်သည်။"

ပ၊မ၊ဗ၊စ၊—အမှတ် ၁၉၊ တရားရေး၊ ၂-၁၁-၅၃—၂,၀၀၀—၂။
အဘိုး—၁၀ ပြား]

(ဆ) နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့၏ ကိုယ်စားလှယ်တဦး။
(ဇ) ရန်ကုန်တက္ကသိုလ်ပါဠိပညာရေးဌာန၏ ကိုယ်စားလှယ်တဦး။
(ဈ) သာသနာရေးဝန်ကြီးဌာန၏ကိုယ်စားလှယ်တဦး။
(ည) ရာထူးဝန်အဖွဲ့၏ကိုယ်စားလှယ်တဦး။
(ဋ) ဘဏ္ဍာရေးဝန်ကြီးဌာန၏ကိုယ်စားလှယ်တဦး။
(ဌ) ပညာ ညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်း၏ ကိုယ်စားလှယ်။
(ဍ) နိုင်ငံတော်သမ္မတ ကခန့်သည့်အခြားပုဂ္ဂိုလ်နှစ်ဦး။

(၂) ပုဒ်မခွဲ(၁)၊ အပိုဒ်(က)၊ (ခ)၊ (ဆ)၊(ဇ)၊(ဈ)နှင့် (ဍ)တွင် ရည်ညွှန်းထားသည့် ကိုယ်စားလှယ်များသည်၊ ပါဠိဘာသာ၌ ကောင်းစွာ ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြစ်ရမည်။

(၃) ပုဒ်မခွဲ(၁)၊အပိုဒ်(စ)အရ၊ ဤအက်ဥပဒေစတင်အာဏာ တည်ပြီးနောက် ပဌမအကြိမ် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်သည့်အခါ၊ ဤအက်ဥပဒေစတင်အာဏာမတည်မီ အစိုးရဖွဲ့စည်းခဲ့သော ပါဠိဘာသာပညာရေး အဖွဲ့ကကျင်းပသည့်စာမေးပွဲများကိုအခြေတည်၍ ရွေးကောက်တင်မြှောက်ရမည်။

(၄) နိုင်ငံတော်သမ္မတ သည်၊ပါဠိပညာရေးအဖွဲ့ဝင်များ၏အမည် များကိုအခါအားလျော်စွာပြန်တမ်းတွင်ကြေညာရမည်။

ကတိသစ္စာဆိုခြင်း။

၅။ ။ပါဠိပညာရေးအဖွဲ့ဝင်အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်း၊သို့တည်း မဟုတ် ခန့်ခြင်းခံရသောပုဂ္ဂိုလ်တိုင်းသည်၊နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ ရှေ့မှောက်တွင်ဖြစ်စေ၊ ထိုဆရာတော်များကညွှန်ကြားသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်တပါးပါး ရှေ့မှောက်တွင် ဖြစ်စေ၊အောက်ပါအတိုင်း ကတိသစ္စာဆို၍လက်မှတ်ထိုးရမည်။

"တပည့်တော်....................သည်၊ ပါဠိပညာရေး အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက် / ခန့် ခြင်းခံရပြီးဖြစ်သဖြင့်၊ ထိုအဖွဲ့၏တာဝန် ဝတ်တရားများကို ဖြောင့်မတ်မှန်ကန်စွာ အဂတိမလိုက်စားဘဲ ကိုယ်စွမ်းရှိသမျှ၊ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ဆောင်ရွက် ပါမည်ဟု လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါ သည်ဘုရား။"

ရာထူးသက်တမ်း။

၆။ ။ပါဠိပညာရေးအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် လေးနှစ် ဖြစ်ရ မည်။

ဥက္ကဋ္ဌ။

၇။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊မိမိတို့အဖွဲ့ဝင်များထဲမှတဦးကို ဥက္ကဋ္ဌ အဖြစ်ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌသည်၊ ပါဠိပညာရေးအဖွဲ့၏ အစည်း အဝေးတိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက်ရောက်သည့် အစည်း အဝေးတွင် တက်ရောက်သည့်အဖွဲ့ဝင်များအနက်၊ တဦးဦးကို သဘာပတိအဖြစ်ဆောင် ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၈။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ သာမန်အားဖြင့် လေးလလျှင် တကြိမ် အစည်းအဝေးကျင်းပရမည်။

အစည်းအဝေး။

(၂) ဥက္ကဋ္ဌသည်၊ မိမိသင့်လျော်သည် ထင်မြင်သောအခါ၊ ပါဠိပညာရေးအဖွဲ့၏အထူးအစည်းအဝေးကိုဘိတ်ခေါ်နိုင်သည်။

(၃) ဆယ်ဦးအောက်မနည်းသော အဖွဲ့ဝင်များက လက်မှတ်ထိုး၍ ဤအက်ဥပဒေပါကိစ္စတခုခုအတွက် ပါဠိပညာရေးအဖွဲ့၏အထူးအစည်းအဝေးကို ဘိတ်ခေါ်စေလိုကြောင်း ဥက္ကဋ္ဌထံအကြောင်းကြားလျှင်၊ ဥက္ကဋ္ဌသည် ပါဠိပညာရေးအဖွဲ့၏ အထူးအစည်းအဝေးကိုဘိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့အဖွဲ့ဝင်အနည်းဆုံးဆယ်ဦးတက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။

၉။ ။(၁) အောက်ပါ ပုဂ္ဂိုလ်များအား ပါဠိပညာရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ်ရွေးကောက်တင်မြောက်ခြင်း၊ခန့်ခြင်း၊သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိရ။

အရည်အချင်းပျက်ယွင်းခြင်း။

(က) ဗုဒ္ဓဘာသာဝင်မဟုတ်သူ။
(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ။
(ဂ) လူမွဲအဖြစ် ဆုံးဖြတ် ကျေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသူ။
(ဃ) စိတ်ပေါ့သွပ်၍စိတ်ပေါ့သွပ်သူဟုအခွင့်အာဏာရ တရားရုံး၏အမိန့်ချမှတ်ခြင်းခံနေရသူ။
(င) ကိုယ်ကျင့်တရား ပျက်ယွင်းသည့်ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့်ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသူ။
(စ) ပါဠိပညာရေးအဖွဲ့၏ ဂုဏ်ကို ထိပါးစေမည့် သိက္ခာပျက်ပြားမှုကိုကျူးလွန်သူ။

(၂) တဦးတယောက်သောသူသည်၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်တခုခုအရ အရည်အချင်းပျက်ယွင်းခြင်းရှိသည်၊မရှိသည်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမ္မတက ခန့်သောပုဂ္ဂိုလ်က၊ သို့တည်းမဟုတ် အဖွဲ့ကချမှတ်သည့် ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၀။ ။ပါဠိပညာရေးအဖွဲ့ဝင်တဦးသည်——

ရှောင်တခင် လစ်လပ်သည့် ရာထူး။

(က) သေဆုံးသော်၊
(ခ) ရာထူးမှနုတ်ထွက်သော်၊
(ဂ) အရည်အချင်းပျက်ယွင်းကြောင်းထင်ရှားသော်၊
(ဃ) ပါဠိပညာရေးအဖွဲ့၏အစည်းအဝေးများသို့ ထိုအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ သုံးကြိမ်တဆက်တည်းမတက်ရောက်သော်

ထိုပုဂ္ဂိုလ်၏နေရာသည် ထိုအခါလစ်လပ်သည်ဟု မှတ်ယူရမည်။

ရှောင်တခင် လစ်လပ်သည့် ရာထူးနေရာဖြည့်ခြင်း။

၁၁။ ။ပါဠိပညာရေးအဖွဲ့ဝင်တဦး၏ နေရာလစ်လပ်သည့်အခါ၊ ထိုသူကို ရွေးကောက်တင်မြှောက်သော၊ သို့တည်းမဟုတ် ခန့်သော နည်းအတိုင်း အရည်အချင်းနှင့် ပြည့်စုံသူတဦးကို ရွေးကောက်တင်မြှောက်၍၊ သို့တည်းမဟုတ် ခန့်၍ လစ်လပ်သည့်နေရာကိုဖြည့်ရမည်။

သို့ရာတွင် ယင်းသို့နောက်ထပ်ရွေးကောက်တင်မြှောက်သည့်၊ သို့တည်းမဟုတ် ခန့်သည့်အဖွဲ့ဝင်သည် ပါဠိပညာရေးအဖွဲ့ဝင်အဖြစ်မှရပ်စဲသူရာထူးထမ်းရွက်ရန် ကျန်ရှိနေသေးသောကာလအပိုင်းအခြားအတွက်သာလျှင် ရာထူး၌ထမ်းရွက်ရမည်။

အုပ်ချုပ်ရေးမှူး။

၁၂။ ။(၁) နိုင်ငံတော်သမ္မတ သည်၊ မိမိသင့်တော်သည် ထင်မြင်သည့် ပုဂ္ဂိုလ်တဦးအားပါဠိပညာရေးအဖွဲ့၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ရမည်။ အုပ်ချုပ်ရေးမှူးသည်ပါဠိပညာရေးအဖွဲ့၏အစည်းအဝေးတိုင်းတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည် နှစ်စဉ် နှစ်ချုပ်အစီရင်ခံစာကို စီစဉ်ရေးသားပြီးလျှင် ပါဠိပညာရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြရမည်။ ထိုပြင်အုပ်ချုပ်ရေးမှူးသည် ပါဠိပညာရေးအဖွဲ့က မိမိအားလွှဲအပ်ထားသော အာဏာနှင့်တာဝန်ဝတ္တရားကိုသုံးစွဲဆောင်ရွက်ရမည်။

(၃) အုပ်ချုပ်ရေးမှူးသည် ရွေးချယ်ခံအဆင့်အတန်းဝင် အရာရှိဖြစ်ရမည်။ ထိုသူ၏ လစာစရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသည် နိုင်ငံတော်သမ္မတ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

ရာထမ်းမှုထမ်းများ။

၁၃။ ။(၁) ပါဠိ ပညာရေး အဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သည့်ရာထမ်းမှုထမ်းများကို နိုင်ငံတော်သမ္မတ ၏သဘောတူညီချက်ဖြင့်ခန့်နိုင်သည်။

(၂) အဆိုပါ ရာထမ်း မှုထမ်းများ၏ လစာများ၊ စရိတ်ကြေးငွေများနှင့် အမှုထမ်းစည်းကမ်းများသည် နိုင်ငံတော်သမ္မတ က၊ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၃) အဆိုပါရာထမ်းမှုထမ်းများသည် အုပ်ချုပ်ရေးမှူးကမိမိတို့အား လွှဲအပ်သည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

နာယကအဖွဲ့ ဖွဲ့စည်းပုံ။

၁၄။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများကို ပါဠိပညာရေးအဖွဲ့က ဆောင်ရွက်ရာတွင်၊ ထိုအဖွဲ့အား ဩဝါဒပေးရန် အတွက် နာယကအဖွဲ့ဟု ခေါ်ရမည့်အဖွဲ့တခုကို နိုင်ငံတော်သမ္မတ က၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းရမည်။

(၂) နာယကအဖွဲ့တွင် အောက်ပါအဖွဲ့ဝင်ဆရာတော်များပါဝင်ရမည်။

(က) ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့က မိမိတို့အဖွဲ့ဝင်များထဲမှ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်နှစ်ပါး၊

(ခ) ဤအက်ဥပဒေအရကျင်းပသည့်စာမေးပွဲများတွင်၊ လွန်ခဲ့သည့်လေးနှစ်အတွင်း ပျမ်းမျှခြင်းအားဖြင့် အောင်မြင်သည့် ပုဂ္ဂိုလ်အများဆုံး ဖြစ်သော ကျောင်းတိုက်၏ ရှင်တိုက်မှဆရာတော် ရှစ်ပါးနှင့်

(ဂ) ပါဠိပညာရေးအဖွဲ့က တင်မြှောက်သောဆရာတော်ငါးပါး။

(၃) ပုဒ်မခွဲ (၂) ၊ အပိုဒ် (ခ) အရ၊ ဤအက်ဥပဒေ စတင်အာဏာတည်ပြီးနောက် ပဌမအကြိမ်နာယကအဖွဲ့ဝင်ဆရာတော်များ ရွေးကောက်တင်မြှောက်သည့်အခါ၊ ဤအက်ဥပဒေစတင်အာဏာမတည်မီက အစိုးရဖွဲ့စည်းခဲ့သောပါဠိဘာသာပညာရေးအဖွဲ့က ကျင်းပခဲ့သည့်စာမေးပွဲများကို အခြေတည်၍ရွေးကောက်တင်မြှောက်ရမည်။

(၄) နာယကအဖွဲ့ဝင် ဆရာတော်များသည်၊ သိက္ခာတော် ၂၀ ကျော်၍ထင်ရှားကျော်စောသော စာချပုဂ္ဂိုလ် မဟာထေရ်များဖြစ်ရမည်။

(၅) နိုင်ငံတော်သမ္မတ သည်၊ နာယကအဖွဲ့ဝင်ဆရာတော်များ၏ ဘွဲ့တော်များကို အခါအားလျော်စွာပြန်တမ်းတွင်ကြေညာရမည်။

၁၅။ အဖွဲ့ဝင် သက်တမ်း။ ။နာယကအဖွဲ့ဝင်ဆရာတော်များသည်၊ အဆိုပါ အဖွဲ့တွင် လေးနှစ် ပါဝင်ရမည်။

၁၆။ ဥက္ကဋ္ဌဆရာတော်။ ။(၁) နာယက အဖွဲ့ဝင် ဆရာတော် များသည်၊ မိမိတို့ အထဲမှ ဆရာတော်တပါးကို ဥက္ကဋ္ဌ ဆရာတော်အဖြစ် ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည် နာယကအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်မတက်ရောက်သည့် အစည်းအဝေးတွင် တက်ရောက်သည့် အဖွဲ့ဝင်ဆရာတော်များအနက် ဆရာတော်တပါးကို သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

(၃) အုပ်ချုပ်ရေးမှူးသည်၊ နာယကအဖွဲ့ အစည်းအဝေးတိုင်း၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၇။ အစည်းအဝေး။ ။(၁) နာယကအဖွဲ့သည် ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ သာမန်အားဖြင့် လေးလလျှင် တကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌ ဆရာတော်သည် မိမိသင့်လျော်သည်ဟုထင်မြင်သောအခါ နာယကအဖွဲ့၏အထူးအစည်းအဝေးကိုဘိတ်ခေါ်နိုင်သည်။

(၃) ရှစ်ပါးအောက် မနည်းသော အဖွဲ့ဝင် ဆရာတော်များက လက်မှတ်ထိုး၍ ဤအက်ဥပဒေပါ ကိစ္စတခုခုအတွက် နာယကအဖွဲ့၏ အထူးအစည်းအဝေးကိုဘိတ်ခေါ်စေလိုကြောင်း ဥက္ကဋ္ဌဆရာတော်ထံ အကြောင်းကြားလျှင် ဥက္ကဋ္ဌဆရာတော်သည် နာယကအဖွဲ့၏အထူးအစည်းအဝေးကိုဘိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ အဖွဲ့ဝင်ဆရာတော် အနည်းဆုံးရှစ်ပါး တက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။

၁၀။ ။(၁) နာယကအဖွဲ့ဝင် ဆရာတော်တပါးသည် အောက်ဖော်ပြပါ အကြောင်း တခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင် နာယကအဖွဲ့ဝင် ဆရာတော်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

အရည်အချင်းပျက်ယွင်းခြင်း။

(က) လူထွက်သော်။

(ခ) ပျံလွန်တော်မူသော်။

(ဂ) စိတ်ပျံ့လွင့်ရူးသွပ်သော်။

(ဃ) ဓမ္မစေဒက အင်္ဂါနှင့် ညီညွတ်အောင်စွပ်စွဲသော ပါရာဇိက အာပတ္တာဓိကရုဏ်းဖြစ်၍ သက်ဆိုင်ရာဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာဂိုဏ်းဂဏ ဆရာတော်ထံမှသုဒ္ဓဆုံးဖြတ်ချက်ကို မရသော်။

(င) အကျင့်စာရိတ္တနှင့်ပတ်သက်သော ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရသော်။

(စ) နာယကအဖွဲ့ဝင်ဆရာတော်အဖြစ်မှ နုတ်ထွက်သော်။

(ဆ) နာယက အဖွဲ့၏ဂုဏ်ကိုထိပါးစေမည့်သိက္ခာပျက်ပြားမှုကိုကျူးလွန်သော်။

(ဇ) နာယကအဖွဲ့၏ အစည်းအဝေးများသို့၊ ထိုအဖွဲ့၏ခွင့်ပြုချက် မရရှိဘဲသုံးကြိမ် တဆက်တည်း မတက်ရောက်သော်။

(ဈ) နာယကအဖွဲ့ကလွှဲအပ်သော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်ပျက်ကွက်သော်။

(၂) နာယကအဖွဲ့ဝင်ဆရာတော်တပါးပါးသည်၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်တခုခုအရ အရည်အချင်းပျက်ယွင်းခြင်း ရှိသည် မရှိသည်ဟူသော ပြဿနာ ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတ ကတင်မြှောက်သော ဆရာတော်က၊သို့တည်းမဟုတ် ဆရာတော်အဖွဲ့ကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၉။ ။နာယကအဖွဲ့ဝင် ဆရာတော်တပါးသည် ပုဒ်မ ၁၀ အရ၊ အဖွဲ့ဝင် ဆရာတော်အဖြစ်မှ ရပ်စဲသဖြင့်၊ နာယကအဖွဲ့တွင် နေရာလစ်လပ်ခဲ့သော် ထိုဆရာတော်ကို ရွေးကောက်တင်မြှောက်သည့်နည်းအတိုင်း အရည်အချင်းနှင့်ပြည့်စုံသောဆရာတော်တပါးကို ရွေးကောက်တင်မြှောက်၍ လစ်လပ်သည့်နေရာကိုဖြည့်ရမည်။

ရှောင်တခင် လစ်လပ်သည့်နေရာဖြည့်ခြင်း။

သို့ရာတွင် ယင်းသို့နောက်ထပ်ရွေးကောက်တင်မြှောက်သည့် ဆရာတော်သည်၊ နာယကအဖွဲ့ဝင်ဆရာတော်အဖြစ်မှ ရပ်စဲသည့်ဆရာတော်ပါဝင်ရန်ကျန်ရှိနေသေးသော ကာလအပိုင်းအခြားအတွက်သာလျှင် နာယကအဖွဲ့တွင်ပါဝင်ရမည်။

ရွေးကောက်တင်မြှောက်ရန်နှင့်ပဋ္ဌမအစည်းအဝေးကျင်းပရန် နေ့ရက်သတ်မှတ်ခြင်း။

၂၀။ ။(၁) ပါဠိပညာရေးအဖွဲ့နှင့် နာယကအဖွဲ့အတွက် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန်နှင့် ယင်းသို့ ရွေးကောက်တင်မြှောက်ပြီးနောက်၊ ပဋ္ဌမအစည်းအဝေးကျင်းပရန်နေ့ရက်များကို အုပ်ချုပ်ရေးမှူးက သတ်မှတ် ကျေညာရမည့်ပြင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံ တင်ကြို၍ အကြောင်းကြားစာပေးပို့ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည် နာယကအဖွဲ့အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဆရာတော်အသီးသီးအား ထိုအဖွဲ့တွင်အဖွဲ့ဝင်ဆရာတော်အဖြစ်ဖြင့်ပါဝင်ချီးမြှောက်တော်မူရန် သဘောတူညီပါမည့်အကြောင်း စာဖြင့်လျှောက်ထားရမည်။

အဖွဲ့များ၏ဆုံးဖြတ်ချက်များ။

၂၁။ ။ပါဠိပညာရေးအဖွဲ့၏အစည်းအဝေး၌ဖြစ်စေ၊ နာယကအဖွဲ့၏အစည်းအဝေး၌ဖြစ်စေ၊ ပေါ်ပေါက်သောကိစ္စအားလုံးကို အစည်းအဝေးသို့တက်ရောက်မဲပေးသောသက်ဆိုင်ရာအဖွဲ့ဝင်များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက် တူညီနေလျှင် သက်ဆိုင်ရာသဘာပတိ၏မဲဖြင့်ဆုံးဖြတ်ရမည်။

ဆောင်ရွက်မှု မပျက်ပြယ်ခြင်း။

၂၂။ ။ပါဠိပညာရေးအဖွဲ့ကဖြစ်စေ၊ နာယကအဖွဲ့ကဖြစ်စေ၊ စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည် သက်ဆိုင်ရာ အဖွဲ့တွင် ရာထူးလစ်လပ်သည်ဟူသော အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးရွေးကောက်တင်မြှောက်ရာတွင်၊ သို့တည်းမဟုတ် ခန့်ရာတွင် ချို့ယွင်းချက်တခုခုရှိသည်ဟူသော အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

အာဏာနှင့် တာဝန်ဝတ္တရား။

၂၃။ ။ပါဠိပညာရေးအဖွဲ့သည် အောက်ပါအာဏာများကိုသုံးစွဲ၍ အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

(က) စာမေးပွဲများကျင်းပခြင်း။
(ခ) စာမေးပွဲအဆင့်အတန်းများသတ်မှတ်ခြင်း။
(ဂ) စာမေးပွဲဆိုင်ရာဘာသာရပ်များနှင့် ကျမ်းစာများပြဋ္ဌာန်းခြင်း။
(ဃ) စာမေးပွဲဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း။
(င) စာမေးပွဲများအတွက် မေးခွန်းထုတ်ရန်နှင့် အဖြေအမှတ်ပေးရန် သင့်လျော်သောပုဂ္ဂိုလ်များကို စာရင်းတင်သွင်းခြင်း။
(စ) စာစစ်အဖွဲ့များခန့်ခြင်း။
(ဆ) စာမေးပွဲကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း။
(ဇ) စာမေးပွဲများကျင်းပရန်နေ့ရက်နှင့် ကျင်းပရာဌာနများသတ်မှတ်ခြင်း။
(ဈ) စာမေးပွဲအောင်မြင်သော ပုဂ္ဂိုလ်များအား သင့်လျော်သော ဆု၊ လက်မှတ်၊ တံဆိပ်၊ ဘွဲ့ထူးဂုဏ်ထူး အပ်နှင်းချီးမြှောက်ခြင်း။
(ည) သင့်လျော်သောပုဂ္ဂိုလ်များအား ပညာသင်စရိတ်ထောက်ပံ့ခြင်း။

( ၎ ) စာမေးပွဲအောင်မြင်သော ပုဂ္ဂိုလ်များ၏ကျောင်းများမှ ကျောင်းအုပ်ဆရာတော်များအား၊ နိုင်ငံတော်သမ္မတ က၊ သတ်မှတ်သောနှုန်းအတိုင်း ဆွမ်းဆန်တော်လှူဒါန်းခြင်း။

( ၅ ) အစိုးရထံမှငွေ၊ အခြားအလှူရှင်များထံမှငွေ၊ ရရှိသောငွေနှင့်အခြား ဝတ္ထုပစ္စည်းများကိုလက်ခံ၍ ထိုက်သည့်အားလျော်စွာစီမံသုံးစွဲခြင်း။

( ၃ ) ဘွဲ့နှင်းသဘင်များကျင်းပခြင်း။

( ၈ ) ဤအက်ဥပဒေ၏ ရည်ရွယ်ချက်ထမြောက်အောင်မြင်စေရန်ပြုဘွယ်ကိစ္စဟူသမျှကို စီမံဆောင်ရွက်ခြင်း။

၂၄။ ။( ၁ ) ပါဠိပညာရေးအဖွဲ့သည် ပုဒ်မ ၂၃ အရ၊ အာဏာနှင့်တာဝန်ဝတ်တရားကို သုံးစွဲဆောင်ရွက်သည့်အခါ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ နာယကအဖွဲ့၏ ဩဝါဒကို ခံယူလျက်အဆိုပါနာယကအဖွဲ့၏ဩဝါဒအတိုင်းဆောင်ရွက်ရမည်—

နာယကအဖွဲ့၏ ဩဝါဒကို ခံယူရမည့်ကိစ္စများ။

( က ) စာမေးပွဲအဆင့်အတန်းများ သတ်မှတ်ခြင်း။

( ခ ) စာမေးပွဲဆိုင်ရာဘာသာရပ်များနှင့် ကျမ်းစာများကိုပြဋ္ဌာန်းခြင်း။

( ဂ ) စာမေးပွဲဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း။

( ဃ ) စာမေးပွဲများအတွက် မေးခွန်း ထုတ်ရန်နှင့် အဖြေအမှတ်ပေးရန်သင့်လျော်သော ပုဂ္ဂိုလ်များကိုစာရင်းတင်သွင်းခြင်း။

( င ) စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်အဖွဲ့များဖွဲ့စည်းခြင်း။

( စ ) စာစစ်အဖွဲ့များခန့်ခြင်း။

( ဆ ) အထက်အပိုဒ်များပါ ကိစ္စများနှင့်စပ်လျဉ်း၍ နည်းဥပဒေများပြဋ္ဌာန်းခြင်း။

( ၂ ) ပုဒ်မခွဲ ( ၁ ) ၌ သီးခြားဖော်ပြထားသော ကိစ္စများမှတပါး၊ အခြားကိစ္စများတွင် နာယကအဖွဲ့သည် ပါဠိပညာရေးအဖွဲ့က လျှောက်ထား တောင်းပန်သည့်အခါ၌ဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ၊ ပါဠိပညာရေးအဖွဲ့အား ဩဝါဒ ပေးနိုင်သည်။

၂၅။ ။ပါဠိပညာရေးအဖွဲ့အားမိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရသည် မိမိသင့်သည် ထင်မြင်သည့် ငွေပေါင်းကို ထိုအဖွဲ့သို့ထုတ်ပေးနိုင်သည်။

အစိုးရကထုတ်ပေးရမည့်ငွေ။

၂၆။ ။( ၁ ) ပါဠိပညာရေးအဖွဲ့သည် ပါဠိပညာရေးရံပုံငွေခေါ် ရံပုံငွေ တရပ်ထားရှိရမည်။ ထိုရံပုံငွေသို့ အစိုးရထံမှ ရရှိသော ငွေအားလုံးနှင့် အခြားအလှူရှင်များထံမှရရှိသော ငွေအားလုံးကိုထည့်သွင်းထားရမည်။

ပါဠိပညာရေးရံပုံငွေ။

2

(၂) ပါဠိပညာရေးအဖွဲ့သည် မိမိ၏ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်၌ဖြစ်စေ၊ နိုင်ငံတော်သမ္မတ သဘောတူညီသည့် အခြားဘဏ်တခု၌ ဖြစ်စေအပ်နှံထားရမည်။

(၃) ယင်းသို့ အပ်နှံထားသည့်ငွေများကို ဤကိစ္စအလို့ငှါပြဋ္ဌာန်းထားသည့်စည်းကမ်းများနှင့်အညီ ဘဏ်မှထုတ်ယူရမည်။

၂၇။ ။ပါဠိပညာရေးအဖွဲ့ဝင်အားလုံးသည်၎င်း၊ထိုအဖွဲ့၏အုပ်ချုပ်ရေးမှူးနှင့် အခြားရာထမ်း၊မှုထမ်းအားလုံးသည်၎င်း၊ စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်အားလုံးသည်၎င်း၊ စာစစ်အဖွဲ့ဝင် အားလုံးသည်၎င်း၊စာမေးပွဲအတွက် မေးခွန်းထုတ်သော ပုဂ္ဂိုလ် အားလုံးနှင့် အဖြေအမှတ်ပေးသော ပုဂ္ဂိုလ်အားလုံးသည်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည် ဟုမှတ်ယူရမည်။

ပြည်သူ့ဝန်ထမ်းများ ဖြစ်ခြင်း။

၂၈။ ။(၁) နာယကအဖွဲ့ဝင်ဆရာတော်များနှင့် ပါဠိပညာရေး အဖွဲ့ဝင်များသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊အစည်းအဝေးများသို့ တက်ရောက်သည့် အတွက်၊ နိုင်ငံတော်သမ္မတသတ်မှတ်သောနှုန်းအတိုင်း ခရီးစရိတ်၊ သို့တည်းမဟုတ် အခြားစရိတ် ရရှိနိုင်ရမည်။

အသုံးစရိတ်။

(၂) ပါဠိ ပညာရေးအဖွဲ့သည်၊ မိမိကျင်းပသော စာမေးပွဲကို အောင်မြင်သောပုဂ္ဂိုလ်များအား ထိုစာမေးပွဲ ကျင်းပရာအရပ်သို့ ဖြေဆိုရန်လာရောက်ရသည့်အတွက် နိုင်ငံတော်သမ္မတ သတ်မှတ်သော နှုန်းအတိုင်း၊ ခရီးစရိတ် ထောက်ပံ့နိုင်သည်။

(၃) ပါဠိ ပညာရေးအဖွဲ့သည်၊ မိမိကျင်းပသော စာမေးပွဲကို အောင်မြင်သော ပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတ သတ်မှတ်သော နှုန်းအတိုင်း ဆွမ်းဆန်တော်၊သို့တည်းမဟုတ် ဆုတော်ငွေ ထောက်ပံ့နိုင်သည်။

(၄) ပါဠိပညာရေးအဖွဲ့သည်၊စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင်များအားမိမိကျင်းပသောစာမေးပွဲကိုကြီးကြပ်ရန်လာရောက်သည့်အတွက်၊ နိုင်ငံတော်သမ္မတသတ်မှတ်သော နှုန်းအတိုင်းခရီးစရိတ်၊သို့တည်းမဟုတ်အခြားစရိတ်ထောက်ပံ့နိုင်သည်။

(၅) ပါဠိပညာရေးအဖွဲ့သည်၊ မိမိကျင်းပသော စာမေးပွဲအတွက်၊ မေးခွန်းထုတ်သူနှင့် အဖြေအမှတ်ပေးသူများအား နိုင်ငံတော်သမ္မတ သတ်မှတ်သော နှုန်းအတိုင်း ဆွမ်းဆန်တော်၊သို့တည်းမဟုတ် ဥာဏ်ပူဇော်ငွေလှူဒါန်းနိုင်သည်။

(၆) ပါဠိ ပညာရေးအဖွဲ့သည်၊ မိမိကျင်းပသော စာမေးပွဲကို အောင်မြင်သည့် ပုဂ္ဂိုလ်များ၏ကျောင်းများမှ ကျောင်းအုပ် ဆရာတော် များအား၊ သို့တည်းမဟုတ် ကျောင်းအုပ်ချုပ်သူများအား၊ နိုင်ငံတော်သမ္မတ သတ်မှတ်သောနှုန်းအတိုင်း ဆွမ်းဆန်တော်၊ သို့တည်းမဟုတ် ဥာဏ်ပူဇော်ငွေလှူဒါန်းနိုင်သည်။

(၇) ပါဠိပညာရေးအဖွဲ့သည်၊ မိမိကျင်းပသော ဘွဲ့နှင်းသဘင်သို့ ပင့်ဘိတ်သောဆရာတော်များနှင့် စာမေးပွဲအောင်မြင်သော ပုဂ္ဂိုလ်များအား၊ ထိုဘွဲ့နှင်းသဘင်သို့ လာရောက်သည့်အတွက် နိုင်ငံတော်သမ္မတ သတ်မှတ်သော နှုန်းအတိုင်း ခရီးစရိတ်ထောက်ပံ့နိုင်သည်။

၂၉။ ။ပါဠိပညာရေးအဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်မကုန်ဆုံးမီ ထိုနှစ်နောက် လာမည့်ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရ-သုံးမှန်းခြေငွေ စာရင်းကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက် ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ မှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ် မှန်းခြေငွေ စာရင်းကိုလည်း အခါအားလျော်စွာ ထိုနည်းအတိုင်း တင်သွင်းရမည်။

ရ-သုံးမှန်းခြေငွေစာရင်း။

သို့ရာတွင် ပါဠိပညာရေးအဖွဲ့သည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့်ပဌမနှစ်နှင့် စပ်လျဉ်း၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ် ကုန်ဆုံးသည်အထိ ကာလအပိုင်းအခြားအတွက်၊ မှန်းခြေ ငွေစာရင်းကို နိုင်ငံတော်သမ္မတ ထံလျင်မြန်နိုင် သမျှလျင်မြန်စွာ တင်သွင်းရမည်။

၃၀။ ။(၁) ပါဠိပညာရေးအဖွဲ့သည် ငွေစာရင်းကိုငင်း၊ ထိုငွေစာရင်းနှင့် သက်ဆိုင်သည့်အခြားမှတ်တမ်းကိုငင်း၊ အခါအားလျော်စွာ နိုင်ငံတော်စာရင်းစစ်ချုပ်သတ်မှတ်သည့်ပုံစံအတိုင်း ထားရှိရမည်။

ငွေစာရင်း။

(၂) ပါဠိပညာရေးအဖွဲ့၏ ငွေစာရင်းများကို အစိုးရစာရင်းစစ်ဌာနကစစ်ဆေး၍ နိုင်ငံတော်သမ္မတ ထံအစီရင်ခံစာတင်သွင်းရမည်။

၃၁။ ။ပါဠိပညာရေးအဖွဲ့သည်၊ မိမိ၏နှစ်ပတ်လည် အစည်းအဝေး ဖြစ်သော လေးလတကြိမ် အစည်းအဝေးတွင် ထိုနှစ် အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့်နှစ်ချုပ်အစီရင် ခံစာကို ဆွေးနွေးဆုံးဖြတ်ပြီးနောက်နိုင်ငံတော်သမ္မတ ထံပေးပို့ရမည်။

နှစ်ချုပ်အစီရင်ခံစာ။

၃၂။ ။(၁) ပါဠိ ပညာရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စ များကို ဆောင်ရွက်ရန်အလို့ငှါ ပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက် များနှင့် မဆန့်ကျင်စေဘဲ နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေများပြုနိုင်သည့် အာဏာ။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည် အထူးသဖြင့် အောက်ပါ ကိစ္စများ အတွက်ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အပိုဒ် (စ) အလို့ငှါ ဝင်ရောက် ဖြေဆိုသူအများ ဆုံးဖြစ်သော စာမေးပွဲ ကျင်းပရာဌာနကို ရေတွက်သည့် နည်း ပြဋ္ဌာန်းရန်။

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂) ၊အပိုဒ် (ခ) အလို့ငှါ စာမေးပွဲများတွင် အောင်မြင်သည့် ပုဂ္ဂိုလ် အများဆုံးဖြစ်သော ကျောင်းကို ရေတွက် သည့်နည်းပြဋ္ဌာန်းရန်။

(ဂ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃) အရ အပ်နှံထားသော ငွေများကို ဘဏ်မှထုတ်ယူရာတွင် လိုက်နာ ရမည့်စည်းကမ်းများသတ်မှတ်ရန်။

(ဃ) စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းရန်၊ စာရင်း တင်သွင်းရန်နှင့် ထိုအဖွဲ့ဝင်များ၏ အရည်အချင်းနှင့် ထိုအဖွဲ့ဝင်များ လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ရန်။

(င) စာစစ် အဖွဲ့များခန့်ရန်နှင့် ထိုအဖွဲ့ဝင်များ၏ အရည်အချင်းနှင့် ထိုအဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ရန်။

(စ) စာမေးပွဲအတွက် မေးခွန်းထုတ်သောပုဂ္ဂိုလ်များနှင့် အဖြေအမှတ်ပေးသောပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ထိုပုဂ္ဂိုလ်များ လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ရန်။

(ဆ) စာမေးပွဲ ဝင်ရောက်ဖြေဆိုသောပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ထိုပုဂ္ဂိုလ်များ လိုက်နာရမည့်စည်းကမ်းများသတ်မှတ်ရန်။

(ဇ) ဘွဲ့နှင်းသဘင် ကျင်းပရန်။

(၃) တဦးတယောက်သောသူသည် ဤပုဒ်မအရ ပြုသည့်နည်းဥပဒေတခုခု၏ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ ထိုသူသည်—

(က) ပါဠိပညာရေး အဖွဲ့ဝင်၊ သို့တည်းမဟုတ် စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ သို့တည်းမဟုတ် စာစစ်အဖွဲ့ဝင်ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားဖြင့် ဖြစ်စေ၊ တသက်ပတ်လုံး ဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့မှထုတ်ပယ်ခြင်းခံရမည်ဟူ၍သော်၎င်း၊

(ခ) စာမေးပွဲအတွက် မေးခွန်းထုတ်သူ၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးသူဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားဖြင့် ဖြစ်စေ၊ တသက်ပတ်လုံး ဖြစ်စေ၊ ယင်းသို့မေးခွန်းထုတ်ခြင်း၊ သို့တည်းမဟုတ် အမှတ်ပေးခြင်းမပြုရဟူ၍သော်၎င်း၊

(ဂ) စာမေးပွဲ ဝင်ရောက် ဖြေဆိုသူ ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားဖြင့်ဖြစ်စေ၊ တသက်ပတ်လုံး ဖြစ်စေ၊ စာမေးပွဲမှထုတ်ပယ်ခြင်းခံရမည် ဟူ၍သော်၎င်း

အဆိုပါနည်းဥပဒေများတွင် ပြဋ္ဌာန်းနိုင်သည်။

၃၃။ ။ဤအက်ဥပဒေအရ ရဟန်းတော်အား ငွေကိုဖြစ်စေ၊ အခြားဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လှူဒါန်းထောက်ပံ့သည့်အခါ ပါဠိပညာရေးအဖွဲ့သည် ဝိနည်းတော်နှင့်အညီ လှူဒါန်းထောက်ပံ့ရမည်။

ပမပ၊ဗ၊စ၊—အမှတ် ၄၂၊ တရားရေးဝန်ကြီးဌာန၊ ၁၂-၁-၅၃ —၂,၂၀၀—၂။

# ၁၉၅၈ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့နည်းဥပဒေများ

၁။ ။ဤနည်းဥပဒေများကို၊ ၁၉၅၈ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့နည်းဥပဒေများ ဟုခေါ်တွင်ရမည်။

## အဓိပ္ပါယ်ဖော်ပြချက်

၂။ ။ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''အက်ဥပဒေ'' ဆိုသည်မှာ၊ ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေး အဖွဲ့အက်ဥပဒေကို ဆိုလိုသည်။

(ခ) ''ဥက္ကဋ္ဌ'' ဆိုသည်မှာ၊ ပါဠိပညာရေးအဖွဲ့၏ဥက္ကဋ္ဌကို ဆိုလိုသည်။

(ဂ) ''အုပ်ချုပ်ရေးမှူး'' ဆိုသည်မှာ၊ ပါဠိပညာရေးအဖွဲ့၏အုပ်ချုပ်ရေး မှူးကို ဆိုလိုသည်။

(ဃ) ''စာမေးပွဲ'' ဆိုသည်မှာ ပါဠိပညာရေးအဖွဲ့ကကျင်းပသော ပါဠိပဋ္ဌမပြန် စာမေးပွဲများကို ဆိုလိုသည်။

(င) ''စာဖြေဌာန'' ဆိုသည်မှာ၊ ပါဠိပညာရေးအဖွဲ့ကသတ်မှတ်သည့် စာမေးပွဲကျင်းပရာဌာနကို ဆိုလိုသည်။

(စ) ''စာဖြေပုဂ္ဂိုလ်'' ဆိုသည်မှာ၊ ပါဠိပညာရေးအဖွဲ့က ကျင်းပသော စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြသည့်စာဖြေပုဂ္ဂိုလ်များကို ဆိုလို သည်။

(ဆ) ''စာစစ်အဖွဲ့'' ဆိုသည်မှာ၊ အက်ဥပဒေ၏ပုဒ်မ ၂၃၊ အပိုဒ် (စ)နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) အရ၊ ပါဠိ ပညာရေးအဖွဲ့က ခန့်ထားသောစာစစ်အဖွဲ့ကို ဆိုလိုသည်။

(ဇ) ''တွဲဖက်အစည်းအဝေး'' ဆိုသည်မှာ၊ အက်ဥပဒေပါကိစ္စများ နှင့် စပ်လျဉ်း၍၊ နာယကအဖွဲ့၏သြဝါဒကို ခံယူရန်၊ ပါဠိပညာရေး အဖွဲ့နှင့် နာယကအဖွဲ့တို့တွဲဖက်ကျင်းပသော တွဲဖက်အစည်းအဝေး ကို ဆိုလိုသည်။

## စာဖြေပုဂ္ဂိုလ်အများဆုံးဝင်ရောက်ဖြေဆိုသည့် စာဖြေဌာန

၃။ ။အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) အလိုင့်၊ စာမေးပွဲ တွင် ပုဂ္ဂိုလ်အများဆုံးဝင်ရောက်ဖြေဆိုသည့် စာမေးပွဲကျင်းပရာဌာနကို ရွေးချယ်ရာ၌၊ စာမေးပွဲတွင် သက်ဆိုင်ရာအတန်း၏ဘာသာကုန် ဝင်ရောက်ဖြေဆိုကြသည့်စာဖြေ ပုဂ္ဂိုလ်ဦးရေကို ရေတွက်၍ရွေးချယ်ရမည်။

သို့ရာတွင် မသမာသောနည်းဖြင့် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြသည့်အတွက် ပါဠိပညာရေးအဖွဲ့က စာမေးပွဲမှထုတ်ပယ်သောပုဂ္ဂိုလ်များကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

## စာမေးပွဲအောင်ပုဂ္ဂိုလ်အများဆုံးဖြစ်သောကျောင်းတိုက်

၄။ ။အက်ဥပဒေ၏ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အလို့ငှါ၊စာမေးပွဲတွင် ပုဂ္ဂိုလ်အများဆုံးအောင်မြင်သည့်ကျောင်းတိုက်ကို ရွေးချယ်ရာ၌၊ အောင်စာရင်းပါကျောင်းဆိုင်ဆရာတော်တပါးတည်းအုပ်ချုပ်သော၀ါဆိုခေတ်တခေတ်ထည်းအတွင်းရှိကျောင်းတိုက်မှ၊ သို့တည်းမဟုတ် ကျောင်းမှ ပဌမငယ်တန်းအောင် ပုဂ္ဂိုလ်တဦးအတွက် တမှတ်၊ ပဌမလတ်တန်းအောင်ပုဂ္ဂိုလ်တဦးအတွက် နှစ်မှတ်၊ ပဌမကြီးတန်းအောင်ပုဂ္ဂိုလ်တဦးအတွက် ငါးမှတ်ပေး၍အမှတ်အရေအတွက်အလိုက်ရွေးချယ်ရမည်။

## စာဖြေဌာနအဖြစ်အသိအမှတ်ပြုရန်

၅။ ။အောက်ဖေါ်ပြရာပါ အချက်များနှင့် ပြည့်စုံသဖြင့် အရပ်ဒေသတခုခုကို စာဖြေဌာနအဖြစ်အသိအမှတ်ပြုသင့်ကြောင်းသက်ဆိုင်ရာပညာအုပ်က၊ သို့တည်းမဟုတ် ခရိုင်ပညာ၀န်က၊ သို့တည်းမဟုတ် သာသနာရေးအရာရှိက ထောက်ခံလျှင်၊ အုပ်ချုပ်ရေးမှူးသည်၊ ဥက္ကဋ္ဌ၏သဘောတူညီချက်ကိုရယူပြီးနောက်၊ ထိုအရပ်ဒေသကို စာဖြေဌာနအဖြစ်အသိအမှတ်ပြုရမည်။

(က) စာမေးပွဲကျင်းပရန်အတွက် သင့်လျော်ကျယ်၀န်းသော အဆောက်အဦရှိခြင်း။

(ခ) စာမေးပွဲကျင်းပသောရက်များအတွက် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် စာဖြေပုဂ္ဂိုလ်များအား၊ ဆွမ်း၊ ကွမ်း စသည့်ဆက်ကပ်လှူဒါန်းမည့်ပဌမပြန်ဆွမ်းကျွေးအသင်းရှိခြင်း။

(ဂ) စာဖြေပုဂ္ဂိုလ်များအတွက် စာဖြေခုံနှင့်အခင်းများ လုံလောက်စွာရှိခြင်း။

(ဃ) စာမေးပွဲကြီးကြပ်ရေးမှူးနှင့်တွဲဖက်၍၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များအဖြစ်ပါ၀င်ချီးမြှင့်တော်မူကြရန်၊ သက်ဆိုင်ရာစာဖြေဌာနရှိဂိုဏ်းအသီးသီးမှ ဆရာတော်များ၏သဘောတူညီချက်ကို ရရှိပြီးဖြစ်ခြင်း။

(င) စာဖြေပုဂ္ဂိုလ်ဦးရေအနည်းဆုံးနှစ်ဆယ်ရှိခြင်း။

(စ) စာပို့တိုက်ရှိသော အရပ်ဒေသဖြစ်ခြင်း။

သို့ရာတွင် ဤနည်းဥပဒေများစတင်အာဏာမတည်မှီ၊ ပါဠိပညာရေးအဖွဲ့က အသိအမှတ်ပြုထားသောစာဖြေဌာနများသည်၊ ဤနည်းဥပဒေပါ အချက်များနှင့်ပြည့်စုံရန်မလိုချေ။

## စာမေးပွဲကြီးကြပ်ရေးအဖွဲ့

၆။ ။(၁) စာဖြေဌာနနှင့် သက်ဆိုင်သည့်ခရိုင်ပညာ၀န်သည်၊ သို့တည်းမဟုတ် သာသနာရေးအရာရှိသည်၊ သို့တည်းမဟုတ် အခြားအစိုးရအရာရှိတဦးဦးသည်၊သက်ဆိုင်ရာစာဖြေဌာနအတွက် မိမိကိုယ်တိုင်ကြီးကြပ်ရေးမှူးအဖြစ်ဆောင်ရွက်ရမည်၊ သို့တည်းမဟုတ် အစိုးရအမှုထမ်းအရာထမ်းတဦးဦးကို ကြီးကြပ်ရေးမှူးအဖြစ်ဆောင်ရွက်စေရမည်။

(၂) ပါဠိပညာရေးအဖွဲ့သည်၊ စာမေးပွဲကြီးကြပ်ရေးဥပသကာ အဖွဲ့များကို ဖွဲ့စည်းရမည့်ပြင်၊ နာယကအဖွဲ့၏သြဝါဒကိုခံယူလျက်၊ စာမေးပွဲကြီးကြပ်ရေးဆရာတော် အဖွဲ့များကိုလည်းဖွဲ့စည်းရမည်။

(၃) စာမေးပွဲကြီးကြပ်ရေးဆရာတော်အဖွဲ့များတွင်၊စာဖြေဌာနရှိဂိုဏ်းအသီးသီးမှ ဆရာတော်များပါဝင်စေရမည်၊ သို့ရာတွင် သာမန်အားဖြင့် ကျောင်းတိုက်တတိုက်မှ ဆရာတော် ၂ ပါးထက်ပို၍မပါဝင်စေရ။

(၄) စာမေးပွဲကြီးကြပ်ရေးဥပသကာအဖွဲ့ကိုဖွဲ့စည်းရာ၌၎င်း၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်အဖွဲ့ကိုဖွဲ့စည်းရာ၌၎င်း ပါဠိပညာရေးအဖွဲ့သည်၊ သက်ဆိုင်ရာပါဠိပဋ္ဌမပြန် ဆွမ်းကျွေးအသင်းနှင့် တိုင်ပင်ရမည်။

(၅) ပါဠိပညာရေးအဖွဲ့သည်၊ စာမေးပွဲကြီးကြပ်ရေး ဥပသကာအဖွဲ့တွင်ပါဝင်ရမည့်ဥပသကာအရေအတွက်ကို သတ်မှတ်ရမည့်ပြင်၊ နာယကအဖွဲ့၏သြဝါဒကိုခံယူလျက်၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်အဖွဲ့တွင် ပါဝင်ရမည့်ဆရာတော်များ အရေအတွက်ကိုလည်းသတ်မှတ်ရမည်။

(၆) စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်များအား၊____________________ မြို့ ''ပါဠိပဋ္ဌမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော် / ကြီးကြပ်ရေးအဖွဲ့ဝင်'' ဟူသော တံဆိပ်လက်မှတ်ကို အုပ်ချုပ်ရေးမှူးက ထုတ်ပေးဆက်ကပ်ရမည်။

(၇) စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်များအား၊ ထုတ်ပေးဆက်ကပ်သည့်တံဆိပ်လက်မှတ်များတွင်၊ အုပ်ချုပ်ရေးမှူးလက်မှတ်၊ ဥက္ကဋ္ဌ၏လက်မှတ်နှင့် နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏လက်မှတ်ရှိစေရမည်။

(၈) စာမေးပွဲကျင်းပပြီးစီးသောအခါ၊ စာဖြေဌာနအသီးသီးနှင့်သက်ဆိုင်သည့် စာမေးပွဲကြီးကြပ်ရေးမှူး၊စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များ၊စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်ဥပသကာများနှင့် ပဋ္ဌမပြန်ဆွမ်းကျွေးအသင်းများအား၊ ပါဠိပညာရေးအဖွဲ့၏ကိုယ်စား၊ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စာများပေးရမည်။

## စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ အရည်အချင်းနှင့် တာဝန်ဝတ္တရားများ

၇။ ။(၁) စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်သည်—

(က) သိက္ခာ ၁၀ ဝါထက်ကျော်၍၊ ကြည်ညိုလေးစားခြင်းခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရပါမည်။

(ခ) မိဒိတာ၁ဝနက်ကျသောနေ့ရက်၌ စာဖြေဌာနသို့စာမေးပွဲအချိန်မှီရောက်ရှိတော်မူရပါမည်။

(ဂ) စာမေးပွဲအချိန်မစမီနှင့် ထိုနေ့ရက်အတွက် မေးခွန်းလွှာများထည့်သွင်းသည့် စာအိတ်များမဖွင့်မီ အုပ်ချုပ်ရေးမှူး၏ညွှန်ကြားစာအရ၊ ချိပ်တံဆိပ်များချိတ်ဆွဲခြင်း ရှိ မရှိ၊ မေးခွန်းလွှာ အရေအတွက် ပြည့် မပြည့် စစ်ဆေးတော်မူရပါမည်။

(ဃ) စာမေးပွဲကို မသမာသောနည်းဖြင့် ဖြေဆိုလျက်ရှိကြောင်း ကိုယ်တိုင်တွေ့သိတော်မူသည့်အခါဖြစ်စေ၊ အခြားသူက တိုင်ကြားလျှောက်ထားသဖြင့် ကိုယ်တိုင်သွားရောက်ကြည့်ရှု၍ တွေ့သိသော အခါဖြစ်စေ စာမေးပွဲကြီးကြပ်ရေးမှူး၏ တိုင်ကြားစာ၌ မှတ်ချက်ရေးသား လက်မှတ်ရေးထိုးတော်မူရပါမည်။

(င) အခြားမသမာမှုများပေါ်ပေါက်ပါက၊အမှုမှန် မမှန်စစ်ဆေးတော်မူ၍၊ စာမေးပွဲကြီးကြပ်ရေးမှူး၏ တိုင်ကြားစာ၌ မှတ်ချက်ရေးသား လက်မှတ်ရေးထိုးတော်မူရပါမည်။

(စ) စာဖြေချိန်စေ့၍ စာမေးပွဲကြီးကြပ်ရေးမှူးက အဖြေလွှာအထုပ်ကို ချိပ်တံဆိပ်ပိတ်သောအခါ၌ စစ်ဆေးကြည့်ရှုတော်မူရပါမည်။

(ဆ) စာမေးပွဲ ကျင်းပပြီးစီးသောအချိန်တွင် စာမေးပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် စာမေးပွဲကြီးကြပ်ရေး ဆရာတော်အဖွဲ့၏ အကြောင်းကြားစာတစောင်ကို အုပ်ချုပ်ရေးမှူးထံ ပေးပို့ချီးမြှင့်တော်မူရပါမည်။

(၂) စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် ဥပသကာများသည်—

(က) သက်ဆိုင်ရာစာဖြေဌာနတွင်နေထိုင်၍ ဂုဏ်သိက္ခာနှင့် ပြည့်စုံသောလူကြီးများဖြစ်ရမည်။

(ခ) စာမေးပွဲကြီးကြပ်ရေးမှူး၏ စီမံခန့်ခွဲခြင်းကို လိုက်နာ၍ စာမေးပွဲကို ကြီးကြပ်ရမည်။

ဂ။ ။စာမေးပွဲကြီးကြပ်ရေးမှူး၏ တာဝန်ဝတ္တရားများသည်၊ အောက်ပါအတိုင်းဖြစ်ရမည်။

(က) စာမေးပွဲအခန်းစံနစ်ပုံစံကို ရေးဆွဲ၍၊ စာမေးပွဲ ကျင်းပပြီးသောအခါ၌ အုပ်ချုပ်ရေးမှူးထံအမြန်ပို့ရမည်။

(ခ) စာမေးပွဲ ဖြေဆိုနေဆဲအချိန်အတွင်း သတ်မှတ်ထားသော စာမေးပွဲစာရင်းတွင်စာဖြေပုဂ္ဂိုလ်များအား၊ နေ့စဉ်ကိုယ်တိုင် လက်မှတ်ရေးထိုးစေရမည်။ ဝင်ရောက်ဖြေဆိုခြင်းမပြုသော ပုဂ္ဂိုလ်အတွက်''မ'' အက္ခရာကို မင်နီဖြင့်ရေးမှတ်၍၊ ထိုစာရင်းကို စာမေးပွဲကျင်းပပြီးသောအခါ၌ အုပ်ချုပ်ရေးမှူးထံ အမြန်ပို့ရမည်။

(ဂ) စာဖြေပုဂ္ဂိုလ်များ၏ စာမေးပွဲဝင်ခွင့်လက်မှတ်များကို နေ့စဉ်စစ်ဆေး၍၊ စာမေးပွဲကျင်းပပြီးစီးသောအခါ၌ ထိုလက်မှတ်များကို အုပ်ချုပ်ရေးမှူးထံ အမြန်ပို့ရမည်။

(ဃ) စာမေးပွဲမေးခွန်းလွှာ စာအိတ်များကို အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားစာအတိုင်း ထိန်းသိမ်း၍ စာမေးပွဲကျင်းပသောနေ့၌ ထိုနေ့တွင်စစ်မေးမည့် ဘာသာနှင့်စပ်လျဉ်းသည့် မေးခွန်းလွှာစာအိတ်ကို စာမေးပွဲမစမီ ၁၀ မိနစ်ပြတင်၍ စစ်ဆေးတော်မူနိုင်ရန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များ၏ ရှေ့၌ဖွင့်လှစ်ရမည်။

(င) စာမေးပွဲဖြေဆိုခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသောကိစ္စများကို စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များအား၊ တိုင်ကြားလျှောက်ထားပြီးလျှင် ဆရာတော်များ၏မှတ်ချက်နှင့်တကွ အုပ်ချုပ်ရေးမှူးထံသို့ အမြန်အစီရင်ခံရမည်။

(စ) စာမေးပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာ၌ လျှို့ဝှက်စွာ ဆောင်ရွက်အပ်သော ကိစ္စများကို အုပ်ချုပ်ရေးမှူးညွှန်ကြားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဆ) လိပ်စာကို စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်များမှတပါး၊ အခြားသူများ မမြင်နိုင်သောနေရာ၌ နှေ့စဉ်ဖြေဆိုပြီးသော အဖြေလွှာအထုပ်များကို ချိပ်တံဆိပ်နှိပ်ရမည်။ အထုပ်ပေါ်၌ရေးသားထားသော လိပ်စာကို မည်သူအားမျှ ကူးယူခွင့်မပြုရ။

(ဇ) စာမေးပွဲကျင်းပပြီးစီးသောအခါ၌၊ စာမေးပွဲနှင့်စပ်လျဉ်းသော အစီရင်ခံစာတစောင်ကို အုပ်ချုပ်ရေးမှူးထံပို့ရမည်။

(ဈ) စာမေးပွဲကြီးကြပ်ခြင်းနှင့်စပ်လျဉ်း၍၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် ဥပသကာများကို စီမံခန့်ခွဲရမည်။

(ည) စာမေးပွဲကျင်းပပြီးစီးသောအခါ၌၊ စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင်များ ရသင့်ရထိုက်သော ကြီးကြပ်ခကို အုပ်ချုပ်ရေးမှူးထံမှ တောင်းခံပေးရမည်။

### စာစစ်အဖွဲ့များခန့်ခြင်း

၉။ ။(၁) ပါဠိပညာရေးအဖွဲ့သည် စာစစ်အဖွဲ့ကို ဖွဲ့စည်း၍၊ ထိုအဖွဲ့ကို နာယကအဖွဲ့ဝင်ဆရာတော်များနှင့် ပါဠိပညာရေးအဖွဲ့ဝင်များထဲမှ ရွေးချယ်ခန့်ထားရမည်။

(၂) စာစစ်အဖွဲ့တွင် အဖွဲ့ဝင်ဦးရေအများဆုံးတဆယ့်ငါးဦးပါဝင်ရမည်။

### စာစစ်အဖွဲ့၏တာဝန်ဝတ္တရားများ

၁၀။ ။(၁) စာစစ်အဖွဲ့သည်၊နာယကအဖွဲ့နှင့် ပါဠိပညာရေးအဖွဲ့တို့ကပေးပို့ထားသော စာရင်းပါပုဂ္ဂိုလ်များထဲမှ သင့်လျော်သောပုဂ္ဂိုလ်အချို့ကို မေးခွန်းထုတ်သူ၊ အချို့ကို အဖြေအမှတ်ပေးသူအဖြစ်ဖြင့် ရွေးချယ်ခန့်ထားရမည်။

(၂) နာယကအဖွဲ့ဝင် ဆရာတော်တပါးလျှင်၊ သို့တည်းမဟုတ် ပါဠိပညာရေးအဖွဲ့ဝင်တဦးလျှင်၊ ပေါင်း သုံးဦးအောက်မနည်းသည့် မေးခွန်းထုတ်သူနှင့် အဖြေအမှတ်ပေးသူတို့၏ အမည်များကို ဤနည်းဥပဒေများနှင့် ပူးတွဲထားသည့် ပုံစံ ၁ ဖြင့်ဖြစ်စေ၊ ထိုပုံစံနှင့် တူညီနိုင်သမျှတူညီအောင် ရေးသား၍ဖြစ်စေ စာစစ်အဖွဲ့သို့ ပေးပို့နိုင်သည်။

(၃) စာစစ်အဖွဲ့သည်၊ ပေးပို့ထားသောစာရင်းပါပုဂ္ဂိုလ်များထဲမှ ရွေးချယ်ခန့်ထားသည့် မေးခွန်းထုတ်သူနှင့် အဖြေအမှတ်ပေးသူကို မှတ်ပုံတင်ရန် အုပ်ချုပ်ရေးမှူးအားညွှန်ကြားရမည်။

(၄) စာစစ်အဖွဲ့သည်၊ မေးခွန်းထုတ်သူများထံမှရရှိသောမေးခွန်းများနှင့် အဖြေမှုများကို စိစစ်ဆောဝေဘန်ပြီးသောအခါ၌၊ မေးခွန်းများကိုပုံနှိပ်နေအတွက်၎င်း၊ အဖြေမှုများကို စာမေးပွဲပြီးချိန်၌၊ အဖြေအမှတ်ပေးသူများထံသို့ပို့ရန်အတွက်၎င်း ဥက္ကဋ္ဌထံအပ်နှံထားရမည်။

(၅) စာစစ်အဖွဲ့သည်၊ ပုံနှိပ်ပြီးဖြစ်သော မေးခွန်းလွှာများကို စာပေဌာနများသို့ လိုအပ်သည့်အရေအတွက်အတိုင်း စာအိတ်တွင်ထည့်သွင်း၍၊ စာအိတ်နှစ်ဘက်စလုံးတွင် ချိပ်တံဆိပ်ရိုက်နှိပ်ပြီးလျှင် မည်သည့်နေရာ၌ ချိပ်တံဆိပ် မည်မျှရိုက်နှိပ်ထားသည်ဟူသောမှာကြားချက်ကို လိုအပ်သောညွှန်ကြားချက်များနှင့်အတူ စာမေးပွဲကြီးကြပ်ရေးမှူးများထံသို့ အရောက်ပို့ရန် အုပ်ချုပ်ရေးမှူးအားညွှန်ကြားရမည်။

(၆) စာစစ်အဖွဲ့သည်၊ နည်းဥပဒေခွဲ (၅) တွင် ဖော်ပြသောမှာကြားချက်နှင့် ညွှန်ကြားချက်များ၏မိတ္တူကို စာမေးပွဲကြီးကြပ်ရေးဆရာတော်အဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်အား ဆက်ကပ်ရန် အုပ်ချုပ်ရေးမှူးအားညွှန်ကြားရမည်။

(၇) စာစစ်အဖွဲ့သည်၊ စာမေးပွဲကျင်းပပြီးစီးသောအခါ၌၊ မေးခွန်းများ၏အဖြေမှုများကို အဖြေအမှတ်ပေးသူများထံသို့ လိုအပ်သော ညွှန်ကြားချက်နှင့် အတူပို့ရန် အုပ်ချုပ်ရေးမှူးအားညွှန်ကြားရမည်။

(၈) စာစစ်အဖွဲ့သည်၊ စာမေးပွဲအဆင့်အတန်း အသီးသီးအတွက် ဘာသာစုံအမှတ်စာရင်းများရရှိသောအခါ၊ အုပ်ချုပ်ရေးမှူးတင်ပြသောစာမေးပွဲနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများနှင့် အစီရင်ခံစာများကို စိစစ်ဆောဝေဘန်ရမည်။

(၉) စာစစ်အဖွဲ့သည်၊ အဖြေအမှတ်ပေးသူများက စစ်ဆေးထားသော မည်သည့်အဖြေစာအုပ်ကိုမဆို၊ ပြန်လည်စစ်ဆေးနိုင်သည်။

(၁၀) စာစစ်အဖွဲ့သည်၊ နည်းဥပဒေခွဲ (၈) အရစစ်ဆေးဝေဘန်ပြီးသောအခါ၊ အပြစ်ရှိသူများအားအပြစ်ပေးရန်ထောက်ခံစာရေးသား၍ ပါဠိပညာရေးအဖွဲ့သို့ ပို့ရမည်၊ ထို့ပြင် စာစစ်အဖွဲ့သည်၊ နည်းဥပဒေခွဲ (၉) အရ၊ အဖြေစာအုပ်များကို ပြန်လည်စစ်ဆေးပြီးသောအခါ၊ အောင်သင့်အောင်ထိုက်သောပုဂ္ဂိုလ်များအားအောင်ခွင့်ပေးရန်ထောက်ခံစာရေးသား၍၊ တွဲဖက်အစည်းအဝေးသို့ပို့ရမည်။

(၁၁) စာစစ်အဖွဲ့သည်၊ ပညာတော်သင်အထူးဆုများ လျှောက်ထားရန်အလို့ငှါ၊ ပဌမကျော်နှင့်ပဌမကျော်အောက် အမှတ်အများဆုံးရသောပုဂ္ဂိုလ် ၂ ဦးကိုရွေးချယ်ရန်အတွက်၊ ပဌမကြီးတန်းမှ အမှတ်အများဆုံးရသော ပုဂ္ဂိုလ် ၁၀ ဦး၏ အဖြေစာအုပ်များကို ပြန်လည်စစ်ဆေး၍ ပဌမကျော်နှင့် ထိုပုဂ္ဂိုလ် ၂ ဦးကို ရွေးချယ်ပြီးလျှင်၊ ထိုသို့ရွေးချယ်ခြင်းကိုအတည်ပြုရန်၊ တွဲဖက်အစည်းအဝေးသို့ထောက်ခံချက်နှင့်အတူ အဖြေစာအုပ်များကိုပို့ရမည်။

(၁၂) စာစစ်အဖွဲ့သည်၊ ပဌမလတ်တန်းနှင့် ပဌမငယ်တန်းမှ၊ ပဌမ၊ ဒုတိယ နှင့် တတိယရသောပုဂ္ဂိုလ်အသီးသီးကိုရွေးချယ်ရန်အတွက်၊ ထိုအတန်းများမှအမှတ်အများဆုံးရသောပုဂ္ဂိုလ် ၁၀ ဦးစီ၏အဖြေစာအုပ်များကို ပြန်လည်စစ်ဆေး၍၊ ပဌမ၊ ဒုတိယနှင့် တတိယရသောပုဂ္ဂိုလ်အသီးသီးကိုရွေးချယ်ပြီးလျှင်၊ ထိုသို့ရွေးချယ်ခြင်းကိုအတည်ပြုရန်၊ တွဲဖက်အစည်းအဝေးသို့ထောက်ခံချက်နှင့်အတူ အဖြေစာအုပ်များကိုပို့ရမည်။

(၁၃) စာစစ်အဖွဲ့သည်၊ ပဌမကြီးတန်း၊ ပဌမလတ်တန်းနှင့် ပဌမငယ်တန်းမှ သီလရှင်များအနက်၊ အမှတ်အများဆုံးရသောသီလရှင်ကို ရွေးချယ်ရန်အတွက် ထိုအတန်းများမှအမှတ်အများဆုံးရသော ၅ ဦးစီထက် မများသည့်သီလရှင်များ၏ အဖြေ

စာအုပ်များကိုပြန်လည်စစ်ဆေး၍၊ အမှတ်အများဆုံးရသော သီလရှင်အသီးသီးကို ရွေးချယ်ပြီးလျှင်၊ ထိုသို့ရွေးချယ်ခြင်းကိုအတည်ပြုရန်၊ တွဲဖက်အစည်းအဝေးသို့ တောက်ခံချက်နှင့်အတူအဖြေစာအုပ်များကိုပို့ရမည်။

(၁၄) စာစစ်အဖွဲ့သည်၊ နည်းဥပဒေခွဲ (၁၁)၊ (၁၂)၊သို့တည်းမဟုတ် (၁၃) အရပြန်လည်စစ်ဆေးသည့် အဖြေစာအုပ်များပေါ်တွင် ဖေါ်ပြသောခုံအမှတ်များနှင့် စာဖြေဌာနများကိုလျှို့ဝှက်ထားရန်၊ အုပ်ချုပ်ရေးမှူးအားညွှန်ကြားရမည်။

(၁၅) စာစစ်အဖွဲ့ဝင်များသည်၊ စာမေးပွဲနှင့်စပ်လျဉ်း၍ မိမိတို့ဆောင်ရွက်ရသောကိစ္စအရပ်ရပ်ကိုလျှို့ဝှက်ထားရမည်။

(၁၆) စာစစ်အဖွဲ့အစည်းအဝေးသို့စာစစ်အဖွဲ့ဝင်အနည်းဆုံး ၅ ဦးတက်ရောက်မှသာလျှင်၊ အစည်းအဝေးအထမြောက်ရမည်။

(၁၇) စာစစ်အဖွဲ့အစည်းအဝေးသို့ တက်ရောက်သော စာစစ်အဖွဲ့ဝင်များရာ၏ မဲဖြင့်ချမှတ်သည့်ဆုံးဖြတ်ချက်သည်၊ စာစစ်အဖွဲ့၏ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၁၈) စာစစ်အဖွဲ့တွင် စာစစ်အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည်ဟူသော အကြောင်းကြောင့်သော်၎င်း၊ စာစစ်အဖွဲ့ဝင်ရွေးချယ်ခန့်ထားရာ၌ ချို့ယွင်းချက်တခုခုရှိသည်ဟူသောအကြောင်းကြောင့်သော်၎င်း စာစစ်အဖွဲ့ကဆောင်ရွက်သည့် မှုခင်းကိစ္စများသည်မပျက်ပြယ်စေရ။

**မေးခွန်း ထုတ်သူနှင့် အဖြေအမှတ် ပေးသူတို့၏ အရည်အချင်းနှင့် တာဝန်ဝတ်တရားများ**

၁၁။ ။(၁) မေးခွန်းထုတ်သူသည်၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးသူသည်—

(က) အစိုးရ ဓမ္မာစရိယ စာချတန်း စာမေးပွဲအောင်မြင်သောပုဂ္ဂိုလ်ဖြစ်ရမည်၊ သို့တည်းမဟုတ်

(ခ) ရန်ကုန်မြို့၊စေတီယင်္ဂဏစာချတန်းစာမေးပွဲအောင်မြင်သောပုဂ္ဂိုလ်ဖြစ်ရမည်၊ သို့တည်းမဟုတ်

(ဂ) မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ စာချတန်းစာမေးပွဲ အောင်မြင်သောပုဂ္ဂိုလ်ဖြစ်ရမည်၊ သို့တည်းမဟုတ်

(ဃ) အစိုးရဓမ္မာစရိယ စာချတန်းအထိမေးခွန်းထုတ်နိုင်သော အရည်အချင်းနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်ရမည်။

(၂) မေးခွန်းထုတ်သူများနှင့် အဖြေအမှတ်ပေးသူများသည်၊ ပါဠိပညာရေးအဖွဲ့ဝင်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် နာယကအဖွဲ့ဝင်ဆရာတော်မဖြစ်စေရ။

(၃) မေးခွန်းထုတ်သူများသည်၊ မေးခွန်းထုတ်သောကိစ္စကို၊ စာစစ်အဖွဲ့၏ ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်ရမည်။

(၄) မေးခွန်းထုတ်သူများသည်၊ မေးခွန်းလွှာနှင့်အဖြေမှုကို၊ အစိတ်အပိုင်း အမှတ်ပေးပုံအပိုင်းအခြားနှင့်တကွ စာစစ်အဖွဲ့သို့ ပေးအပ်ရမည်။

(၅) အဖြေအမှတ်ပေးသူများသည်၊ မိမိတို့အမှတ်ပေးရသည့်အဖြေစာအုပ်များကို လုံခြုံသောသေတ္တာ၌သိမ်းဆည်း၍၊ အမှတ်ပေးသောကိစ္စကို၊ သီးခြားအခန်း၌ လျှို့ဝှက်စွာကိုယ်တိုင်ဆောင်ရွက်ရမည်။

(၆) အဖြေအမှတ်ပေးသူတဦးသည်၊ ၂ နာရီ ဖြေရသော အဖြေစာအုပ်ပေါင်း ၅၅ အုပ်ထက်ပို၍အမှတ်မပေးရ။

(၇) အဖြေအမှတ်ပေးသူသည်၊ အဖြေစာရွက် လက်ျာအစွန်းတွင် သီးခြား သတ်မှတ်ထားသောနေရာ၌သာ အမှတ်ပေးရမည်။ အကယ်၍အမှတ်ပြင်ဆင်လိုလျှင်၊ ပေးပြီးသောအမှတ်ကိုခြစ်၍၊ ထိုခြစ်ထားသော အမှတ်အောက်နား၌ ကိုယ်တိုင် လက်မှတ်အတိုရေးထိုးပြီးနောက်မှ အမှတ်သစ်ကိုရေးသားရမည်။

(၈) အဖြေအမှတ်ပေးသူသည်၊ အဖြေစာအုပ်များကိုအမှတ်ပေးပြီးသောအခါ ဤနည်းဥပဒေများနှင့်ပူးတွဲထားသည့် ပုံစံ ၃ နှင့် ပုံစံ ၄ ဖြင့် အမှတ်စာရင်းများ ရေး သားပြီးနောက်၊ ကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

(၉) မေးခွန်းထုတ်သူသည်၊ ပါဠိပဋ္ဌမပြန်စာမေးပွဲအတွက် မေးခွန်းများထုတ်ရ ကြောင်း၊ အဖြေအမှတ်ပေးသူသည်၊ ပါဠိပဋ္ဌမပြန်စာမေးပွဲနှင့် သက်ဆိုင်သည့်အဖြေ စာအုပ်များကိုအမှတ်ပေးရကြောင်း၊ မည်သူ့ကိုမျှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိမပေးရ။

(၁၀) အဖြေအမှတ် ပေးသူများသည်၊ မိမိတို့ ပေးထားသော အမှတ်များ၏ စာရင်းနှင့်အဖြေစာအုပ်များကိုငင်း၊ စာဖြေပုဂ္ဂိုလ်တို့ဖြေဆိုကြသည့် အခြင်းအရာကို ထောက်ရှု၍ ရေးသားသောမိမိတို့၏ထင်မြင်ချက်နှင့် အကြံပေးချက်များပါရှိသည့် အစီ ရင်ခံစာကိုငင်း သတ်မှတ်ထားသောနေ့ရက်ထက်နောက်မကျစေဘဲ အုပ်ချုပ်ရေးမှူးထံ ပို့ရမည်။

## စာမေးပွဲအဆင့်အတန်း

၁၂။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ အောက်ပါစာမေးပွဲများကို နှစ်စဉ် ကျင်းပရမည်။

(က) ပဋ္ဌမငယ်တန်းစာမေးပွဲ။

(ခ) ပဋ္ဌမလတ်တန်းစာမေးပွဲ။

(ဂ) ပဋ္ဌမကြီးတန်းစာမေးပွဲ။

(၂) အခြားတည်ဆဲတရားဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပါဠိပညာရေးအဖွဲ့ သည်၊ နည်းဥပဒေခွဲ (၁) တွင်ဖော်ပြထားသည့်စာမေးပွဲများအပြင်၊ နာယကအဖွဲ့ဝင် ဆရာတော်များ၏သြဝါဒအရ၊အခါအားလျော်စွာ အခြားစာမေးပွဲများကိုလည်း ကျင်း ပနိုင်သည်။ သို့ရာတွင် ပဋ္ဌမငယ်တန်းအောက်နိမ့်သော မည်သည့်စာမေးပွဲကိုမျှမကျင်း ပရ။

## စာမေးပွဲဆိုင်ရာဘာသာရပ်နှင့် ကျမ်းစာများ

၁၃။ ။(၁) ပဋ္ဌမငယ်တန်းစာမေးပွဲအတွက် အောက်ပါ ကျမ်းစာများကို ပြဋ္ဌာန်းသည်၊

(က) ဘိက္ခုပါဠိတိမောက်ပါ၊ အနက်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ဘိက္ခုပါတိမောက်လာ အဓိပ္ပါယ်နှင့်ကင်္ခါနိဒါနဒွေသ ပါရာဇိကဒွေ သမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(လူနှင့်သီလရှင်များသည်၊ ဘိက္ခုပါတိမောက်အစား၊ ဓမ္မပဒပါဠိ တော်အစမှဗါလဝဂ်အဆုံး၊ ပါဠိ၊ အနက်၊အဓိပ္ပါယ်ကိုဖြေဆိုလိုက ဖြေဆိုနိုင်သည်)။

(ခ) ကစ္စည်းသဒ္ဒါ၊ ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ကစ္စည်းသဒ္ဒါကြီးလာအဓိပ္ပါယ်၊ သန္ဓိပုဒ်စစ်၊ နာမ်ပုဒ်စစ်၊ သုတ်စစ်လာအဓိပ္ပါယ်နှင့် ရူပသိဒ္ဓိအောက် ၂ ပိုင်းမှလာသော အဓိပ္ပါယ်ကို ဆိုလိုသည်)။

(ဂ) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ သင်္ဂဟလာအဓိပ္ပါယ်နှင့် ဋီကာကျော်အောက် ၃ ပိုင်းမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(ဃ) အဘိဓမ္မ မာတိကာနှင့် ပဋ္ဌာနယအဆုံးတိုင်အောင်သောဓါတုကထာ ပါဠိ၊ အနက်၊ အရကောက်အဓိပ္ပါယ်။

(င) ဘာသာပြန်၊ ပါဠိဇာတ်အဋ္ဌကထာ (ဧကနိပါတ)။

(၂) ပဌမလတ်တန်းအတွက် အောက်ပါကျမ်းစာများကို ပြဋ္ဌာန်းသည်။

(က) ဒွေမာတိကာ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ဒွေမာတိကာလာအဓိပ္ပါယ်နှင့် ကင်္ခါနိဒါနဒွေသမှနိဿဂ္ဂိယဝဏ္ဏနာ အဆုံးထိလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

[လူနှင့်သီလရှင်များသည်၊ ဒွေမာတိကာအစား၊ ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်။]

(ခ) ကစ္စည်းသဒ္ဒါကြီးရှစ်စောင်၊ ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ကစ္စည်းသဒ္ဒါကြီးလာအဓိပ္ပါယ်၊ သန္ဓိပုဒ်စစ်၊ နာမ်ပုဒ်စစ်၊ ကာရကပုဒ်စစ်၊ သုတ်စစ်လာအဓိပ္ပါယ်နှင့် ရူပသိဒ္ဓိအောက် ၅ ပိုင်းမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(ဂ) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ သင်္ဂဟလာအဓိပ္ပါယ်နှင့် ဋီကာကျော်အောက် ၆ ပိုင်းမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(ဃ) မာတိကာ၊ ဓါတုကထာ၊ ပါဠိ၊ အနက်၊ အရကောက်အဓိပ္ပါယ်။

(င) အောက်ယမိုက် ၅ ကျမ်း၊ ပါဠိ၊ အနက်၊ အရကောက်အဓိပ္ပါယ်။

(စ) ဘာသာပြန်၊ ပါဠိဇာတ် အဋ္ဌကထာ (ဒုကနိပါတမှ ဆတ္တနိပါတ အဆုံးထိ)။

(၃) ပဌမကြီးတန်းအတွက် အောက်ပါကျမ်းစာများကိုပြဋ္ဌာန်းသည်။

(က) ဒွေမာတိကာ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ဒွေမာတိကာလာ အဓိပ္ပါယ်နှင့် ကင်္ခါအကုန်မှလာသော အဓိပ္ပါယ်ကိုဆိုလိုသည်)။

[လူနှင့်သီလရှင်များသည်၊ ဒွေမာတိကာအစား၊ ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကိုဖြေဆိုလိုကဖြေဆိုနိုင်သည်။]

(ခ) ကစ္စည်းသဒ္ဒါ၊ ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ ကစ္စည်းသဒ္ဒါကြီးလာ အဓိပ္ပါယ်၊ ပုဒ်စစ်၊ သုတ်စစ်လာအဓိပ္ပါယ်၊ ရူပသိဒ္ဓိတကျမ်းလုံးမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(ဂ) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ၊ သင်္ဂဟလာအဓိပ္ပါယ်နှင့် ဋီကာကျော်တကျမ်းလုံးမှလာသောအဓိပ္ပါယ်ကိုဆိုလိုသည်)။

(ဃ) အထက်ယမိုက် ၅ ကျမ်း၊ ပါဠိ၊ အနက်၊ အရကောက်အဓိပ္ပါယ်။

(င) ဆန္ဒ၊ အဘိဓါန်၊ အလင်္ကာရ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(စ) ပဋ္ဌာန်း၊ ကုသလတိက်အနက်၊ အရကောက်အဓိပ္ပါယ်။

(ဆ) ဘာသာပြန်၊ ပါဠိဇာတ်အဋ္ဌကထာ (သတ္တကနိပါတမှအသီတိနိပါတအဆုံးထိ)။

(၄) ရဟန်းတော်နှင့်သာမဏေများသည်၊ ပဋ္ဌမငယ်တန်း၊ ပဋ္ဌမလတ်တန်းနှင့် ပဋ္ဌမကြီးတန်း စာမေးပွဲ ၃ ခုလုံး၌၊ ဝိနည်းဘာသာကိုမုချဖြေဆိုရမည်။

(၅) လူနှင့်သီလရှင်များသည်၊ ဝိနည်းဘာသာကိုဖြေဆိုလိုကဖြေဆိုနိုင်သည်။

(၆) ပဋ္ဌမငယ်တန်း၊ ပဋ္ဌမလတ်တန်းနှင့် ပဋ္ဌမကြီးတန်းစာမေးပွဲ ၃ ခုလုံး၌၊ မည်သည့်ဘာသာနှင့်မဆိုစပ်လျဉ်း၍၊ သတ်ပုံမှားလျှင်၊ ထိုသတ်ပုံအမှား ၅ လုံးအတွက် တမှတ်လျှော့ရမည်။

## ဘာသာပြန်အတွက်ကျမ်းစာများကိုပိုင်းခြားသတ်မှတ်ခြင်း

၁၄။ ။(၁) ပဋ္ဌမငယ်တန်းအတွက် ပြဋ္ဌာန်းထားသောကေနိပါတကို—

(က) အပဏ္ဏကဝဂ်အစမှ ကုရုင်္ဂဝဂ်အဆုံးထိ (ဇာတ်ပေါင်း ၃၀)၊

(ခ) ကုလာဝကဝဂ်အစမှ ဋတ္တိဝဂ်အနဘိရတိဇာတ်အဆုံးအထိ (ဇာတ်ပေါင်း ၃၅)၊

(ဂ) ဋတ္တိဝဂ်မုဒုလက္ခဏဇာတ်မှ လိတ္တဝဂ်အဆုံးထိ (ဇာတ်ပေါင်း ၃၅)၊

(ဃ) ပရောသတဝဂ်အစမှ ကေနိပါတ်အဆုံးထိ (ဇာတ်ပေါင်း ၅၀)

၄ ပိုင်းပိုင်း၍ တပိုင်းလျှင် သာမန်အားဖြင့် ၄ နှစ်ကျစီလှည့်၍မေးခွန်းထုတ်ရမည်။

(၂) ပဋ္ဌမလတ်တန်းအတွက် ပြဋ္ဌာန်းထားသော ဒုကနိပါတမှ ဆက္ကနိပါတအဆုံးထိကို—

(က) ဒုကနိပါတ်အစမှ ဒုကနိပါတ်ဗီရဏထမ္ဘဝဂ်အဆုံးထိ (ဇာတ်ပေါင်း ၇၀)၊

(ခ) ဒုကနိပါတ် ကာသာဝဝဂ်အစမှ တိကနိပါတ်အရညဝဂ် အဆုံးထိ (ဇာတ်ပေါင်း ၆၀)၊

(ဂ) တိကနိပါတ် အဗ္ဗန္တရဝဂ်အစမှ စတုက္ကနိပါတ် ကောကာလိကဝဂ် အဆုံးထိ (ဇာတ်ပေါင်း ၆၀)၊

(ဃ) စတုက္ကနိပါတ် ၡုဋ္ဌကုဏာလဝဂ်အစမှ ဆက္ကနိပါတ်အဆုံးထိ။

၄ ပိုင်းပိုင်း၍၊ တပိုင်းလျှင် သာမန်အားဖြင် ၄ နှစ်ကျစီလှည့်၍ မေးခွန်းထုတ်ရမည်။

(၃) ပဋ္ဌမကြီးတန်းအတွက် ပြဋ္ဌာန်းထားသော သဗ္ဗကနိပါတအစမှ အသီတိနိပါတအဆုံးထိကို—

(က) သဗ္ဗကနိပါတ်အစမှ ဒသကနိပါတ်အဆုံးထိ (ဇာတ်ပေါင်း ၅၉)၊

(ခ) ဧကာဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ်အဆုံးထိ (ဇာတ်ပေါင်း ၄၂)၊

(ဂ) ဝီသတိ နိပါတ်အစမှ စတ္တာလီသ နိပါတ်အဆုံးထိ (ဇာတ်ပေါင်း ၂၉)၊

(ဃ) ပဏ္ဏာသနိပါတ်အစမှ အသီတိနိပါတ်အဆုံးထိ (ဇာတ်ပေါင်း ၁၂) ၄ ပိုင်းပိုင်း၍၊ တပိုင်းလျှင်သာမန်အားဖြင့် ၅ နှစ်ကျစီလှည့်၍ မေးခွန်းထုတ်ရမည်။

## စာမေးပွဲအချိန်စာရင်း

၁၅။ ။(၁) စာမေးပွဲအချိန်စာရင်းများသည်၊ အောက်ပါအတိုင်း ဖြစ်ရမည်။

(က) ပဋ္ဌမငယ်တန်း ၅ ဘာသာအတွက် ၅ ရက်။

(ခ) ပဋ္ဌမလတ်တန်း ၆ ဘာသာအတွက် ၆ ရက်။

(ဂ) ပဋ္ဌမကြီးတန်း ၇ ဘာသာအတွက် ၇ ရက်။

(၂) ပဋ္ဌမငယ်တန်း၊ ပဋ္ဌမလတ်တန်း၊ ပဋ္ဌမကြီးတန်းအသီးသီးနှင့် သက်ဆိုင်သည့်ဘာသာတရပ်အတွက် မေးခွန်း ၂ ချပ်ကျစီထုတ်၍၊ မေးခွန်းတချပ်ကို ၂ နာရီစီ ဖြေဆိုရန်ခွင့်ပြုလျက်၊ ကြားတွင်အားလပ်ချိန်နာရီဝက်ခွင့်ပြုရမည်။

ပဋ္ဌမငယ်တန်း၊ ပဋ္ဌမလတ်တန်း၊ ပဋ္ဌမကြီးတန်းအတွက် စာမေးပွဲ ကျင်းပရန် သတ်မှတ်သောနေ့ရက်သည်၊ တနင်္ဂနွေနေ့နှင့်တိုက်ဆိုင်လျှင်၊ ထိုနေ့ရက်ကို အားလပ်သောနေ့ရက်အဖြစ်သတ်မှတ်ရမည်။

## စာမေးပွဲအတွက်မေးခွန်းထုတ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းများ

၁၆။ ။(က) ပဋ္ဌမငယ်တန်းစာမေးပွဲအတွက် မေးခွန်းထုတ်ခြင်းနှင့်စပ်လျဉ်းသည့်စည်းကမ်းများသည်၊ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဘိက္ခုပါတိမောက်၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက်မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာ ထုတ်ရမည်။

(ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ပါတိမောက်မှ တိုက်ရိုက်လာသော အဓိပ္ပါယ်နှင့် ကင်္ခါအဋ္ဌကထာနိဒါနုဒ္ဒေသမှစ၍ ပါရာဇိကုဒ္ဒေသ အဆုံးထိအဖွင့်မှလာသော အဓိပ္ပါယ်ကိုမေးရမည်။ သို့ရာတွင် ကင်္ခါသက်သက်မှလာသော အဓိပ္ပါယ်နှင့်စပ်လျဉ်း၍ မေးခွန်း ၂ ခုထက်ပို၍မထုတ်ရ။

(၂) လူနှင့်သီလရှင်များအတွက် ဘိက္ခုပါတိမောက်အစား၊ ဓမ္မပဒပါဠိတော် (အစမှဗါလဝဂ်အဆုံးထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက်မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ခက်ခဲသည်ဟုထင်မြင်သည့်ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာ ထုတ်ရမည်။

(ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်လာသော အဓိပ္ပါယ်ကိုမေးရမည်။

မှတ်ချက်။ ။အဆိုပါ ဓမ္မပဒပါဠိတော်၏ အဋ္ဌကထာမှလာသော အဓိပ္ပါယ်ကိုလည်း အနည်းငယ်ထည့်သွင်း၍မေးနိုင်သည်။

(၃) ကစ္စည်းသဒ္ဒါကြီးရှစ်စောင်၊ ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) ရုပ်နှင့်စပ်လျဉ်း၍၊ ပုဒ်စပ်၊ ပုဒ်ဖြတ်၊ ရုပ်ကျဉ်း၊ရုပ်ကျယ် စသည်တို့အတွက် မေးခွန်းတခုသာထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ကစ္စည်းသဒ္ဒါကြီးမှ တိုက်ရိုက်လာသော အဓိပ္ပါယ်ဆိုင်ရာမေးခွန်းတခု၊ သန္ဓိပုဒ်စစ်၊ နာမ်ပုဒ်စစ်၊သုတ်စစ်တို့မှ တိုက်ရိုက်လာသော အဓိပ္ပါယ် ဆိုင်ရာ မေးခွန်းတခုနှင့် ရူပသိဒ္ဓိအောက် ၂ ပိုင်းမှလာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်းတခုကိုထုတ်ရမည်။

(၄) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍ အာဂုံပါဠိသက်သက် မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) သရုပ်နှင့်စပ်လျဉ်း၍၊ သင်္ဂဟမှလာသော သရုပ်အရေအတွက်ကို မေးခွန်း ၂ ခုထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ သင်္ဂဟမှ တိုက်ရိုက်လာသော အဓိပ္ပါယ်ဆိုင်ရာမေးခွန်းတခုနှင့် ဋီကာကျော် အောက် ၃ ပိုင်းမှလာသော အဓိပ္ပါယ်ဆိုင်ရာမေးခွန်းတခုထုတ်ရမည်။

(၅) မာတိကာနှင့် ဓါတုကထာ၊ ပါဠိ၊ အနက်၊ အရကောက် အဓိပ္ပါယ်ကို မေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိနှင့် ဥဒါန်းဂါထာ ဆိုင်ရာမေးခွန်း မထုတ်ရ။

သို့ရာတွင် ဓါတုကထာ၌ မေးခွန်းနှင့် သက်ဆိုင်သည့် ပါဠိကိုထုတ်ပြ၍ ဝိသဇ္ဇနာပါဠိထုတ်ခြင်း၊ အရကောက်ခြင်း ဆိုင်ရာမေးခွန်းထုတ်နိုင်သည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍ သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုထုတ်ရမည်။

(ဂ) အရကောက်နှင့်စပ်လျဉ်း၍၊ ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲ သော်၎င်း အရကောက်ဆိုင်ရာ မေးခွန်းထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ စာကိုယ်လာသရုပ် အဓိပ္ပါယ်သက်သက် ဆိုင်ရာကိုသာမေးခွန်းထုတ်ရမည်။

<u>မှတ်ချက်</u>။ ။တိမာတိကာမှ မေးခွန်း ၂ ခု၊ ဒုကမာတိကာမှမေးခွန်း ၂ ခုနှင့် ဓါတုကထာမှ မေးခွန်း ၂ ခု ထုတ်ရမည်။

(၆) <u>ဘာသာပြန်ဆိုခြင်း</u>။ ။ပါဠိဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ မြန်မာဘာသာမှပါဠိဘာသာသို့ပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပါဠိဇာတ် အဋ္ဌကထာ ဓမ္မပဒ ပါဠိတော်မှလာသော ပါဠိ၊ အနက်၊ စကားပြေကိုယူ၍မေးခွန်းထုတ်ရမည်။

<u>မှတ်ချက်</u>။ ။ဥာဏ်စမ်းအားဖြင့် မိမိတို့အလိုအလျောက် စီကုံးရေးသားသောပါဠိဝါကျတို့များ၊ မြန်မာစကားဝါကျတို့များကိုလည်း အနည်းငယ်ထည့်သွင်း၍ မေးနိုင်သည်။

<u>ရှင်းလင်းချက်</u>။ ။ပဌမငယ်တန်းစာမေးပွဲအတွက် တဘာသာလျှင် မေးခွန်း ၆ ခု စီသာထား၍ ထိုအတန်းနှင့်သင့်လျော်သောမခက်လွန်း မလွယ်လွန်းသည့်မေးခွန်းကိုသာထုတ်ရမည်။ သို့ရာတွင် အထက်ကျမ်းကြီးများ၌ အသုံးမဝင်သောဥာဏ်စမ်း မေးခွန်းများကိုမထုတ်ဘဲ၊ အသုံးဝင်၍ ကျေးဇူးလည်းများသော မူလကျမ်းရင်းလာ အဓိပ္ပါယ်ပါရှိသည့်မေးခွန်းများကိုသာထုတ်ရမည်။

(ခ) ပဌမလတ်တန်း စာမေးပွဲအတွက် မေးခွန်းထုတ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းများသည်၊ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဒွေမာတိကာ၊ ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍ သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ဒွေမာတိကာပါဠိမှ တိုက်ရိုက်လာသော အဓိပ္ပါယ်နှင့် ကင်္ခါအဋ္ဌကထာနိဒါနဒွေသမှစ၍ နိဿဂ္ဂိယ

ဝဏ္ဏနာအဆုံးထိ အဖွင့်မှလာသော အမိပ္ပါယ်ကိုမေးရမည်။ သို့ရာတွင် ကခါအဋ္ဌကထာသက်သက်မှလာသော အမိပ္ပါယ်နှင့် စပ်လျဉ်း၍ မေးခွန်း ၃ ခုထက်ပို၍မထုတ်ရ။

(၂) လူနှင့်သီလရှင်များအတွက် ဒွေမာတိကာအခါး၊ ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အမိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ခက်ခဲသည်ဟုထင်မြင်သည့်ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) အမိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်လာသော အမိပ္ပါယ်သဘောကို မေးရမည်။

မှတ်ချက်။ ။အဆိုပါ ဓမ္မပဒပါဠိတော်၏ အဋ္ဌကထာမှလာသော အမိပ္ပါယ်ကိုလည်း အနည်းငယ်ထည့်သွင်း၍မေးနိုင်သည်။

(၃) ကစ္စည်း သဒ္ဒါကြီးရှစ်စောင်၊ ပါဠိ၊ အနက်၊ ရုပ်၊ အမိပ္ပါယ်ကို မေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက်မေးခွန်း တခုသာထုတ်ရမည်။

(ခ) အနက်နှင့် စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) ရုပ်နှင့်စပ်လျဉ်း၍၊ ပုဒ်စပ်၊ ပုဒ်ဖြတ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ် စသည်တို့အတွက် မေးခွန်းတခုသာထုတ်ရမည်။ ထိုမေးခွန်းတွင်လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ဝိဘတ်၊ဓါတ်၊ပစ္စည်းခွဲခြားပုံနှင့် ပဒမာလာ စဉ်ခြင်းကို မေးခြင်းလည်းပါဝင်သည်။

(ဃ) အမိပ္ပါယ်နှင့် စပ်လျဉ်း၍၊ ကစ္စည်းသဒ္ဒါကြီးမှတိုက်ရိုက်လာသော အမိပ္ပါယ်ဆိုင်ရာမေးခွန်းနှစ်ခု၊ ပုဒ်စစ်၊ သုတ်စစ်တို့မှ တိုက်ရိုက်လာသော အမိပ္ပါယ်ဆိုင်ရာ မေးခွန်းတခုနှင့် ရူပသိဒ္ဓိအောက် ၅ ပိုင်းမှလာသော အမိပ္ပါယ်ဆိုင်ရာမေးခွန်း ၂ ခု ထုတ်ရမည်။

(၄) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အမိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ်ရမည်။

(ဂ) သရုပ်နှင့်စပ်လျဉ်း၍၊ သင်္ဂဟမှလာသော သရုပ်အရေအတွက်ကို မေးခွန်း ၂ ခုထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ သဂ်ဟမှ တိုက်ရိုက်လာသောအဓိပ္ပါယ် ဆိုင်ရာမေးခွန်း ၂ ခုနှင့် ဋီကာကျော် အောက် ၆ ပိုင်းမှလာသော အဓိပ္ပါယ်ဆိုင်ရာမေးခွန်း ၂ ခုထုတ်ရမည်။

(၅) မာတိကာနှင့် ဓါတုကထာ၊ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့် စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းမထုတ်ရ၊ သို့ရာတွင် ဓါတုကထာ၌ မေးခွန်းနှင့်သက်ဆိုင်သည့် ပါဠိကို ထုတ်ပြ၍ ဝိသဇ္ဇနာပါဠိထုတ်ခြင်း၊ ဥဒါန်းဂါထာပါဠိကိုရေးစေခြင်းဆိုင်ရာမေးခွန်းထုတ်နိုင်သည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုထုတ်ရမည်။

(ဂ) အရကောက်နှင့်စပ်လျဉ်း၍၊ ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း အရကောက်ဆိုင်ရာ မေးခွန်းထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ စာကိုလာသရုပ်၊ သဘောအဓိပ္ပါယ်၊ အရကောက်၊ အကြောင်းအကျိုး၊ သဘာဝယုတ္တိ စသည်တို့ဆိုင်ရာကိုသာ မေးခွန်းထုတ်ရမည် (ဂဏ္ဌိလာ အဓိပ္ပါယ်ကိုလည်းအနည်းငယ်ထည့်သွင်း၍မေးနိုင်သည်)။

မှတ်ချက်။ ။တိကမာတိကာမှ မေးခွန်း ၂ ခု၊ အဘိဓမ္မဒုကမာတိကာမှ မေးခွန်း ၂ ခု၊ သုတ္တန္တိကမာတိကာမှ မေးခွန်း ၁ ခုနှင့်ဓါတုကထာမှ မေးခွန်း ၃ ခုထုတ်ရမည်။

(၆) ယမိုက်အောက် ၅ ကျမ်း၊ ပါဠိ၊ အနက်၊ အရကောက် အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်း မထုတ်ရ၊ သို့ရာတွင် မေးခွန်းနှင့်သက်ဆိုင်သည့်ပါဠိကိုထုတ်ပြ၍ ဝိသဇ္ဇနာဝိဘင်း ပါဠိထုတ်ခြင်း၊ အရကောက်ခြင်းဆိုင်ရာ မေးခွန်းထုတ်နိုင်သည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်း ၁ ခုထုတ်ရမည်။

(ဂ) အရကောက်နှင့်စပ်လျဉ်း၍၊ ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း အရကောက်ဆိုင်ရာ မေးခွန်း ၁ ခုထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ စာကိုယ်လာသရုပ်၊ သဘော၊အဓိပ္ပါယ်၊ အရကောက်၊ အကြောင်းအကျိုး၊ သဘာဝယုတ္တိ စသည်တို့ဆိုင်ရာကိုသာ မေးခွန်းထုတ်ရမည် (ဂဏ္ဌိလာအဓိပ္ပါယ်ကိုလည်း အနည်းငယ်ထည့်သွင်း၍မေးနိုင်သည်)။

မှတ်ချက်။ ။မူလယမိုက်မှ မေးခွန်း ၂ ခု၊ ခန္ဓယမိုက်မှ မေးခွန်း ၂ ခု၊ အာယတနယမိုက်နှင့်ဓါတုယမိုက်မှ မေးခွန်း ၂ ခုနှင့်သစ္စယမိုက်မှ မေးခွန်း ၂ ခုထုတ်ရမည်။

(၇) ဘာသာပြန်ဆိုခြင်း။ ။ပါဠိဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ မြန်မာဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍၊ ပါဠိဇာတ် အဋ္ဌကထာ (ဒုကနိပါတမှ ဆက္ကနိပါတအဆုံးအထိ) အပိုင်းပိုင်းမှလာသော ပါဠိ၊ အနက်၊စကား ပြေကိုယူ၍ မေးခွန်းထုတ်ရမည်။

မှတ်ချက်။ ။ဥာဏ်စမ်းအားဖြင့် မိမိတို့အလိုအလျောက် စီကုံးရေးသားသော ပါဠိ ဝါကျ၊မြန်မာစကားဝါကျများကိုလည်းမေးခွန်း ၂ ခုထက်မပိုစေဘဲ မေးရမည်။

ရှင်းလင်းချက်။ ။ပဌမလတ်တန်း စာမေးပွဲအတွက်တဘာသာသာလျှင်မေးခွန်း ၈ ခုစီသာလား၍၊ထိုအတန်းနှင့်သင့်လျော်သောပဌမငယ်တန်း မေးခွန်းလောက်မလွယ် ပဌမကြီးတန်းမေးခွန်းလောက်လည်းမခက်သည့်မေးခွန်းကိုသာထုတ်ရမည်။ သို့ရာတွင် အထက်ကျမ်းကြီးများ၌အသုံးမဝင်သော ဥာဏ်စမ်းမေးခွန်းများကိုမထုတ်ဘဲ၊ အသုံး ဝင်၍ကျေးဇူးလည်းများသော မူလကျမ်းရင်းလာ အဓိပ္ပါယ်ပါရှိသည့် မေးခွန်းများ ကိုသာထုတ်ရမည်။

(ဂ) ပဌမကြီးတန်း စာမေးပွဲအတွက် မေးခွန်းထုတ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းများသည်၊အောက်ပါအတိုင်းဖြစ်သည်။

(၁) ဋ္ဌမာတိကာ၊ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကိုမေးခြင်း။

- (က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာ ထုတ်ရမည်။
- (ခ) အနက်နှင့်စပ်လျဉ်း၍၊ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကိုထုတ် ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာထုတ် ရမည်။
- (ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ဋ္ဌမာတိကာ ပါဠိမှတိုက်ရိုက်လာ သောအဓိပ္ပါယ်နှင့် ကခ်ါ အဋ္ဌကထာတကျမ်းလုံးမှလာသော အဓိပ္ပါယ်ကိုမေးရမည်၊သို့ရာတွင်ကခ်ါအဋ္ဌကထာသက်သက် မှလာသော အဓိပ္ပါယ်နှင့်စပ်လျဉ်း၍ မေးခွန်း ၄ ခု ထက်ပို၍ မထုတ်ရ။

မှတ်ချက်။ ။ဘိက္ခုပါတိမောက်မှ မေးခွန်း ၆ ခု၊ ဘိက္ခုနီပါတိမောက်မှ မေးခွန်း ၄ ခု ထုတ်ရမည်၊

(၂) လူနှင့်သီလရှင်များအတွက်၊ ဋ္ဌမာတိကာအစား၊ဓမ္မပဒပါဠိတော် (သုခဝဂ်မှအဆုံးအထိ) ပါဠိ၊ အနက်၊အဓိပ္ပါယ်ကိုမေးခြင်း။

- (က) ပါဠိနှင့်စပ်လျဉ်း၍၊အာဂုံပါဠိသက်သက်မေးခွန်းတခုသာထုတ် ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ခက်ခဲသည်ဟုထင်မြင်သည့်ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်းမေးခွန်းတခုသာ ထုတ်ရမည်။

(ဂ) အဓိပ္ပါယ်နှင့် စပ်လျဉ်း၍၊ ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်လာသော အဓိပ္ပါယ်ကိုမေးရမည်။ .

<u>မှတ်ချက်။</u> ။အဆိုပါ ဓမ္မပဒပါဠိတော်၏ အဋ္ဌကထာလာ အဓိပ္ပါယ်ကိုလည်းအနည်းငယ်ထည့်သွင်း၍မေးနိုင်သည်။

(၃) ကစ္စည်း သဒ္ဒါကြီးရှစ်စောင်၊ ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိဖြင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းတခုသာ ထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ ခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကို ထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာ ထုတ်ရမည်။

(ဂ) ရုပ်နှင့်စပ်လျဉ်း၍၊ ပုဒ်စပ်၊ ပုဒ်ဖြတ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်စသည်တို့အတွက် မေးခွန်းတခုနှင့် လိင်၊ဝုစ်၊ကာရန်၊ ဂိုဏ်း၊ဝိဘတ်၊ ဓါတ်၊ ပစ္စည်းခွဲခြားခြင်း၊ ပဒမာလာ စဉ်ခြင်းတို့အတွက်မေးခွန်းတခုထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ကစ္စည်းသဒ္ဒါကြီးမှ တိုက်ရိုက်လာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်း ၂ ခု၊ပုဒ်စစ်၊သုတ်စစ် တို့မှ တိုက်ရိုက် လာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်းတခုနှင့် ရူပသိဒ္ဓိတကျမ်းလုံးမှ လာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်း ၃ ခုထုတ်ရမည်။

(၄) အဘိဓမ္မတ္ထသင်္ဂဟ၊ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်း တခုသာ ထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ အထူးခက်ခဲသည်ဟုထင်မြင်သည့် ပါဠိကို ထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုသာ ထုတ်ရမည်။

(ဂ) သရုပ်နှင့်စပ်လျဉ်း၍၊ သင်္ဂဟမှတိုက်ရိုက်လာသော သရုပ်အရေအတွက်ကို မေးခွန်း ၂ ခုထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့် စပ်လျဉ်း၍၊ သင်္ဂဟမှ တိုက်ရိုက်လာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်း ၃ ခုနှင့်ဋီကာကျော် တကျမ်းလုံးမှ လာသော အဓိပ္ပါယ်ဆိုင်ရာ မေးခွန်း ၃ ခုထုတ်ရမည်။

(၅) အထက်ယခိုက် ၅ ကျမ်း၊ ပါဠိ၊ အနက်၊ အရကောက်အဓိပ္ပါယ်ကို မေးခြင်း။

(က) ပါဠိနှင့်စပ်လျဉ်း၍၊ အာဂုံပါဠိသက်သက် မေးခွန်းမထုတ်ရ၊ သို့ရာတွင် မေးခွန်းနှင့် သက်ဆိုင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း ဝိသဇ္ဇနာဝိဘင်းပါဠိထုတ်ခြင်း၊ အရကောက်ခြင်းဆိုင်ရာမေးခွန်းထုတ်နိုင်သည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊အထူးခက်ခဲသည်ဟုထင်မြင်သည့်ပါဠိကို ထုတ်ပြ၍သော်၎င်း၊မထုတ်ပြဘဲသော်၎င်း မေးခွန်းတခုထုတ်ရမည်။

(ဂ) အရကောက်နှင့်စပ်လျဉ်း၍၊ ပါဠိကိုထုတ်ပြ၍သော်၎င်း၊မထုတ်ပြဘဲသော်၎င်း အရကောက်ဆိုင်ရာမေးခွန်းထုတ်ရမည်။

(ဃ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ ထိုယခိုက် ကျမ်းလာ သရုပ်သဘော၊ အဓိပ္ပါယ်၊အရကောက်၊ အကြောင်းအကျိုး၊ သဘာဝယုတ္တိ စသည် တို့ ဆိုင် ရာ ကို သာ မေးခွန်းထုတ်ရမည် (ဂဏ္ဌိလာ အဋ္ဌကထာလာ အဓိပ္ပါယ်များကိုလည်း ထည့်သွင်း၍မေးနိုင်သည်)။

<u>မှတ်ချက်</u>။ ။သံခါယခိုက်မှ မေးခွန်း ၂ ခု၊ အနုသယ ယခိုက်မှ မေးခွန်း ၂ ခု၊ စိတ္တ ယခိုက်မှ မေးခွန်း ၂ ခု၊ ဓမ္မယခိုက်မှ မေးခွန်း ၂ ခုနှင့် ဣန္ဒြိယ ယခိုက်မှ မေးခွန်း ၂ ခုထုတ်ရမည်။

(၆) ဆန္ဒ၊ အဘိဓါန၊အလင်္ကာရ၊ ပါဠိ၊ အနက်၊အဓိပ္ပါယ်ကိုမေးခြင်း။

(က) ပါဠိနှင့် စပ်လျဉ်း၍၊ အဆိုပါကျမ်း ၃ ကျမ်းလုံးမှ ဖြစ်စေ၊ တကျမ်းကျမ်းမှဖြစ်စေ၊ အာဂုံပါဠိ သက်သက်မေးခွန်း ၂ ခု ထုတ်ရမည်။

(ခ) အနက်နှင့်စပ်လျဉ်း၍၊ အဆိုပါကျမ်း ၃ ကျမ်းလုံးမှ ဖြစ်စေ၊ တကျမ်းကျမ်းမှဖြစ်စေ အထူးခက်ခဲသည်ဟု ထင်မြင်သည့် ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်း တခုထုတ်ရမည်။

(ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ အဆိုပါကျမ်း ၃ ကျမ်းတို့မှ တိုက်ရိုက် လာသောအဓိပ္ပါယ်ကိုမေးရမည်။ နိဿယအမှာအထားဂဏ္ဌိဋီကာတို့မှလာသော အဓိပ္ပါယ်ကိုလည်း အနည်းငယ်ထည့်သွင်း၍မေးနိုင်သည်။ သို့ရာတွင် အဘိဓါန်ဋီကာသက်သက်မှ လာသော အဓိပ္ပါယ်နှင့်ဆန်းပတ္ထျာဖြန့်ခြင်းကိုမမေးရ။

<u>မှတ်ချက်</u>။ ။ကျမ်းအကြီးအငယ် အားလျော်စွာ ဆန္ဒမှမေးခွန်း ၂ ခု၊ အဘိဓါန်မှ မေးခွန်း ၄ ခုနှင့် အလင်္ကာရမှ မေးခွန်း ၄ ခုထုတ်ရမည်။

(၇) ပဋ္ဌာန်းကုသလတိက်၊ အနက်၊ အရကောက်၊အဓိပ္ပါယ်ကိုမေးခြင်း။

(က) အနက်နှင့်စပ်လျဉ်း၍၊ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲ သော်၎င်း မေးခွန်းတခုထုတ်ရမည်။

(ခ) အရကောက်နှင့်စပ်လျဉ်း၍၊ ပါဠိကိုထုတ်ပြ၍သော်၎င်း၊ မထုတ်ပြဘဲသော်၎င်း မေးခွန်းထုတ်ရမည်။

မှတ်ချက်။ ။အရကောက်ကျဉ်းလျှင် အနက်နှင့်အရကောက်တွဲဘက်၍မေးနိုင်သည်။

(ဂ) အဓိပ္ပါယ်နှင့်စပ်လျဉ်း၍၊ အဆိုပါပဌာန်းကျမ်းမှတိုက်ရိုက်လာသော သရုပ်၊ သဘော၊ အဓိပ္ပါယ်၊ အရကောက်၊ အကြောင်း အကျိုး၊ သဘာဝယုတ္တိ စသည်တို့ကိုမေးရမည် (အဆိုပါ ပဌာန်းကုသလတိက်၏ အဋ္ဌကထာလာအဓိပ္ပါယ်ကိုလည်း အနည်းငယ်ထည့်သွင်း၍မေးနိုင်သည်)။

မှတ်ချက်။ ။ပစ္စယနိဒ္ဒေသမှ မေးခွန်း ၂ ခု၊ ဆဝါရ မှမေးခွန်း ၄ ခုနှင့် ပဉှာဝါရ မှ မေးခွန်း ၄ ခုထုတ်ရမည်။

(ဂ) ဘာသာပြန်ဆိုခြင်း။ ။ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ မြန်မာဘာသာမှ ပါဠိဘာသာသို့ပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပါဠိဇာတ် အဋ္ဌကထာ အပိုင်းပိုင်းမှလာသော ပါဠိ၊ အနက်၊ စကားပြေကို သူ၍မေးခွန်းထုတ်ရမည်။

မှတ်ချက်။ ။ဥာဏ်စမ်းအားဖြင့် မိမိတို့အလိုအလျောက် စီကုံးရေးသားသော ပါဠိဝါကျ၊ မြန်မာစကားဝါကျများကိုလည်း မေးခွန်း ၃ ခုထက်မပိုစေဘဲမေးရမည်။

ရှင်းလင်းချက်။ ။ပဌမကြီးတန်းစာမေးပွဲအတွက် ဘာသာလျှင်မေးခွန်း ၁၀ ခုစီသာထား၍၊ ထိုအတန်းနှင့်သင့်လျော်သော၊ ပဌမငယ်တန်း၊ ပဌမလတ်တန်း မေးခွန်းများထက် အထူးခက်ခဲသည်ဟုထင်မြင်သည့် မေးခွန်းများကိုသာ ထုတ်ရမည်။ သို့ရာတွင် အထက်ကျမ်းကြီးများ၌ အသုံးမဝင်သောဥာဏ်စမ်းမေးခွန်းများကိုမထုတ်ဘဲ၊ အသုံးဝင်၍ ကျေးဇူးလည်းများသော မူလကျမ်းရင်းလာ အဓိပ္ပါယ်ပါရှိသည့် မေးခွန်းများသာထုတ်ရမည်။

## စာမေးပွဲဝင်ရောက်ဖြေဆိုသောပုဂ္ဂိုလ်များ၏ အရည်အချင်း

၁၇။ ။(၁) ပဌမငယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုသော ပုဂ္ဂိုလ်သည်၊ ထိုစာမေးပွဲကျင်းပသည့်နေ့၌ အသက် ၁၄ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၂) ပဌမလတ်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုသောပုဂ္ဂိုလ်သည်၊ ပဌမငယ်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။

(၃) ပဌမကြီးတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုသော ပုဂ္ဂိုလ်သည်၊ ပဌမလတ်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။

၁၈။ ။ပဌမငယ်တန်း စာမေးပွဲတွင် ဖြစ်စေ၊ ပဌမလတ်တန်း စာမေးပွဲတွင် ဖြစ်စေ ကျရှုံးသောစာဖြေပုဂ္ဂိုလ်သည်၊ မိမိကျရှုံးသောစာမေးပွဲကို၊ ၄ ကြိမ်အထိဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

၁၉။ ။မည်သူမဆို၊ မိမိအောင်မြင်ပြီးသော ပဋ္ဌမငယ်တန်းစာမေးပွဲကို၊ သို့တည်းမဟုတ် ပဋ္ဌမလတ်တန်း စာမေးပွဲကို၊ သို့တည်းမဟုတ် ပဋ္ဌမကြီးတန်း စာမေးပွဲကို၊ မူလအမည်ဖြင့်သော်၎င်း၊ ပြောင်းလဲထားသည့် အမည်ဖြင့်သော်၎င်း ထပ်မံဝင်ရောက်ဖြေဆိုခြင်းမပြုရ။

## စာမေးပွဲဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ

၂၀။ ။(၁) စာမေးပွဲဖြေဆိုလိုသူတိုင်းသည်၊ စာမေးပွဲကိုဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာတစောင်ကို၊ မိဿ ၂ စောင်နှင့်တကွ၊ ဤနည်းဥပဒေများနှင့်ပူးတွဲထားသည့် ပုံစံ ၅ ဖြင့်ဖြစ်စေ၊ ထိုပုံစံနှင့်တူညီနိုင်သမျှတူညီအောင် ရေးသား၍ဖြစ်စေ၊ သက်ဆိုင်ရာ ကျောင်းထိုင်ပုဂ္ဂိုလ်မှတဆင့်၊ သက်ဆိုင်ရာပညာအုပ်၊ သို့တည်းမဟုတ် ပါဠိပညာရေးအဖွဲ့မှ ညွှန်ကြားသူထံတင်သွင်းရပါမည်။

(၂) စာမေးပွဲဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်းသူတိုင်းသည်၊ မိမိတင်သွင်းသောအခွင့်တောင်းလွှာ ၃ စောင်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။

(၃) စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ၌ ဖော်ပြပါရှိသော ကျောင်းတိုက်၊ ကျောင်းထိုင်ပုဂ္ဂိုလ်နှင့် စာဖြေဌာနစသည်တို့ကို ပြောင်းလဲခြင်းမပြုရ။

(၄) စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်းသူသည်၊ မိမိသီတင်းသုံးနေထိုင်သော ဒေသနှင့် အနီးဆုံးဖြစ်သည့် စာဖြေဌာန၌သာ စာမေးပွဲဖြေဆိုရမည်။

(၅) စာမေးပွဲဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်းသူ တဦးသည်၊ တနှစ်အတွက် တကြိမ်ထက်ပို၍ အခွင့်တောင်းလွှာမတင်သွင်းရ။

## စာမေးပွဲကိုဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ ထဆင့်ပေးပို့သော ကျောင်းထိုင်ပုဂ္ဂိုလ်၏တာဝန်ဝတ္တရားများ

၂၁။ ။(၁) နည်းဥပဒေ ၂၀ ၏ နည်းဥပဒေခွဲ (၁) ၌ ရည်ညွှန်းထားသည့် ကျောင်းထိုင်ပုဂ္ဂိုလ်သည်၊ မိမိရရှိသောအခွင့်တောင်းလွှာ ၃ စောင်လုံးကို၊ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီးလျှင်၊ သက်ဆိုင်ရာပညာအုပ်ထံ၊ သို့တည်းမဟုတ် ပါဠိပညာရေးအဖွဲ့မှ ညွှန်ကြားသူထံ ပို့တော်မူရပါမည်။

(၂) အဆိုပါ ကျောင်းထိုင်ပုဂ္ဂိုလ်သည်၊ အခွင့်တောင်းလွှာများကို လက်မှတ်မရေးထိုးမီ အောက်ပါအတိုင်း စစ်ဆေးတော်မူရပါမည်။

(က) ပဋ္ဌမငယ်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသူသည်၊ ထိုစာမေးပွဲကျင်းပသည့်နေ့ရက်၌ အသက် ၁၄ နှစ်ပြည့် မပြည့် စစ်ဆေးတော်မူရပါမည်။ ပဋ္ဌမလတ်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသူသည်၊ ပဋ္ဌမငယ်တန်း စာမေးပွဲ အောင်မြင်ပြီးသူ ဟုတ် မဟုတ် အောင်လက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးတော်မူရပါမည်။ ပဋ္ဌမကြီးတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသူသည်၊ ပဋ္ဌမငယ်တန်း စာမေးပွဲနှင့် ပဋ္ဌမလတ်တန်း စာမေးပွဲများကို အောင်မြင်ပြီးသူ ဟုတ် မဟုတ် အောင်လက်မှတ်များနှင့်တိုက်ဆိုင်၍ စစ်ဆေးတော်မူရပါမည်။

(ခ) စာမေးပွဲကိုဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာတင်သွင်းသူသည်၊ ၎င်းဖြေဆိုလိုသော စာမေးပွဲအဆင့်အတန်းကို ယခင်ကအောင်မြင်ပြီးသူ ဟုတ် မဟုတ် စစ်ဆေးတော်မူရပါမည်။

(ဂ) စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်းသူသည်၊ ၎င်းဖြေဆိုလိုသော စာမေးပွဲ အဆင့်အတန်းအတွက် အခြားအလားတူ အခွင့်တောင်းလွှာတင်သွင်းခြင်း ရှိ မရှိကိုစစ်ဆေးတော်မူရပါမည်။

(ဃ) စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်းသူသည်၊နှစ်အပိုင်းအခြားဖြင့်ဖြစ်စေ၊ တသက်ပတ်လုံးဖြစ်စေစာမေးပွဲမှ ထုတ်ပယ်ခြင်းခံရသူ ဟုတ် မဟုတ်၊ နှစ်အပိုင်းအခြားဖြင့် ထုတ်ပယ်ခြင်းခံရသူဖြစ်လျှင်၊ ထိုကာလအပိုင်းအခြား ကုန်ဆုံးပြီးဖြစ်သည် မဖြစ်သည်တို့ကို စစ်ဆေးတော်မူရပါမည်။

(င) ပဌမငယ်တန်း၊ သို့တည်းမဟုတ် ပဌမလတ်တန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုရန် အခွင့်တောင်းလွှာ တင်သွင်း သူသည်၊ ထိုစာမေးပွဲကို ၄ ကြိမ်တိုင်တိုင် ဖြေဆိုပြီးသူ ဟုတ် မဟုတ်စစ်ဆေးတော်မူရပါမည်။

စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ

၂၂။ ။(၁) မည်သူမျှ—

(က) စာဖြေပုဂ္ဂိုလ်များသို့ စာမေးပွဲများအတွက်မေးခွန်းလွှာများ မပေးမီ မေးခွန်းအားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ မသမာသောနည်းဖြင့် ရယူခြင်း၊ ရအောင်ကြိုးစားခြင်း၊ သို့တည်းမဟုတ် ကြိုးစားသူကို အားပေးကူညီခြင်းမပြုရ။

(ခ) စာဖြေပုဂ္ဂိုလ် တဦးဦးအတွက် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခြင်း၊ သို့တည်းမဟုတ် ဝင်ရောက် ဖြေဆိုခြင်းကို အားပေးကူညီခြင်း၊ သို့တည်းမဟုတ် ကိုယ်စားသွင်း၍ အခြားသူတဦးအား ဝင်ရောက်ဖြေဆိုစေခြင်းမပြုရ။

(ဂ) စာမေးပွဲအောင် လက်မှတ်အတုဖြင့်သော်၎င်း၊ အောင်လက်မှတ်တွင်ပါရှိသော လက်မှတ်များကိုအတုရေးထိုးခြင်းဖြင့်သော်၎င်း၊ အခြားမသမာသောနည်းလမ်းဖြင့်သော်၎င်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရရန် ကြိုးစားအားထုတ်ခြင်းမပြုရ။

(ဃ) အခြားသူတဦးဦး၏ စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့် လက်မှတ်ဖြင့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခြင်းမပြုရ။

(င) စာမေးပွဲနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တဦးဦးအားလာဘ်ပေးခြင်း၊ သို့တည်းမဟုတ် လာဘ်ပေးရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊ သို့တည်းမဟုတ်

(စ) စာမေးပွဲနှင့်စပ်လျဉ်း၍ လာဘ်ယူခြင်း၊ သို့တည်းမဟုတ် လာဘ်ယူရန် ကြိုးစားအားထုတ်ခြင်းမပြုရ။

(၂) အုပ်ချုပ်ရေးမှူးသည်၊ နည်းဥပဒေခွဲ (၁) ၌ ဖော်ပြထားသည့် စည်းကမ်းချက်များကို သီးခြားပုံနှိပ်၍၊ စာမေးပွဲဝင် ကျောင်းတိုက်များ၊ စာမေးပွဲဆိုင်ရာ အသင်းအဖွဲ့များနှင့် စာဖြေဌာနများသို့ ကပ်ထားရန်အတွက် ပေးပို့ရမည့်ပြင် မေးခွန်းထုတ်သူ၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးသူအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်များထံသို့လည်း သိရှိရန်တစောင်စီပေးပို့ရမည်။

၂၃။ ။(၁) မည်သည့်စာဖြေပုဂ္ဂိုလ်မျှ—

(က) စာဖြေခန်းထဲသို့ စာမေးပွဲနှင့် သက်ဆိုင်သည့်ကျမ်းစာအုပ်၊ မှတ်စုမှတ်တမ်း၊ ရေးသားထားသောစာအုပ်၊ စာရွက်စာတမ်း စသည်တို့ကို ယူဆောင်လာခြင်း မပြုရ၊

(ခ) ကျမ်းစာအုပ်၊ မှတ်စုမှတ်တမ်း၊ စာအုပ်၊ စာရွက်စာတမ်း စသည်တို့မှ ရေးကူး၍သော်၎င်း၊ အထောက်အပံ့ယူ၍သော်၎င်း စာဖြေဆိုခြင်း၊ သို့တည်းမဟုတ် စာဖြေဆိုရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊

(ဂ) အခြားစာဖြေပုဂ္ဂိုလ်တဦးထံမှ ကူးယူဖြေဆိုခြင်း၊ သို့တည်းမဟုတ် ကူးယူဖြေဆိုရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊ သို့တည်းမဟုတ်

(ဃ) အခြားစာဖြေ ပုဂ္ဂိုလ်တဦးအား၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ မသမာသည့်အကူအညီပေးခြင်း မပြုရ။

(၂) နည်းဥပဒေခွဲ (၁) တွင် ဖော်ပြထားသည့် ပြုလုပ်မှုတခုခုနှင့် စပ်လျဉ်း၍၊ စာမေးပွဲ ကြီးကြပ်ရေးမှူးက၊ သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိသဖြင့်၊ သက်ဆိုင်ရာစာမေးပွဲ ကြီးကြပ်ရေးဆရာတော်အား၊ အသိအမှတ်ပြုစေပြီးနောက် တိုင်ကြားလျှင်သော်၎င်း၊ သက်ဆိုင်ရာ အဖြေအမှတ်ပေးသူထံမှ မသမာသောနည်းဖြင့် ဖြေဆိုသည်ဟု ယူဆကြောင်း တိုင်ကြားချက်ရလျှင်သော်၎င်း စာစစ်အဖွဲ့သည်၊ အမှုသွား အမှုလာကို စစ်ဆေး၍ အမှုမှန်သည်ဟု ယူဆပါက၊ ဖွဲ့ဖက်အစည်းအဝေးသို့ တင်ပြရမည်၊ ဖွဲ့ဖက်အစည်းအဝေး၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်ရမည်။

## စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည့်အတွက် စုံစမ်းစစ်ဆေးခြင်း

၂၄။ ။(၁) အုပ်ချုပ်ရေးမှူးသည်၊ နည်းဥပဒေ ၂၂ တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တခုခုကို လိုက်နာရန်ပျက်ကွက်မှုနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်ကို၊ စွပ်စွဲခြင်းခံရသူထံ စာဖြင့်ရေးသားပေးပို့၍၊ ထိုသူအားရှင်းလင်းထုချေနိုင်ရန် သင့်လျော်သောအချိန်ပေးရမည်။

(၂) အုပ်ချုပ်ရေးမှူးသည်၊ စွပ်စွဲခြင်းခံရသူထံမှ ထုချေလွှာရသည့်အခါဖြစ်စေ၊ သတ်မှတ်ထားသောအချိန်အတွင်း စွပ်စွဲခြင်းခံရသူက ထုချေလွှာတင်သွင်းရန်ပျက်ကွက်လျှင်၊ ထိုသတ်မှတ်ထားသည့်အချိန် ကုန်ဆုံးသည့်အခါဖြစ်စေ စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပြည့်စုံအောင် စုံစမ်းစစ်ဆေးပြီးလျှင်၊ ၎င်း၏ထင်မြင်ယူဆချက်နှင့်တကွ အမှုတွဲကို၊ စာစစ်အဖွဲ့သို့ တင်ပြရမည်။

(၃) စာစစ်အဖွဲ့သည်၊ နည်းဥပဒေခွဲ (၂) အရတင်ပြသည့်အမှုကို စစ်ဆေးဆုံးဖြတ်ရမည်။

(၄) စွပ်စွဲခြင်းခံရသူသည်၊ မိမိအပေါ် စွပ်စွဲချက်နှင့်စပ်လျဉ်းသည့်ကိစ္စအတွက် စာစစ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

(၅) စာစစ်အဖွဲ့သည်၊ မိမိ၏ဆုံးဖြတ်ချက်ကို အတည်ပြုချက်ရရန်အလို့ငှါ၊ တွဲဖက်အစည်းအဝေးသို့တင်ပြရမည်။ တွဲဖက်အစည်းအဝေး၏ အတည်ပြုချက်သည် အပြီးသတ်ဖြစ်ရမည်။

၂၅။ ။(၁) ပါဠိပညာရေးအဖွဲ့ဝင်တဦးသည်၊ သို့တည်းမဟုတ် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်တဦးသည်၊ သို့တည်းမဟုတ် စာစစ်အဖွဲ့ဝင်တဦးသည်၊ ဤနည်းဥပဒေများ၏နည်းဥပဒေတခုခုပါ ပြဋ္ဌာန်းချက်အတိုင်းလိုက်နာရန် ပျက်ကွက်လျှင်၊ နှစ်အပိုင်းအခြားဖြင့်ဖြစ်စေ၊ တသက်ပတ်လုံးဖြစ်စေ သက်ဆိုင်ရာအဖွဲ့မှ ထုတ်ပယ်ခြင်းခံရမည်။

(၂) စာမေးပွဲအတွက် မေးခွန်းထုတ်သူ တဦးသည်၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးသူတဦးသည်၊ဤနည်းဥပဒေများ၏ နည်းဥပဒေတခုခုပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန် ပျက်ကွက်လျှင်၊ နှစ်အပိုင်းအခြားဖြင့် ဖြစ်စေ၊ တသက်ပတ်လုံး ဖြစ်စေ ယင်းသို့မေးခွန်းထုတ်ခြင်း၊ သို့တည်းမဟုတ် အမှတ်ပေးခြင်းမပြုရ။

(၃) စာဖြေပုဂ္ဂိုလ်တဦးသည်၊ ဤနည်းဥပဒေများ၏ နည်းဥပဒေတခုခုပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ နှစ်အပိုင်းအခြားဖြင့်ဖြစ်စေ၊ တသက်ပတ်လုံးဖြစ်စေ စာမေးပွဲမှထုတ်ပယ်ခြင်းခံရမည်။

၂၆။ ။(၁) အုပ်ချုပ်ရေးမှူးသည်၊ နည်းဥပဒေ ၂၅ (၁) အရ၊ သက်ဆိုင်ရာအဖွဲ့မှထုတ်ပယ်ခြင်းခံရသော ပါဠိပညာရေးအဖွဲ့ဝင်၊ သို့တည်းမဟုတ် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်၊ သို့တည်းမဟုတ် စာစစ်အဖွဲ့ဝင်ထံသို့၎င်း၊ ထိုအဖွဲ့ဝင်ကိုခန့်ထားသော ပုဂ္ဂိုလ်များထံသို့၎င်း၊ ထိုအဖွဲ့ဝင်နှင့်သက်ဆိုင်သည့် အသင်းအဖွဲ့ဌာနထံသို့၎င်း၊ ပါဠိပညာရေးအဖွဲ့သို့ ကိုယ်စားလှယ်စေလွှတ်နိုင်ခွင့်ရှိသော အခြားအသင်းအဖွဲ့ ဌာနများသို့၎င်း ယင်းသို့ထုတ်ပယ်ကြောင်းကို၊ လျှို့ဝှက်စာပေးပို့၍ အကြောင်းကြားရမည်။

(၂) အုပ်ချုပ်ရေးမှူးသည်၊ နည်းဥပဒေ ၂၅ (၂) အရ တားမြစ်ခြင်းခံရသော မေးခွန်းထုတ်သူ၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးသူထံသို့၎င်း၊ပါဠိပညာရေးအဖွဲ့ဝင်များထံသို့၎င်း၊ နာယကအဖွဲ့ဝင် ဆရာတော်များထံသို့၎င်း ယင်းသို့တားမြစ်ကြောင်းကို လျှို့ဝှက်စာပေးပို့၍ အကြောင်းကြားရမည်။

(၃) အုပ်ချုပ်ရေးမှူးသည်၊ နည်းဥပဒေ ၂၅ (၃) အရ စာမေးပွဲမှ ထုတ်ပယ်ခြင်းခံရသော စာဖြေပုဂ္ဂိုလ်ထံသို့၎င်း၊ ထိုပုဂ္ဂိုလ်၏ ဆရာကောင်နှင့်တကွ စာသင်တိုက်အသီးသီးမှ ဆရာတော်များထံသို့၎င်း၊ သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံသို့၎င်း၊ ယင်းသို့ စာမေးပွဲမှထုတ်ပယ်ကြောင်းကို လျှို့ဝှက်စာပေးပို့၍ အကြောင်းကြားရမည်။

## အောင်မှတ်

၂၇။ ။ပဌမငယ်တန်းစာမေးပွဲ၊ သို့တည်းမဟုတ် ပဌမလတ်တန်း စာမေးပွဲ၊ သို့တည်းမဟုတ် ပဌမကြီးတန်းစာမေးပွဲနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းထားသည့် ဘာသာရပ်တိုင်းအတွက် သတ်မှတ်သော အမှတ်ပြည့်၏ရာခိုင်နှုန်း ၄၀ နှင့်ညီမျှသော အမှတ်သည် အောင်မှတ်ဖြစ်ရမည်။

### ပဋ္ဌမကျော်

၂၀။ ။နှစ်စဉ် ပဋ္ဌမကြီးတန်း စာမေးပွဲကိုအောင်မြင်ကြသော ပုဂ္ဂိုလ်များထဲမှ အမှတ်အများဆုံးရရှိသော ပုဂ္ဂိုလ်အား၊ ပဋ္ဌမကျော်အောင်ပန်းရ ပုဂ္ဂိုလ်ဟုအသိအမှတ်ပြုရမည်။

### မွန်ဘာသာ

၂၉။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ အောက်ပါစာဖြေဌာနများ၌ ဖြေဆိုကြသော မွန်စာဖြေပုဂ္ဂိုလ်များအတွက်၊ ပဋ္ဌမငယ်တန်း၊ ပဋ္ဌမလတ်တန်းနှင့် ပဋ္ဌမကြီးတန်း စာမေးပွဲမေးခွန်းများကို မွန်ဘာသာသို့ပြန်ဆို၍ ထုတ်ပေးရမည်။

(က) ရန်ကုန်မြို့စာဖြေဌာန။
(ခ) မန္တလေးမြို့စာဖြေဌာန။
(ဂ) မော်လမြိုင်မြို့စာဖြေဌာန။
(ဃ) သထုံမြို့စာဖြေဌာန။

(၂) နည်းဥပဒေခွဲ (၁)တွင် ဖော်ပြသည့်စာဖြေဌာနများ၌ ဖြေဆိုကြသော မွန်စာဖြေပုဂ္ဂိုလ်များသည်၊ မွန်ဘာသာဖြင့် ဖြေဆိုမည့်အကြောင်းကို သက်ဆိုင်ရာ စာမေးပွဲကြီးကြပ်ရေးမှူးသို့ တိုင်ကြားရမည်။

### စာမေးပွဲဖြေဆိုခွင့်ပြုသောဘာသာ

၃၀။ ။(၁) စာမေးပွဲကို၊ မြန်မာဘာသာဖြင့်သော်၎င်း၊ ပါဠိဘာသာဖြင့်သော်၎င်း၊ နည်းဥပဒေ ၂၉ ပါပြဋ္ဌာန်းချက်များကို ထောက်ထား၍ မွန်ဘာသာဖြင့်သော်၎င်း ဖြေဆိုနိုင်သည်။

(၂) မြန်မာဘာသာဖြင့် ဖြေဆိုသောစာဖြေပုဂ္ဂိုလ်များသည်၊ စာမေးပွဲမေးခွန်းများကို၊ မြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။ ပါဠိဘာသာဖြင့်ဖြေဆိုသောစာဖြေပုဂ္ဂိုလ်များသည်၊စာမေးပွဲမေးခွန်းများကို၊ ပါဠိဘာသာဖြင့်သာဖြေဆိုရမည်။ မွန်ဘာသာဖြင့် ဖြေဆိုသောစာဖြေပုဂ္ဂိုလ်များသည်၊ မေးခွန်းများကို၊ မွန်ဘာသာဖြင့်သာဖြေဆိုရမည်။

### စာမေးပွဲကျင်းပရမည့်လ

၃၁။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ စာမေးပွဲကို နှစ်စဉ် ဧပြီလအတွင်း ကျင်းပရမည်။

(၂) စာမေးပွဲကျင်းမည့်နေ့ရက်နှင့် အချိန်ကို၊ နှစ်စဉ်ဘွဲ့ဖက်အစည်းအဝေးက ရွေးချယ်သတ်မှတ်ရမည်။

(၃) စာမေးပွဲကျင်းပသည့်နေ့များ၏ ဒုတိယနေ့သည်၊တနင်္ဂနွေနေ့၊ သို့တည်းမဟုတ် အခိုးရုံးပိတ်သည့်နေ့မဖြစ်စေရ။

### အောင်စာရင်းများ

၃၂။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ ပဋ္ဌမငယ်တန်းနှင့် ပဋ္ဌမလတ်တန်း စာမေးပွဲများတွင် ပဋ္ဌမ၊ ဒုတိယ၊ တတိယ အောင်သောပုဂ္ဂိုလ်များ၏ အမည်များကို အမှတ်များရာ အလိုက်စဉ်လိုက်၊ ကျန်အောင်သော ပုဂ္ဂိုလ်များ၏ အမည်များကို၊ ကျောင်းများအလိုက်စု၍ အောင်စာရင်းများကိုကြေညာရမည်။

(၂) ပါဠိပညာရေးအဖွဲ့သည်၊ ပဌမကြီးတန်း စာမေးပွဲတွင် ပဌမကျော်နှင့် ပဌမကျော်အောက်အမှတ်အများဆုံးရသော ပုဂ္ဂိုလ် ၂ ဦးတို့၏အမည်များကို၊ အမှတ်များရာအလိုက်စဉ်လျက်၊ ကျန်အောင်သော ပုဂ္ဂိုလ်များ၏အမည်များကိုကျောင်းများအလိုက်စု၍အောင်စာရင်းကို ကြေညာရမည်။

(၃) ပါဠိပညာရေးအဖွဲ့သည်၊ ပဌမကြီးတန်းစာမေးပွဲကို အောင်မြင်ကြသော သီလရှင်များအနက်၊အမှတ်အများဆုံးရသော သီလရှင်၏အမည်ကို၊အောင်စာရင်းတွင် သီးခြားကြေညာရမည်။

(၄) ပါဠိပညာရေးအဖွဲ့သည်၊ နှစ်စဉ်အအောင်အများဆုံး ကျောင်းတိုက်ရှစ်တိုက်နှင့်စာဖြေပုဂ္ဂိုလ်အများဆုံး ဝင်ရောက်ဖြေဆိုသည့် စာဖြေဌာန လေးဌာနတို့၏ စာရင်းကိုလည်းပူးတွဲကြေညာရမည်။

(၅) ပါဠိပညာရေးအဖွဲ့သည်၊ စာမေးပွဲအောင်စာရင်းများကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးလျှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့၎င်း၊ စာမေးပွဲ တင်သွင်းသော ကျောင်းထိုင်ပုဂ္ဂိုလ်များထံသို့၎င်း၊ စာဖြေဌာနအသီးသီး၌ ကြီးကြပ်ခဲ့ကြသော စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အားလုံးထံသို့၎င်း၊ စာမေးပွဲနှင့်သက်ဆိုင်သော အသင်းအဖွဲ့များနှင့်ဆွမ်းကျွေးအသင်းများထံသို့၎င်း ပေးပို့ရမည်။

## အောင်လက်မှတ်

၃၃။ ။(၁) ပဌမကျော်အောင်လက်မှတ်၊ ပဌမကြီးအောင်လက်မှတ်၊ ပဌမလတ်အောင်လက်မှတ်နှင့် ပဌမငယ်အောင်လက်မှတ်များသည်၊ ဤနည်းဥပဒေများနှင့် ပူးတွဲထားသည့် ပုံစံ ၆၊ ပုံစံ ၇၊ ပုံစံ ၈ နှင့် ပုံစံ ၉ အတိုင်းဖြစ်ရမည်။

(၂) ပဌမကြီးအောင်လက်မှတ်၊ ပဌမလတ် အောင်လက်မှတ်နှင့် ပဌမငယ်အောင်လက်မှတ်များကို၊ နာယကအဖွဲ့၏ဥက္ကဋ္ဌဆရာတော်၊ ပါဠိပညာရေးအဖွဲ့၏ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးနှင့် အုပ်ချုပ်ရေးမှူးတို့က လက်မှတ်ရေးထိုးကြရမည်။

(၃) ပဌမကျော်အောင်လက်မှတ်ကို၊ နည်းဥပဒေခွဲ(၂) တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးကြရမည့်ပြင်၊ ပဌမကျော်အောင်ပန်းရ ပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့်၊ နိုင်ငံတော် သမ္မတ လက်မှတ်ရေးထိုးရန်၊ပါဠိပညာရေးအဖွဲ့က မေတ္တာရပ်ခံရမည်။

## ဘွဲ့နှင်းသဘင်များကျင်းပခြင်း

၃၄။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ စာမေးပွဲ အောင်မြင်သူများအား၊ အောင်လက်မှတ်ဆက်ကပ်သော ဘွဲ့နှင်းသဘင် အခမ်းအနားကို နှစ်စဉ်နတ်တော်လ၌ စာဖြေဌာနတိုင်းတွင်ကျင်းပရမည်။

(၂) ပါဠိပညာရေးအဖွဲ့သည်၊ သက်ဆိုင်ရာစာမေးပွဲအောင်ပုဂ္ဂိုလ်များ၊ ၎င်းတို့၏ဆရာတော်များ၊ မြို့ပေါ်ရှိ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်များ၊ ဩဝါဒါစရိယ ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ ဆရာတော်များ၊ အခြားသင့်လျော်သော ဆရာတော်၊ လူပုဂ္ဂိုလ်များနှင့်အသင်းအဖွဲ့များအား၊ ဘွဲ့နှင်းသဘင်များသို့ ကြွရောက်ရန် ဖိတ်ကြားရမည်။

(၃) ပါဠိပညာရေးအဖွဲ့သည်၊ ဘွဲ့နှင်းသဘင်များသို့မကြွရောက်နိုင်သောပုဂ္ဂိုလ်များ၏ အောင်လက်မှတ်များကို၊ ကျောင်းတိုက်များ၌ လိုက်လံဆက်ကပ်နိုင်ရန် သက်ဆိုင်ရာပညာအုပ်များ၊ သို့ဘည်းမဟုတ် သာသနာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့်အရာရှိများသို့ပေးအပ်ရမည်။

(၄) ပါဠိပညာရေးအဖွဲ့သည်၊ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရသော စာမေးပွဲအောင်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ၊ ပါဠိပညာရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာ၊ မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားသော နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ဩဝါဒ၊ နိုင်ငံတော်သမ္မတ၏လျှောက်ထားချက်၊ သာသနာရေးဝန်ကြီး၏လျှောက်ထားချက်၊ ပါဠိပညာရေးအဖွဲ့ဥက္ကဋ္ဌ၏လျှောက်ထားချက်၊ မဟာဘွဲ့နှင်းသဘင်နှင့်ရှင်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပပုံနှင့်စာဖြေဌာန အသီးသီး၌ စာဖြေသူနှင့်အောင်မြင်သူစာရင်းများကို၊ နှစ်စဉ်စာအုပ်ရိုက်နှိပ်၍ စာမေးပွဲနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များနှင့်အသင်းအဖွဲ့များသို့ဝေငှရမည်။

### မဟာဘွဲ့နှင်းသဘင်

၃၅။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ မဟာဘွဲ့နှင်းသဘင် အခမ်းအနား၌ ပဌမကျော်အောင်ပန်းရ ပုဂ္ဂိုလ်အား၊ ပဌမကျော်အောင်လက်မှတ်ကို၊ အထူးရွှေရေးကျည်တောက်တွင် ထည့်၍၎င်း၊ အောက်ပါ ပုဂ္ဂိုလ်များအား၊ အခြားအောင်လက်မှတ်များကို ရိုးရိုးရွှေရေးယွန်းကျည်တောက်တွင်ထည့်၍၎င်း ဆက်ကပ်ရမည်။

(က) ပဌမကျော်အောက် အမှတ်အများဆုံးရလျက်အောင်သော ပုဂ္ဂိုလ်။

(ခ) ပဌမကျော်အောက် ဒုတိယအမှတ်အများဆုံးရလျက် အောင်သော ပုဂ္ဂိုလ်။

(ဂ) ပဌမကြီးတန်းတွင် သီလရှင်များအနက်၊ အမှတ်အများဆုံးရလျက် အောင်သော သီလရှင်။

(ဃ) ပဌမလတ်တန်း၌ ပဌမ၊ ဒုတိယ၊ တတိယ အမှတ်အများဆုံးရလျက် အောင်သော ပုဂ္ဂိုလ်များ။

(င) ပဌမလတ်တန်း၌ သီလရှင်များအနက်၊ အမှတ်အများဆုံး ရလျက် အောင်သော သီလရှင်။

(စ) ပဌမငယ်တန်း၌ ပဌမ၊ ဒုတိယ၊ တတိယ အမှတ်အများဆုံး ရလျက် အောင်သောပုဂ္ဂိုလ်များ။

(ဆ) ပဌမငယ်တန်း၌ သီလရှင်များအနက် အမှတ်အများဆုံး ရလျက် အောင်သော သီလရှင်။

(၂) ပါဠိပညာရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတ အား၊ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကိုချီးမြှောက်သောအားဖြင့် အောက်ပါကိစ္စများဆောင်ရွက်ပါရန်မေတ္တာရပ်ခံရမည်။

(က) မဟာဘွဲ့နှင်းသဘင်၌၊ နည်းဥပဒေခွဲ (၁) တွင်ဖော်ပြထားသော အောင်လက်မှတ်များကိုဆက်ကပ်ခြင်း။

(ခ) မဟာဘွဲ့နှင်းသဘင်၌ မိန့်ခွန်းပြောကြားခြင်း။

(ဂ) နိုင်ငံတော်အစိုးရ၏ကိုယ်စား ရေစက်သွန်းချအမျှပေးခြင်း။

(၃) ပါဠိပညာရေးအဖွဲ့သည်၊ သာသနာရေးဝန်ကြီးအား၊မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ချီးမြှောက်သောအားဖြင့်၊ မဟာဘွဲ့နှင်းသဘင်၌ သာသနာဆိုင်ရာ မိန့်ခွန်းပြောကြားပါရန် မေတ္တာရပ်ခံရမည်။

(၄) ပါဠိပညာရေးအဖွဲ့သည်၊ မဟာဘွဲ့နှင်းသဘင်ကို၊တွဲဖက်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ၊မန္တလေးမြို့၌၊ သို့တည်းမဟုတ် ရန်ကုန်မြို့၌ကျင်းပရမည်။

(၅) ပါဠိပညာရေးအဖွဲ့သည်၊ မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပရန် အတွက်၊ အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့်သင့်လျော်သော အခြားအဖွဲ့ဝင်များ ပါဝင်သည့် အဖွဲ့ငယ်ကို ဖွဲ့စည်းရမည်။ ထိုအဖွဲ့ငယ်၌ပြင်ပမှသင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ငယ် တွင် ပါဝင်ဆောင်ရွက်ရန် ခန့်ထားနိုင်သည့်အာဏာရှိရမည်။

(၆) ထိုအဖွဲ့ငယ်သည်၊ အခါအားလျော်စွာ အစည်းအဝေးများ ကျင်းပ၍ မဟာဘွဲ့နှင်းသဘင်ကျင်းပရေး အစီအစဉ်များနှင့် ထိုအခမ်းအနားသို့ ဘိတ်ကြားမည့် ပုဂ္ဂိုလ်များသတ်မှတ်ခြင်း စသောမဟာဘွဲ့နှင်းသဘင်ကိစ္စအရပ်ရပ်ကိုဆောင်ရွက်ရမည်။

(၇) ထိုအဖွဲ့ငယ်သည်၊ မဟာဘွဲ့နှင်းသဘင်၌ ဘွဲ့ခံပုဂ္ဂိုလ်များအား၊ မြို့ရွာ အသီးသီးမှလှူဒါန်းကြသော အလှူစာရင်းကိုဖတ်ကြားလျှောက်ထားရမည်။

(၈) ထိုအဖွဲ့ငယ်၏အစည်းအဝေးသို့ အဖွဲ့ဝင်ဦးရေ ထက်ဝက်အောက်မနည်း တက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။ အဖွဲ့ငယ်၏အစည်းအဝေးတိုင်း တွင် ပါဠိပညာရေးအဖွဲ့၏ ဥက္ကဋ္ဌသည်၊ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်း အဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်လျှင်၊ တက်ရောက်သော အဖွဲ့ဝင်များထဲမှ တဦးကို သဘာပတိအဖြစ်ရွေးချယ်တင်မြှောက်ရမည်။

(၉) ထိုအဖွဲ့ငယ်သည်၊ ပါဠိပညာရေးအဖွဲ့ ဥက္ကဋ္ဌ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက် မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(၁၀) ထိုအဖွဲ့ငယ်သည်၊ မိမိဆောင်ရွက်သည့် ကိစ္စများနှင့်စပ်လျဉ်း၍၊ ပါဠိ ပညာရေးအဖွဲ့သို့ အစီရင်ခံစာတင်သွင်းရမည်။

(၁၁) အထူးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရန် အလို့ငှါ၊ ထိုကိစ္စတွင် အကြံဉာဏ်ပေးနိုင်သော အထူးအရည်အချင်း ရှိသူကိုသော်၎င်း၊ သက်ဆိုင်ရာအရပ် ဒေသ၏ အခြေအနေကိုကောင်းစွာသိကျွမ်းနားလည်သူကိုသော်၎င်း ထိုအဖွဲ့ငယ်က ဘိတ်ခေါ်၍ ဆွေးနွေးနိုင်သည်။ ထိုသို့ ဘိတ်ခေါ်ခြင်းခံရသူအား၊ အဖွဲ့ငယ်၏အစည်း အဝေးသို့ တက်ရောက်ရသည့်အတွက် တနေ့လျှင်တဆယ့်ငါးကျပ်ပေးရမည်။ ထိုသို့ ဘိတ်ခေါ်ခြင်းခံရသူ၌ မဲဆန္ဒပေးနိုင်ခွင့်မရှိစေရ။

## ရှင်ဒွဘွဲ့နှင်းသဘင်များ

၃၆။ ။(၁) ပါဠိပညာရေးအဖွဲ့သည်၊ ရှင်ဒွဘွဲ့နှင်းသဘင်များကို စာဖြေဌာန တိုင်းတွင်ကျင်းပရမည်။

(၂) စာမေးပွဲကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်သည်၊ မဟာ ဘွဲ့နှင်းသဘင်ကျင်းပသောစာဖြေဌာနမှတပါး၊ အခြားစာဖြေဌာနများအတွက်ရှင်ဒွဘွဲ့နှင်း သဘင်အခမ်းအနားများကျင်းပရန်၊ မိမိကြီးကြပ်ရသော စာဖြေဌာနနှင့် သက်ဆိုင်သည့် ပဋ္ဌမပြန်ဆွမ်းကျွေးအသင်းနှင့်တိုင်ပင်၍၊ စာမေးပွဲအောင် ပုဂ္ဂိုလ်များအား၊ အောင် လက်မှတ်ဆက်ကပ်ရန်သင့်လျော်သော ပုဂ္ဂိုလ်တဦးကိုရွေးချယ်ခြင်း၊ ရှင်ဒွဘွဲ့နှင်းသဘင်

ကျင်းပမည့်အစီအစဉ်များပြုလုပ်ခြင်းနှင့် ဘိတ်ကြားမည့် ပုဂ္ဂိုလ်များကိုသတ်မှတ်ခြင်း စသည့် ရှင်ဘွဲ့နှင်းသဘင်ဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရမည်။

(၃) မဟာဘွဲ့နှင်းသဘင်ကျင်းပလျက်ရှိသော မန္တလေးမြို့တွင်၊ သို့တည်းမဟုတ် ရန်ကုန်မြို့တွင်၊ ရှင်ဘွဲ့နှင်းသဘင်ကို၊မဟာဘွဲ့နှင်းသဘင်ကျင်းပသည့်နေ့၊နောက်တဆက်ထည်းဖြစ်သောနေ့၌ကျင်းပရမည်။

(၄) မန္တလေးမြို့စာဖြေဌာန၊ သို့တည်းမဟုတ် ရန်ကုန်မြို့စာဖြေဌာနအတွက် ရှင်ဘွဲ့နှင်းသဘင်အခမ်းအနားကို၊ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (၅) အရ ဖွဲ့စည်းထားသော အဖွဲ့ငယ်ကပင် တာဝန်ယူဆောင်ရွက်ရမည်။

## အောင်လက်မှတ်မိတ္တူထုတ်ပေးခြင်း

၃၇။ ။(၁) နည်းဥပဒေခွဲ (၂) တွင် သီးခြားပြဋ္ဌာန်းထားသည်မှတပါး၊ စာမေးပွဲအောင်မြင်ပြီးဖြစ်သော ပုဂ္ဂိုလ်တဦးဦးသည်၊ မိမိ၏အောင်လက်မှတ်ပျောက်ဆုံးလျှင်ဖြစ်စေ၊ ပျက်စီးလျှင်ဖြစ်စေ အောင်လက်မှတ်မိတ္တူကို ထုတ်ပေးရန်အုပ်ချုပ်ရေးမှူး ထံတောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အခါ၊အုပ်ချုပ်ရေးမှူးသည်၊ အောင်လက်မှတ် ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးခြင်းမှန် မမှန်ကိုစုံစမ်း၍၊ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးခြင်းမှန်သည်ဟု ကြေနပ်လျှင်၎င်း၊ စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့သော ကျောင်းတိုက်မှ လက်ရှိကျောင်းထိုင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာကြီးကြပ်ရေးမှူး၏ ထောက်ခံချက်အရဖြစ်စေ၊စာမေးပွဲအောင်စာရင်း၊ သို့တည်းမဟုတ် အမှတ်စာရင်းအရ ဖြစ်စေ စာမေးပွဲအောင်မြင်ခဲ့ခြင်းမှန်သည်ဟု ကြေနပ်လျှင်၎င်း အောင်လက်မှတ်မိတ္တူကိုထုတ်ပေးရမည်။

(၂) စစ်ဘေးစစ်ဒဏ်ကြောင့် ပါဠိပညာရေးအဖွဲ့ရုံးတွင် မှတ်တမ်းမရှိသည့်နှစ်များက စာမေးပွဲအောင်မြင်ပြီးဖြစ်သော ပုဂ္ဂိုလ်တဦးဦးသည်၊ မိမိ၏အောင်လက်မှတ် ပျောက်ဆုံးလျှင်ဖြစ်စေ၊ ပျက်စီးလျှင်ဖြစ်စေ၊ အောင်လက်မှတ်မိတ္တူကို ထုတ်ပေးရန် အုပ်ချုပ်ရေးမှူးထံတောင်းဆိုနိုင်သည်။ထိုသို့တောင်းဆိုသည့်အခါ၊အုပ်ချုပ်ရေးမှူးသည်၊ စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့သောကျောင်းတိုက်မှ လက်ရှိကျောင်းထိုင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာပညာအုပ်က အောင်လက်မှတ်မိတ္တူထုတ်ပေးရန် အခိုင်အမာထောက်ခံ၍ ပါဠိပညာရေးအဖွဲ့နှင့်နာယကအဖွဲ့ကသဘောတူလျှင်၊ အောင်လက်မှတ် မိတ္တူကိုထုတ်ပေးရမည်။

(၃) နည်းဥပဒေခွဲ (၁) နှင့် (၂) အရထုတ်ပေးသောအောင်လက်မှတ် မိတ္တူကို သာသနာရေးဝန်ကြီး၊ ပါဠိပညာရေးအဖွဲ့၏ဥက္ကဋ္ဌ၊ နာယကအဖွဲ့၏ ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။

## ပါဠိပညာရေးအဖွဲ့၏အစည်းအဝေးကိုဖွင့်ခြင်း၊ ရုပ်သိမ်းခြင်း

၃၈။ ။(၁) ပါဠိပညာရေးအဖွဲ့၏ အစည်းအဝေးကိုကျင်းပသည့်အခါတိုင်း ''နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'' သုံးကြိမ် ရွတ်ဆို၍ အစည်းအဝေးကိုဖွင့်ရမည်။

(၂) ပါဠိပညာရေးအဖွဲ့၏ အစည်းအဝေး ကျင်းပပြီးစီးသည့် အခါတိုင်း ''ဇိနသာသနံစိရံတိဋ္ဌတု'' သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးရုပ်သိမ်းရမည်။

၃၉။ ။(၁) အက်ဥပဒေ၏ပုဒ်မ ၃၃ အရ၊ရဟန်းတော်အား ငွေကိုလှူဒါန်း ထောက်ပံ့သည့်အခါ သက်ဆိုင်ရာ ရဟန်းတော်ရှေ့၌ ငွေကိုထား၍ "နဝကမ္မသဓေမ" ဟု ဆိုလျက်လှူဒါန်းရမည်၊ သို့တည်းမဟုတ် ကပ္ပိယကာရကညွှန်ကြားတော်ပါ ဘုရား ဟုလျှောက်ထား၍ ဆရာတော်ကညွှန်ကြားသော ကပ္ပိယကာရကထံတွင် ငွေကို အပ်နှံလျက် ကပ္ပိယကာရကထံမှ (            ) ထိုက်တန်သောအပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါဟု လျှောက်ထား၍ လှူဒါန်းရမည်။

(၂) လှူဒါန်းထောက်ပံ့သည့်ငွေကို၊ သို့တည်းမဟုတ် အခြားဝတ္ထုပစ္စည်းကို လက်ခံရရှိသော ရဟန်းတော်သည်၊ ဤနည်းဥပဒေများနှင့် ပူးတွဲထားသည့် ပုံစံ ၂ အတိုင်း ရေးသား၍ မိမိအား လှူဒါန်းခဲ့ကြောင်းလက်မှတ်ရေးထိုးပေးရမည်။

၄၀။ ။ဤနည်းဥပဒေများတွင် ဖေါ်ပြပြီးဖြစ်သောကိစ္စများမှတပါး၊အခြေအနေ အရ ပေါ်ပေါက်လာသောအခြားကိစ္စများကို၊ပါဠိပညာရေးအဖွဲ့က၊အက်ဥပဒေနှင့်၎င်း၊ ဤနည်းဥပဒေများနှင့်၎င်း မဆန့်ကျင်စေဘဲ၊ သင့်လျော်သလို ဆုံးဖြတ်ဆောင်ရွက်နိုင် စေရမည်။

စာအမှတ်................
နေ့စွဲ........................

ပုံစံ ၁

[နည်းဥပဒေ ၁၀ (၂) ကိုကြည့်။]

၁၃ ခုနှစ်၊ ပါဠိပဌမပြန်စာမေးပွဲ

မေးခွန်းထုတ်ပုဂ္ဂိုလ်နှင့်အဖြေအမှတ်ပေးပုဂ္ဂိုလ်အဖြစ်မှတ်ပုံတင်သွင်းရန်

မေတ္တာရပ်ခံလွှာ / လျှောက်လွှာ

__________ ခုနှစ်၊ ပဌမပြန်စာမေးပွဲအတွက် မေးခွန်းထုတ် ပုဂ္ဂိုလ်နှင့် အဖြေအမှတ်ပေးပုဂ္ဂိုလ်အဖြစ် မှတ်ပုံတင်ရန် မေတ္တာရပ်ခံအပ်ပါသည်။ / လျှောက်ထားအပ်ပါသည်။

၁။ မေတ္တာရပ်ခံသောဆရာတော်၏ဘွဲ့တော် / လျှောက်ထားသူ၏အမည် __________

၂။ အသက် __________

၃။ လက်ရှိ ဦးစီးဆဲ၊ စာဝါအဆင့်အတန်း / အလုပ်အကိုင်

၄။ နေရပ်အပြည့်အစုံ __________

__________

၅။ အောင်မြင်ခဲ့သောစာမေးပွဲ၏အမြင့်ဆုံးအဆင့်အတန်း __________
(စာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲပေးပို့ပါသည်။)

၆။ ထိုစာမေးပွဲအောင်မြင်ခဲ့သောခုနှစ် __________

၇။ မေးခွန်းထုတ်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖြေအမှတ်ပေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ဘူးသောခုနှစ်နှင့်အတန်းများ။ } __________

၈။ ဤနှစ်ပဌမပြန်စာမေးပွဲအတွက် အမည်တူဖြင့်ဖြစ်စေ၊ အခြားအမည်ဖြင့် ဖြစ်စေ အလားတူ မေတ္တာရပ်ခံလွှာ / လျှောက်လွှာ များကို တင်သွင်းခြင်း မပြုပါကြောင်း။

နေ့စွဲ၊ __________

__________
လက်မှတ်။

အထက်ဖော်ပြပါအကြောင်းအရာများသည်၊ အမှန်ဖြစ်ကြောင်းတာဝန်ခံပါသည်။

__________
နာယကအဖွဲ့ဝင်ဆရာတော်၏လက်မှတ်။

နေ့စွဲ၊ __________

__________
ပါဠိပညာရေးအဖွဲ့ဝင်၏လက်မှတ်။

## ပုံစံ ၁ (ကျောဘက်)

## မေတ္တာရပ်ခံသူ / လျှောက်ထားသူ ၏တာဝန်ခံချက်

၁။ မိမိအမှတ်ပေးရသော အဖြေစာအုပ်များကို လုံခြုံသော သေတ္တာ၌သိမ်း၍ အမှတ်ပေးသောလုပ်ငန်းကိုသီးခြားအခန်း၌ လျှို့ဝှက်စွာကိုယ်တိုင်ဆောင်ရွက်ပါမည်။

၂။ မိမိသည်၊ ပဌမပြန်စာမေးပွဲ၌ မေးခွန်းများထုတ်ရကြောင်း၊ အဖြေစာအုပ်များကို အမှတ်ပေးရကြောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်အားမျှအသိမပေးပါ။

၃။ ပါဠိပညာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အတိုင်း မပျက်မကွက်လိုက်နာဆောင်ရွက်ပါမည်။

နေ့စွဲ၊ ______ ________________

________________

လက်မှတ်၊

ပုံစံ ၂

(နည်းဥပဒေ ၃၉ ကိုကြည့်။)

# ၁၃ ခုနှစ်၊ ပါဠိပဋ္ဌမပြန်စာမေးပွဲ

________________________________

________________________________

____________________ အတွက်ဝတ္ထုငွေ ______________________
(_______________________) ကို _______________________ ခုနှစ်၊
_____________________________ လ _________________ ရက်နေ့တွင်
နဝကမ္မအား ________________________ ကလှူဒါန်းခဲ့ပါကြောင်းအောက်တွင်
လက်မှတ်ရေးထိုးအပ်ပါသည်။

________________________

________________ ဆရာတော်။

ပုံစံ ၇

[နည်းဥပဒေ ၁၁ (ဂ) ကိုကြည့်။]

# ၁၃ ခုနှစ်၊ ပါဠိပဌမပြန်စာမေးပွဲ

__________ ဘာသာ ကြီး / လတ် / ငယ်

| (၁) ဖြေဆိုသူ၏ခုံအမှတ် | (၂) ဖြေလွှာအမှတ်(၁) အမှတ်အပြည့် အနက် ရရှိသောအမှတ် | (၃) ဖြေလွှာအမှတ် (၂) အမှတ်အပြည့် အနက် ရရှိသောအမှတ် | (၄) ရနိုင်သောအမှတ်အားလုံးပေါင်း အနက် ရရှိသောအမှတ်အားလုံး ပေါင်း | (၅) ဖြေဆိုသူ၏ခုံအမှတ် | (၆) ဖြေလွှာအမှတ်(၁)အမှတ်အပြည့် အနက် ရရှိသောအမှတ် | (၇) ဖြေလွှာအမှတ် ၂)အမှတ်အပြည့် အနက် ရရှိသောအမှတ် | (၈) ရနိုင်သောအမှတ်အားလုံးပေါင်း အနက် ရရှိသောအမှတ်အားလုံး ပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | | | |

__________
အဖြေအမှတ်ပေးသူလက်မှတ်။

၁၉ ခုနှစ်။ လ ရက်။

ပုံစံ ၄

[နည်းဥပဒေ ၁၁ (ဂ)ကိုကြည့်။]

# ၁၃ ခုနှစ်၊ ပါဠိပဌမပြန်စာမေးပွဲ

| ခုံအမှတ်<br>(၁) | ဘာသာပြန်<br>(၂) |
|---|---|
| | |

ခုံနှစ်၊ လ ရက်။

ပုံစံ ၅

(နည်းဥပဒေ ၂၀)

၁၃ ခုနှစ်၊ပါဠိပဋ္ဌမပြန်စာမေးပွဲ

**ပါဠိပညာရေးအဖွဲ့ကကျင်းပပြုလုပ်သည့် ပါဠိပဋ္ဌမပြန်စာမေးပွဲဝင်ရောက်ဖြေဆိုရန်အခွင့်တောင်းလွှာ**

| (၁) ခုံအမှတ် | (၂) ဝင်ရောက်ဖြေဆိုသူ၏ဘွဲ့အမည် | (၃) အသက် | (၄) အဘ အရင်း အ-ည် နှင့်နေရပ် | (၅) မည်သည့် မြို့ ရွာ၊ မည်သည့်ကျောင်း၊ကျောင်းတိုက်ကတင်သွင်းသည် | (၆) တင် သွင်း သော ကျောင်း၊ ကျောင်းထိုင်ပုဂ္ဂိုလ်၏ဘွဲ့တော် | (၇) ဝင်ရောက် ဖြေဆိုမည့်စာမေးပွဲ | ( ) မည်သည့်မြို့၌ဖြေဆိုမည် | (၉) လွန်ခဲ့သော ပါဠိပဋ္ဌမပြန်စာမေးပွဲများတွင်အမြင့်ဆုံးအောင်မြင်ပြီးအတန်းနှင့်အောင်သောနှစ် | (၁၀) လူ အ ဖြစ်၊ သို့ တည်း မဟုတ်ရဟန်းအဖြစ်ဖြင့်အောင်သည်၊မည်သည့်ဘွဲ့အမည်နှင့်အောင်သည် | (၁၁) ယခုဖြေဆိုမည့်အတန်း၌အကြိမ်ပေါင်းမည်မျှဝင်ပြီးဖြစ်သည်၊ ဝင်ခဲ့သည့်နှစ်များ | (၁၂) အကြောင်းအရာ၊ လူနှင့်သီလရှင်များ ဝိနည်းကို ဖြေမည် မဖြေမည် ဖော်ပြပါ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

အထက်၌ဖော်ပြပါရှိသောအကြောင်းအရာတို့သည်မှန်ကန်၍၊ ကျွန်ုပ်ကိုယ်တိုင်သိသောအကြောင်းအရာများဖြစ်ပါကြောင်း ကျွန်ုပ်ဝန်ခံပါသည်။

____________________

စာမေးပွဲဝင်ခွင့်တောင်းသည့်ပုဂ္ဂိုလ်၏လက်မှတ်

အခွင့်တောင်းသောပုဂ္ဂိုလ်သည်၊ ဆရာတော်၏ကျောင်းမှ ၁၉၅၈ ခုနှစ်၊ပါဠိပညာရေးအဖွဲ့နည်းဥပဒေများနှင့် အညီကိုယ်တိုင်ဝင်ရောက်ဖြေဆိုမည့်ပုဂ္ဂိုလ်ဖြစ်သည်။ထိုပုဂ္ဂိုလ်၏အကျင့်စာရိတ္တ၊ နေရပ်နှင့် ပညာအရည်အချင်းကိုဆရာတော်ကိုယ်တိုင်သိရှိသည်ဖြစ်၍ စာမေးပွဲဝင်ခွင့်ပြုရန် လက်မှတ်ရေးထိုးထောက်ခံပြီးလျှင်၊ပါဠိပညာရေးအဖွဲ့ (အုပ်ချုပ်ရေးမှူးရုံး) သို့တင်သွင်းရန် ____________________ နယ်ပညာအုပ်ထံသို့ပို့လိုက်သည်။

____________________

ကျောင်းထိုင်ပုဂ္ဂိုလ်။

________________ မြို့၊ ________________ ရွာ၊ ________________ ကျောင်းထိုင်ပုဂ္ဂိုလ် ________________ ထံမှ၌ခွင့်တောင်းလွှာကို ရရှိပါကြောင်း။

____________________

၁၉ ခုနှစ်၊ လ ရက်။ နယ်ပညာအုပ်။

ပုံစံ ၆

(နည်းဥပဒေ ၃၃ ကိုကြည့်။)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ပါဠိပညာရေးအဖွဲ့

## ပဋမကျော်အောင်လက်မှတ်

အမှတ်________

____________________မြို့၊ ____________________ကျောင်းတိုက်၊
____________________တပည့်၊ ____________________မြို့/ရွာ နေ ________၏

သား၊ အသက် __________ နှစ်ရှိ၊ ______________________________ သည်၊
နာယက အဖွဲ့ဝင်ဆရာတော်များကြီးမှူးသည့် ပါဠိပညာရေးအဖွဲ့က ကျင်းပသောပါဠိ ပဋမပြန်စာမေးပွဲကိုအောင်မြင်တော်မူသည်။

____________________နှစ်စာမေးပွဲ။

ဥက္ကဋ္ဌဆရာတော်၊
နာယကအဖွဲ့။

နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရုံး
တံဆိပ်။

ဥက္ကဋ္ဌ၊
ပါဠိပညာရေးအဖွဲ့။

သာသနာရေးဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

နေ့စွဲ၊ ______________________________

အုပ်ချုပ်ရေးမှူး၊
ပါဠိပညာရေးအဖွဲ့။

ပုံစံ ၇

(နည်းဥပဒေ ၃၃ ကိုကြည့်၊)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ပါဠိပညာရေးအဖွဲ့

## ပဌမကြီးအောင်လက်မှတ်

အမှတ်________

____________________မြို့၊__________________________ကျောင်းတိုက်၊

____________________တပည့်၊_______________________မြို့/ရွာ နေ___________၏

သား၊အသက်____________နှစ်ရှိ၊________________________________သည်၊ နာယကအဖွဲ့ဝင်ဆရာတော်များ ကြီးမှူးသည့် ပါဠိပညာရေးအဖွဲ့ကကျင်းပသော ပါဠိ ပဌမပြန်စာမေးပွဲကို အောင်မြင်တော်မူသည်။

______________________နှစ်စာမေးပွဲ။

ဥက္ကဋ္ဌဆရာတော်၊
နာယကအဖွဲ့။

သာသနာရေးဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရုံး
တံဆိပ်။

ဥက္ကဋ္ဌ၊
ပါဠိပညာရေးအဖွဲ့၊

အုပ်ချုပ်ရေးမှူး၊
ပါဠိပညာရေးအဖွဲ့။

နေ့စွဲ၊ __________________________

ပုံစံ ၈

(နည်းဥပဒေ ၃၃ ကိုကြည့်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပါဠိပညာရေးအဖွဲ့

### ပဌမလတ်အောင်လက်မှတ်

အမှတ်________

____________________မြို့၊ ____________________ကျောင်းတိုက်၊ ____________________တပည့်၊ ____________________မြို့/ရွာ နေ________၏ သား၊ အသက်__________နှစ်ရှိ၊ ____________________သည်၊ နာယကအဖွဲ့ဝင် ဆရာတော်များကြီးမှူးသည့် ပါဠိပညာရေးအဖွဲ့က ကျင်းပသော ပါဠိ ပဌမပြန် စာမေးပွဲကိုအောင်မြင်တော်မူသည်။

____________________နှစ်စာမေးပွဲ။

ဥက္ကဋ္ဌဆရာတော်၊
နာယကအဖွဲ့။

သာသနာရေးဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရုံး
တံဆိပ်၊

ဥက္ကဋ္ဌ၊
ပါဠိပညာရေးအဖွဲ့။

အုပ်ချုပ်ရေးမှူး၊
ပါဠိပညာရေးအဖွဲ့။

နေ့စွဲ၊ ____________________

ပုံစံ ၉

(နည်းဥပဒေ ၃၃ ကိုကြည့်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပါဠိပညာရေး အဖွဲ့

### ပဌမငယ်အောင်လက်မှတ်

အမှတ် ________

________________ မြို့၊ ________________ ကျောင်းတိုက်၊

________________ တပည့်၊ ________________ မြို့/ရွာ နေ ________ ၏

သား၊ အသက် ________ နှစ်ရှိ၊ ________________ သည်၊
နာယကအဖွဲ့ဝင်ဆရာတော်များ ကြီးမှူးသည့် ပါဠိပညာရေးအဖွဲ့က ကျင်းပသော ပါဠိ
ပဌမပြန်စာမေးပွဲကိုအောင်မြင်တော်မူသည်။

________________ နှစ်စာမေးပွဲ။

ဥက္ကဋ္ဌဆရာတော်၊
နာယကအဖွဲ့။

သာသနာရေးဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရုံး
တံဆိပ်၊

ဥက္ကဋ္ဌ၊
ပါဠိပညာရေးအဖွဲ့။

အုပ်ချုပ်ရေးမှူး၊
ပါဠိပညာရေးအဖွဲ့။

နေ့စွဲ၊ ________________

အမိန့်အရ၊

ဘဆွေ၊

ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်းနှင့်သာသနာရေးဝန်ကြီးဌာန။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၊ လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၊ ၂၀-၁၁-၆၁—
၁,၀၀၀—၂။

စာပေဗိမာန်ပြန်ကြားရေးထုတ်ဝေရေးဌာန
အမှတ်စဉ်..........
နေ့စွဲ..........
★ စာကြည့်တိုက်ချုပ်ရေးမှူးရုံး ★

# VINASAYA ACT, 1949.

(Act No. LXV of 1949.)

# ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနအက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၅။]

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖြစ်ပွါးသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုများကို ကြားနာစစ်ဆေး၍၊ဝိနည်းတော်နှင့်အညီ စီရင်ဆုံးဖြတ်ခြင်းအလို့ငှါ ဝိနိစ္ဆယဌာနများ တည်ထောင်အပ်သည်ဖြစ်သောကြောင့်—

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်၊အာဏာတည်ရာနယ် အဝှမ်းနှင့် အာဏာစတည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန ဥပဒေဟုခေါ်ရမည်

(၂) ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးနှင့် သက်ဆိုင်သည်။

(၃) (က) ၎င်းသည်နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်နေ့များတွင်အာဏာတည်ရမည်။

(ခ) နိုင်ငံတော်သမတသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင်ပါဝင်သော အရပ်ဒေသများကို ပိုင်းခြား၍၊ ဆိုင်ရာအရပ်ဒေသများ၌ ဤဥပဒေ အာဏာတည်ရမည်နေ့ရက်ကို ခွဲခြားသတ်မှတ်နိုင်သည်။

(ဂ) နိုင်ငံတော်သမတသည်၊ ဤဥပဒေရှိရွေးကောက်ပွဲဆိုင်ရာ ပုဒ်မများနှင့် ၎င်း၏ ဒုတိယ ဇယားရှိ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကိုသီးခြား၍သက်ဆိုင်ရာ အရပ်ဒေသများ၌ လက်ဦးအာဏာ တည်စေရန်နှင့် ယင်းသို့အာဏာတည်ရမည်နေ့ရက်များကိုခွဲခြားသတ်မှတ်နိုင်သည်။

(ဃ) နိုင်ငံတော် သမတသည်၊ အရပ်ဒေသ တစုံတခုတွင် ဤဥပဒေ၏ ရွေးကောက်ပွဲဆိုင်ရာပုဒ်မများမှတပါး အခြားပုဒ်မများ အာဏာတည်ရမည့်နေ့ရက်ကိုနိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ၏ထောက်ခံချက်အရ ပြဋ္ဌာန်းသတ်မှတ်ရမည်။

အဓိပ္ပါယ်ပိုင်းခြားဖော်ပြချက်။

၂။ ။(၁) ဤဥပဒေတွင်—

(က) ''မြို့နယ်''ဆိုသည်မှာ မြို့ပိုင် တပိုင်ဖြင့် ပိုင်းခြားအပ်သောနယ်မြေရပ်ကွက်ကိုဆိုလိုသည်။

(ခ) ''ခရိုင်''ဆိုသည်မှာ၊ အရေးပိုင်တပိုင်ဖြင့် ပိုင်းခြားအပ်သော နယ်မြေရပ်ကွက်ကိုဆိုလိုသည်။

(၂) ဤဥပဒေအလို့ငှါ ရှမ်းပြည်နယ်မြောက်ပိုင်း၊ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကရင်နီပြည်နယ်အသီးသီးကို ခရိုင်တခုစီဖြစ်သည်ဟု မှတ်ယူရမည်။

(က) ရှမ်းပြည်နယ်တွင် ဝန်ထောက်တပိုင်ဖြင့် ပိုင်ခြားအပ်သော နယ်မြေကိုမြို့နယ်တခုဖြစ်သည်ဟုမှတ်ယူရမည်။

(ခ) ကရင်နီပြည်နယ်တွင်ကန္တာရဝတီဘော်လခဲနှင့်ကြယ်ဖိုးကြီးနယ် အသီးသီးကို မြို့နယ်တခုစီဖြစ်သည်ဟု မှတ်ယူရမည်။

အဘိုး—၂၅ ပြား။]

(၃) ရန်ကုန်မြို့နှင့် မန္တလေးမြို့များကို ဤဥပဒေ၏ တတိယ ဇယားရှိ နည်းဥပဒေများတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပိုင်းခြား၍ မြို့နယ်များသတ်မှတ်ရမည်။

၃။ နယ်နိမိတ်များကိုပြောင်းလဲသတ်မှတ်ရန်အာဏာ။ ။နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်များသည် ခရိုင်၊သို့မဟုတ် မြို့နယ်တစုံတခု၏နယ်နိမိတ်ကို အခါကာလအားလျော်စွာပြုပြင်ပြောင်းလဲ သတ်မှတ်နိုင်သည်။

၄။ ဝိနိစ္ဆယ ဌာနများနှင့်စီရင်ခွင့်အာဏာနယ်နိမိတ်များ။ ။(၁) ဤဥပဒေအရ အောက်ပါဝိနိစ္ဆယဌာနများကို တည်ထောင်အပ်သည်။

(က) မြို့နယ်ဝိနိစ္ဆယဌာန။
(ခ) ခရိုင်ဝိနိစ္ဆယ ဌာန။
(ဂ) နိုင်ငံတော်ဝိနိစ္ဆယဌာန။

(၂) (က) မြို့နယ်ဝိနိစ္ဆယဌာနနှင့် ခရိုင်ဝိနိစ္ဆယဌာနများ၏ စီရင်ခွင့်အာဏာ နယ်နိမိတ်မှာ ထိုဌာနတည်ရှိရာမြို့နယ်နှင့် ခရိုင်အသီးသီးဖြစ်စေရမည်။

(ခ) နိုင်ငံတော်ဝိနိစ္ဆယဌာန၏ စီရင်ခွင့်အာဏာနယ်နိမိတ်မှာပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးဖြစ်စေရမည့်ပြင်၊ နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်များသည် အခါကာလအားလျော်စွာ မိမိတို့လိုအပ်သည်ဟု ထင်မြင်သော အရပ်ဒေသများတွင် နိုင်ငံတော်ဝိနိစ္ဆယဌာနခွဲများ တည်ထောင်ထားရှိနိုင်သည်။

(၃) ဤဥပဒေအလို့ငှါ ခရိုင်ဝိနိစ္ဆ ဌာနသည် နိုင်ငံတော် ဝိနိစ္ဆယဌာန၏ လက်အောက်ခံဖြစ်စေရမည်။ မြို့နယ်ဝိနိစ္ဆယဌာနသည် နိုင်ငံတော် ဝိနိစ္ဆယဌာနနှင့် ခရိုင်ဝိနိစ္ဆယဌာနတို့၏လက်အောက်ခံဖြစ်စေရမည်။

၅။ ဝိနိစ္ဆယဌာနဆိုင်ရာဝိနည်းမိုရ်များ။ ။(၁) အဓိကရုဏ်းမှုတခုကိုကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်အလို့ငှါ မြို့နယ် သို့မဟုတ် ခရိုင်ဝိနိစ္ဆယဌာနတခုမှာ ဆိုင်ရာမြို့နယ်၊ သို့မဟုတ် ခရိုင်ဝိနည်းမိုရ်ဆရာတော် အနည်းဆုံး သုံးပါး ပါဝင်စေရမည်။

(၂) အဓိကရုဏ်းမှုတခုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန်အလို့ငှါ နိုင်ငံတော်ဝိနိစ္ဆယဌာနမှာ နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော် အနည်းဆုံး သုံးပါး ပါဝင်စေရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တွင် ရည်ညွှန်းထားသည့် မြို့နယ်၊ သို့မဟုတ် ခရိုင်၊ သို့မဟုတ် နိုင်ငံတော်ဝိနည်းမိုရ် ဆရာတော် တပါးပါးသည် မကျန်းမာသည့်အကြောင်းကြောင့်သော်၎င်း၊ အခြားမလွဲမရှောင်သာသည့် အကြောင်းတစုံတခုကြောင့်သော်၎င်း၊ မပြီးမပြတ်ရှိနေသည့်အမှုကို ဆက်လက်ကြားနာခြင်းမပြုနိုင်သော်၊ ဆိုင်ရာဝိနိစ္ဆယဌာနတွင်ကျန်ရှိသည့် ဝိနည်းမိုရ်ဆရာတော်များကဆိုင်ရာ ဝိနည်းမိုရ်ဆရာတော်တပါးအား ထိုအမှုကို ဆက်လက်ကြားနာရန် စာဖြင့်ရွေးကောက် တင်မြှောက်ရမည်။ ထိုဝိနည်းမိုရ်ဆရာတော်မှာ အစကပင် ထိုဝိနိစ္ဆယဌာနတွင်ပါဝင်ဘိသကဲ့သို့ ထိုအမှုကို ဆက်လက်ကြားနာရမည်။

၆။ ။(၁) မြို့နယ်ဝိနိစ္ဆယဌာနတခုအတွက် မြို့နယ်ဝိနည်းမိုရ် ဆရာတော်အများဆုံး ဆယ်ပါးနှင့် မြို့နယ်ဩဝါဒါစရိယ ဆရာတော်အများဆုံး ဆယ်ပါးကို ဤဥပဒေ၏ ဒုတိယ ဇယားရှိရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများနှင့်အညီရွေးကောက်တင်တင်မြှောက်ရမည်။

ဝိနည်းမိုရ်နှင့် ဩဝါဒါစရိယဆရာတော်များ ရွေးကောက်တင်မြှောက်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင်နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်များက၊မြို့နယ်၊သို့မဟုတ်ခရိုင်တခုတွင် ဤပုဒ်မခွဲအရ ရွေးကောက်တင်မြှောက်ထားသော ဆိုင်ရာဝိနည်းမိုရ်ဆရာတော်များ၏ အရေအတွက်မှာ မလုံလောက်ဟုသဘောရရှိလျှင်၊ ထိုမြို့နယ်၊ သို့မဟုတ်ခရိုင်တွင် မိမိတို့လိုအပ်သည်ဟုထင်မြင်သည့်အရေးအတွက်အထိ ဆိုင်ရာဝိနည်းမိုရ်ဆရာတော်များကို အဆိုပါနည်းဥပဒေများနှင့်အညီ နောက်ထပ် ရွေးကောက်တင်မြှောက်စေနိုင်သည်။

(၂) (က) ခရိုင်ဝိနိစ္ဆယ ဌာနတခုအတွက် ပုဒ်မခွဲ (၁) အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့နယ် ဝိနည်းမိုရ်ဆရာတော်တို့က မြို့နယ်တခုလျှင်ခရိုင်ဝိနည်းမိုရ်ဆရာတော်နှစ်ပါးနှင့် ခရိုင်ဩဝါဒါစရိယ ဆရာတော် နှစ်ပါးကျစီသော်၎င်း၊ ခရိုင်ဝိနိစ္ဆယဌာနတည်ရှိရာ မြို့အသီးသီးတွင် မြို့နယ်တခုလျှင် လေးပါးကျစီသော်၎င်း ဤဥပဒေ၏ ဒုတိယဇယားရှိရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများနှင့်အညီရွေးကောက်တင်မြှောက်ရမည်။

(ခ) ရန်ကုန်မြို့နှင့် မန္တလေးမြို့အသီးသီးတွင် ပုဒ်မ ၂ (၃) အရ ပိုင်းခြားသတ်မှတ်ထားသောမြို့နယ်တခုလျှင် ထိုမြို့နယ်အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့နယ်ဝိနည်းမိုရ် ဆရာတော်တို့က ခရိုင်ဝိနည်းမိုရ်ဆရာတော် လေးပါးနှင့် ခရိုင်ဩဝါဒါစရိယဆရာတော်လေးပါးကျအဆိုပါနည်းဥပဒေများနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

(၃) (က) နိုင်ငံတော်ဝိနိစ္ဆယဌာနအတွက် ပုဒ်မခွဲ (၂) အရရွေးကောက်တင်မြှောက်ခြင်းခံရသော ခရိုင်ဝိနည်းမိုရ်ဆရာတော်တို့က၊ ခရိုင်တခုလျှင် နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်တပါးနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်တပါးကျ အဆိုပါနည်းဥပဒေများနှင့်အညီရွေးကောက်တင်မြှောက်ရမည်။

(ခ) ရန်ကုန်မြို့နှင့်မန္တလေးမြို့အသီးသီးအတွက်မှာမူ၊ ဆိုင်ရာခရိုင်ဝိနည်းမိုရ်ဆရာတော်များက၊နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကိုးပါးနှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ကိုးပါးကျစီအဆိုပါနည်းဥပဒေများနှင့်အညီရွေးကောက်တင်မြှောက်ရမည်။

(ဂ) အရေအတွက် နည်းပါးသော ဂိုဏ်း သံဃာများ အများအတွက်ထောက်ထား၍—

(၁) နိုင်ငံတော်အထက်ပိုင်းတွင်ရွှေကျင်ဂိုဏ်းက၊နိုင်ငံတော် ဝိနည်းမိုရ်ဆရာတော်တပါးနှင့်နိုင်ငံတော်ဩဝါဒါစရိယဆရာတော်တပါးကိုအဆိုပါနည်းဥပဒေများနှင့် အညီရွေးကောက်တင်မြှောက်ရမည်။

(၂) နိုင်ငံတော်အောက်ပိုင်းတွင်ရွှေကျင်ဂိုဏ်းနှင့် ဒွါရဂိုဏ်းအသီးသီးကတဂိုဏ်းလျှင်နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်တပါးနှင့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်တပါးကျ အဆိုပါနည်းဥပဒေများ နှင့်အညီရွေးကောက်တင်မြှောက်ရမည်။

တာဝန်ခံဆရာတော်။

၇။ ။(၁) ရွေးကောက်တင်မြှောက်ခြင်းခံရသည့်မြို့နယ်၊ သို့မဟုတ်ခရိုင် ဝိနည်းဓိုရ် ဆရာတော်တို့က ဆိုင်ရာ ဝိနိစ္ဆယ ဌာနအတွက် သော်၎င်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်တို့က နိုင်ငံတော် ဝိနိစ္ဆယဌာနအတွက်သို့မဟုတ်နိုင်ငံတော်ဝိနိစ္ဆယဌာနခွဲအတွက်သော်၎င်း၊ပုဒ်မခွဲ (၃) ပါတာဝန် ဝတ်တရားများကိုဆောင်ရွက်ရန်မိမိတို့အထဲမှတာဝန်ခံဆရာတော်တပါးနှင့် ထိုတာဝန်ခံ ဆရာတော်ကအကြောင်းအားလျော်စွာလွှဲအပ်သောတာဝန်ဝတ်တရားများ ကိုဆောင်ရွက်ရန်တွဲဘက်တာဝန်ခံဆရာတော်တပါးကို ရွေးကောက်တင်မြှောက်ရမည်။ တာဝန်ခံဆရာတော်နှင့် တွဲဘက် တာဝန်ခံဆရာတော် အသီးသီးမှာ ရွေးကောက်တင် မြှောက်သည့်နေ့မှစ၍ တနှစ်တာဝန်ဆောင်ရွက်ရမည်။

(၂) တာဝန်ခံဆရာတော်နှင့် တွဲဘက်တာဝန်ခံ ဆရာတော်အသီးသီးတို့ သည်၊အဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်သော ဝိနည်းဓိုရ်ဆရာတော် များမဖြစ်စေရ။

(၃) တာဝန်ခံဆရာတော်အသီးသီး၏တာဝန်ဝတ်တရားများမှာအောက် ပါအတိုင်းဖြစ်စေရမည်။

(က) ဝိနိစ္ဆယဌာနအတွက် အဓိကရုဏ်းမှုကို ကြားနာစစ်ဆေးစီရင်ဆုံး ဖြတ်ရမည့် ဝိနည်းဓိုရ်ဆရာတော်များရွေးချယ်ရန်။

(ခ) မိမိထံတင်သွင်းသည့်စောဒနာဝင်လွှာ၊ စုဒိတက၏ချေလွှာနှင့်စော ဒကနှင့်စုဒိတကတို့၏လျှောက်လဲစာများကိုလက်ခံရန်။

(ဂ) သက်ဆိုင်ရာစုဒိတက၊ သို့မဟုတ် စောဒနာဝင်စုဒိတကသို့ အ ကြောင်းကြားစာထုတ်ရန်။

(ဃ) ချေလွှာတင်သွင်းရမည့်နေ့ရက်၊ သို့မဟုတ် အမှု ကြားနာမည့်နေ့ ရက်ချိန်းရန်။

(င) အမှုသည်များနှင့်သက်သေများ၏ ထွက်ဆိုချက် အကျဉ်းချုပ်ကို ရေးမှတ်ရန်၊သို့မဟုတ်ရေးမှတ်စေရန်။

(စ) အမှုအသီးသီးကိုသီးခြားအမှတ်စဉ်၍ အမှုမှတ်တမ်းကိုကောင်းစွာ ထားရှိရန်။

(ဆ) အမှုမှတ်တမ်းတွင်ပါဝင်သည့်စီရင်ချက်၊သို့မဟုတ် အခြားစာချုပ် စာတမ်းများ၏မိတ္တူကို လျှောက်ထားတောင်းဆိုသည့်အမှုသည် အားပေးရန်အတွက်စီစဉ်ရန်။

(ဇ) ပုဒ်မ ၂၃၊ပုဒ်မ ၂၄၊သို့မဟုတ် ပုဒ်မ ၃၂ (၃) အရ တရားမရုံးများ သို့အကြောင်းကြားရန်။

(ဈ) ဆိုင်ရာဝိနိစ္ဆယဌာနကဆရာတော်များဆင့်ဆိုသည့် အခြားအလုပ် ဝတ်တရားများကိုဆောင်ရွက်ရန်။

ဝိနိစ္ဆယဌာန၏တည် နေရာ။

၈။ ။မြို့နယ်၊သို့မဟုတ်ခရိုင်၊သို့မဟုတ် နိုင်ငံတော်ဝိနိစ္ဆယဌာန၏ တည် ရာဌာနကို ဆိုင်ရာတာဝန်ခံ ဆရာတော်၏ကျောင်းတွင်ဖြစ် စေ၊ထိုဆရာတော်ကမိမိအစဉ်မပြတ် သွားလာဆောင်ရွက် နိုင်ရန် သင့်လျော်သည်ထင်မြင်သည့် အခြားဌာန တစုံတခု တွင်ဖြစ်စေသတ်မှတ်ရမည်။

၉။ ။(၁) နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်၊ နိုင်ငံတော်တာဝန်ခံ ဆရာတော်နှင့်နိုင်ငံတော်တွဲဘက်တာဝန်ခံ ဆရာတော် အသီးသီးမှာ၊ အောက်ပါဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံစေရမည်။

နိုင်ငံတော် ဝိနည်းဓိုရ်နှင့် ဩဝါဒါစရိယ ဆရာတော် များ၏ ဂုဏ်အင်္ဂါ အရည်အချင်းများ။

(က) သိက္ခာတော် ၃၀ ကျော်သော မဟာထေရ်ကြီးဖြစ်စေရမည်။
( ခ ) နိုင်ငံတွင်ထင်ရှားကျော်စောသောဗဟုသုတပုဂ္ဂိုလ်ဖြစ်စေရမည်။
( ဂ ) ပရိယတ္တိဆောက ဝိသာရဒဂုဏ်နှင့်ပြည့်စုံစေရမည်။
(ဃ) ဝိနယဂရုက လဇ္ဇီပေသလသိက္ခာကာမဂုဏ်နှင့်ပြည့်စုံစေရမည်။
( င ) သမစိတ္တရှိ၍၊ကာလညူ၊ခေတ္တညူ၊ဓမ္မညူ၊ပုဂ္ဂလသာဓါရဏ ဆောက ဂုဏ်နှင့်ပြည့်စုံစေရမည်။
( စ ) ရဟန်းရှင်လူ ပြည်သူအများတို့ယုံကြည်ကိုးစားခြင်း၊ ကြည်ညိုခြင်း ကိုခံထိုက်သောပုဂ္ဂိုလ်ဖြစ်စေရမည်။
(ဆ) ကျရောက်သော တာဝန်ဝတ်တရားများကို ကေန်မုချဆောင်ရွက် နိုင်မည့်ပုဂ္ဂိုလ်ဖြစ်စေရမည်။

(၂) နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အသီးသီးမှာပုဒ်မခွဲ (၁)၊ အပိုဒ် (က)မှ (စ)အထိ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ဆရာတော်ကြီးများ ဖြစ်စေရမည်။

၁၀။ ။(၁) ခရိုင်ဝိနည်းဓိုရ်ဆရာတော်၊ခရိုင်တာဝန်ခံဆရာတော်နှင့်ခရိုင် တွဲဘက်တာဝန်ခံ ဆရာတော်အသီးသီးမှာ၊ အောက်ပါဂုဏ် အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံစေရမည်။

ခရိုင်ဝိနည်းဓိုရ်နှင့် ဩဝါဒါစရိယဆရာတော်များ၏ ဂုဏ် အင်္ဂါ အရည်အချင်း များ။

(က) သိက္ခာတော် ၂၀ ကျော်သော မဟာ ထေရ်ဖြစ်စေရမည်။
( ခ ) ခရိုင်အတွင်း၌ကျော်စောသောဗဟုသုတပုဂ္ဂိုလ်ဖြစ်စေရမည်။
( ဂ ) လောကီ၊ လောကုတ္တရာ နှစ်ဌာနတို့၌ ကျွမ်းကျင်လိမ္မာ၍ လုံ့လ ဥဿာဟနှင့်ပြည့်စုံစေရမည်။
(ဃ) ဝိနယဂရုကလဇ္ဇီပေသလ သိက္ခာကာမ ဖြစ်စေရမည်။
( င ) သမစိတ္တရှိ၍၊ကာလညူ၊ခေတ္တညူ၊ဓမ္မညူ၊ပုဂ္ဂလသာဓါရဏ ဆောက ဖြစ်စေရမည်။
( စ ) ရဟန်းရှင်လူပြည်သူအများတို့ယုံကြည်ကိုးစားခြင်းကိုခံထိုက်သော ပုဂ္ဂိုလ်ဖြစ်စေရမည်။
(ဆ) မိမိအပေါ်ကျရောက်သော တာဝန်ဝတ်တရားများကို ကေန်မုချ ဆောင်ရွက်နိုင်သောပုဂ္ဂိုလ်ဖြစ်စေရမည်။

(၂) ခရိုင်ဩဝါဒါစရိယဆရာတော်အသီးသီးမှာ၊သိက္ခာတော် ၁၀ ကျော်၍၊ ပုဒ်မခွဲ (၁)၊အပိုဒ် (ခ) မှ (စ) အထိ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ဆရာတော်များဖြစ်စေရမည်။

၁၁။ ။(၁) မြို့နယ် ဝိနည်းဓိုရ်ဆရာတော်၊ မြို့နယ်တာဝန်ခံဆရာတော်နှင့် မြို့နယ် တွဲဘက်တာဝန်ခံဆရာတော်အသီးသီးမှာ၊ အောက် ပါဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံစေရမည်။

မြို့နယ် ဝိနည်းဓိုရ်နှင့်သြ ဝါဒါစရိယဆရာတော်များ ၏ဂုဏ်အင်္ဂါ အရည်အချင်း များ။

(က) သိက္ခာတော် ၂၀ အောက် မငယ် သောမထေရ်ဖြစ်စေရမည်။

(ခ) မြို့နယ်အတွင်း၌ထင်ရှားကျော်စောသောပုဂ္ဂိုလ်ဖြစ်စေရမည်။

(ဂ) လောကီ၊လောကုတ္တရာ နှစ်ဌာနတို့၌ ကျွမ်းကျင်လိမ္မာ၍ လုံ့လ ဥဿာဟနှင့်ပြည့်စုံစေရမည်။

(ဃ) ကျောင်းထိုင်ကျောင်းထိုင်ဖြစ်စေရမည်။သို့မဟုတ် စာသင်တိုက်တစုံ တခုအတွင်း၌ အမြဲနေထိုင်သောဘိက်အုပ်၊ တိုက်ကြပ်၊ စာချ တာဝန်တခုခုဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်စေရမည်။

(င) ဝိနယဂရုက လဇ္ဇီပေသလ ဖြစ်စေရမည်၊

(စ) ရဟန်းရှင်လူ ပြည်သူအများတို့ယုံကြည်ကိုးစားခြင်း၊ကြည်ညိုခြင်း ကိုခံထိုက်သောပုဂ္ဂိုလ်ဖြစ်စေရမည်။

(ဆ) သမ္မတ္တနှိုး၍ ကာလညူ၊ ခေတ္တညူ၊ ဝမ္မညူ၊ ပုဂ္ဂလ သာဓါရဏ ဆေကပုဂ္ဂိုလ်ဖြစ်စေရမည်။

(ဇ) မိမိအပေါ်သို့ကျရောက်သော တာဝန်ဝတ်တရားများကိုကောင်းမှုချ ကျေပွန်စွာထမ်းဆောင်နိုင်သောပုဂ္ဂိုလ်ဖြစ်စေရမည်။

(၂) မြို့နယ်သြဝါဒါစရိယဆရာတော်အသီးသီးမှာ၊ သိက္ခာတော် ၁၀ ကျော် ၍၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) မှ (ဆ) အထိ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ဆရာတော်များဖြစ်စေရမည်။

၁၂။ ။(၁) ရွေးကောက်တင်မြှောက်ပြီးသော ရာထူး အသီးသီးအတွက် သက်တမ်းဟူ၍ ပိုင်းခြားထားခြင်းမရှိ။ သို့ရာတွင် ယင်းသို့ ရွေးကောက် တင်မြှောက်ခြင်း ခံရသည့် ဆရာတော်တပါး သည် အောက်ဖော်ပြပါ အကြောင်းတခုခုကြောင့် အရည် အချင်းပျက်ယွင်းလျှင် မိမိ၏ဆိုင်ရာ ရာထူးမှရပ်စဲသည်ဟုမှတ်ယူရမည်။

အရည်အချင်း ပျက် ယွင်းခြင်း။

(က) လူထွက်သော်၎င်း။

(ခ) ပျံတော်မူသော်၎င်း။

(ဂ) စိတ်ပွံ့လွင့်ရူးသွပ်သော်၎င်း။

(ဃ) တာဝန်မဆောင်နိုင်အောင် မကျန်းမမာသော်၎င်း။

(င) ရွေးကောက် တင်မြှောက်ခံရသည့် နယ်၏ပြင်ပသို့ ပြောင်းရွှေ့ သော်၎င်း။

(စ) အယူဘာပါးပြောင်းရွှေ့သော်၎င်း။

(ဆ) အဓိကရဏထုံးဖြင့်ဆုံးဖြတ်ခံရသော်၎င်း။

(ဇ) ရာဇဝတ်မှုဖြင့်အပြစ်ခံရသော်၎င်း။

(ဈ) လဇ္ဇီနိဂ္ဂဟအပြစ်ထင်ရှားသော်၎င်း။

# ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။]

(၁၉၆၀ ခုနှစ်တွင် ထပ်မံပုံနှိပ်သည်။)

☆

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၃၁၆ ခုနှစ်၊ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤမှနောက်တွင်၊ အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းထားသော ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယအက်ဥပဒေ၏—

(က) အမည်အစား၊ အောက်ပါအမည်ကိုထည့်သွင်းရမည်—

"၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ။" ဟူ၍ပြင်၊

(ခ) အချီးတွင် "စီရင်ဆုံးဖြတ်ခြင်းအလို့ငှါ၊ ဝိနိစ္ဆယဌာနများ တည်ထောင်အပ်သည်ဖြစ်သောကြောင့် "ဆိုသည့် စကားရပ်အစား၊ "ဝိနိစ္ဆယဌာနများက ဖြစ်စေ၊ ဝိနိစ္ဆယခုံများက ဖြစ်စေ စီရင်ဆုံးဖြတ်ခြင်းအလို့ငှါ၊ ပြဋ္ဌာန်းချက်များ လိုအပ်သည်ဖြစ်သောကြောင့် " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ဖြင့်ထည့်သွင်းရမည်—

"(၁) ဤဥပဒေကို၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ ဥပဒေဟု ခေါ်ရမည်။"

(ခ) ပုဒ်မခွဲ (၃) ၊အပိုဒ် (ခ) တွင် "ဤဥပဒေအာဏာတည်ရမည့်နေ့ရက် "ဆိုသည့်စကားရပ်အစား၊ "ဤဥပဒေတခုလုံးသော်၎င်း၊ တစိတ်တပိုင်းသော်၎င်း အာဏာတည်ရမည့်နေ့ရက် " ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၃)၊ အပိုဒ် (ဃ) ကိုပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၃) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၄) နှင့် (၅) အဖြစ်ဖြင့်ထည့်သွင်းရမည်—

"(၄) အခန်း ၁ ပါ ပြဋ္ဌာန်းချက်များသည်၊ ဝိနိစ္ဆယဌာနက စေ့ဒကနှင့်စုဒိတကတို့၏ သဘောတူညီချက်အရ၊ လက်ခံကြားနာစစ်ဆေး စီရင်သော ဝိနည်းခမ္မကံ့ အဓိကရဏ်းမှုများနှင့်သက်ဆိုင်စေရမည်။

သို့ရာတွင်၊ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ စတင် အာဏာတည်သည့်နေ့၌ မည်သည့် ဝိနိစ္ဆယဌာနတွင် မဆို မပြီးမပြတ်ရှိနေသောဝိနည်းဓမ္မကံအဓိကရဏ်းမှုများကို သက်ဆိုင်ရာဝိနိစ္ဆယဌာနသည်၊ အခန်း ၁ ပါပြဋ္ဌာန်းချက် များနှင့်အညီ ဆက်လက်ကြားနာစစ်ဆေး၍၊ ဝိနည်းတော် နှင့်အညီ စီရင်ဆုံးဖြတ်ရန်အခွင့်အာဏာရှိစေရမည်။

(၅) အခန်း ၂ ပါပြဋ္ဌာန်းချက်များသည်၊ စောဒကနှင့် စုဒိတကတို့ သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်သည့်အဓိက ရဏ်းမှုများနှင့်၎င်း၊ ဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ နှစ်ဘက်သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ချက် ကိုဖြစ်စေ မခံယူလိုသည့်စောဒက၏၊ သို့မဟုတ် စုဒိတက၏၊ သို့မဟုတ် နှစ်ဦးလုံး၏ဝိနည်းဓမ္မကံအဓိကရဏ်းမှုများနှင့်၎င်း သက်ဆိုင်စေရမည်။''

(င) ပုဒ်မခွဲ (၅) နောက်တွင်'' အခန်း ၁။'' ဆိုသည့်ခေါင်းစဉ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၂ တွင်—

(က) ''ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်နီပြည်နယ်''ဆိုသည့်စကား ရပ်အစား၊''ရှမ်းပြည်နယ်တောင်ပိုင်း၊ကချင်ပြည်နယ်၊ကရင်ပြည် နယ်၊ ကယားပြည်နယ်၊ ချင်းဝိသေသတိုင်း မြောက်ပိုင်းနှင့် ချင်းဝိသေသတိုင်းတောင်ပိုင်း''ဆိုသည့်စကားရပ်ကိုထည့်သွင်း ရမည်။

(ခ) အပိုဒ် (ခ)၌ '' ကရင်နီပြည်နယ် '' ဆိုသည့်စကားရပ်အစား၊ '' ကယားပြည်နယ် '' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင်

(ဂ) ပုဒ်မခွဲ (၃) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၄) နှင့် (၅) အဖြစ်ဖြင့်ထည့်သွင်းရမည်။

''(၄) မန္တလေးမြို့နယ်အတွင်းရှိမန္တလေးမြို့မှတပါး အခြားဒေသများ ကို သီးခြား (မန္တလေး) မြို့နယ်ဟုမှတ်ယူရမည်။

(၅) မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မေမြို့နယ်၊ အမရပူရမြို့နယ်နှင့် သီခြား (မန္တလေး) မြို့နယ်များကို သီးခြား (မန္တလေး) ခရိုင် ဟု မှတ်ယူရမည်။''

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) (က) တွင် အောက်ပါကို ခြွင်းချက်အဖြစ်ဖြင့်ထည့်သွင်းရမည်—

''ခြွင်းချက်။ ။သို့ရာတွင်သီးခြား (မန္တလေး) မြို့နယ် ဝိနိစ္ဆယဌာနနှင့် သီးခြား (မန္တလေး) ခရိုင် ဝိနိစ္ဆယဌာနများ၏ စီရင်ပိုင်ခွင့် အာဏာ နယ်နိမိတ်မှာ၊ ထိုသီးခြားမြို့နယ်နှင့် သီးခြားခရိုင် အသီးသီးဖြစ်စေရမည်။''

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဋ) နောက်တွင်၊ အောက်ပါကိုအပိုဒ် (ဌ) အဖြစ်ဖြင့်ထည့်သွင်းရမည်—

''(ဌ) နုတ်ထွက်သော်၎င်း။''

၇။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၄) တွင်—'' ပုဒ်မ ၂၂ (၃) တွင်''ဆိုသည့်စကားရပ်အစား၊''ပုဒ်မ ၂၂ (၃) တွင်၎င်း၊အခန်း ၂ တွင်၎င်း'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၈။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၈ တွင် ခြွင်းချက်ကိုပယ်ဖျက်ရမည်။

၉။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ တွင်''ပုဒ်မ ၁၈ ခြွင်းချက်ပါ အဓိကရုဏ်းမှုမှတပါး အခြားသော''ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၁၀။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၁) တွင်'' ၂၁ ရက်''ဆိုသည့်စကားရပ်အစား၊''ရက်ပေါင်းသုံးဆယ်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၃၊ပုဒ်မခွဲ (၁) တွင်''ဤဥပဒေပါကိစ္စများကို''ဆိုသည့်စကားရပ်အစား၊ ''ဤအခန်းပါကိစ္စများကို''ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၁၂။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃၃ နောက်တွင်၊ အောက်ပါပြဋ္ဌာန်းချက်များကိုအခန်း ၂ အဖြစ်ဖြင့်ထည့်သွင်းရမည်—

''အခန်း ၂။

၃၄။ ။ဤအခန်းတွင်· —

(က) 'ဝိနိစ္ဆယခုံ'ဆိုသည်မှာ၊ အခန်း ၂ အရ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုကို အနုညာတ စီရင်ဆုံးဖြတ်ရန် လွှဲအပ်ခြင်းခံရသည့် ဝိနိစ္ဆယခုံကိုဆိုလိုသည်။

(ခ) 'ပြဋ္ဌာန်းသည်'ဆိုသည်မှာ၊ အခန်း ၂ ဖြင့်သော်၎င်း၊ အခန်း ၂ အရပြုသည့်စည်းမျဉ်းဥပဒေများဖြင့်သော်၎င်း ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

(ဂ) 'ဝိနိစ္ဆယဌာန' ဆိုသည့်စကားရပ်တွင် ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေပုဒ်မ ၄ အရ တည်ထောင်သည့်၊ မည်သည့်ယာယီ ဝိနိစ္ဆယဌာနမဆိုပါဝင်သည်။

(ဃ) 'ဂိုဏ်း' ဆိုသည်မှာ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်း အသီးသီးကိုဆိုလိုသည်။

(င) 'နယ်ပိုင်တရားမရုံး' ဆိုသည့် စကားရပ်တွင်၊ ရန်ကုန်မြို့တော်တရားမရုံးလည်းပါဝင်သည်။

၃၅။ ။(၁) အခြားတည်ဆဲဥပဒေတခုခုတွင်သော်၎င်း၊ ပုဒ်မ ၁၆ တွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၁၅ တွင်အကျုံးဝင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှု တမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန်အလို့ငှါ၊ စောဒကနှင့် စုဒိတကတို့သည် မိမိတို့သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့လွှဲအပ်နိုင်သည်။

အမှုသည်များက သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ။

(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ဝိနိစ္ဆယခုံဖွဲ့စည်းရာတွင်၊ စောဒကနှင့်စုဒိတကတို့သည် မိမိတို့နှစ်ဦးနှစ်ဘက်သဘောတူရာ ပုဂ္ဂိုလ်တဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်အများကိုဖြစ်စေ ခုံဝိနည်းဓိုရ်အဖြစ်ရွေးချယ်တင်မြှောက်နိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ခုံဝိနည်းဓိုရ်များ၏ အရေအတွက်သည်၊ စုံဂဏန်းဖြစ်လျှင် ပုဂ္ဂိုလ်တဦးဦးကို ကြားခုံဝိနည်းဓိုရ်အဖြစ် စောဒကနှင့်စုဒိတကတို့ကသဘောတူရွေးချယ်တင်မြှောက်နိုင်သည်၊ သို့မဟုတ် ရွေးချယ်တင်မြှောက်ရန် ခုံဝိနည်းဓိုရ်များအား ညွှန်ကြားနိုင်သည်။

(၄) စောဒကနှင့်စုဒိတကတို့က မိမိတို့၏အဓိကရုဏ်းမှုကို ပုဒ်မခွဲ (၁) အရ၊ စာဖြင့်ရေးသားလွှဲအပ်ပါက ထိုစာတွင်အောက်ပါအချက်များလည်းပါဝင်နိုင်သည်။

(က) ဝိနည်းဓမ္မကံအဓိကရုဏ်းအငြင်းဖြစ်ပွါးသည့်အချက်အလက်များ။
(ခ) မည်သည့်ကာလ အပိုင်းအခြား အတွင်း၊ ခုံဝိနည်းဓိုရ် များက ကြားခုံဝိနည်းဓိုရ်ကိုရွေးချယ်တင်မြှောက်ရမည်ဟုညွှန်ကြားချက်။
(ဂ) လွှဲအပ်သည့်အမှုကို ဝိနိစ္ဆယခုံကစတင်ကြားနာစစ်ဆေးသည့်နေ့မှ မည်သည့်ကာလအပိုင်းအခြားတွင်၊ သို့မဟုတ် အမှုသည်များက သဘောတူ ထပ်တိုးပေးသည့် ကာလအပိုင်းအခြားအတွင်း ဆုံးဖြတ်ချက်ချရန်ညွှန်ကြားချက်။
(ဃ) ဝိနိစ္ဆယခုံ၏ဆုံးဖြတ်ချက်၊ သို့မဟုတ်ကြားဖြတ် ဆုံးဖြတ်ချက်အတိုင်း အမှုသည်များက လိုက်နာဆောင်ရွက်မည်ဟု ကတိပေးချက်။
(င) ခုံဝိနည်းဓိုရ်များရာ၏သဘောအရ အမှုကိုဆုံးဖြတ်ရန်၊ သို့မဟုတ် အမှုဆုံးဖြတ်ရာတွင် သဘောကွဲလွဲနေသည့် ခုံဝိနည်းဓိုရ်များ၏ အရေအတွက်သည်၊ နှစ်ဘက်ညီမျှနေလျှင်၊ ကြားခုံဝိနည်းဓိုရ်က အမှုကိုဆုံးဖြတ်ရန်ညွှန်ကြားချက်။

(၅) ပုဒ်မခွဲ (၁) အရ လွှဲအပ်သည့်အဓိကရုဏ်းမှုတွင် ချမှတ်သည့်ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာအမှုသည်တဦးဦးက သက်ဆိုင်ရာနယ်ပိုင်တရားမရုံးသို့ တင်သွင်းနိုင်သည်။

၃၆။ ။အခြားတည်ဆဲဥပဒေတခုခုတွင်သော်၎င်း၊ ပုဒ်မ ၁၆ တွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၁၅ တွင် အကျုံးဝင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုတမှုကို လွှဲအပ်ရန် အလို့ငှါ၊ စောဒကနှင့်စုဒိတကတို့အချင်းချင်း ပုဒ်မ ၃၅ အရ ဝိနိစ္ဆယခုံကို ဖွဲ့စည်းရန် သဘောမတူလျှင်၊ ထိုအဓိကရုဏ်း မှုကို စုဒိတကအားလုံးဖြစ်စေ၊ အများစုဖြစ်စေ နေထိုင်သည့်၊ သို့မဟုတ် အချင်းဖြစ်သော ခရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအားလုံးဖြစ်စေ၊ အချို့ဖြစ်စေ တည်ရှိသည့် နေရာတွင် စီရင်ပိုင်ခွင့်ရှိသည့် နယ်ပိုင်တရားမရုံးတွင်စွဲဆိုရမည်။

ဝိနိစ္ဆယခုံဖွဲ့စည်းရန်သဘောမတူလျှင်အဓိကရုဏ်းမှုကိုစွဲဆိုရာတရားရုံး။

ခြွင်းချက်။ ။သို့ရာတွင် စောဒကနှင့်စုဒိတကတို့သည်၊မိမိတို့၏အမိကရုဏ်းမှု နှင့်စပ်လျဉ်း၍သက်ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကိုခံယူရန်သဘောတူလျှင်၊ စောဒကသည်၊ထိုသဘောတူညီချက်စာလွှာနှင့်အတူ စွဲချက်လျှောက်လွှာကို မည်သည့် အခါမဆို ထိုမြို့နယ်ဝိနိစ္ဆယဌာနသို့တင်သွင်း၍အမှုစွဲဆိုနိုင်သည်။

**နယ်ပိုင် တရားမရုံး၏ တာဝန်ဝတ်တရားများ။**

၃၇။ ။(၁) ပုဒ်မ ၃၆ အရ အမှုစွဲဆိုသည့်အခါ၊ စောဒကနှင့် စုဒိတကတို့သည်၊ မိမိတို့၏ အမိကရုဏ်းမှုကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်အလို့ငှါ၊ ဝိနိစ္ဆယဌာနသို့ လွှဲအပ်လိုကြောင်း၊ သို့မဟုတ် ဝိနိစ္ဆယခုံသို့လွှဲအပ်လိုကြောင်း၊နယ်ပိုင်တရားမရုံးသို့ သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်အတွင်း စာဖြင့်ရေးသားဖေါ်ပြရန် နယ်ပိုင်တရားမရုံးက ၎င်းတို့အားအကြောင်းကြားရမည်။

(၂) စောဒကနှင့်စုဒိတကတို့သည်၊ နယ်ပိုင်တရားမရုံးသို့ သတ်မှတ်သည့် အချိန်အတွင်း၊မိမိတို့ အသီးသီး၏ဆန္ဒကို စာဖြင့်ရေးသားဖေါ်ပြရမည်။

(၃) (က)စုဒိတက က မိမိ၏အမိကရုဏ်းမှုကို ဝိနိစ္ဆယဌာနသို့ လွှဲအပ်ခြင်းကိုသဘောတူကြောင်းစာဖြင့်ရေးသားဖေါ်ပြ၍ စောဒက ကလည်း ယင်းသို့လွှဲအပ်ခြင်းကိုသဘောတူကြောင်းစာဖြင့်ရေးသားဖေါ်ပြလျှင်၊နယ်ပိုင်တရားမရုံးသည်၊စောဒက ၏စွဲချက်အလွှာကိုပြဌာန်းသည့်ပုံစံဖြင့်ရေးသားထားသော အမှုသည်များ၏သဘောတူ ချက်စာတမ်းနှင့်အတူ သက်ဆိုင်ရာ မြို့နယ် ဝိနိစ္ဆယဌာနသို့ လွှဲပြောင်း ပေးပို့ရမည်။ ထိုနောက် ဤအခန်းဘွင်အခြားနည်းဖြင့်ပြဋ္ဌာန်းထားသည်မှတပါး၊ထိုနယ်ပိုင်တရားမရုံး မှာ ထိုအမိကရုဏ်းမှုနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာမရှိစေရ။

(ခ) စုဒိတက က မိမိ၏အမိကရုဏ်းမှုကို နှစ်ဘက်အမှုသည်များသဘော တူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့လွှဲအပ်ခြင်းကိုသဘောတူကြောင်း စာဖြင့်ရေးသားဖေါ်ပြ၍ စောဒကကလည်းယင်းသို့လွှဲအပ်ခြင်းကိုသဘောတူကြောင်းစာဖြင့်ရေးသားဖေါ်ပြလျှင်၊ အမှုသည်များအား မိမိတို့၏ အမိကရုဏ်းမှုကို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့လွှဲအပ်ရန် နယ်ပိုင်တရားမရုံးကညွှန်ကြားရမည်။

(ဂ) နှစ်ဘက်အမှုသည်များကသော်၎င်း၊ တဘက်အမှုသည်ကသော်၎င်း မိမိတို့၏အမိကရုဏ်းမှုကို ဝိနိစ္ဆယဌာနသို့ဖြစ်စေ၊ နှစ်ဘက်အမှုသည်များကသဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ဖြစ်စေ လွှဲအပ်ခြင်းကို သဘောမတူကြောင်းစာဖြင့်ရေးသား ဖေါ်ပြလျှင်၊ နယ်ပိုင်တရားမရုံးသည်၊ ထိုအမှုကိုပုဒ်မ ၃၈ အရ၊ ဖွဲ့စည်းသည့်ဝိနိစ္ဆယခုံ သို့လွှဲအပ်ရမည်။

**နယ်ပိုင်တရားမရုံးကဖွဲ့စည်းသည့်ဝိနိစ္ဆယခုံ။**

၃၈။ ။(၁) ပုဒ်မ ၃၇၊ ပုဒ်မခွဲ(၃)၊ အပိုဒ်(ဂ)တွင်ရည်ညွှန်းသည့် ဝိနိစ္ဆယခုံကိုဖွဲ့စည်းရာတွင်သက်ဆိုင်ရာစောဒကနှင့်စုဒိတကတို့က၊ ပုဒ်မ ၄၉ အရထားရှိသည့်သက်ဆိုင်ရာခရိုင်စာရင်းတွင်ပါဝင်သည့် ဝိနည်းဓိုရ် ဆရာတော်များထဲမှ ဖြစ်စေ၊ အကယ်၍ ထိုခရိုင်စာရင်းတွင် သက်ဆိုင်ရာဂိုဏ်းဝင် ဝိနည်းဓိုရ် ဆရာတော်များအရေ အတွက်နည်းလျှင်၊ သို့မဟုတ် မပါရှိလျှင် နီးစပ်ရာခရိုင်တခုခု၏စာရင်းတွင်ပါဝင်သော ဝိနည်းဓိုရ်ဆရာတော်များထဲမှဖြစ်စေ ၎င်းတို့အသီးသီးသဘောကျရာ ခုံဝိနည်းဓိုရ်ဆရာ တော်တပါးစီ ရွေးချယ်တင်မြှောက်ရန်၎င်း၊ ယင်းသို့ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ခုံဝိနည်းဓိုရ်ဆရာတော်နှစ်ပါးက ထိုစာရင်းတခုခုတွင် ပါဝင်သောဝိနည်းဓိုရ်ဆရာတော် များထဲမှကြားခုံဝိနည်းဓိုရ်ဆရာတော်တပါးကို ရွေးချယ်တင်မြှောက်ရန်၎င်း နယ်ပိုင်

တရားမရုံးက စေ့ဒကနှင့်စုဒိတကနှင့်ခုံဝိနည်းမိုရ်ဆရာတော်များအား စာဖြင့်အကြောင်းကြားရမည်။

(၂) ပုဒ်မခွဲ (၁) အရ အကြောင်းကြားစာရရှိသည့်အခါ၊ စေ့ဒကနှင့် စုဒိတကတို့သည် ခုံဝိနည်းမိုရ်ဆရာတော်တပါးစီကို အထက်တွင် ဖော်ပြသည့်အတိုင်း ရွေးချယ်တင်မြှောက်၍ ထိုဆရာတော် အသီးသီး၏ဘွဲ့တော်နှင့် လိပ်စာ အပြည့်အစုံ ဖော်ပြသည့်စာကိုခုံဝိနည်းမိုရ်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက် စာလွှာနှင့်အတူ အကြောင်းကြားစာတွင် သတ်မှတ်သည့်နေ့ရက်နှင့်အချိန်အတွင်း၌သော်၎င်း၊ ခုံဝိနည်းမိုရ်ဆရာတော်နှစ်ပါးက ကြားခုံဝိနည်းမိုရ်ဆရာတော်တပါးကို အထက်တွင်ဖော်ပြသည့် အတိုင်း ရွေးချယ်တင်မြှောက်၍၊ ထိုဆရာတော်၏ဘွဲ့တော်နှင့်လိပ်စာ အပြည့်အစုံဖော်ပြသည့်စာကိုကြားခုံဝိနည်းမိုရ်ဆရာတော်အဖြစ် ဆောင်ရွက်ရန်သဘောတူညီချက်စာလွှာနှင့်အတူ၊ အကြောင်းကြားစာတွင် သတ်မှတ်သည့်နေ့ရက်နှင့်အချိန်အတွင်း၌၎င်း နယ်ပိုင်တရားမရုံးသို့တင်သွင်းရမည်။ ထိုသို့တင်သွင်းသည့်အခါ နယ်ပိုင် တရားမရုံးသည်၊ ထိုဆရာတော်သုံးပါးပါဝင်သည့် ဝိနိစ္ဆယခုံဖွဲ့စည်းရမည်။

(၃) နှစ်ဘက် အမှုသည် များကဖြစ်စေ၊ တဘက် အမှုသည်က ဖြစ်စေ ခုံဝိနည်းမိုရ်ဆရာတော်တပါးစီရွေးချယ်တင်မြှောက်၍၊ ထိုဆရာတော်များ၏ဘွဲ့တော်နှင့် လိပ်စာအပြည့်အစုံကို ခုံဝိနည်းမိုရ်ဆရာတော်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက် စာလွှာနှင့်အတူ သတ်မှတ်သည့်နေ့ရက်နှင့် အချိန်အတွင်း တင်သွင်းရန်၎င်း၊ ခုံဝိနည်းမိုရ်ဆရာတော်နှစ်ပါးကဖြစ်စေ၊ တပါးပါးကဖြစ်စေ ကြားခုံဝိနည်းမိုရ်ဆရာတော်တပါးကို ရွေးချယ်တင်မြှောက်၍၊ ထိုဆရာတော်၏ဘွဲ့တော်နှင့်လိပ်စာအပြည့်အစုံကို ကြားခုံဝိနည်းမိုရ် ဆရာတော်အဖြစ် ဆောင်ရွက်ရန် သဘောတူညီချက် စာလွှာနှင့်အတူ သတ်မှတ်သည့် နေ့ရက်နှင့် အချိန်အတွင်း တင်သွင်းရန်၎င်း ပျက်ကွက်လျှင်၊ နယ်ပိုင်တရားမရုံးသည် လိုအပ်သည့်ခုံဝိနည်းမိုရ်ဆရာတော်၊ သို့မဟုတ် ကြားခုံဝိနည်းမိုရ်ဆရာတော် ရွေးချယ်တင်မြှောက်မည့် နေ့ရက်နှင့် အချိန်ကို အမှုသည်များအား၊ သို့မဟုတ် ခုံဝိနည်းမိုရ်ဆရာတော်များအား စာဖြင့်အကြောင်းကြားရမည်။ ထိုသို့သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် နယ်ပိုင်တရားမရုံးသည် အမှုသည်အသီးသီး၏ ဂိုဏ်းကို ထောက်ထား၍ ပုဒ်မ ၄၉ အရ ထားရှိသည့် သက်ဆိုင်ရာခရိုင်စာရင်းတွင်ပါဝင်သော ဝိနည်းမိုရ်ဆရာတော်များထဲမှဖြစ်စေ၊အကယ်၍ထိုခရိုင်စာရင်းတွင် သက်ဆိုင်ရာ ဂိုဏ်းဝင် ဝိနည်းမိုရ်ဆရာတော်များ အရေအတွက်နည်းလျှင်၊ သို့မဟုတ် မပါရှိလျှင် နီးစပ်ရာခရိုင် တခုခု၏ စာရင်းတွင်ပါဝင်သော ဝိနည်းမိုရ် ဆရာတော်များထဲမှဖြစ်စေ၊ ခုံဝိနည်းမိုရ် ဆရာတော်တပါးကို မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း ရွေးချယ်တင်မြှောက်ရမည်။ သို့မဟုတ် ကြားခုံဝိနည်းမိုရ်ဆရာတော်တပါးကို ဝိနည်းမိုရ်ဆရာတော်များကြွရောက်လျှင် ထိုဆရာတော်များ၏ မျက်မှောက်တွင်ဖြစ်စေ၊ ထိုဆရာတော် တပါးမျှ မကြွရောက်လျှင် ထိုဆရာတော်များ၏ မျက်ကွယ်တွင်ဖြစ်စေ စာရေးတံနည်း အရ ရွေးချယ်တင်မြှောက်ရမည်။

(၄) ပုဒ်မခွဲ (၃) အရ၊ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံမှာ နှစ်ဘက်အမှုသည်များ က သဘောတူဖွဲ့စည်းထားဘိသကဲ့သို့၊ လွှဲအပ်သည့် အမိကရုဏ်းမှုကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်သည့် အာဏာရှိစေရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မအရ ဝိနိစ္ဆယ ခုံဖွဲ့စည်းရာတွင် စေ့ဒကနှင့်စုဒိတကတို့သည် ဂိုဏ်းတူဖြစ်လျှင်၊ ခုံဝိနည်းမိုရ် ဆရာတော်နှင့် ကြားခုံဝိနည်းမိုရ်ဆရာတော်

အမှတ်စဉ်......
နေ့စွဲ..........

# ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာန အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့တွင် သတ်မှတ်သည့်အရပ်ဒေသ၌ ပုဒ်မ ၃ နှင့်မဆန့်ကျင်စေဘဲ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) ''အဆိုပါဥပဒေ'' ဆိုသည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေကိုဆိုလိုသည်။

(ခ) ''ဝိနည်းမမှုကံအမိကရဏ်းမှု'' ဆိုသည်မှာ၊အဆိုပါဥပဒေပုဒ်မ ၁၅ တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့်အမိကရဏ်းမှုကိုဆိုလိုသည်။

(ဂ) ''နိုင်ငံတော်ဝိနိစ္ဆယဌာန'' ဆိုသည်မှာ၊ အဆိုပါ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ဝိနိစ္ဆယဌာနကို ဆိုလိုသည်။

(ဃ) ''မြို့နယ်'' ဆိုသည်မှာ၊ အဆိုပါဥပဒေပုဒ်မ ၂ (၁) (က) တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့် မြို့နယ်ကိုဆိုလိုသည်။

(င) ''မြို့နယ်ဝိနိစ္ဆယဌာန'' ဆိုသည်မှာ၊ အဆိုပါဥပဒေအရတည်ထောင်ထားသော မြို့နယ်ဝိနိစ္ဆယဌာနကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတက၊ အဆိုပါဥပဒေပုဒ်မ ၁ (၃) (ဃ) အရ၊ အဆိုပါဥပဒေပြဋ္ဌာန်းချက်များ အာဏာတည်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်အခါ၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့်အရပ်ဒေသများ၌ သီးခြားဖေါ်ပြထားသည့်နေ့ရက်တွင် အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဤအက်ဥပဒေကိုရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

သို့ရာတွင် ဤအက်ဥပဒေကိုယင်းသို့ရုပ်သိမ်းသည့်အခါ၌ မပြီးပြတ်သေးသော ဝိနည်းမမှုကံအမိကရဏ်းမှုကို၊ ဤအက်ဥပဒေအရ နောက်ဆုံးပြီးပြတ်သည်တိုင်အောင် ဆက်လက်စစ်ဆေးရမည်။

၄။ ။(၁) ဤအက်ဥပဒေအရ ယာယီဝိနိစ္ဆယဌာနများ တည်ထောင်ရမည်။ ထိုယာယီဝိနိစ္ဆယဌာနများမှာ ဝိနည်းမမှုကံ အမိကရဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် အာဏာရှိရမည်။

အဘိုး—၁၀ ပြား။]

(၂) ယာယီစိနိစ္ဆယဌာန အသီးသီးအတွက် အဆိုပါဥပဒေပုဒ်မ ၁၁ (၁) တွင်ပြဋ္ဌာန်းထားသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသောဆယ်ပါးထက် မပိုသည့်ဝိနည်းဓိုရ်ဆရာတော်များကို နိုင်ငံတော်သမတကခန့်ရမည်။

၅။ ။(၁) ယာယီဝိနိစ္ဆယဌာနများသည်၊ နိုင်ငံတော်ဝိနိစ္ဆယဌာန၏ လက်အောက်ခံဖြစ်ရမည်။

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီး၏ စီရင်ခွင့်အာဏာနယ်နိမိတ်မှာထိုဌာနတည်ရှိရာမြို့နယ်အသီးသီးဖြစ်ရမည်။

၆။ ။ပုဒ်မ ၄ အရ၊ ဝိနည်းမှုခင်းအမိကရဏ်းမှုကို ကြားနာစစ်ဆေးစီရင်သည့် ယာယီဝိနိစ္ဆယဌာနသည် မြို့နယ်ဝိနိစ္ဆယဌာန၏အာဏာအားလုံးကို သုံးစွဲနိုင်သည့်ပြင်၊ အဆိုပါ ဥပဒေ ပုဒ်မ ၅၊၇၊၈၊၁၂၊၁၃ (၂)၊၁၅၊၁၆၊၁၇၊၂၂၊၂၃၊၂၄၊၂၅၊၂၆၊၂၇ (၄) နှင့် (၅)၊၂၀၊၂၉၊၃၀၊၃၁၊၃၂ (၂) နှင့် (၃) ပါပြဋ္ဌာန်းချက်များနှင့်အဆိုပါဥပဒေပုဒ်မ ၃၃ အရ ပြုလုပ်သောနည်းဥပဒေများအနက်၊ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများမှတပါး အခြားနည်းဥပဒေများသည်၊ မြို့နယ်ဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့်သက်ဆိုင်သကဲ့သို့ ယာယီဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့် ဖြစ်နိုင်သမျှသက်ဆိုင်ရမည်။

၇။ ။ယာယီဝိနိစ္ဆယဌာနဆိုင်ရာဝိနည်းဓိုရ်ဆရာတော်၊တာဝန်ခံဆရာတော်နှင့် တွဲဘက်တာဝန်ခံဆရာတော်တို့၏ ဝိနိစ္ဆယဌာနမှုခင်းကိစ္စနှင့် စပ်လျဉ်းသည့်ခရီးစရိတ်များအတွက် နိုင်ငံတော်အစိုးရကတာဝန်ယူရမည်။

၈။ ။အခြားတည်ဆဲတရားဥပဒေများတွင်မည်သို့ပင်ပါရှိစေကာမူ၊ ယာယီဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့်ရှိရမည်။ ယင်းသို့စောဒနာဝင်သည့်အခါ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည်အဆုံးသတ်အတည်ဖြစ်ရမည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် အာစာရဝိပတ္တိ၊ သို့တည်းမဟုတ် လဟုဘဏ်ပစ္စည်းနှင့်စပ်လျဉ်းသော အမိကရဏ်းမှုတွင်၊ ယာယီဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို စောဒနာဝင်ခွင့်မရှိစေရ။

၉။ ။(၁) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ၊ စောဒနာဝင်မှုကို ဆိုင်ရာစီရင်ချက်ချမှတ်သည့်နေ့မှ ၄၅ ရက်အတွင်း နိုင်ငံတော်ဝိနိစ္ဆယဌာနသို့ စောဒနာဝင်လွှာတင်သွင်းရမည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် စည်း ကမ်း သတ်ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့်နောက်မှ တင်သွင်းသည့် စောဒနာဝင်လွှာကို၊ အန္တရာယ် ၁၀ ပါးအနက်၊ တပါးပါးကြောင့် စောဒနာဝင်လွှာတင်သွင်းရန်ကြန့်ကြာနေခြင်းဖြစ်လျှင်၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက လက်ခံနိုင်သည်။

(၂) စောဒနာဝင်သူက အမှုဖြစ်ပျက်ရင်း အချင်းအရာ အချက်အလက်များ၊ဝိနည်းတရားတော်အချက်အလက်များနှစ်ချက်လုံးနှင့်စပ်လျဉ်း၍နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် ကန့်ကွက်လိုသည့် အကြောင်းအချက်များ စောဒနာဝင်လွှာတွင်

စုံလင်နိုင်သမျှစုံလင်စွာပါရှိရမည့်ပြင်၊ ယင်းသည့်အကြောင်းအချက်များကို အစဉ်အတိုင်း အမှတ်စဉ်ရမည်။စောဒနာဝင်သူကထိုစောဒနာဝင်လွှာကိုလက်မှတ်ရေးထိုးရမည်။ထို့ပြင် စောဒနာဝင်သည့်စီရင်ချက်မိတ္တူတစောင်ကိုစောဒနာဝင်လွှာနှင့်ပူးတွဲတင်သွင်းရမည်။

၁၀။ ။အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုနှင့်စပ်လျဉ်း၍၊ မူလမှုတခုခုသည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့၌ ဤအက်ဥပဒေအာဏာတည်သည့်အရပ်ဒေသရှိ တရားမရုံးတခုခုတွင် မပြီးပြတ်ရှိနေသေးလျှင်၊ ထိုတရားမရုံးက အဆိုပါမူလမှုကိုဆိုင်ရာ ယာယီဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

၁၁။ ။ပုဒ်မ ၃ အရ၊ ဤအက်ဥပဒေကိုရုပ်သိမ်းသည့်အခါ၊ အဆိုပါဥပဒေ ပုဒ်မ ၇ (၃) (စ) အရ ထားရှိသည့်အမှုမှတ်တမ်းများကိုဎင်း၊ အဆိုပါ ဥပဒေပုဒ်မ ၃၁ (၁) အရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် စာမှတ်စာတမ်းများကိုဎင်း အဆိုပါ ဥပဒေအရ တည်ထောင်သည့်ဆိုင်ရာမြို့နယ် ဝိနိစ္ဆယဌာနသို့လွှဲပြောင်းပေးအပ်ရမည်။

ပါမဗစ—အမှတ် ၁၄၂၊ အသစ၊ သာသနာရေးဝန်ကြီးဌာန၊ ၉-၁၁-၅၃—၃,၀၀၀—၂

အားလုံး ထိုဂိုဏ်းဝင်ချည်းဖြစ်ရမည်။ စောဒကနှင့် စုဒိတကတို့ ဂိုဏ်းတပါးစီဖြစ်နေလျှင် ထိုပုဂ္ဂိုလ်များ၏ ဆိုင်ရာဂိုဏ်းမှ ခုံဝိနည်းဓိုရ် ဆရာတော် တပါးစီရွေးချယ်တင်မြှောက်၍ ကြားဂိုဏ်းမှ ဆရာတော်တပါးပါးကိုဖြစ်စေ၊ ခုံဝိနည်းဓိုရ်ဆရာတော်များသဘောတူရာ ဆရာတော်တပါးပါးကိုဖြစ်စေ ကြားခုံဝိနည်းဓိုရ်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ရမည်။

**ဝိနိစ္ဆယ ခုံဆိုင်ရာ ဝိနည်းဓိုရ် ဆရာ တော်များအား အကြောင်းကြားခြင်း။**

၃၉။ ။ပုဒ်မ ၃၈ အရ၊ဖွဲ့စည်းသည့်ဝိနိစ္ဆယခုံအတွက်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ခုံဝိနည်းဓိုရ်ဆရာတော် နှစ်ပါးနှင့် ကြားခုံဝိနည်းဓိုရ် ဆရာတော် တပါးထံ၊ နယ်ပိုင်တရားမရုံးကထိုသို့ ရွေးချယ် တင်မြှောက်ကြောင်းကို စာဖြင့် အကြောင်းကြားရမည်။

**အဓိကရုဏ်းမှုကို စတင် ကြားနာ စစ်ဆေးရမည့် အချိန်။**

၄၀။ ။ခုံဝိနည်းဓိုရ် ဆရာတော်များနှင့် ကြားခုံဝိနည်းဓိုရ်ဆရာတော်၌၊ မိမိတို့အားရွေးချယ်တင်မြှောက်သောအကြောင်းကြားစာကို ရရှိသည့်အခါ၊ လွှဲအပ်သည့် အဓိကရုဏ်းမှုကို စတင်ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်ခွင့်ရှိရမည်။

**အမှုကြားနာ စစ်ဆေးရာတွင် ဝိနိစ္ဆယခုံက စီစဉ် စစ်ဆေးသည့် နည်းလမ်း။**

၄၁။ ။ဝိနိစ္ဆယခုံသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးရာတွင်၊ မိမိတို့ သင့်တော်သည် ထင်မြင်သည့် နည်းလမ်းအတိုင်းစီစဉ်စစ်ဆေးနိုင်သည်။

**ဝိနိစ္ဆယခုံ၏အာဏာများ။**

၄၂။ ။ဝိနိစ္ဆယခုံသည်အမှုသည်များ၏မျက်မှောက်တွင်ထိုအမှုသည်များ၏သက်သေထွက်ချက်များနှင့် လျှောက်လဲချက်များကို ကြားနာ၍၊ ထိုသက်သေထွက်ချက်များ၊ လျှောက်လဲချက်များကို အခြေပြုလျက်၊ အဓိကရုဏ်းမှုကို ဆုံးဖြတ်ရမည်။ ဝိနိစ္ဆယခုံက အမှုသည်များအား မိမိတို့ချိန်းဆိုသည့် နေရာနှင့် သတ်မှတ်သည့် အချိန်တွင် လာရောက်ရန် စာဖြင့် အကြောင်းကြားထားသော်လည်း အမှုသည်တဦးဦး၊ သို့မဟုတ် အမှုသည်များ လာရောက်ရန် ပျက်ကွက်လျှင်၊ ဝိနိစ္ဆယခုံသည်၊ မိမိတို့၏ အစည်းအဝေးကို အနည်းဆုံး ၇ ရက်ခွါ၍ကျင်းပရန်ရွှေ့ဆိုင်းပြီးလျှင်၊ထိုသို့ရွှေ့ဆိုင်းကြောင်းကိုအမှုသည်အားလုံးအား စာဖြင့် အကြောင်းကြားရမည်။ ထိုသို့ရွှေ့ဆိုင်းကျင်းပသောဝိနိစ္ဆယခုံအစည်းအဝေးသို့ အမှုသည်တဦးဦးက၊ သို့မဟုတ် အမှုသည်များကလာရောက်ရန်ပျက်ကွက်လျှင်၊ဝိနိစ္ဆယခုံမှာ ထိုအမှုသည်၏၊ သို့မဟုတ် ထိုအမှုသည်များ၏ မျက်ကွယ်တွင် ဝိနည်းတော်နှင့် အညီကြားနာစစ်ဆေး စီရင်ဆုံးဖြတ်နိုင်ခွင့် ရှိစေရမည်။

**ဝိနိစ္ဆယခုံအားဝိနိစ္ဆယ ဌာန၏ အချို့သော အာဏာများသုံးစွဲခွင့်ပြုခြင်း။**

၄၃။ ။ဤအခန်းတွင် အခြားနည်းဖြင့်ပြဋ္ဌာန်းထားသည်မှတပါး ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်လွှဲအပ်ခြင်းခံရသည့်ဝိနိစ္ဆယခုံသည်၊ သက်ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာန၏အမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် အာဏာများကို သုံးစွဲနိုင်သည့်ပြင်၊ ပုဒ်မ ၁၇၊ ၂၂၊ ၂၃၊ ၂၄၊ ၂၉၊ ၃၀၊ ၃၂ (၂) နှင့် (၃) ပါ ပြဋ္ဌာန်းချက်များသည်၊ သက်ဆိုင်ရာမြို့နယ် ဝိနိစ္ဆယဌာနနှင့်၊သို့မဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များ

နှင့်သက်ဆိုင်ဘိသကဲ့သို့၊ ဝိနိစ္ဆယခုံနှင့်ဖြစ်စေ၊ ဝိနိစ္ဆယခုံဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့်ဖြစ်စေ ဖြစ်နိုင်သမျှသက်ဆိုင်စေရမည်။

ခုံဝိနည်းဓိုရ်ဆရာတော်၊ သို့မဟုတ် ကြားခုံ ဝိနည်းဓိုရ်ဆရာတော်အဖြစ်မှရပ်စဲသည့် နေရာကို ဖြည့်သွင်းခြင်း။

၄၄။ ။(၁) ဝိနိစ္ဆယခုံအတွက် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်ခုံဝိနည်းဓိုရ်ဆရာတော် တပါးပါးသည်၊ သို့မဟုတ် ကြားခုံဝိနည်းဓိုရ်ဆရာတော် တပါးပါးသည်၊ ပုဒ်မ ၁၂ တွင်ဖော်ပြသည့်အကြောင်းများအနက် အပိုဒ် (ခ)၊ (ဆ)၊ (ဇ) နှင့် (ဍ) ပါ အကြောင်းများမှတပါး အခြားအကြောင်း တခုခုကြောင့် အရည်အချင်း ပျက်ယွင်းသည်ဟု နိုင်ငံတော်သမတ က ဤကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာသတ်မှတ်သည့် ဝိနည်းဓိုရ်ဆရာတော်ကြီးများအဖွဲ့က အရေးယူဆုံးဖြတ်ချက်ချမှတ်လျှင်သော်၎င်း၊ အမှုကိစ္စကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်ပျက်ကွက်လျှင်သော်၎င်း၊ လွှဲအပ်ထားသည့်တာဝန်ဝတ်တရားကို အခြားနည်းဖြင့်မစွမ်းဆောင်နိုင်လျှင်သော်၎င်း ခုံဝိနည်းဓိုရ်ဆရာတော်အဖြစ်မှဖြစ်စေ၊ ကြားခုံဝိနည်းဓိုရ်ဆရာတော်အဖြစ်မှဖြစ်စေ ရပ်စဲသည်ဟုမှတ်ယူရမည်။

(၂) ထိုသို့ရပ်စဲသည့်အခါ၊ နှစ်ဘက်အမှုသည်များကသဘောတူဖွဲ့စည်းထားသည့်ဝိနိစ္ဆယခုံဖြစ်လျှင်၊ အမှုသည်များကဖြစ်စေ၊ ခုံဝိနည်းဓိုရ်ဆရာတော်များက ဖြစ်စေ ခုံဝိနည်းဓိုရ် ဆရာတော်တပါးကို၊ သို့မဟုတ် ကြားခုံဝိနည်းဓိုရ် ဆရာတော်တပါးကိုမူလကရွေးချယ် တင်မြှောက်သည့် နည်းအတိုင်း ရွေးချယ်တင်မြှောက်ခြင်းဖြင့်၎င်း၊ နယ်ပိုင်တရားမရုံးက ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံဖြစ်လျှင်၊ ထိုနယ်ပိုင်တရားမရုံးက ခုံဝိနည်းဓိုရ်ဆရာတော်တပါးကို၊ သို့မဟုတ် ကြားခုံဝိနည်းဓိုရ် ဆရာတော်တပါးကို ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၃) အရ ရွေးချယ် တင်မြှောက်သည့် နည်းအတိုင်း ရွေးချယ် တင်မြှောက်ခြင်းဖြင့်၎င်း လစ်လပ်သည့်နေရာကိုလစ်လပ်သည့်နေ့မှ တဆယ့်ငါးရက်အတွင်းဖြည့်သွင်းရမည်။

(၃) အမှုသည်တဦးဦးက မိမိမူလရွေးချယ် တင်မြှောက်သည့် ခုံဝိနည်းဓိုရ်ဆရာတော်၏ လစ်လပ်သည့်နေရာတွင် ခုံဝိနည်းဓိုရ်ဆရာတော်တပါးကို သတ်မှတ်ထားသည့် အချိန်အတွင်း ရွေးချယ်တင်မြှောက်၍ဖြည့်သွင်းရန်ပျက်ကွက်လျှင်သော်၎င်း၊ ခုံဝိနည်းဓိုရ် ဆရာတော်များကမူလရွေးချယ်တင်မြှောက်သည့် ကြားခုံဝိနည်းဓိုရ်ဆရာတော်၏ လစ်လပ်သည့် နေရာတွင် ကြားခုံဝိနည်းဓိုရ် ဆရာတော်တပါးကိုသတ်မှတ်ထားသည့် အချိန်အတွင်း ရွေးချယ်တင်မြှောက်၍ ဖြည့်သွင်းရန် ပျက်ကွက်လျှင်သော်၎င်း နယ်ပိုင်တရားမရုံးက ခုံဝိနည်းဓိုရ် ဆရာတော်တပါးကို၊ သို့မဟုတ် ကြားခုံဝိနည်းဓိုရ်ဆရာတော်တပါးကို ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၃) အရ ရွေးချယ်တင်မြှောက်သည့် နည်းအတိုင်းရွေးချယ် တင်မြှောက်၍ လစ်လပ်သည့်နေရာကိုဖြည့်သွင်းရမည်။

(၄) ယင်းသို့လစ်လပ်သည့်နေရာတွင်ဖြည့်သွင်းသည့်ခုံဝိနည်းဓိုရ်ဆရာတော်မှာ၊ သို့မဟုတ် ကြားခုံဝိနည်းဓိုရ်ဆရာတော်မှာ ထိုဝိနိစ္ဆယခုံတွင် အမှုကိစ္စကိုစတင်ကြားနာစစ်ဆေးစဉ်ကပင် ပါဝင်ဘိသကဲ့သို့ ထိုအမှုကိစ္စကို ဆက်လက် ကြားနာစစ်ဆေးစီရင် ဆုံးဖြတ်နိုင်ခွင့်ရှိစေရမည်။

ဝိနိစ္ဆယခုံက လေးလအတွင်း ဆုံးဖြတ်ချက်ချရန်

၄၅။ ။(၁) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (၄)၊ အပိုဒ် (ဂ) အရ၊ မည်သည့်ကာလအပိုင်းအခြားအတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဟူသောညွှန်ကြားချက်မရှိလျှင် ဝိနိစ္ဆယခုံသည် လွှဲအပ်သည့်အမှုကိစ္စကို စတင်ကြားနာစစ်ဆေးသည့်နေ့မှ လေးလအတွင်း ထိုအမှုကိုဆုံးဖြတ်ချက်ချရမည်။

ခြွင်းချက်။ ။သို့ရာတွင် နှစ်ဘက်အမှုသည်များသဘောတူဖွဲ့စည်းထားသော ဝိနိစ္ဆယခုံဖြစ်လျှင်၊ စောဒကနှင့် စုဒိတကတို့ကသော်၎င်း၊ ပုဒ်မ ၃၀ အရ ဖွဲ့စည်းထားသော ဝိနိစ္ဆယခုံဖြစ်လျှင် သက်ဆိုင်ရာ နယ်ပိုင်တရားမရုံးကသော်၎င်း ထိုကာလအပိုင်းအခြားကိုသင့်တော်သည်ထင်မြင်သည့်အတိုင်းတိုးပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသည့် ကာလအပိုင်းအခြား၊ သို့မဟုတ် တိုးပေးသည့်ကာလအပိုင်းအခြားအတွင်း၊ ဝိနိစ္ဆယခုံသည်၊ လွှဲအပ်သည့်အမှုကို ဆုံးဖြတ်ရန်ပျက်ကွက်လျှင်၊ ထိုသို့ပျက်ကွက်ကြောင်း နှစ်ဘက် အမှုသည်များကဖြစ်စေ၊ တဘက်အမှုသည်ကဖြစ်စေ သက်ဆိုင်ရာ နယ်ပိုင်တရားမရုံးသို့ စာဖြင့်ရေးသားတင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းသည့်စာကို ရရှိသည့်အခါ၊ နယ်ပိုင် တရားမရုံးသည်၊ နောက်ထပ်အချိန်တိုးပေးရန်သင့်သည်ဟုထင်မြင်က တိုးပေးနိုင်သည်၊ သို့မဟုတ်အမှုကို ပြန်လည်ရုပ်သိမ်းကြောင်း ဝိနိစ္ဆယခုံသို့ စာဖြင့်အကြောင်းကြားပြီးနောက်၊ ပျက်ကွက်သည့်ဝိနိစ္ဆယခုသည် ပုဒ်မ ၃၅ အရ ဖွဲ့စည်းထားသည့်ဝိနိစ္ဆယခုံဖြစ်လျှင်၊ သက်ဆိုင်ရာအမှုသည်များအား မိမိတို့သဘောတူဝိနိစ္ဆယခုံအသစ်တခုကိုဖွဲ့စည်းစေပြီးလျှင်၊ အမှုကို ထိုဝိနိစ္ဆယခုံသို့လွှဲအပ်ရမည်၊ သို့မဟုတ် ပျက်ကွက်သည့်ဝိနိစ္ဆယခုံသည်၊ ပုဒ်မ ၃၀ အရ ဖွဲ့စည်းထားသည့် ဝိနိစ္ဆယခုံဖြစ်လျှင်၊ ပုဒ်မ ၃၀ အရ ဝိနိစ္ဆယခုံ အသစ်တခုကို ထပ်မံဖွဲ့စည်းပြီးလျှင်၊ ထိုဝိနိစ္ဆယခုံသို့ အမှုကိုလွှဲအပ်ရမည်။

ဝိနိစ္ဆယခုံ၏ဆုံးဖြတ်ချက်။

၄၆။ ။(၁) ဝိနိစ္ဆယခုံသည်၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ရက်နှင့် အချိန်ကို အမှုသည်များထံ စာဖြင့်ကြိုတင်အကြောင်းကြားရမည်။ ယင်းသို့ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ရက်နှင့် အချိန်တွင်၊ နှစ်ဘက်အမှုသည်များလာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ၊ ဝိနိစ္ဆယခုံသည်၊ ဆုံးဖြတ်ချက်ကိုဘတ်ကြား၍ လက်မှတ်ရေးထိုးရမည်။

(၂) ဝိနိစ္ဆယခုံ၏ဆုံးဖြတ်ချက်သည် အမှုသည်များအပေါ်တွင်၎င်း၊ အမှုသည်များမှ အကျိုးဆက်ခံသူများအပေါ်တွင်၎င်း အဆုံးသတ်အတည်ဖြစ်စေရမည်။

(၃) ဝိနိစ္ဆယခုံက ချမှတ်သည့် ဆုံးဖြတ်ချက်ကို၊ သက်ဆိုင်ရာ အမှုသည်တဦးဦးက၊ သက်ဆိုင်ရာ နယ်ပိုင်တရားမရုံးသို့တင်သွင်းနိုင်သည်။

(၄) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (၅) အရ သော်၎င်း၊ အထက်ပါ ပုဒ်မခွဲ (၃) အရ သော်၎င်း တင်သွင်းသည့်ဆုံးဖြတ်ချက်သည်၊ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာရှိသော တရားမရုံး၏ဒီဂရီကဲ့သို့ လိုက်နာအောင်၊ ထိုတရားမရုံးမှာ ရှိမြဲအခွင့်အာဏာများ နှင့်အညီ အာဏာစက်ဖြင့် ကူညီပြုလုပ်ပေးရမည်။ သို့သော် ထိုတရားမရုံးသည်၊ ထိုဒီဂရီနှင့်စပ်လျဉ်း၍ မည်သူကိုမျှ ဝိနည်းတော်နှင့်မလျော်သော ဒဏ်ကိုမစီရင်ရ။ ထို့ပြင် ထိုဆုံးဖြတ်ချက်ကို မည်သည့်ဝိနိစ္ဆယဌာန၊သို့မဟုတ် တရားရုံးတွင်မျှ မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့်မရှိစေရ။

ဝိနိစ္ဆယခုံသို့ လွှဲအပ်သည့်အမှုကို ဝိနိစ္ဆယဌာနကစီရင်ပိုင်ခွင့်မရှိခြင်း။

၄၇။ ။(၁) မည်သည့်ဝိနိစ္ဆယဌာနမှာမျှ၊ ဤအခန်းအရ ဝိနိစ္ဆယခုံသို့ အပ်သည့်အဓိကရုဏ်းမှုများကို ကြားနာ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

(၂) မည်သည့် ဝိနိစ္ဆယဌာနတွင်မဆို၊ မပြီးမပြတ်ရှိနေသော အဓိကရုဏ်းမှုတမှုကို၊ သက်ဆိုင်ရာ စော

ဒကနှင့် စုဒိတကတို့က၊ မိမိတို့သဘောတူဖွဲ့စည်းမည့် ဝိနိစ္ဆယခုံသို့လွှဲအပ်လိုလျှင်၊ယင်းသို့လွှဲအပ်လိုကြောင်း ထိုဝိနိစ္ဆယဌာနသို့၊ ထိုအမှုကိုဆုံးဖြတ်ချက်မချမီ မည်သည့်အခါမဆို၊ ပုဒ်မခွဲ (၃) နှင့်အညီ လျှောက်ထားနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ လျှောက်ထားသည့်အခါ၊ ထိုအမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန်အလို့ငှါဖွဲ့စည်းထားသည့် ဝိနိစ္ဆယခုံတွင်ပါဝင်ဆောင်ရွက်ရန်သဘောတူသည့် ခုံဝိနည်းဓိုရ်ဆရာတော်၊ သို့မဟုတ် ဆရာတော်များနှင့် ကြားခုံဝိနည်းဓိုရ်ဆရာတော် (ရှိလျှင်) ၏ဘွဲ့တော်နှင့် လိပ်စာအပြည့်အစုံကိုဖော်ပြသည့်စာကို၊ အမှုသည်များက ဝိနိစ္ဆယဌာနသို့တင်သွင်းရမည်။

(၄) ဝိနိစ္ဆယဌာနသည်၊ ထိုအဓိကရဏ်းမှုကို၊ အမှုသည်များက လျှောက်ထားသည့်အတိုင်းလွှဲအပ်ရမည်။

အချို့သော အက်ဥပဒေများနှင့် မသက်ဆိုင်ခြင်း။

၄၀။ ။၁၉၄၄ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၎င်း၊ ရုံးခွန်တော်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၎င်း၊ တံဆိပ်တော်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၎င်း ဤအခန်းအရ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံများက ကြားနာ စစ်ဆေး စီရင် ဆုံးဖြတ်သည့်အမှုများနှင့်ဖြစ်စေ၊ ထိုအမှုများတွင်ချမှတ်သည့်ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ နယ်ပိုင် တရားမရုံးများသို့ တင်သွင်းခြင်းနှင့်ဖြစ်စေ၊ ထိုအမှုများနှင့် အခြားနည်းဖြင့်ဆက်စပ်သည့်ကိစ္စများနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိစေရ။

ဝိနည်းခိုရ် ဆရာတော်များ စာရင်း။

၄၉။ ။(၁) သာသနာ့ရေးဦးစီးဌာနကြားရေးဝန်သည်၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများကို ဝိနည်းတော်နှင့်အညီ ကြားနာ စစ်ဆေး စီရင်ဆုံးဖြတ်ရန်အလို့ငှါ၊ ဖွဲ့စည်းသည့် ဝိနိစ္ဆယ ခုံများတွင်၊ ခုံဝိနည်းဓိုရ်ဆရာတော်များအဖြစ်သော်၎င်း၊ ကြားခုံဝိနည်းဓိုရ်ဆရာတော်များအဖြစ်သော်၎င်း ပါဝင်ဆောင်ရွက်ရန် ပုဒ်မ ၁၀ (၁) တွင် ဖော်ပြထားသည့် ဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံ၍၊ ထိုသို့ပါဝင်ဆောင်ရွက်ရန်လည်း သဘောတူသော ဆရာတော်များ၏စာရင်းကို၊ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ သို့မဟုတ် ဒွါရဂိုဏ်းဝင်ပုဂ္ဂိုလ်များအတွက် ဂိုဏ်းအလိုက်၎င်း၊ ထိုဂိုဏ်းများတွင် မပါဝင်သော ပုဂ္ဂိုလ်များကို သီးခြား၍၎င်း ခရိုင်အသီးသီးအတွက် တခုစီ နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့် ရေးသားထုတ်ပြန်ကြေညာရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊စာရင်းတွင်ပါဝင်သော ဝိနည်းဓိုရ်ဆရာတော်တပါးပါးသည်၊ဝိနိစ္ဆယခုံဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်၊ အန္တရာယ် ၁၀ ပါးအနက် တပါးပါးသောအကြောင်းမရှိဘဲ ပျက်ကွက်လျှင်သော်၎င်း၊ ပုဒ်မ ၁၂၊ သို့မဟုတ်ပုဒ်မ ၄၄ ပါအကြောင်းတခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်သော်၎င်း ထိုဆရာတော်၏ဘွဲ့တော်ကို သက်ဆိုင်ရာစာရင်းမှ ပယ်ဖျက်ရမည်။

(၃) သာသနာ့ရေးဦးစီးဌာနကြားရေးဝန်သည်၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ ထိုစာရင်းကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်ပြင်နိုင်သည်။

၅၀။ ။ပုဒ်မ ၃၀၊ သို့မဟုတ် ပုဒ်မ ၄၄ အရ နယ်ပိုင် တရားမျိုးက ရွေးချယ်တင်မြှောက်ရသည့် ဝိနိစ္ဆယခုံဆိုင်ရာ ခုံဝိနည်းမိုရ်ဆရာတော်နှင့် ကြားခုံဝိနည်းမိုရ်ဆရာတော်၏ ဝိနိစ္ဆယခုံမှုခင်းကိစ္စနှင့် စပ်လျဉ်းသည့် ခရီးစရိတ်များအတွက်၊ နိုင်ငံတော်အစိုးရကို တာဝန်ယူရမည်။

ခရီးစရိတ်များအတွက် အစိုးရက တာဝန်ယူခြင်း။

၅၁။ ။(၁) ဤအခန်းပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်။ စည်းမျဉ်းဥပဒေများကိုပြုနိုင်သည်။

စည်းမျဉ်းဥပဒေပြုရန် အာဏာ။

(၂) ထိုကဲ့သို့သောအခွင့်အာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေမူ၍၊ ထိုစည်းမျဉ်းဥပဒေများကို အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တစုံတခုအတွက်ဖြစ်စေပြုနိုင်သည်။

(က) ပုဒ်မ ၃၆ အရ၊ အမှုတွဲဆိုရာတွင် တင်သွင်းရမည့်စွဲချက်အလွှာ။
(ခ) ပုဒ်မ ၃၇ (၃) (က) အရ၊ ပေးပို့သည့်သဘောတူချက်စာတမ်း။
(ဂ) အခန်း ၂ အရ၊ ပြဋ္ဌာန်းရန်လိုအပ်သည့်အခြားကိစ္စများ။''

၁၃။ ။အဆိုပါအက်ဥပဒေ၏ ဒုတိယဇယားပါရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေ ၁၀ တွင်၊ ''ခရိုင်မြို့မတွင်'' ဆိုသည့်စကားရပ်အစား၊ ''ခရိုင်မြို့မဌာနသော်၎င်း၊ ခရိုင်မြို့မ မရှိသည့်ခရိုင်တွင်၊ ထိုခရိုင်တွင်းရှိ သင့်လျော်သော မြို့တမြို့၌သော်၎င်း၊'' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊ — အမှတ် ၃၇၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၁၂-၆၀—၂၀၀၀ + ၃—၂။

(ည) ဝေါဟာရ ဝဂ်လာ အလင်္ကာလင်္ကာ စသည်ကို အစဉ်ပြုမှုနေ သော်ငြင်း။

(ဋ) အကြောင်းမလုံလောက်ဘဲ (၃) ကြိမ်တိုင်တိုင် မိမိအပေါ်ကျ ရောက်သောတာဝန်ကိုမဆောင်ရွက်ဘဲ ပျက်ကွက်သော်ငြင်း။

(၂) ပုဒ်မခွဲ (၁) ပါအင်္ဂါတပါးပါးပျက်ယွင်းသောပုဂ္ဂိုလ်ကိုဆိုင်ရာတာဝန်ခံ ဆရာတော်က ဆိုင်ရာဝိနည်းဓိုရ်အဖွဲ့သို့ တိုင်ကြားလျှောက်ထားရမည်။ ထိုအခါဆိုင်ရာ ဝိနည်းဓိုရ်အဖွဲ့က အရေးယူဆုံးဖြတ်ရမည်။

လစ်လပ်သောနေရာများကိုဖြည့်သွင်းခြင်း။

၁၃။ ။(၁) ပုဒ်မ ၁၂ တွင်ရည်ညွှန်းထားသည့်အကြောင်းတစုံတခုကြောင့် ရာထူးလစ်လပ်သောအခါ၊ ဆိုင်ရာတာဝန်ခံဆရာတော်က၊ ဆိုင်ရာဝိနည်းဓိုရ်အဖွဲ့များကို အကြောင်းကြားပြီးလျှင်ရာထူး လစ်လပ်သည့်နေ့မှ နှစ်လအတွင်း၊ ဤဥပဒေ၏ဒုတိယဇယား ရှိ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများနှင့်အညီ ရွေးကောက်တင်မြှောက်၍ လစ်လပ် သည့်နေရာကို ဖြည့်သွင်းရမည်။

(၂) ပုဒ်မ ၁၂ တွင်ရည်ညွှန်းထားသည့်အကြောင်းတစုံတခုကြောင့်မြို့နယ်၊ သို့မဟုတ် ခရိုင်၊ သို့မဟုတ် နိုင်ငံတော်တာဝန်ခံဆရာတော်၏ရာထူးဖြစ်စေ၊ တွဲဘက်တာ ဝန်ခံဆရာတော်၏ ရာထူးဖြစ်စေ လစ်လပ်သောအခါ၊ ဆိုင်ရာဝိနည်းဓိုရ်အဖွဲ့က ယင်းသို့ လစ်လပ်သည့်နေရာကို ပုဒ်မ ၇ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်နိုင်သလောက် မြန်မြန် ဖြည့်သွင်းရမည်။ ယင်းသို့ရာထူးဖြည့်သွင်းသည့် ဆရာတော်သည်၊ ယခင် ရာထူးမှရပ်စဲ ရသောဆရာတော်၏ရာထူးသက်တမ်းကုန်ဆုံးမည့်နေ့အထိတာဝန်ဆောင်ရွက်ရမည်။

စာရေးနှင့်မင်းစေများကို ခန့်ထားခြင်း။

၁၄။ ။(၁) မြို့နယ်၊ သို့မဟုတ် ခရိုင်၊ သို့မဟုတ် နိုင်ငံတော်ဝိနိစ္ဆယဌာန အသီးသီးအတွက် လိုအပ်သော စာရေးများနှင့် မင်းစေ များကိုဆိုင်ရာမြို့နယ်၊ သို့မဟုတ် ခရိုင်၊ သို့မဟုတ် နိုင်ငံတော် တာဝန်ခံဆရာတော်ကခန့်ထားရမည်။

(၂) ထိုစာရေးများနှင့်မင်းစေများမှာ လူများသာဖြစ်စေရမည်။ ထိုပြင်ထိုလူ များ၏အပေါ်တွင် ပစ္စည်းဥစ္စာနှင့်စပ်လျဉ်းသော ကိစ္စတစုံတရာအတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်ရှိ၍ သက်ဆိုင်ရာခရိုင်တရားမရုံးက စုံစမ်းစစ်ဆေးပြီးလျှင်ထိုက် သင့်သောအမိန့်ကို ချမှတ်သောအခါ ဝိနည်းဓိုရ်ဆရာတော်များနှင့်မသက်ဆိုင်စေရ။

(၃) ဝိနိစ္ဆယဌာနအသီးသီး၏စရိတ်၊ စာရေးမင်းစေတို့၏ အခကြေးငွေနှင့် ဝိနည်းဓိုရ်ဆရာတော်တာဝန်ခံဆရာတော်နှင့်တွဲဘက်တာဝန်ခံဆရာတော်တို့၏ ဝိနိစ္ဆယ ဌာန မှုခင်းကိစ္စဆိုင်ရာခရီးစရိတ်များအတွက် နိုင်ငံတော်အစိုးရက တာဝန်ယူရမည်။

ကြားနာစစ်ဆေး၍စီရင်ဆုံးဖြတ်ရမည့်ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများ၊

၁၅။ ။(၁) အခြားတည်ဆဲဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤ ဥပဒေအရ၊ ဖွဲ့စည်းထားသောဝိနိစ္ဆယဌာနများမှာ ဤဥပဒေ တွင် တိုက်ရိုက်ဖြစ်စေ၊ သဘောအဓိပ္ပါယ် ရောက်အောင် ဖြစ်စေ၊ လက်ခံခြင်းမပြုစေရန် တားမြစ်ပိတ်ပင်ထားသည့်အမှု များမှတပါး အခြားဝိနည်းဓမ္မကံအဓိကရုဏ်းမှုအားလုံးကိုဤ ဥပဒေအရ ကြားနာစစ်ဆေး၍၊ ဝိနည်းတော်နှင့်အညီ စီစဉ်ဆုံးဖြတ်ရန် အခွင့်အာဏာ ရှိစေရမည်။

(၂) ပုဒ်ခွဲ (၁) အလို့ငှါဖိနည်းမြွက်အမိကရုဏ်းမှုဆိုသည်မှာ၊အောက်ပါတို့ကိုဆိုလိုသည်။

(က) ဝိဝါဒါမိကရုဏ်းမှု။
(ခ) အနုဝါဒါမိကရုဏ်းမှု။
(ဂ) အာပတ္တာဓိကရုဏ်းမှု။
(ဃ) ကိစ္စာဓိကရုဏ်းမှု။

ရှင်းလင်းချက်။ ။အဋ္ဌောတိ ဝေါဟာရိက ဝိနိစ္ဆယောဝုစ္စတိယံပဗ္ဗဇိတာအဓိကရဏံ့ဝိဝဒန္တိ။ ။တရားသူကြီးတို့သည် ဆုံးဖြတ်အပ်သော ငါ့ဟာသူ့ဟာဟုငြင်းခုံ၍၊လယ်ဘာဏ်ဂရုဘဏ်ဒဲရပ်ရပ်ကျောင်း၊ကန်၊ဇရပ်၊တန်ဆောင်းစသောမရွေ့ပြောင်းနိုင်သော ထာဝရဝတ္ထု၊ သင်္ကန်း၊ သပိတ်၊ ညောင်စောင်း၊ အင်းပျဉ်စသော ရွေ့ပြောင်းနိုင်သော ဇင်္ဂမဝတ္ထု ကျောင်းအာရာမ် မြေ၊ ကျောင်းအား လှူဒါန်းအပ်သော လယ်ယာဝတ္ထုကံမြေ၊ တရားတွေ့မှုကို လူတို့ဝေါဟာရ အဋ္ဋ၊ ရဟန်းတို့ဝေါဟာရ အဓိကရဏဟုခေါ်သည်။

(က) အဓမ္မစသော ၁၈ ပါးသော ဘေဒကရဝတ္ထုဖြင့်ငြင်းခုံခြင်းကို ဝိဝါဒါမိကရုဏ်းဟုခေါ်သည်။

(ခ) သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဝိပတ္တိအားဖြင့် လေးပါးသော ဝိပတ္တိတို့တွင် တပါးပါးသော ဝိပတ္တိဖြင့်စွပ်စွဲခြင်းကိုအနုဝါဒါမိကရုဏ်းဟုခေါ်သည်။

(ဂ) ဒေတိကာင့်လာသော အာပတ် ၅ ပုံ၊ဝိဘင်း၌လာသောအာပတ် ၇ ပုံ ကို အာပတ္တာဓိကရုဏ်းဟု ခေါ်သည်။

(ဃ) အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို ကိစ္စာဓိကရုဏ်းဟု ခေါ်သည်။

(၃) ပုဒ်မခွဲ (၂) တွင် အကျုံးဝင်သည့် အမိကရုဏ်းမှုများ၏ အကျဉ်းသရုပ်များမှာ၊ ဤဥပဒေ၏ပဋ္ဌမဇယားတွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

(၄) ပုဒ်မ ၂၂ (၃) တွင် အတည့်အလင်း ပြဋ္ဌာန်းထားသည့် စီရင်ခွင့်အာဏာများမှတပါး၊ဝိနိစ္ဆယဌာနများမှာ စီရင်ပိုင်ခွင့်အာဏာရှိသောမှုခင်းကိစ္စ တစုံတရာကို မည်သည့်လူတရားရုံးမှာမျှ ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် အခွင့်အာဏာမရှိစေရ။

(၅) ဤဥပဒေအရတည်ထောင်ထားသည့် ဝိနိစ္ဆယဌာနတစုံတခုတွင် စွဲဆိုသည့်ဤပုဒ်မဝင် အမိကရုဏ်းမှု တစုံတခုကို ဝိနိစ္ဆယဌာနက စစ်ဆေးစီရင်ပိုင်ခွင့်ရှိ မရှိ၊ အမှုသည်တို့အငြင်းအခုံရှိလျှင်၊ ယင်းသည့်အမှုကိုလက်ခံထားသည့် ဝိနိစ္ဆယ ဌာနက ယင်းသို့စီရင်ပိုင်ခွင့်ရှိ မရှိ ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုပြင် မည်သည့်အကြောင်းကြောင့် ယင်းသို့ဆုံးဖြတ်ချက်ချရကြောင်းဖော်ပြပါရှိစေရမည်။

၁၆။ ။(၁) မြို့နယ်ဝိနိစ္ဆယဌာနမှာ ၎င်း၏ဆိုင်ရာနယ်နိမိတ် အတွင်းတွင် စုဒိတက အားလုံးဖြစ်စေ၊ အများစုဖြစ်စေနေထိုင်လျှင်၊ သို့မဟုတ် အချင်းဖြစ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအားလုံးဖြစ်စေ၊ အများစုဖြစ်စေတည်ရှိလျှင်၊ အချင်းဖြစ်တန်ဘိုး မည်မျှရှိသည့် ဝိနည်းမမှုကံ အဓိကရုဏ်းမှုကိုမဆို၊ ကြားနာစစ်ဆေး၍ စီရင်ဆုံးဖြတ်ရန် မူလစီရင်ခွင့်အာဏာရှိစေရမည်။

ဝိနည်းမမှုကံအဓိကရုဏ်းမှုကို စွဲဆိုရမည့်ဌာန။

ခြွင်းချက်။ ။သို့ရာတွင် မြို့နယ်တခုံတွင် နေထိုင်ကြသည့် စုဒိတကတို့၏ အရေအတွက်မှာ အခြားမြို့နယ်တခုတွင် နေထိုင်ကြသည့် စုဒိတကတို့၏ အရေအတွက်နှင့် အညီအမျှဖြစ်နေလျှင်၊ စောဒကသည် ယင်းသို့အညီဖြစ်နေသည့် စုဒိတကတို့နေထိုင်ရာ ရပ်ကွက်တခုခု၌ရှိသည့် ဝိနိစ္ဆယဌာနတွင် အမှုစွဲဆိုနိုင်သည်။

(၂) ထိုမြို့နယ် ဝိနည်းဓိုရ်ဆရာတော်များသည်သင့်လျော်သည်ထင်မြင်လျှင်၊ မိမိတို့ထံ၌ရှိ အဓိကရုဏ်းမှုနှင့်သက်ဆိုင်ရာ ဝိနည်းတရားတော် အချက်အလက်များနှင့် စပ်လျဉ်း၍ ဆိုင်ရာမြို့နယ်ရှိ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကိုခံယူနိုင်သည်။

၁၇။ ။(၁) လူ စောဒက လူ စုဒိတကနှင့် လူသက်သေတို့အား ၎င်းတို့၏ ထွက်ဆိုချက်ကို မရေးမှတ်မီ ငါးပါးသီလ ဆောက်တည်စေရမည်။ သို့ရာတွင် စောဒက စုဒိတက၊ သို့မဟုတ်သက်သေ တဦးတယောက်က မိမိကိုးကွယ်သည့် ဘာသာ တရားကို အကြောင်းပြု၍ ငါးပါးသီလ ဆောက်တည်ရန် ငြင်းဆိုသည့်အခါ၊ ဝိနိစ္ဆယဌာနက သင့်လျော်သည်ထင်မြင်လျှင်၊ ထိုသူကိုငါးပါးသီလမဆောက်တည်စေဘဲ မှန်ရာကိုထွက်ဆိုပါမည်ဟူသော ကတိဝန်ခံချက်ကိုပေးစေပြီးနောက် စစ်ဆေးနိုင်သည်။

သက်သေများကိုကြားနာ စစ်ဆေးခြင်း။

(၂) ဝိနိစ္ဆယဌာနတွင်သက်သေထွက်ဆိုသူမှာမှန်သောစကားကိုထွက်ဆိုရန် တာဝန်ရှိစေရမည်။

၁၈။ ။မြို့နယ် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကိုဆိုင်ရာခရိုင်ဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့်ရှိစေရမည်။

ပဌမစောဒနာဝင်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင်အာစာရဝိပတ္တိ၊သို့မဟုတ်လဟုဘဏ်ပစ္စည်းဖြင့်စပ်လျဉ်းသောအဓိကရုဏ်းမှုတွင် မြို့နယ်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကိုစောဒနာဝင်ခွင့်မရှိစေရ။

၁၉။ ။ပုဒ်မ ၁၈ ခြွင်းချက်ပါအဓိကရုဏ်းမှုမှတပါးအခြားသောအဓိကရုဏ်းမှုတို့နှင့် စပ်လျဉ်း၍၊ ခရိုင်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော် ဝိနိစ္ဆယဌာနတွင် နောက်ဆုံး စောဒနာဝင်ခွင့်ရှိစေရမည်။ နိုင်ငံတော် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်သည် အဆုံးသတ်အတည်ဖြစ်စေရမည်။

နောက်ဆုံးစောဒနာ ဝင်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင်ပဌမစောဒနာဝင်သည့်အဓိကရုဏ်းမှုတခုနှင့်စပ်လျဉ်း၍ခရိုင်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်သည် မြို့နယ်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်နှင့်ထပ်တူ

ဖြစ်နေခဲ့သော်၊ နောက်ထပ်စောဒနာဝင်လိုသူက စောဒနာဝင်ရန် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နိုင်ငံတော်စီနီယာဘဏ္ဍာနိ၏ အထူးခွင့်ပြုချက်ကို ခံယူရရှိမှသာလျှင်၊ ထိုခရိုင်စီနီယာဘဏ္ဍာနိ၏ဆုံးဖြတ်ချက်ကို နောက်ထပ်စောဒနာဝင်ခွင့်ရှိစေမည်။

**လျှောက် လဲ ခြင်း နှင့် စောဒနာဝင်မှုလက်ခံသည့် စီနီယာဘဏ္ဍာနိ၏ အခွင့်အာဏာများ။**

၂၀။ ။(၁) ပုဒ်မ ၁၈၊ သို့မဟုတ် ပုဒ်မ ၁၉ အရ၊ စောဒနာဝင်မှုလက်ခံသည့် စီနီယာဘဏ္ဍာနိသည် စောဒနာဝင် အမှုသည် အသီးသီးကို လျှောက်လဲစာ တင်သွင်းလိုက တင်သွင်းခွင့်ပြုရမည်။ ယင်းသည့် လျှောက်လဲစာမှာ အမှုမှတ်တမ်းတွင် ပါဝင်စေရမည်။

မှတ်ချက်။ ။စောဒနာဝင်မှုနှင့် အယူခံမှုသည်အဓိပ္ပါယ်တူမှုသည်ဟု မှတ်ယူရမည်။

(၂) ထိုစီနီယာဘဏ္ဍာနိသည် စောဒနာဝင်စောဒကနှင့် စောဒနာဝင်စုဒိတက တို့က ကိုယ်တိုင်နှုတ်ဖြင့် လျှောက်လဲလိုလျှင်၊ ထိုလျှောက်လဲချက်များကို ကြားနာပြီးမှ ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၃) စောဒနာဝင်မှုလက်ခံသည့် စီနီယာဘဏ္ဍာနိမှာ အောက်ပါအခွင့်အာဏာများရှိစေရမည်။

(က) အဓိကရုဏ်းမှုတစုံတရာကို အပြီးသတ်စီရင်ဆုံးဖြတ်ခွင့်အာဏာ။

(ခ) အဓိကရုဏ်းမှု တစုံတခုကို လက်အောက် စီနီယာဘဏ္ဍာနိသို့ နောက်ထပ်အရေးယူရန်ပြန်ပို့ခွင့်အာဏာ။

(ဂ) ငြင်းချက်များထုတ်ပေးပြီးလျှင်၊ ထိုငြင်းချက်များနှင့် စပ်လျဉ်း၍၊ ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်လွှဲအပ်ခွင့်အာဏာ။

(ဃ) နောက်ထပ် သက်သေထွက်ဆိုချက်ကို ခံယူခွင့်၊ သို့မဟုတ် ခံယူနိုင်ရန် ခိုင်းစေခွင့်အာဏာ။

(၄) ခရိုင်၊ သို့မဟုတ် နိုင်ငံတော်စီနည်းမိုရှ်ဆရာတော်များသည် သင့်လျော်သည် ထင်မြင်လျှင်၊ မိမိတို့ထံရှိ စောဒနာဝင်မှုနှင့် သက်ဆိုင်ရာ ဝိနည်း တရားတော် အချက်အလက်များနှင့် စပ်လျဉ်း၍၊ ဆိုင်ရာခရိုင်၊ သို့မဟုတ် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကိုခံယူနိုင်သည်။

**စော ဒ နာ ဝ င် ရ မည့် ကာလ အပိုင်း အခြားနှင့် စောဒနာဝင်လွှာ။**

၂၁။ ။(၁) အခြားတည်ဆဲ ဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤဥပဒေအရ စောဒနာဝင်မှုကို ဆိုင်ရာစီရင်ချက်ချမှတ်သည့်နေ့မှ ၂၁ ရက်အတွင်း ဆိုင်ရာ စီနီယာဘဏ္ဍာနိသို့ စောဒနာဝင်လွှာတင်သွင်းရမည်။

ရှင်းချက်။ ။သို့ရာတွင် ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ် ကာလ အပိုင်းအခြား ကုန်လွန်ပြီးသည့်နောက်မှ တင်သွင်းသည့်စောဒနာဝင်လွှာကိုအကြောင်း၊ ယာ ၁၀ ပါးအနက်၊ တပါးပါးသော အကြောင်းကြောင့် စောဒနာဝင်လွှာ တင်သွင်းရန် ကြန့်ကြာနေခြင်းဖြစ်လျှင်၊ ဆိုင်ရာစီနီယာဘဏ္ဍာနိက လက်ခံနိုင်သည်။

(၂) (က) စေ့ဒနာဝင်သူက အမှုဖြစ်ပျက်ရင်း အချင်းအရာ အချက်အလက်များ၊ ဝိနည်းတရားတော် အချက်အလက်များ နှစ်ချက်လုံးနှင့် စပ်လျဉ်း၍၊ ဝိနိစ္ဆယဌာနတွင် ကန့်ကွက်လိုသည့် အကြောင်းအချက်များ စေ့ဒနာဝင်လွှာတွင် ဖြစ်နိုင်သမျှ အပြည့်အစုံပါရှိစေရမည့်ပြင်၊ ယင်းသည့် အကြောင်းအချက်များကိုအစဉ်အတိုင်းအမှတ်စဉ်ရမည်။ စေ့ဒနာဝင်သူက ထိုစေ့ဒနာဝင်လွှာကို လက်မှတ်ရေးထိုးရမည်။ ထို့ပြင်စေ့ဒနာဝင်သည့်စီရင်ချက်မိတ္တူမှန်တစောင်ကိုစေ့ဒနာဝင်လွှာနှင့်ပူးတွဲတင်သွင်းရမည်။

(ခ) စေ့ဒနာ ဝင်မှုလက်ခံသည့် ဝိနိစ္ဆယဌာနသည် စေ့ဒနာဝင်လွှာတွင် ကန့်ကွက်ထားသည့်အချက်များကို ဆင်ခြင်စဉ်းစားရမည်။ စေ့ဒနာဝင် စေ့ဒက၏ လျှောက်လဲစာတွင်ပါရှိသော်လည်း၊ ၎င်း၏စေ့ဒနာဝင်လွှာတွင် မပါရှိသည့် အချက်အလက်များကိုပယ်ရှားရမည်။

၂၂။ ။(၁) (က) ဤဥပဒေအရ တည်ထောင် ထားသည့် ဝိနိစ္ဆယဌာနသည်၊ သက်ဆိုင်သည့် ဝိနည်းမိုရ် ဆရာတော် များရှာ၏ သဘောအရ စီရင်ချက်တခုတည်းသာချမှတ်ရမည်။ ယင်းသို့

စီရင်ချက်။

စီရင်ချက်ချမှတ်သည့်အခါ၊ ဝိနည်းမိုရ်ဆရာတော်တို့သည်၊ဗုဒ္ဓဘာသာဝင်တို့၏ကျမ်းရင်းဖြစ်သောထေရဝါဒပဋ္ဌမသင်္ဂါယနာတင်အစ သေလက္ခရာရုဋ္ဌ ပဉ္စမသင်္ဂါယနာတင်ထားသော ဓမ္မဝိနယပါဠိတော်များနှင့်တကွ ဆိုင်ရာအဋ္ဌကထာဋီကာ မဟာပဒေသအရကိုသာ မူလပမါနသာဓကပြု၍၊ အမှုကိုဆုံးဖြတ်ချက်ချပြီးလျှင်၊ စီရင်ချက်ကို ဆိုင်ရာဝိနိစ္ဆယဌာန၌ ပါဝင်သည့်ဆရာတော်အားလုံးကလက်မှတ်ရေးထိုးရမည်။

(ခ) မည်သည့်စီရင်ချက်ကိုမျှချမှတ်ပြီးသည့်နောက် ပြင်ဆင်ခြင်း၊ သို့မဟုတ် ပြောင်းလွှဲခြင်းမပြုရ။

(၂) ဝိနိစ္ဆယဌာနက ထိုဌာန၏စီရင်ခွင့်အာဏာအရ၊ချမှတ်သည့်စီရင်ချက်၊ သို့မဟုတ် အမိန့်တစုံတခုကို ထိုစီရင်ချက်၊ သို့မဟုတ် အမိန့်အတိုင်း လိုက်နာအောင် ပုဒ်မ ၂၄၊ သို့မဟုတ် ပုဒ်မ ၃၂ (၃)အရ၊ ဆောင်ရွက်ခြင်းမှတပါး၊ အခြားနည်းအားဖြင့် ဝင်ရောက်စွက်ဖက်သက်ဆိုင်ရန် မည်သည့် တရားရုံးတွင်မျှ အခွင့်အာဏာ မရှိစေရ။

(၃) ဤဥပဒေအခြားနေရာများတွင် မည်သို့ပင်ပါရှိစေကာမူ၊ပုဒ်မ ၁၅ (၁) အတွင်း သက်ရောက်သည့် မှုခင်းကိစ္စ တစုံတရာနှင့် စပ်လျဉ်း၍၊ ဝိနိစ္ဆယ ဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည်၊ ယင်းသို့ဆုံးဖြတ်သည့်အမှု၏ ဖြစ်ပျက်ရင်း အခြင်းအရာနှင့်စပ်လျဉ်း၍——

(က) ရာဇဝတ်ရုံး တစုံတခု၏ဝိနည်းဓမ္မကံအဓိကရုဏ်းမှုမှတပါး၊အခြားနည်းအားဖြင့်အရေးယူပိုင်ခွင့်ကိုဎင်း၊

(ခ) ဝိနိစ္ဆယဌာနက နစ်နာသောအမှုသည်အား ဝိနည်းတော်အရလိုအပ်သော သက်သာခွင့်ကို မပေးစွမ်းနိုင်သောအခါ၊ တရားမရုံး တစုံတခု၏ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုမှတပါးအခြားနည်းအားဖြင့်အရေးယူပိုင်ခွင့်ကိုဎင်း

မထိခိုက်စေရ၊ သို့ရာတွင် ဝိနိစ္ဆယ ဌာနက ရေးမှတ်ထားသည့်စီရင်ချက်၊ သို့မဟုတ် သက်သေထွက်ဆိုချက်သည် မည်သည့်တရားရုံးတွင်မျှ သက်သေခံမဝင်စေရ။

၂၃။ ။ဝိနိစ္ဆယဌာနတခုတွင် မပြီးပြတ်ဘဲရှိနေသည့် အမှုနှင့်စပ်လျဉ်း၍အမှုသည် တဦးက၊ အခြားအမှုသည်၊ သို့မဟုတ်သက်သေတဦး တယောက်လာရောက်ရန်ဖြစ်စေ၊ အမှုနှင့်ဆိုင်သော စာချုပ်စာတမ်း၊ သို့မဟုတ် ပစ္စည်း တစုံတရာ တင်ပြရန် ဖြစ်စေ လိုအပ်သည့်အခါ၊ ဆိုင်ရာ တာဝန်ခံ ဆရာတော်က ၎င်း အခြားအမှုသည်၊ သို့မဟုတ် သက်သေနေထိုင်ရာ အရပ်တွင် သော်၎င်း၊ ထိုစာချုပ်စာတမ်း၊ သို့မဟုတ် ပစ္စည်းတင်ပြရမည့်သူ နေထိုင်ရာ အရပ်တွင်သော်၎င်း၊ မူလစီရင်ခွင့် အာဏာ ရှိသည့် တရားမရုံးသို့ အကြောင်းကြားရမည်။ ယင်းသည့်တရားမရုံးသည်၊ ထိုအခြားအမှုသည်သက်သေ၊ သို့မဟုတ်ထိုသူထံသမ္မာန်စာသော်၎င်း ချအပ်ရမည်။ သို့မဟုတ် ထိုအခြားအမှုသည်၊ သို့မဟုတ် ထိုသက်သေ ဝိနိစ္ဆယဌာနသို့ လာရောက်စေခြင်းငှါဖြစ်စေ၊ ထိုစာချုပ်စာတမ်း သို့မဟုတ် ပစ္စည်းကို ဝိနိစ္ဆယဌာနသို့ တင်ပြစေခြင်းငှါဖြစ်စေ၊ ၎င်းအကြပ်ပြုရန် ထိုတရားမရုံးမှာ ရှိမြဲအခွင့်အာဏာများနှင့်အညီ အခြားနည်းသော်၎င်း၊ အာဏာစက်ဖြင့် အရေးယူကူညီရမည်။ သို့သော်လည်း ထိုကိစ္စမျိုးတွင် ယင်းသည့် တရားမရုံးသည် သမ္မာန်စာအတိုင်းလိုက်နာရန်ဖြစ်စေ၊ စာချုပ်စာတမ်း၊ သို့မဟုတ် ပစ္စည်းတင်ပြရန်ဖြစ်စေ ခြင်းဆိုသူအား၊ ဝိနည်းတော်နှင့်မလျော်သော ဒဏ်မစီရင်ရ။

အမှုသည်နှင့်သက်သေများ၊ ကို လာ ရောက် ရန် ဖြစ်စေ၊ စာချုပ် စာတမ်းကို တင်ပြရန်ဖြစ်စေ၊ နယ်တရားမရုံးကဆင့်ဆိုခြင်း။

၂၄။ ။ဝိနိစ္ဆယဌာန၏အမိန့်၊သို့မဟုတ်ဆုံးဖြတ်ချက်တစုံတရာကိုတရားရှုံးက မလိုက်နာဘဲနေ၍ လိုက်နာအောင် ပြုလုပ်လိုသော်၊ ဆိုင်ရာ တာဝန်ခံဆရာတော်က တရားရှုံးသည့်အမှုသည် နေထိုင်ရာ အရပ်ရှိ နယ်တရားမရုံးသို့၊ သို့မဟုတ်မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် စပ်လျဉ်း၍ လိုက်နာအောင် ပြုလုပ်ရန်ဖြစ်လျှင်၊ ထိုမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအားလုံးဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ တည်ရှိရာ အရပ်ရှိ နယ်တရားမရုံးသို့ ထိုအမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်အတိုင်း လိုက်နာအောင် ပြုလုပ်ပေးရန်အကြောင်းကြားရမည်။ ထိုတရားမရုံးသည် တရားမကျင့်ထုံး ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ယင်းသို့သောအကြောင်းကြားစာကို ရရှိသည့်အခါ လိုက်နာအောင်ပြုလုပ်ရမည့် ဝိနိစ္ဆယဌာန၏အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်မှာ ထိုတရားမရုံးမှ ချမှတ်သည့် ဒီကရီ ဖြစ်ဘိသကဲ့သို့၊ ထိုတရားမရုံးမှာ ရှိမြဲအခွင့်အာဏာများနှင့် အညီ အာဏာစက်ဖြင့်ကူညီပြုလုပ်ပေးရမည်။သို့သော်လည်းထိုနယ်တရားမရုံးသည်ယင်းသည့် အကြောင်းကြားစာနှင့် စပ်လျဉ်း၍ မည်သူ့ကိုမျှ ဝိနည်းတော်နှင့် မလျော်သောဒဏ် မစီရင်ရ။

ဝိနိစ္ဆယဌာန၏အမိန့်ကို လိုက်နာအောင် နယ်တရားမရုံးကပြုလုပ်ပေးခြင်း။

၂၅။ ။(၁) မည်သည့်ဝိနည်းဓိုရ်ဆရာတော်၊သို့မဟုတ် ဩဝါဒါစရိယဆရာတော်မျှ ကိုယ်တိုင်အမှုသည် ဖြစ်နေသည့် အမှု၊ သို့မဟုတ် ကိုယ်တိုင် အကျိုးသက်ဆိုင်နေသည့်အမှု၊ သို့မဟုတ် အချင်းဖြစ်ပွါးကြသည့် စေဒက စုဒိတကတို့နှင့် ရင်းရင်း နှီးနှီး အကျွမ်းတဝင် ဖြစ်နေသည့်အမှု၊ သို့မဟုတ် ကိုယ်တိုင်သက်သေပါဝင်နေသည့်အမှုကိုကြားနာစစ်ဆေးခြင်း၊ သို့မဟုတ် ဩဝါဒပေးခြင်းမပြုရ။

ဝိနည်းဓိုရ်၊ သို့မဟုတ် ဩဝါဒါစရိယ ဆရာတော်ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခြင်း သို့မဟုတ်ဩဝါဒပေးခြင်း မပြု အပ် သည့် အချက်။

(၂) မည်သည့်အမှုသည်မဆို၊ ဝိနိစ္ဆယဌာနတွင်ပါဝင်သည့် ဆရာတော်တပါးပါးမှာကိုယ်တိုင်အကျိုးသက်ဆိုင်ကြောင်း၊သို့မဟုတ်အချင်းဖြစ်ပွါးသည့် စောဒကစုဒိတကတို့နှင့်ရင်းရင်းနှီးနှီးအကျွမ်းတဝင်ဖြစ်ကြောင်းနှင့်ပုဒ်မခွဲ (၁) အရ ကန့်ကွက်နိုင်သည်။ ယင်းသည့်ကန့်ကွက်ချက်ကို ကန့်ကွက်ခြင်းခံရသည့်ဆရာတော်က ငြင်းဆိုခြင်းမပြုလျှင်၊ ၎င်းဆရာတော်၏အစား၊အခြားဆိုင်ရာဝိနည်းဓိုရ်ဆရာတော်တပါးကိုရွေးကောက်ထည့်သွင်းရမည်။ ကန့်ကွက်ခြင်းခံရသည့်ဆရာတော်က ငြင်းဆိုလျှင်၊ထိုဆရာတော်သည် ထိုကန့်ကွက်ချက်နှင့်စပ်လျဉ်း၍၊ ကြွင်းကျန်သောဝိနည်းဓိုရ်ဆရာတော်များရာ၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။

(၃) ပုဒ်မခွဲ (၁)၊ သို့မဟုတ်ပုဒ်မခွဲ (၂) ကိုအကြောင်းပြု၍၊ မပြီးပြတ်ရှိနေသည့်အမှုကို ဝိနည်းဓိုရ်ဆရာတော်ပြောင်းသော်လည်း ဆက်လက်စစ်ဆေးကြားနာရန်မဖြစ်နိုင်သည့် ဝိနိစ္ဆယဌာနသည် မြို့နယ်ဝိနိစ္ဆယဌာနဖြစ်လျှင်၊ အနီးဆုံးအခြားမြို့နယ်ဝိနိစ္ဆယဌာနသို့လွှဲပြောင်းပေးအပ်ရမည်။ ခရိုင်ဝိနိစ္ဆယဌာနဖြစ်လျှင်အနီးဆုံးအခြားခရိုင်ဝိနိစ္ဆယဌာနသို့လွှဲပြောင်းပေးအပ်ရမည်။

**အစစ်ခံရန် မလာနိုင်သူနှင့် အခြားမြို့နယ်ရှိ အမှုသည် သက်သေတို့ကို စစ်ဆေးခြင်း။**

၂၆။ ။(၁) အမှုသည်၊သို့မဟုတ်သက်သေတဦးတယောက်သည်၊အန္တရာယ် ၁၀ ပါးအနက်၊ တပါးပါးသောအကြောင်းကြောင့်ဝိနိစ္ဆယဌာနသို့ အစစ်ခံရန် သင့်လျော်သည့် အချိန်ကာလအတွင်း မလာနိုင်လျှင်၊ ဆိုင်ရာဝိနိစ္ဆယ ဌာနတွင်ပါဝင်သည့် ဆရာတော်အနည်းဆုံး နှစ်ပါးက ထိုသူထံကိုယ်တိုင် ကြွရောက်စစ်ဆေးရမည်။ ထိုပြင်ဤပုဒ်မခွဲအရ စစ်ဆေးခံမည့်သူကို စစ်ဆေးရန်သို့မဟုတ်ပြန်လှန်စစ်မေးရန်အမှုသည်များအားအခွင့်ပေးရမည်။

(၂) ယင်းသို့ အန္တရာယ်ရှိနေသည့်အမှုသည်၊ သို့မဟုတ် သက်သေသည် အခြားမြို့နယ်တွင်နေထိုင်ခဲ့လျှင်၊ ၎င်းကိုစစ်ဆေးလိုသည့် ဝိနိစ္ဆယဌာနက ထိုသူနေထိုင်ရာမြို့နယ်တွင် မူလစီရင်ခွင့် အာဏာရှိသည့်ဝိနိစ္ဆယ ဌာနသို့ထိုသူကို စစ်ဆေးပေးရန် စာဖြင့်အကြောင်းကြားနိုင်သည်။ ယင်းသို့ အကြောင်းကြားစာ ရရှိသည့် ဝိနိစ္ဆယ ဌာနတွင်ပါဝင်သည့် ဆရာတော်အနည်းဆုံး နှစ်ပါးက ထိုသူထံကိုယ်တိုင် ကြွရောက် စစ်ဆေးပြီးလျှင်၊ ထိုသူ၏ထွက်ဆိုချက်ကို ဆိုင်ရာ ဝိနိစ္ဆယဌာနသို့ပေးပို့ရမည်။ ထိုပြင် အမှုသည်များအား ဤပုဒ်မခွဲအရ စစ်ဆေးခံရမည့်သူကို ကိုယ်တိုင်စစ်ဆေးလိုက စစ်ဆေးရန်ခွင့်ပေးရမည်။ ယင်းသို့စစ်ဆေးသည့်အခါ၊ အမှုသည်များက နှုတ်ဖြင့်ဖြစ်စေ၊ ရေးသားပေးအပ်သည့် မေးခွန်း မေးချက်များဖြင့် ဖြစ်စေ စစ်ဆေးနိုင်သည်။

**အမှုများကို တရားမရုံးများမှ ဝိနိစ္ဆယ ဌာနများသို့လွှဲအပ်ခြင်းနှင့် တရားမရုံးများကဆုံးဖြတ်ပြီးသည့် အမှုများကို စောဒနာဝင်ခြင်း။**

၂၇။ ။(၁) ပုဒ်မ ၁၅ (၁) တွင်သတ်မှတ်ထားသည့် ကိစ္စတစုံတရာနှင့် စပ်လျဉ်းသည့်မူလမှု၊ သို့မဟုတ် အယူခံမှုတစုံတရာသည်၊ တရားမရုံး တစုံတခုတွင် ဤဥပဒေအာဏာတည်သည့်နေ့၌ မပြီးပြတ်ရှိနေလျှင်၊ ထိုတရားရုံးကယင်းသည့်မူလ၊ သို့မဟုတ် အယူခံမှုကို ဤဥပဒေအရ စစ်ဆေးစီရင်ခွင့် အာဏာရှိသည့် ဆိုင်ရာဝိနိစ္ဆယဌာနသို့လွှဲပြောင်းပေးအပ်ရမည်။

(၂) ဤဥပဒေအာဏာ မတည်သေးမီတရားမရုံး တစုံတခုက စီရင်ဆုံးဖြတ်ပြီးသည့် ပုဒ်မ ၁၅ (၁) တွင် အကျုံးဝင်သောမူလမှု၊ သို့မဟုတ်အယူခံမှု တစုံတခုကို တရားမရုံး၌ အယူခံဝင်ရန် ဤဥပဒေ အာဏာ တည်သည့်နေ့တွင်ကာလစည်းကမ်းသတ် အက်ဥပဒေအရ သတ်မှတ်ထားသည့်ကာလ အပိုင်းအခြားမကုန်လွန်သေးလျှင်၊ ထိုအမှုကို ဝိနိစ္ဆယ ဌာနတွင် မူလစွဲဆိုပါက စောဒနာဝင်မှုလက်ခံရန်အခွင့်အာဏာရှိသည့် ဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့်ရှိစေရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်သည့်အမှု၊ သို့မဟုတ်ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်များနှင့်အညီစွဲဆိုသည့် စောဒနာဝင်မှုကိုဝိနည်းတော်နှင့်အညီ ကြားနာစစ်ဆေး၍စီရင်ဆုံးဖြတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်ပုဒ်မခွဲ (၁) အရ၊လွှဲပြောင်းပေးအပ်သည့်စောဒနာဝင်မှုကိုဖြစ်စေ၊ ပုဒ်မခွဲ (၂) အရ စွဲဆိုသည့်စောဒနာဝင်မှုကိုဖြစ်စေ၊ လက်ခံသည့်ဝိနိစ္ဆယဌာနသည် ထိုအမှုကိုစောဒနာဝင်မှု အဖြစ်ဖြင့်သော်လည်း ကြားနာစစ်ဆေး၍၊ စီရင်ဆုံးဖြတ်နိုင်သည်။ သို့တည်းမဟုတ် တရားမရုံး၏ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ပုံကို လုံလောက်သည်ဟုမထင်မြင်လျှင်၊ထိုအမှုကိုဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနသို့ပြန်လည်းကြားနာစစ်ဆေး၍၊ စီရင်ဆုံးဖြတ်ရန်သော်လည်းပေးပို့နိုင်သည်။

(၄) ပုဒ်မ ၁၅ (၁) တွင်အကျုံးဝင်သည့်အမိကရဏ်းမှုတမှုတွင်၊အမှုသည်ဖြစ်နေသည့်ရဟန်းတော်၊သို့မဟုတ် သာမဏေသည် ဝိနိစ္ဆယဌာနတခုခုတွင် ထိုအမိကရဏ်းမှုမပြီးပြတ်ရှိနေစဉ် လူထွက်လျှင်၊ထိုသူလူထွက်သော်လည်းဝိနိစ္ဆယဌာနများမှာ၊ ထိုအမိကရဏ်းမှုကို အဆုံးသတ် စီရင်ဆုံးဖြတ်ပြီးသည့်တိုင်အောင်ဆက်လက်၍စစ်ဆေး စီရင်ရန်အခွင့်အာဏာရှိစေရမည်။

(၅) တရားမမှုတမှုတွင် အမှုသည်ဖြစ်နေသည့် လူတဦးတယောက်သည်၊ တရားမရုံး တရုံးတွင် ထိုတရားမမှုမပြီးပြတ်ရှိနေစဉ်၊ရဟန်းတော်၊ သို့မဟုတ်သာမဏေဝတ်လျှင်၊ ထိုသူရဟန်းတော်၊ သို့မဟုတ် သာမဏေဝတ်သော်လည်း တရားမရုံးများမှာ ထိုသူတရားမမှုကိုအဆုံးသတ်၍ စီရင်ဆုံးဖြတ်ပြီးသည့်တိုင်အောင် ဆက်လက်၍ စစ်ဆေး စီရင်ရန်အခွင့်အာဏာရှိစေရမည်။

မပြီးမပြတ် ဖြစ်နေသည့် အမှုကိုဖြစ်စေ၊စီရင်ဆုံးဖြတ်ပြီးအမှုကိုဖြစ်စေ၊ နောက်ထပ် မစွဲဆိုရန် တားမြစ်ပိတ်ပင်ခြင်း။

၂၀။ ။(၁) အမိကရဏ်းမှု တစုံတရာသည်၊ စီရင်ခွင့်အာဏာ လုံလောက်စွာရှိသည့် တရားမရုံးတွင်၊ သို့မဟုတ် ဝိနိစ္ဆယဌာနတွင် မပြီးပြတ်ရှိနေသည့်အတွင်း ထိုအမှုပါအမှုသည်တို့ကဖြစ်စေ၊ ၎င်းတို့ကိုအစွဲပြု၍ ဆက်ခံစွဲဆိုသူတို့ကဖြစ်စေ၊ ထိုအမှု၏အငြင်းဖြစ်ပွါးသည့် အကြောင်းအရာနှင့် ထပ်တူဖြစ်သည့်၊ သို့မဟုတ်သဘောအားဖြင့် တူညီသည့် အကြောင်းအရာကိုမှီ၍ နောက်ထပ်စွဲဆိုသည့် အမိကရဏ်းမှုကို မည်သည့်ဝိနိစ္ဆယဌာနကမျှလက်ခံစစ်ဆေးစီရင်ခွင့်မရှိစေရ။

(၂) စီရင်ခွင့်အာဏာ လုံလောက်စွာရှိသည့်တရားမရုံး၊သို့မဟုတ် ဝိနိစ္ဆယနတစုံဌာတရာကအမိတရဏ်းမှုတစုံတရာကိုအပြီးသတ်စစ်ဆေးစီရင်ပြီးဖြစ်လျှင်၊ ၎င်းအမှုပါအမှုသည်တို့ကဖြစ်စေ၊ ၎င်းတို့ကိုအစွဲပြု၍ ဆက်ခံစွဲဆိုသူကဖြစ်စေ၊ ထိုအမှု၏အငြင်း

ဖြစ်ပွါးသည့် အကြောင်းအရာနှင့် ထပ်တူဖြစ်သည့်၊ သို့မဟုတ် သဘောအားဖြင့်တူညီသည့်အကြောင်းအရာကိုမှီ၍၊ နောက်ထပ်စွဲဆိုသည့်အမိကရုဏ်းမှုကိုမ ညီသည့်ဝိနိစ္ဆယဌာနကမျှလက်ခံစစ်ဆေးစီရင်ခွင့်မရှိစေရ။

၂၉။ ။ဤဥပဒေအခြားနေရာများတွင်မည်သို့ပင် ပါရှိစေကာမူ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အတွင်း ကျရောက်သောမှုခင်းကိစ္စများသည် ဤဥပဒေအရတည်ထောင်ထားသည့်ဝိနိစ္ဆယဌာနများနှင့်မသက်ဆိုင်စေရ။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၉ နှင့် သက် ဆိုင်သည့်မှုခင်းကိစ္စများ။

ခြွင်းချက်။ ။သို့ရာတွင်ထိုပုဒ်မ ၉၂၊ ပုဒ်မခွဲ (၁) အပိုဒ် (ဆ) အရ တရားမရုံးက ရတနာသုံးပါးနှင့်သက်ဆိုင်သော ဘဏ္ဍာတော်ထိန်းသိမ်းရေးစီမံကိန်းကို သတ်မှတ်ရာတွင်နိုင်ငံတော်ဝိနိစ္ဆယဌာန၏သဘောတူညီချက်ကိုခံယူရပြီးမှသာလျှင်သတ်မှတ်ရမည်။

၃၀။ ။ဤဥပဒေအခြားနေရာများတွင် မည်သို့ပင်ပါရှိစေကာမူ၊ကာလစည်းကမ်းသတ်မှတ်အက်ဥပဒေပြဋ္ဌာန်းချက်တခုခုအရ စည်းကမ်းသတ်မှတ်ထားသည့် ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့်အကြောင်းကြောင့်ဖြစ်စေ၊ မှတ်ပုံတင် အက်ဥပဒေပြဋ္ဌာန်းချက်တစုံတခုရှိနေသည့်အကြောင်းကြောင့်ဖြစ်စေ၊ ဤဥပဒေအာဏာ တည်သည့်နေ့တွင် တရားရုံး၌၊ တရားစွဲဆိုခြင်းမပြုနိုင်သည့်ဝိနည်းဓမ္မကံအမိကရုဏ်းမှုတစုံတခုကိုမည်သည့်ဝိနိစ္ဆယဌာနကမှ လက်မခံရ။

အမှုစွဲဆိုခြင်းကို တားမြစ်ပိတ်ပင်ခြင်း။

၃၁။ ။(၁) မှတ်ပုံတင် အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီလှူဒါန်းလွှဲပြောင်းသည့်အခါ၊ထိုပစ္စည်းကို လှူဒါန်းလွှဲပြောင်းပေးသူနှင့်လက်ခံသူတို့ကစာချုပ်စာကမ်း ချုပ်ဆိုရေးမှတ်ပြီးလျှင် ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနတွင်ထိုစာချုပ်စာတမ်းကို မှတ်ပုံတင်နိုင်သည်။ထိုဝိနိစ္ဆယဌာနက ယင်းသို့လှူဒါန်းလွှဲပြောင်းခြင်းသည် ဝိနည်းတော်နှင့် လျော်ညီသည်ဟုကျေနပ်လျှင်၊ အဆိုပါစာချုပ်စာတမ်းကိုမှတ်ပုံတင်ပေးရမည်။ထိုပြင်ထိုဝိနိစ္ဆယဌာနက ယင်းသို့မှတ်ပုံတင်သည့်စာချုပ်စာတမ်း၏မိတ္တူကို ဆိုင်ရာမှတ်ပုံတင်အရာရှိရုံးသို့ ထိန်းသိမ်းထားရန်နှင့် လိုအပ်သည့်အတိုင်းဆောင်ရွက်ရန်ပေးပို့ရမည်။

မှတ်ပုံတင်ခြင်း။

(၂) အခြားတည်ဆဲဥပဒေတခုခုတွင် မည်သို့ပင်ရှိစေကာမူ မရွှေ့မပြောင်းနိုင်သောပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့်အညီ လှူဒါန်းလွှဲပြောင်းခြင်းနှင့်စပ်လျဉ်းသည့်စာချုပ်စာတမ်းအတွက် ကျသင့်သောတံဆိပ်တော်ခေါင်းခွန်နှင့် ၎င်းကိုမှတ်ပုံတင်သည့်အတွက် ကျသင့်သောအခကြေးငွေတစုံတရာကိုပေးဆောင်ရန်မလိုစေရ။

(၃) မရွှေ့မပြောင်းသော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့် အညီလှူဒါန်းလွှဲပြောင်းခြင်းနှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းတစုံတရာကို ပုဒ်မခွဲ (၁) အရ၊ ဆိုင်ရာဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်ခြင်းသည်ပင်လျှင်၊ မှတ်ပုံတင် အက်ဥပဒေကိစ္စများအလို့ငှါမှတ်ပုံတင်အရာရှိ၏ရုံးတွင် မှတ်ပုံတင်ခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃၂။ ကြားဖြတ်အမိန့်များ။ ။(၁) စာဒနာ၀င်မှုတမှုကို လက်ခံထားသည့် ဝိနိစ္ဆယဌာနသည် သင့်လျော်သည်ထင်မြင်လျှင်ထိုစာဒနာ၀င်မှုမပြီးပြတ်သေးမီ၊ ယင်းသို့စာဒနာ၀င်သည့်အမိန့်၊ သို့မဟုတ်ဆုံးဖြတ်ချက်အတိုင်း လိုက်နာအောင်ပြုလုပ်ခြင်းကို ရပ်ဆိုင်းစေရန်အမိန့်ချပေးနိုင်သည်။

(၂) အမှုတခုကို လက်ခံထားသည့် ဝိနိစ္ဆယဌာနသည် သင့်လျော်သည် ထင်မြင်လျှင် ထိုအမှုမပြီးပြတ်သေးမီအချင်းဖြစ်ပွါးနေသည့်ပစ္စည်းတစုံတရာကို စုဒိတကကဖြစ်စေ၊ အခြားသူကဖြစ်စေ၊ယိုယွင်းပျက်စီးမအောင်ပြုလုပ်ခြင်းကို တားဆီးရန်ခေတ္တတား၀ါရမ်းကိုဖြစ်စေ၊ သင့်လျော်သည့် အခြားအမိန့် တစုံတခုကိုဖြစ်စေ၊ ထုတ်ပေးနိုင်သည်။

(၃) အခြားဥပဒေတခုခုတွင် မည်သို့ပါရှိစေကာမူ၊ ဝိနိစ္ဆယ ဌာနသည် မိမိရှေ့တွင်မပြီးပြတ်ရှိနေသည့်အမှုတွင် ဝိနည်းဓမ္မကံအတိုင်းကြားဖြတ်အမိန့်ချနိုင်သည်။ သို့ချမှတ်သောအမိန့်တစုံတရာကိုသော်၎င်း၊ ပုဒ်မခွဲ (၁) ၊သို့မဟုတ် ပုဒ်မခွဲ (၂) အရ၊ ချမှတ်သောအမိန့်၊သို့မဟုတ်၀ါရမ်းတစုံတရာသော်၎င်း၊ လိုက်နာအောင် ပြုလုပ်စေရန် ဆိုင်ရာတာ၀န်ခံဆရာတော်က၊ပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ နယ်တရားမရုံးသို့ ထိုအမိန့်၊သို့မဟုတ်၀ါးရမ်းကို လိုက်နာအောင်ပြုလုပ်ပေးရန် အကြောင်းကြားရမည်။ဆိုင်ရာနယ်တရားမရုံးကလည်း၊ ထိုအမိန့်၊သို့မဟုတ်၀ါရမ်းသည်၊ထိုတရားမရုံးကချမှတ်သည့်အမိန့်၊ သို့မဟုတ်၀ါရမ်းဖြစ်ဘိသကဲ့သို့ထိုတရားမရုံးမှာ ရှိမြဲအခွင့်အာဏာများနှင့်အညီ အာဏာစက်ဖြင့်ပြီးစီးအောင်အကူအညီပေးရမည်။

၃၃။ နည်းဥပဒေများ။ ။(၁) ဤဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်ဝိနည်းမိုရ် ဆရာတော်ကြီးများက သင့်လျော်သည် ထင်မြင်သည့်နည်းဥပဒေများပြုလုပ်နိုင်သည်။ သို့ရာတွင် နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကြီးများက ဤပုဒ်မအရ နည်းဥပဒေများပြုလုပ်ရန်မိမိတို့အထဲမှသင့်လျော်သည်ထင်မြင်သည့်ဆရာတော်ကြီးများကိုရွေးချယ်၍နည်းဥပဒေပြုအဖွဲ့ငယ်ခန့်ထားလိုက ခန့်ထားနိုင်သည်။

(၂) ထိုကဲ့သို့သော အခွင့်အာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေမူ၍ ထိုနည်းဥပဒေများသည်အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တစုံတခုအတွက်ဖြစ်စေပြဋ္ဌာန်းနိုင်သည်။

(က) စွဲချက်လျှောက်လွှာ၊ စုဒိတကချေလွှာ၊ စာဒနာ၀င်လွှာ၊ သို့မဟုတ် အမိန့်အတိုင်းလိုက်နာအောင်ပြုရန် လျှောက်လွှာများတွင် ပါရှိရမည့်အကြောင်းအရာများကို ပြဋ္ဌာန်းရန်။

(ခ) အမှုကြားနာရာတွင် လိုက်နာ ဆောင်ရွက်ရမည့် နည်းလမ်းပြဋ္ဌာန်းရန်။

(ဂ) အဆုံးသတ်စီရင်ဆုံးဖြတ်ပြီးသည့် အမှုတွဲများကိုထိန်းသိမ်းထားရမည့်နေရာ၊ သို့မဟုတ်နေရာများပြဋ္ဌာန်းရန်။

(ဃ) ဝိနည်းမိုရ်အချင်းချင်းဖွဲ့စည်းအုပ်ချုပ်ပုံကိုသတ်မှတ်ရန်။

(င) ဖြစ်ပွါးတတ်သော ဝိ၀ါဒါဓိကရုဏ်း၊ အာပတ္တာဓိကရုဏ်းအစရှိသောအမှုကိစ္စများအတွက်ပြဋ္ဌာန်းရန်။

(စ) ရွေးကောက်ပွဲဆိုင်ရာကိစ္စများအတွက် ပြဋ္ဌာန်းရန်။
(ဆ) ရန်ကုန်မြို့နှင့် မန္တလေးမြို့များကိုပိုင်းခြား၍၊ မြို့နယ်များသတ်မှတ်ရန်။

(၃) ဤဥပဒေ၏ ဒုတိယဇယားနှင့် တတိယဇယားရှိနည်းဥပဒေများသည်၊ ဤပုဒ်မအရပြုလုပ်သောနည်းဥပဒေများဖြစ်သည်ဟုမှတ်ယူရမည်။

## ပဥ္စမဇယား။

## အဓိကရုဏ်းမှုများ၏အကျဉ်းသရုပ်များ။

[ပုဒ်မ ၁၅ ပုဒ်မခွဲ (၃) ကိုကြည့်ပါ။]

### ဘေဒကရဝတ္ထု ၁၈ ပါး၏ အကျဉ်းသရုပ်များ။

၁။ တရားဟုတ်၏ဟုပြင်းခုံခြင်း။
၂။ တရားမဟုတ်ဟူ၍ငြင်းခုံခြင်း။
၃။ ဝိနည်းဟုတ်၏ဟူ၍ငြင်းခုံခြင်း။
၄။ ဝိနည်းမဟုတ်ဟူ၍ငြင်းခုံခြင်း။
၅။ မြတ်စွာဘုရားသည် မိန့်အပ် ဆိုအပ်၏ဟုငြင်းခုံခြင်း။
၆။ မြတ်စွာဘုရားသည် မမိန့်အပ် မဆိုအပ်ဟုငြင်းခုံခြင်း။
၇။ မြင်စွာဘုရားသည် လေ့ကျင့်အပ်၏ဟုငြင်းခုံခြင်း။
၈။ မြတ်စွာဘုရားသည်မလေ့ကျင်အပ်ဟုငြင်းခုံခြင်း။
၉။ မြတ်စွာဘုရားသည် ပညတ်အပ်၏ဟုငြင်းခုံခြင်း။
၁၀။ မြတ်စွာဘုရားသည် မပညတ်အပ်၏ဟုငြင်းခုံခြင်း။
၁၁။ အာပတ်သင့်၏ဟုငြင်းခုံခြင်း။
၁၂။ အာပတ်မသင့်ဟုငြင်းခုံခြင်း။
၁၃။ ပေါ့သောအာပတ်ဟုငြင်းခုံခြင်း။
၁၄။ လေးသောအာပတ်ဟုငြင်းခုံခြင်း။
၁၅။ အကြွင်းရှိသောအာပတ်ဟုငြင်းခုံခြင်း။
၁၆။ အကြွင်းမရှိသောအာပတ်ဟုငြင်းခုံခြင်း။
၁၇။ ရုန့်ရင်းသောအာပတ်ဟုငြင်းခဲ့ခြင်း။
၁၈။ မရုန့်ရင်းသောအာပတ်ဟုငြင်းခုံခြင်း။

### ဝိနယအလို ဘေဒကရဝတ္ထု ၁၈ ပါးအဓိပ္ပါယ်။

၁။ အဓမ္မမဟုတ်မမှန်သောဝတ္ထုဖြင့်မစောဒနာ မအောက်မေ့စေဘဲ ဝန်မခံသဖြင့်ပြုအပ်သော အဓမ္မကံ။
၂။ ဓမ္မဟုတ်မှန်သောဝတ္ထုဖြင့် စောဒနာ အောက်မေ့၍ ဝန်ခံသဖြင့်ပြုအပ်သော ဓမ္မကံ။
၃။ အဝိနယဝတ္ထု စသော ဝိပတ္တိ ၅ ပါးတည်းဟူသော အဝိနယ။
၄။ ဝိနယဝတ္ထု စသော သမ္ပတ္တိ ၅ ပါး တည်းဟူသော ဝိနယ။

၅။ အဘာသိတ အလပိတ မဟောအပ်မမိန့်အပ်သော ပါရာဇိက ၃ ပါးစသည်။
၆။ ဘာသိတ လပိတ ဟောအပ်မိန့်အပ်သော ပါရာဇိက ၄ ပါးစသည်။
၇။ အနာစိဏ္ဏ မလေ့ကျင့်အပ်သော ပင့်ဘိတ်သသူအား ဝါဆိုပြီးလျှင်မပန်မူ၍ ဒေသစာရီသွားခြင်းစသည်၊
၈။ အာစိဏ္ဏ လေ့ကျင့်အပ်သော ပင့်ဘိတ်သသူအား ဝါဆိုပြီးလျှင် ပန်ကြား၍ ဒေသစာရီသွားခြင်းစသည်။
၉။ အပညတ္တ မပညတ်အပ်သော ပါရာဇိက ၃ ပါးစသည်။
၁၀။ ပညတ္တ ပညတ်အပ်သော ပါရာဇိက ၄ ပါးစသည်။
၁၁။ အာပတ္တိသိသောရဟန်းအား အာပတ်သင့်ခြင်းစသည်။
၁၂။ အနာပတ္တိ မသိသောရဟန်းအား အာပတ်မသင့်ခြင်းစသည်။
၁၃။ လဟုကအာပတ္တိ ထုလ္လစ္စည်းစသောအာပတ် ၅ ပုံ။
၁၄။ ဂရုကာအာပတ္တိ ပါရာဇိက သံဃာဒိသိသ် အာပတ် ၂ ပုံ။
၁၅။ သာဝသေသအာပတ္တိ သံဃာဒိသိသ် စသော အာပတ် ၆ ပုံ။
၁၆။ အနာဝသေသအာပတ္တိ ပါရာဇိက အာပတ် ၁ ပုံ။
၁၇။ ဒုဋ္ဌုလ္လအာပတ္တိ ပရာဇိက သံဃာဒိသိသ်အာပတ် ၂ ပုံ။
၁၈။ အဒုဋ္ဌုလ္လအာပတ္တိ ထုလ္လစ္စည်းစသော အာပတ် ၅ ပုံ။

<u>သုတ္တန်အလိုဘေဒကရဝတ္ထု ၁၈ ပါးအမိပ္ပါယ်။</u>

၁။ အဓမ္မ အကုသလကမ္မပထ စသော အဓမ္မ။
၂။ ဓမ္မ ကုသလကမ္မပထ စသော ဓမ္မ။
၃။ အဝိနယ ရာဂါဒိ အဒိနယစသော အဝိနယ။
၄။ ဝိနယ (ရာဂါဒိ၌) ဝိနယစသော ဝိနယ။
၅။ အဘာသိတ အလပိတမဟောအပ်သော (သတိပဋ္ဌာန်) ၃ ပါးစသည်။
၆။ ဘာသိတ လပိတ ဟောအပ်သော သတိပဋ္ဌာန် ၄ ပါးစသည်။
၇။ အနာစိဏ္ဏ မလေ့ကျင့်အပ်သော နေ့ဘိုင်း ဖလသမာပတ်ကို မဝင်စားခြင်း စသည်။
၈။ အာစိဏ္ဏ လေ့ကျင့်အပ်သော နေ့ဘိုင်း ဖလ သမာပတ်ကို ဝင်စားခြင်း စသည်။
၉။ အပညတ္တ မပညတ်အပ်သော သတိပဋ္ဌာန် ၃ ပါးစသည်။
၁၀။ ပညတ္တ ပညတ်အပ်သော သတိပဋ္ဌာန် ၄ ပါးစသည်။
၁၁။ အာပတ္တိ သိသောရဟန်းအား အာပတ်သင့်ခြင်းစသည်။
၁၂။ အနာပတ္တိ မသိသောရဟန်းအား အာပတ်မသင့်ခြင်းစသည်။
၁၃။ လဟုကအာပတ္တိ ထုလ္လစ္စည်းစသော အာပတ် ၅ ပုံ။
၁၄။ ဂရုကအာပတ္တိ ပါရာဇိက သံဃာဒိသိသ် အာပတ် ၂ ပုံ။
၁၅။ သာဝသေသအာပတ္တိ သံဃာဒိသိသ်စသော အာပတ် ၆ ပုံ။
၁၆။ အနာဝသေသ ပါရာဇိက အာပတ် ၁ ပုံ။
၁၇။ ဒုဋ္ဌုလ္လအာပတ္တိ ပရာဇိက သံဃာဒိသိသ် အပတ် ၂ ပုံ။
၁၈။ အဒုဋ္ဌုလ္လအာပတ္တိ ထုလ္လစ္စည်းစသော အာပတ် ၅ ပုံ။

## ဝိပတ္တိ ၄ ပါးအဓိပ္ပါယ်။

၁။ ပါရာဇိက ၄ ပါး၊ သံဃာဒိသိသ် ၁၃ ပါးဟုဆိုအပ်သော သိက္ခာပုဒ်၏ပျက်စီးခြင်းကို သီလဝိပတ္တိဟုခေါ်သည် (သီလပျက်၏ဟုဆိုလိုသည်)။

၂။ ထုလ္လစ္စဉ်း၊နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ဒုက္ကဋ်၊ဒုဗ္ဘာသိ သိက္ခာပုဒ်တို့၏ပျက်စီးခြင်းကို အာစရဝိပတ္တိဟုခေါ်သည် (အကျင့်ပျက် ၏ဟုဆိုလိုသည်)။

၃။ မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟကဒိဋ္ဌိဟု ဆိုအပ်သော အယူဟူသော (ဝါ) အယူ၏ပျက်စီးခြင်းကို ဒိဋ္ဌိဝိပတ္တိဟုခေါ်သည် (သမ္မာအယူပျက်၏ဟုဆိုလိုသည်)။

၄။ အသက်မွေးခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ကုန်သော သိက္ခာပုဒ် ၆ ပါ၊တို့၏ပျက်စီးခြင်းကို အာဇီဝဝိပတ္တိဟုခေါ်သည်။

## အာဇီဝကြောင့်ပျက်စီးသောသိက္ခာပုဒ် ၆ ပါး၏သရုပ်ကား။

၁။ အသက်မွေးခြင်း တည်းဟူသော အကြောင်းကြောင့် မိမိ၌ ထင်ရှားမရှိသော မဟုတ်မမှန်သော ဈာန်၊မဂ်ဖိုလ်တရားကိုရ၏ သိ၏ဟုပြောဟောခြင်းကြောင့် သင့်သော စတုတ္ထပါရာဇိကအာပတ်။

၂။ အသက်မွေးခြင်းတည်းဟူသောအကြောင်းကြောင့်အောင်တမန်သွားလာခြင်းကြောင့်သင့်သော သံဃာဒိသိသ်အာပတ်။

၃။ အသက်မွေးခြင်းတည်းဟူသော အကြောင်းကြောင့်သင်၏ကျောင်း၌နေသော ရဟန်းသည်ရဟန္တာတည်းဟုပြောဟောခြင်းကြောင့်သင့်သောအညာပဒေသ ထုလ္လစ္စဉ်းအာပတ်။

၄။ အသက်မွေးခြင်း တည်းဟူသောအကြောင်းကြောင့် မနာမဖျားဘဲမိမိအလို့ငှါ ပဏီတဘောဇဉ်တို့ကိုတောင်း၍စားခြင်းကြောင့် သင့်သောပါစိတ်အာပတ်။

၅။ အသက်မွေးခြင်းတည်းဟူသော အကြောင်းကြောင့် မနာမဖျားဘဲ မိမိအလို့ငှါ ပဏီတဘောဇဉ်တို့ကို တောင်း၍စားခြင်းကြောင့် ဘိက္ခုနီမအား သင့်သော ပါဋိဒေသနီအာပတ်။

၆။ အသက်မွေးခြင်းတည်းဟူသော အကြောင်းကြောင့် မနာမဖျားဘဲမိမိအလို့ငှါ ပဲနောက်ဟင်းကိုဖွင်း။ဆွမ်းကိုဖွင်းတောင်း၍စားခြင်းကြောင့်သင့်သောဒုက္ကဋ် အာပတ်။

## ကိစ္စာဓိကရဏ်းအဓိပ္ပါယ်ကား။

(အပလောကနကံ၊ဉတ္တိကံ၊ဉတ္တိဒုတိယကံ၊ဉတ္တိစတုတ္ထကံ၊ ဤလေးပါးသောကံသည် ကိစ္စာဓိကရဏ်းမည်၏။)

၁။ ။သိမ်တွင်းရှိသံဃာကိုသုမ်သင်၍ဆန္ဒထိုက်သောရဟန်းတို့၏ဆန္ဒကိုဆောင်၍ ညီညွတ်သောသံဃာ၏ အလိုအားဖြင့်၊ ၃ ကြိမ်တိုင်တိုင် ခွင့်ပန်လျှောက်ထား၍ ပြုအပ်သော (မတကစီဝရဒါန) သေသောရဟန်းသာမဏေ (သင်္ကန်း) သက်န်းများကို၊ (ဂိလာနုပဋ္ဌက) သူနာကိုလုပ်ကျွေးသော လူရှင်ရဟန်းတို့အားပေးခြင်းစသော (ကံ) သည် အပလောကန ကံ မည်၏။

၂။ ။သိမ်တွင်းရှိသံဃာကိုသုမ်သင်၍ ဆန္ဒထိုက်သောရဟန်းတို့၏ဆန္ဒကိုဆောင်၍ ညီညွတ်သောသံဃာ၏အလိုအားဖြင့် တကြိမ်တည်းသောဉတ်ဖြင့်ပြုအပ်သော (ဥပုသ်ပဝါရဏာ) စသော (ကံ) သည် ဉတ္တိကံမည်၏။

၃။ ။သိမ်တွင်းရှိသံဃာကိုသုမ်သင်၍ဆန္ဒထိုက်သောရဟန်းတို့၏ဆန္ဒကိုဆောင်၍ ညီညွတ်သောသံဃာ၏အလိုအားဖြင့် ပြုအပ်သော (သိမာသမ္မုတိကံ၊သိမာသမူဟနကံ၊ ကထိနဒါနကံ ) စသော နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဉတ်ရှိသောကမ္မဝါစာဖြင့် ပြုအပ်သောကံသည် ဉတ္တိဒုတိယကံမည်။

၄။ ။သိမ်တွင်းရှိသံဃာကိုသုမ်သင်၍ဆန္ဒထိုက်သောရဟန်းတို့၏ဆန္ဒကိုဆောင်၍ ညီညွတ်သောသံဃာ၏အလိုအားဖြင့်ပြုအပ်သော (ဥပသမ္ပဒကံ၊ပရိဝါသကံ၊မာနတ်ကံ အဗ္ဘာနကံ) စသော လေးခုတို့၏ပြည့်ကြောင်းဖြစ်သော ဉတ်ရှိသောကမ္မဝါစာဖြင့်ပြုအပ်သောကံသည်၊ ဉတ္တိစတုတ္ထကံမည်၏။

## ဒုတိယဇယား။

### ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများ။

[ပုဒ်မ ၁ (၃) (ဂ) နှင့် ပုဒ်မ ၅ ကိုကြည့်ပါ]။

၁။ ။ဝိနိစ္ဆယ ဌာနများဆိုင်ရာ ဝိနည်းမိုရ်နှင့် ဩဝါဒါစရိယဆရာတော်များ ရွေးကောက်ပွဲကို ဖြစ်မြောက်အောင်ဆောင်ရွက်ရန်၊ အစိုးရသာသနာရေးဌာနက ခရိုင်တခုလျှင်၊ ဝိနိစ္ဆယဌာနတည်ထောင်ရေးအမှုဆောင်ဆရာတော် အနည်းဆုံးတပါးကျ ရွေးချယ်ခန့်အပ်ရမည်။

၂။ ။ယင်းသို့ ရွေးကောက်ပွဲကို ဖြစ်မြောက်အောင်ဆောင်ရွက်သော ဝိနိစ္ဆယ ဌာနတည်ထောင်ရေး အမှုဆောင်ဆရာတော်သည် ရွေးကောက်ပွဲတွင်ဝင်ရောက်အရွေး မခံရ။

၃။ ။ရွေးကောက်ပွဲကိုဖြစ်မြောက်စေရန်ကိစ္စများကိုဆောင်ရွက်ရာတွင်၊ ဆိုင်ရာမြို့နယ်ခရိုင်အရာရှိများက အမှုဆောင်ဆရာတော်များအားကူညီရမည်။

၄။ ။အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်များမှာ ဆန္ဒပေးနိုင်ခွင့် ရှိစေရမည်။

(က) ပကတတ်ရဟန်းတော်ဖြစ်စေရမည်။
(ခ) လွန်ခဲ့သောနှစ်က ဆိုင်ရာမြို့နယ် အတွင်းတွင် ဝါကပ်၍ရွေးကောက်ပွဲမတိုင်မီ ၆ လအတွင်း၌အစဉ်မပြတ်နေထိုင်သောပုဂ္ဂိုလ်ဖြစ်ရမည်။
(ဂ) ဆိုင်ရာမြို့နယ် သံဃာစာရင်း၌ပါဝင်သောပုဂ္ဂိုလ်ဖြစ်ရမည်။

၅။ ။ဆန္ဒပေးနိုင်သောမြို့နယ်သံဃာတော်များ၏စာရင်းများကို၊ သာသနာရေးဌာနမှ တာဝန်ယူ၍အသင့်ထားရှိရမည်။ ဤနည်းဥပဒေများ အာဏာ တည်သည့်နေ့မှစ၍ သုံးနှစ်တကြိမ် ထိုစာရင်းများကို မှန်ကန်ပြည့်စုံအောင်၊ သာသနာရေး ဌာနက ပြင်ဆင်ထားရှိရမည်။

၆။ ။အောက်ပါဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသောဆရာတော် များသည်ဆိုင်ရာမြို့နယ်ဝိနည်းဓိုရ်၊ သို့မဟုတ် ဩဝါဒါစရိယဆရာတော်အဖြစ် အရွေးခံနိုင်ရမည်။

(က) ဆိုင်ရာမြို့နယ်အတွင်းဆန္ဒပေးနိုင်ခွင့်စာရင်းတွင်ပါဝင်ရမည်။
(ခ) ဝိနိစ္ဆယဌာနဥပဒေပုဒ်မ ၁၁ အရ၊ ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံရမည်။

(ဂ) မြို့နယ်ဝိနည်းဓိုရ်၊ သို့မဟုတ် ဩဝါဒါစရိယဆရာတော် ဖြစ်သင့်သည်ဟု အောက်ပါအတိုင်းအမည်တင်သွင်းခံရသည့် ပုဂ္ဂိုလ်ဖြစ်ရမည်။

(၁) ဆိုင်ရာမြို့နယ်အတွင်း ဆန္ဒပေးနိုင်ခွင့် စာရင်းပါဝင်သော ပုဂ္ဂိုလ်တပါးကအမည်တင်သွင်းရမည်။
(၂) အမည်တင်သွင်းလွှာနှင့်အတူ နှစ်ပါးထက်မိုသည့် ကျောင်းထိုင်အင်္ဂါနှင့်ပြည့်စုံသော ကျောင်းထိုင်ဆရာတော်တို့၏ ထောက်ခံချက်ပါရှိရမည်။
(၃) ထိုအမည်တင်သွင်းလွှာနှင့် ထောက်ခံချက်ကို ဝိနိစ္ဆယဌာန တည်ထောင်ရေးအမှုဆောင်ဆရာတော်ထံပေးပို့ရမည်။

၇။ ။မြို့နယ်တခုတွင် ဝိနိစ္ဆယဌာနတည်ထောင်ရေးအမှုဆောင် ဆရာတော်က ဆိုင်ရာမြို့နယ်အရာရှိများ၏ အကူအညီဖြင့်ထိုမြို့နယ်တွင်းရှိ ဂိုဏ်းပေါင်းစုံသံဃာတော်တို့အား၊ သင့်လျော်ရာဌာနတွင်စည်းဝေးစေ၍၊ မြို့နယ်ဝိနိစ္ဆယဌာနအတွက် ဝိနည်းဓိုရ်ဆရာတော် အများဆုံးဆယ်ပါးနှင့် ဩဝါဒါစရိယဆရာတော် အများဆုံးဆယ်ပါးကို ဤနည်းဥပဒေများအရ ရွေးကောက်တင်မြှောက်စေရမည်။

၈။ ။ရွေးကောက်တင်မြှောက်လိုသော ပုဂ္ဂိုလ်ဦးရေထက်အရွေးခံရန်အမည်တင်သွင်းသောပုဂ္ဂိုလ်ဦးရေကပိုမိုနေလျှင်၊ အရွေးခံပုဂ္ဂိုလ်အချင်းချင်းစေ့စပ်နုတ်ထွက်စေရမည်။ ယင်းသို့စေ့စပ်နုတ်ထွက်စေလျက် မပြီးပြတ်နိုင်ရှိနေမှသာ မြို့နယ်ဆန္ဒပေးနိုင်ခွင့်ရှိသောသံဃာတော်တို့၏ ဆန္ဒဖြင့်စာရေးတံနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

၉။ ။ဝိနိစ္ဆယဌာန တည်ထောင်ရေး အမှုဆောင်ဆရာတော်က ယင်းသို့ရွေးကောက်တင်မြှောက်ခြင်းကိုခံရသည့် မြို့နယ်ဝိနည်းဓိုရ် ဆရာတော်များ အားလုံးကို သင့်လျော်ရာဌာနတွင်စည်းဝေးစေပြီးလျှင်၊ ထိုဆရာတော်များအားမိမိတို့အထဲမှဖြစ်စေ၊ မိမိတို့မြို့နယ်အတွင်းရှိသင့်လျော်ရာ အခြားပုဂ္ဂိုလ်ထဲမှဖြစ်စေ၊ ခရိုင်ဝိနိစ္ဆယဌာန အတွက် မြို့နယ်တခုလျှင်၊ ဝိနိစ္ဆယဌာနဥပဒေပုဒ်မ ၁၀ အရ၊ ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသော ခရိုင်ဝိနည်းဓိုရ်ဆရာတော်နှစ်ပါးနှင့် ခရိုင်ဩဝါဒါစရိယ ဆရာတော် နှစ်ပါးကျ ရွေးကောက်တင်မြှောက်စေရမည်။

ခြွင်းချက်။ ။သို့ရာတွင် ခရိုင်ဝိနိစ္ဆယဌာနတည်ရာမြို့နယ်တခုလျှင် ခရိုင်ဝိနိစ္ဆယဌာနအတွက် ခရိုင်ဝိနည်းဓိုရ်ဆရာတော် လေးပါးနှင့် ခရိုင်ဩဝါဒါစရိယ ဆရာတော် လေးပါးကျရွေးကောက်တင်မြှောက်ရမည်။

၁၀ ။ဝိနိစ္ဆယဌာနတည်ထောင်ရေး အမှုဆောင်ဆရာတော်က၊ ယင်းသို့ရွေးကောက်ခံရသည့် ခရိုင်ဝိနည်းဓိုရ် ဆရာတော်အားလုံးကို ခရိုင်မြို့မတွင် စည်းဝေးစေပြီးလျှင်၊ ထိုဆရာတော်တို့အားမိမိတို့အထဲမှဖြစ်စေ၊ မိမိတို့ခရိုင်အတွင်းရှိအခြားသင့်လျော်ရာပုဂ္ဂိုလ်များထဲမှဖြစ်စေ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနအတွက် ခရိုင်တခုလျှင်၊ဝိနိစ္ဆယဌာန ဥပဒေပုဒ်မ ၉ အရ ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသော နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်တပါးနှင့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်တပါးကျ ရွေးကောက်တင်မြှောက်စေရမည်။

ခြွင်းချက်။ သို့ရာတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ဆိုင်ရာ ခရိုင်ဝိနည်းဓိုရ် ဆရာတော်တို့က နိုင်ငံတော်ဝိနိစ္ဆယဌာနအတွက်တမြို့လျှင်၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကိုးပါးနှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကိုးပါးစီ ရွေးကောက်တင်မြှောက်ရမည်။

၁၁။ ။ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် မြို့နယ်တခုလျှင်၊ မြို့နယ်ဝိနိစ္ဆယဌာနတခုစီရှိစေ၍၊ မြို့တမြို့ကို ခရိုင်တခုအနေထားလျက် မြို့နယ်တနယ်လျှင်၊ ခရိုင်ဝိနည်းဓိုရ် ဆရာတော်လေးပါးနှင့် ခရိုင်ဩဝါဒါစရိယဆရာတော် လေးပါးကျ ရွေးကောက်တင်မြှောက်စေရမည်။

၁၂။ ။(၁) အရေးအတွက်နည်းပါးသော ဂိုဏ်းသံဃာများအတွက် ထောက်ထား၍—

(က) နိုင်ငံတော်အထက်ပိုင်း ရွှေကျင်ဂိုဏ်းက နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်တပါးနှင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်တပါး၊ ရွေးကောက်တင်မြှောက်စေရမည်။

(ခ) နိုင်ငံတော်အောက်ပိုင်းတွင် ရွှေကျင်ဂိုဏ်းနှင့်ဒွါရဂိုဏ်း အသီးသီးက တဂိုဏ်းလျှင် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်တပါးနှင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်တပါးကျ ရွေးကောက် တင်မြှောက်စေရမည်။

(၂) နည်းဥပဒေခွဲ (၁) အရ၊ ရွေးကောက်တင်မြှောက်ရန်၊ သာသနာရေးဌာနက သက်ဆိုင်ရာ ဂိုဏ်းကို၊ ၎င်းဂိုဏ်းတွင် ထင်ရှားသောဆရာတော်များမှတဆင့်လျှောက်ထားရမည်။

၁၃။ ။ဌာနတခု၌ အရွေးခံသောဆရာတော်သည်၊ အခြားအဆင့်မြင့်သော ဌာနအတွက်အရွေးခံနိုင်ခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့အဆင့်မြင့်သော ဌာနအတွက် အရွေးခံရသည့်ဆရာတော်၏ မူလနေရာမှာ လစ်လပ်သည်ဟုမှတ်ယူရမည်။

၁၄။ ။(၁) ဤနည်းဥပဒေများအရ၊ နေ့ဦးပဌမ ကျင်းပသောရွေးကောက်ပွဲနှင့်ပတ်သက်၍၊ ဥပဒေနှင့်ညီညွတ်ဟူ၍ ယှဉ်ပြိုင်အရွေးခံရသောပုဂ္ဂိုလ်များက မကျေနပ်သဖြင့်ကန့်ကွက်လိုလျှင်၊ (၇) ရက်အတွင်း ဝိနိစ္ဆယဌာန တည်ထောင်ရေး အမှုဆောင်ဆရာတော်ထံသို့ကန့်ကွက်လွှာတင်သွင်းနိုင်၍၊ ထိုကိစ္စကို ဆုံးဖြတ်ရန် ၎င်းဆရာတော်က အများယုံကြည်လောက်သော အခြားဆရာတော်သုံးပါးအောက် မနည်းသောခုံဖွဲ့စည်းစေရမည်။ ထိုခုံအဖွဲ့ဆုံးဖြတ်ချက်သည်အဆုံးသတ်ဆုံးဖြတ်ချက်ဖြစ်စေရမည်။

(၂) နောက်ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ကန့်ကွက်မှုများကို၊ အဓိကရုံးမှုများနည်းတူဆိုင်ရာ ဗိနိစ္ဆယဌာနများကအရေးယူရမည်။

၁၅။ ။မြို့နယ်၊ သို့မဟုတ် ခရိုင်၊ သို့မဟုတ် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များသည်၊ ဆိုင်ရာဌာနတွင်တနှစ်လျှင်တကြိမ်ကျစည်းဝေး၍၊ ဆိုင်ရာမြို့နယ်၊ သို့မဟုတ်ခရိုင်၊ သို့မဟုတ် နိုင်ငံတော်တာဝန်ခံဆရာတော်နှင့် ဆိုင်ရာ တွဲဘက်တာဝန်ခံ ဆရာတော်အသီးသီးကိုရွေးကောက်တင်မြှောက်ရမည်။

သို့ရာတွင် အခြားမြို့များမှ ထေရဒေသန ဓမ္မသဝန စသော အကျိုးများအတွက် ကြိုတင်တောင်းဆိုခဲ့သော မထေရ်တို့၏သွားလာရေးမခဲယဉ်းက၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များအစည်းအဝေးကို ထိုမြို့ရွာတွင်စည်းဝေးနိုင်စေရမည်။

## တတိယဇယား။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြို့နယ်များဆိုင်ရာနည်းဥပဒေများ။

[ပုဒ်မ ၂ (၃) ကိုကြည့်ပါ။]

၁။ ။ရန်ကုန်မြို့ကိုအောက်ပါအတိုင်းပိုင်းခြား၍၊ မြို့နယ်များသတ်မှတ်ထားသည်။

(၁) ရန်ကုန်အနောက်ပိုင်းမြို့နယ်။
(၂) ရန်ကုန်အရှေ့ပိုင်းမြို့နယ်။
(၃) ရန်ကုန်အလယ်ပိုင်းမြို့နယ်။

(၁) ရန်ကုန်အနောက်ပိုင်းမြို့နယ်တွင်၊ ကြည့်မြင်တိုင်အရှေ့ပိုင်း၊ ကြည့်မြင်တိုင်အနောက်ပိုင်းနှင့် ကမာရွတ်ရပ်ကွက်များပါဝင်သည်။

(၂) ရန်ကုန်အရှေ့ပိုင်းမြို့နယ်တွင်၊ သိမ်ဖြူ၊ ပုဇွန်တောင်နှင့် ဒလရပ်ကွက်များပါဝင်သည်။

(၃) ရန်ကုန်အလယ်ပိုင်းတွင်၊ ရန်ကုန်အနောက်ပိုင်းနှင့် အရှေ့ပိုင်းမြို့နယ်များတွင်မပါဝင်သည့် ဗဟန်း၊ ငါးထပ်ကြီးစသောကျန်ရပ်ကွက်များပါဝင်သည်။

၂။ ။မန္တလေးမြို့ကို အောက်ပါအတိုင်းပိုင်းခြား၍၊ မြို့နယ်များသတ်မှတ်ထားသည်။

(၁) တောင်ပြင်မြို့နယ်။
(၂) အနောက်ပြင်မြို့နယ်။
(၃) အရှေ့ပြင်နှင့်မြောက်ပြင်မြို့နယ်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၄၀၊ အမျိုးသားစီမံကိန်းနှင့်သာသနာရေး၊ ၁၆-၁၁-၅၃—၃,၀၀၀—၂။

# ၁၃၁၄ ခုနှစ်၊ ဝိနိစ္ဆယဌာန နည်းဥပဒေများ

၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က) (ခ) (ဂ) များအရ၊ အောက်ပါ နည်းဥပဒေများကို နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများက ပြဋ္ဌာန်းတော်မူလိုက်သည်။

၁။ ။အမည်။ ။ဤနည်းဥပဒေများကို ''၁၃၁၄ ခုနှစ်၊ ဝိနိစ္ဆယ ဌာန နည်းဥပဒေများ ''ဟု ခေါ်တွင်စေရမည်။

၂။ ။အဓိပ္ပါယ် ဖိုင်းခြားဖေါ်ပြချက်။ ။ဤနည်းဥပဒေများတွင်—

(က) ''အက်ဥပဒေ''ဆိုသည်မှာ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနအက်ဥပဒေကိုဆိုလိုသည်။

(ခ) ''နည်းဥပဒေ''ဆိုသည်မှာဝိနိစ္ဆယဌာနနည်းဥပဒေကိုဆိုလိုသည်။

(ဂ) ''ဌာန''ဆိုသည်မှာ ဝိနိစ္ဆယဌာနကို ဆိုလိုသည်။

(ဃ) ''မြို့နယ်ဌာန''ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၄ (၁) (က) အရ၊ တည်ထောင်ထားသော မြို့နယ်ဝိနိစ္ဆယဌာနကိုဆိုလိုသည်။

(င) ''ခရိုင်ဌာန''ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၄ (၁) (ခ) အရ၊ တည်ထောင်ထားသော ခရိုင်ဝိနိစ္ဆယဌာနကိုဆိုလိုသည်။

(စ) ''ဌာနချုပ်''ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၄ (၁) (ဂ) အရ၊ တည်ထောင်ထားသော နိုင်ငံတော်ဝိနိစ္ဆယဌာန၊ သို့တည်းမဟုတ် ပုဒ်မ ၄ (၂) (ခ) အရ၊ တည်ထောင်ထားသော နိုင်ငံတော်ဝိနိစ္ဆယဌာနခွဲကိုဆိုလိုသည်။

(ဆ) ''တာဝန်ခံ''ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၇ (၁) အရ၊ ရွေးကောက် တင်မြှောက်ခြင်းခံရသော တာဝန်ခံ ဆရာတော်၊ သို့တည်းမဟုတ် တွဲဘက်တာဝန်ခံဆရာတော်ကိုဆိုလိုသည်။

(ဇ) ''ဝိနည်းဓိုရ်''ဆိုသည်မှာအဓိကရဏ်းမှုကိုကြားနာ စစ်ဆေးစီရင်ဆုံးဖြတ်ရန် အက်ဥပဒေ ပုဒ်မ ၇ (၃) (က) အရ၊ ရွေးချယ်ထားသော'' ဝိနည်းဓိုရ်ဆရာတော် '' တို့ကိုဆိုလိုသည်။

(ဈ) ''အမှု''ဆိုသည်မှာအက်ဥပဒေ ပုဒ်မ ၁၅ (၂) တွင် ဖေါ်ပြထားသော ဝိနည်းဓမ္မကံအဓိကရဏ်း မှုတို့ကိုဆိုလိုသည်။

(ည) ''ပဌမ စောဒနာဝင်မှု''ဆိုသည်မှာအက်ဥပဒေ ပုဒ်မ ၁၈ အရ၊ မြို့နယ် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို ဆိုင်ရာခရိုင်ဝိနိစ္ဆယဌာနတွင် စောဒနာဝင်မှုကို ဆိုလိုသည်။

(ဋ) ''နောက်ဆုံးစောဒနာဝင်မှု'' ဆိုသည်မှာ အက်ဥပဒေ ပုဒ်မ ၁၉ အရ၊ ခရိုင်ဝိနိစ္ဆယဌာနဆုံးဖြတ်ချက်ကို၊ နိုင်ငံတော် ဝိနိစ္ဆယဌာနတွင်စောဒနာဝင်မှုကိုဆိုလိုသည်။

အတိုး ၅၀ ပြား]

စာအမှတ်..................
နေ့စွဲ..................

## မူလအမှု အစီအစဉ်

၃။ ။အမှုစီစဉ်နည်း။ ။အမှုအရပ်ရပ်ကို၊အဓိကရဂုဏ်းဖြစ်အကြောင်းအရာများနှင့် စပ်လျဉ်း၍၊ နောက်ထပ်မံ အမှုများမဖြစ်ပွါးစေရန်နှင့် အပြီးသတ်ဆုံးဖြတ်ချက်ချပေးနိုင်စေရန် စီစဉ်နိုင်သမျှစီစဉ်ရမည်။

၄။ ။အမှုကိုစွဲဆိုနည်း။ ။အမှုအရပ်ရပ်ကိုစွဲဆိုရန် ဆိုင်ရာတာဝန်ခံထံသို့ စွဲချက်လျှောက်လွှာတင်သွင်းရမည်။

၅။ ။စွဲချက်လျှောက်လွှာပြုပြင်နည်း။ ။စွဲချက်လျှောက်လွှာတွင်ပါရှိရမည့် အချက်များမှာ၊သာမန်အားဖြင့် သက်ဆိုင်ရာအချက်များကို ထည့်သွင်းရမည့်အပြင်၊ အထူးအားဖြင့်အမှုဖြစ်ပွါးသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍၊ စောဒကအလိုရှိသောအချက်များကို၊ တတ်အားသမျှ သီးခြားဖော်ပြရမည်။ (ပုံစံ ၁) မိမိ စွဲဆိုရာအမှုပြုသည့်စာချုပ် စာတမ်းများကိုမိမိလက်ဝယ်ရှိလျှင် တင်ပြရမည်။ မရှိလျှင် မည်သူ့ထံတွင်ရှိကြောင်း ဖော်ပြနိုင်လျှင် ဖော်ပြပါရှိစေရမည်။

၆။ ။စွဲချက် လျှောက်လွှာကို ပယ်ရှားရန် အချက်များ။ ။စွဲချက်လျှောက်လွှာကိုအောက်ပါ အချက်များကြောင့် တာဝန်ခံဆရာတော်က ပယ်ရှားရမည်။

(က) အဓိကရဂုဏ်းဖြစ် အကြောင်းအရာဖော်ပြခြင်းမရှိသည့်အချက်။

(ခ) စွဲချက် လျှောက်လွှာတွင် ပါရှိသည့် စကားများကို ထောက်သဖြင့် ဝိနည်းတော်အရ၊ အမှုမစွဲဆိုထိုက်သည့်အချက်။

၇။ ။စွဲချက် လျှောက်လွှာကိုပယ်ရှားရာတွင် လိုက်နာရန် နည်း။ ။စွဲချက်လျှောက်လွှာကိုပယ်ရှားလျှင်၊ မည်သည့် အကြောင်းကြောင့် ပယ်ရှား ကြောင်းများကို တာဝန်ခံက၊ နေ့စဉ်မှတ်စာတမ်းတွင် အမိန့်ချမှတ်ရေးသား ထားရမည်။ (ပုံစံ ၂)။

၈။ ။စွဲချက်လျှောက်လွှာအသစ်ထပ်မံတင်သွင်းခွင့်။ ။အထက်ဖော်ပြပါရှိသည့်အချက်တခုခုကြောင့်စွဲချက်လျှောက်လွှာကို ပယ်ရှားခဲ့သော်၊စွဲဆိုရင်းအဓိကရဂုဏ်းဖြစ်အကြောင်းအရာအတွက်၊စောဒကမှာ စွဲချက်လျှောက်လွှာ အသစ်ထပ်မံတင်သွင်းခွင့်ရှိစေရမည်။

၉။ ။အမှုမှတ်ပုံတင်စာအုပ်။ ။အမှု အသီးသီး အကြောင်းအရာ များကို ရေးမှတ်ရန်ပုံစံ ၃ အရ၊ ထားရှိရမည့် အဓိကရဂုဏ်းမှု မှတ်ပုံတင်စာအုပ်တွင်၊ စွဲချက်လျှောက်လွှာများကိုလက်ခံရရှိသည့်အစီအစဉ်အလိုက်၊ နှစ်စဉ်အမှတ်ထိုးတပ် ရေးသွင်းရမည်။

၁၀။ ။အမှုမျှုးစာရင်း။ ။ချိန်းဆိုထားသော အမှုများကိုခေါ်ပုံ စာရင်းတွင်ထည့်သွင်းရမည်။ (ပုံစံ ၄)။

## အကြောင်းကြားစာအကြောင်း

၁၁။ ။အကြောင်းကြားစာထုတ်ပေးနည်း။ ။အမှုတစုံတရာကို နေရာကျစွဲဆိုလျှင်၊ဌာနတွင် စွဲချက်ကို ချေပရှင်းလင်းရန်၊ စုဒိတကထံသို့ အကြောင်းကြားစာထုတ်ပေးသောအခါ၊ ချိန်းဆိုသတ်မှတ်ရာ နေ့ရက်ဖော်ပြသောအကြောင်းကြားစာနှင့်အတူ၊စွဲချက်လျှောက်လွှာ မိတ္တူတစောင်၊ သို့မဟုတ် ၎င်း၏အတိုကောက် တစောင်ပူးတွဲပါရှိစေရမည်။

၁၂။ ။အကြောင်းကြားစာ အရပ်ရပ်တွင် ပါရှိရမည့် အချက်များ။ ။ အကြောင်းကြားစာ ထုတ်ပေးသောအခါ၊ ဌာနကသင့်လျော်သည်ဟု ထင်မြင်သည့် အတိုင်း၊ အကြောင်းကြားစာအရပ်ရပ်တို့၌၊ အောက်ပါ အချက်များအတွက်ပြဋ္ဌာန်း သတ်မှတ်၍ ထိုက်သည့်အားလျော်စွာဆင့်ဆိုပါရှိစေရမည်။

စုဒိတက၊ သို့မဟုတ် စောဒကကိုယ်တိုင် လာရောက်စေရန် အကြောင်းပြ ချေပရန်၊ ငြင်းချက်ထုတ်ရန်၊ အမှုကို အပြီးသတ် ဆုံးဖြတ်ရန်၊ စာချုပ် စာတမ်း တင်ပြရန်၊ သို့မဟုတ် မည်သူ့ လက်တွင်ရှိ ကြောင်းနှင့် သက်သေခံ လာရောက်ရန် စသော အချက်များ (ပုံစံ ၅၊ ၆၊ ၇ နှင့် ၈)။

၁၃။ ။စုဒိတကလာရောက်ရန်ရက်ချိန်း။ ။မည်သည့်အခါမဆို၊ စုဒိတက လာရောက်ရန်နေ့ရက် သတ်မှတ်ရာ၌၊ဌာနတွင် ဆောင်ရွက်ဆဲအမှုကိစ္စများ၊စုဒိတက၏ နေရပ်နှင့် အကြောင်း ကြားစာပေးအပ်ရန် လိုသည့် အချိန်တို့ကိုထောက်ချင့်၍ ချိန်းဆို သတ်မှတ်ရမည်။ ၎င်းနေ့ရက်သည်၊ စုဒိတက လာရောက်၍ ချေပနိုင်လောက်မည့် နေ့ရက်ဖြစ်စေရမည်။

၁၄။ ။အကြောင်း ကြားစာပေးအပ်အတည်ပြုနည်း။ ။(၁) အကြောင်း ကြားစာကို၊တာဝန်ခံကလက်မှတ်ရေးထိုး၍၊ဌာနတံဆိပ် ရိုက်နှိပ်ပြီးလျှင်၊မူရင်းတစောင် ထား၍၊တစောင်ကို စုဒိတကအားပေးအပ်စေရန် သက်ဆိုင်ရာ မူလစီရင်ခွင့်အာဏာ ရှိသည့်တရားမရုံးသို့ အမှာစာ (ပုံစံ ၉) နှင့်တကွ ပေးပို့ရမည်။

(၂) အခြားနည်း ပြဋ္ဌာန်းခြင်းမရှိသော်၊စုဒိတကတဦးထက်များလျှင် ၎င်းတို့ အသီးသီးအတွက် အကြောင်းကြားစာတစောင်စီပေးပို့ရမည်။

၁၅။ ။အခြားနည်းဖြင့်ပေးအပ်အတည်ပြုလုပ်နည်း။ ။(၁) အကြောင်း ကြားစာပေးအပ်ခြင်းမပြုလုပ်နိုင်စေခြင်းငှါ၊စုဒိတက၊သို့မဟုတ် စုဒိတကများတိမ်းရှောင် ခိုကပ်နေသည်ဟုယုံကြည်ရန်အကြောင်းရှိလျှင်၊ သို့မဟုတ် အခြားအကြောင်းတစုံတရာ ကြောင့် မပေးအပ်နိုင်ဟု တာဝန်ခံကသဘောရှိလျှင်၊ အကြောင်းကြားစာတစောင်ကို၊ သို့မဟုတ် တစောင်စီကို၊ သို့မဟုတ် စုဒိတကအားလုံး၏ဘွဲ့မည်များ ရေးသားပါရှိသော တစောင်ကို၊ ဌာနတွင် အများမြင်သာထင်ရှားသောနေရာ၌ စွဲကပ်၍၎င်း၊ စုဒိတက၊ သို့မဟုတ် စုဒိတကများ နောက်ဆုံးသိတင်းသုံးနေထိုင်ကြောင်း သိရှိရသည့် အာဝါသ တွင်၊ မြင်သာထင်ရှားသောနေရာ၌လည်း စွဲကပ်စေရန်၎င်း သက်ဆိုင်ရာ မူလစီရင်ခွင့် အာဏာရှိသည့်တရားမရုံးသို့အကြောင်းကြားစာကိုပေးပို့ရမည်။

(၂) တာဝန်ခံ၏အမိန့်နှင့်အကြောင်းကြားစာကို အထက်ပါနည်းအတိုင်း ပေးပို့စွဲကပ်၍၎င်းသည်၊ စုဒိတကကိုယ်တိုင်ကိုပေးအပ်ဘိသကဲ့သို့ ခိုင်မာလုံလောက်သည် ဟုမှတ်ယူရမည်။

## ငွေချေလွှာအကြောင်း

၁၆။ ။ချေလွှာတင်သွင်းချိန်။ ။အမှုကိုပဌမအကြိမ်မပြိုင်ဆိုင်မိဖြစ်စေ၊ဆိုင် ပြိုင်သည့်အခါဖြစ်စေ၊ တာဝန်ခံကခွင့်ပြုသည့်အချိန်ကာလအတွင်းဖြစ်စေ၊ စုဒိတက က၊ မိမိဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ ချေလွှာကိုတင်သွင်းနိုင်သည်။ တာဝန်ခံကတင်သွင်းစေလို လျှင်လည်း တင်သွင်းရမည်။

၁၇။ ။ချေလွှာတွင် ပါရှိရမည့်အချက်များ။ ။ချေလွှာတွင်သာမန်အားဖြင့် သက်ဆိုင်ရာအချက်များကို ထည့်သွင်းရမည့်အပြင်၊ အထူးအားဖြင့်၊ စွဲချက်လျှောက်လွှာတွင်အဆိုရှိသည့် အချက်အသီးအသီးကို အတိအလင်း ဝန်ခံခြင်း၊ သို့မဟုတ် ငြင်းကွယ်ခြင်းနှင့် ချေပချက်အပြည့်အစုံအရပ်ရပ်ကို တတ်အားသမျှ သီးခြားဖော်ပြရမည်။ (ပုံစံ ၁၀)။

မိမိခုခံချေပရာ၊ အမှီပြုသည့်စာချုပ်စာတမ်းများကို မိမိလက်ဝယ်ရှိလျှင် တင်ပြရမည်။ မရှိလျှင် မည်သူ့ထံတွင်ရှိကြောင်း ဖော်ပြနိုင်လျှင်၊ ဖော်ပြပါရှိစေရမည်။ အမှုနှင့်မသက်ဆိုင်သော အကြောင်းအရာ စောဒကနှင့် ဝိနည်းမိုရ်တို့ကို ထိပါးပုတ်ခတ်သော အကြောင်းအရာ စကားဝါကျများတစုံတခုမျှမပါရှိစေရ။

ချေလွှာမတင်သွင်းလျှင် လိုက်နာ ဆောင်ရွက်ရမည့်နည်း

၁၈။ ။ချေလွှာကိုမတင်မသွင်းပျက်ကွက်လျှင်ချမှတ်ရန်အမိန့်။ ။ချေလွှာတင်သွင်းရန် သတ်မှတ်သည့်နေ့ရက်အချိန်အတွင်း မတင်မသွင်းပျက်ကွက်လျှင်၊ ယင်းသို့ပျက်ကွက်သူအပေါ်တွင်၊ ဝိနည်းမိုရ်တို့က၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ဝိနည်းတော်အရ၊သင့်တော်သည့်အမိန့်ချပေးရမည်။

အမှုသည်တို့ လာရောက်ခြင်းအကျိုးနှင့် မလာရောက်ခြင်းအပြစ်အကြောင်း

၁၉။ ။နှစ်ဘက်သောအမှုသည်တို့မလာမရောက်လျှင်အမှုကိုပလပ်နိုင်ခွင့်။ ။အမှုကိုကြားနာပြိုင်ဆိုင်ရန် အမှုခေါ်သည့်အခါတွင်၊ နှစ်ဘက်သောအမှုသည်တို့ လာရောက်ရမည်။ အမှုသည်နှစ်ဘက်လုံးမလာမရောက်လျှင်၊ဝိနည်းမိုရ်တို့ကဝိနည်းတော်နှင့်လျော်ညီစွာအမိန့်ချမှတ်၍၊အမှုကိုပလပ်စေနိုင်ခွင့်ရှိသည်။

၂၀။ ။ပလပ်သည့်အမှုတွင်၊ စောဒက ကအမှုကို ထပ်မံစွဲဆိုခွင့်။ ။နည်းဥပဒေ ၁၉ အရ၊အမှုကိုပလပ်ခဲ့သော်စောဒကသည်၊ အမှုအသစ်ထပ်မံစွဲဆိုခွင့်၊ သို့မဟုတ် ပလပ်ချက်ကိုပယ်ဖျက်ရန် အမိန့်ရလိုကြောင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ မလာမရောက်ခြင်းကို၊ အမှုနှင့်လျော်စွာ လုံလောက်သည့်အကြောင်းပြသ လျှောက်ထားလျှင်၊ ပလပ်စေသည့်အမိန့်ကိုပယ်ဖျက်ရန်၊ ဝိနည်းမိုရ်တို့က အမိန့်ချပေး၍၊ အမှုကိုကြားနာဆိုင်ပြိုင်ရန်နေ့ရက်ကိုချိန်းဆိုရမည်။

၂၁။ ။နှစ်ဘက်သောအမှုသည်တို့လာရောက်လျှင်၊အမှုကိုကြားနာရခြင်း။ ။ချိန်းဆိုသောနေ့၌ နှစ်ဘက်သောအမှုသည်တို့ လာရောက်သည်ရှိသော်၊ ဝိနည်းမိုရ်တို့က အခြားနေ့ရက်သို့ရွှေ့ဆိုင်းခြင်းမပြုလျှင်၊ထိုနေ့ရက်တွင်ပင် အမှုကိုကြားနာရမည်။

အမှုကို ကြားနာခြင်းအကြောင်း

၂၂။ ။အမှုကိုကြားနာစစ်ဆေးရာတွင် ဆောင်ရွက်ရမည့်နည်း။ ။အမှုကိုကြားနာဆိုင်ပြိုင်သည့်နေ့တွင်၊ ဝိနည်းမိုရ်တို့သည်၊ ပရိဝါ ပါဠိတော်၊ (က) အဓိကရဏဘေဒ၊ (ခ) အပရဂါထာသင်္ဂဏိ၊ (ဂ) စောဒနာကဏ္ဍ၊ (ဃ) စူဠသင်္ဂါမ၊ (င) မဟာသင်္ဂါမ (စ) ဥပါလိပဉ္စာ ဝေါဟာရဝဂ်၊ (ဆ) ဥပါလိပဉ္စာ အတ္တာဒါနဝဂ်၊ (ဇ) ဥပါလိ

ပဋ္ဌာ အဓိကရဏာဝူပသမဝဂ်တို့၌ပါရှိသော ဒေသနာတော် အချက်များကိုဦးထိပ်ထက် ရွက်ဆင်၍၊အမှုကိုကြားနာစစ်ဆေးကြရမည်။ အထူးအားဖြင့်။ ။စောဒကသည် အဓမ္မ စောဒက မဖြစ်စေခြင်းငှါ၊ စောဒကေန ပဉ္စသုဓမ္မေသု ပတိဋ္ဌာယ ပရော စောဒေတဗ္ဗော၊ အစရှိသော ပရိဝါပါဠိတော်အရ၊၎င်းအားစီစစ်၍ညွှန်ကြားလိုက်နာစေရမည်။

စုဒိတကသည်လည်း၊ အဓမ္မ စုဒိတကမဖြစ်စေခြင်းငှါ၊စုဒိတကေန ဒွိသု ဓမ္မေသု ပဋိပဇ္ဇိတဗ္ဗံ။ အစရှိသော ပရိဝါပါဠိတော်အရ၊ ၎င်းအား ညွှန်ကြားလိုက်နာစေရမည်။

စောဒနာ နာမဣတံဝါ ပဏ္ဏံဝါ သာသနံဝါ ပေသေတွာ စောဒေန္တဿ သီသံ နဇတိ၊ပုဂ္ဂလဿ ပန သမီပေ ဌတွာဝ ဟတ္ထမုဒ္ဒါယ ဝစီဘေဒေနဝါ စောဒေန္တဿေဝ သီသံတေိ။ ။ဟူသောအဋ္ဌကထာနှင့်အညီ၊ သမ္မုခ စောဒနာမျိုး ဖြစ်၊ မဖြစ်နှင့် ဒုဗ္ဗလ စောဒနာ၊ ဗလဝစောဒနာမျိုး ဖြစ်၊ မဖြစ်ကို စီစစ် ညွှန်ကြားလိုက်နာစေရမည်။

အမှုတခုခုသည် လုံလောက်သောအကြောင်းမရှိဘဲ ကာလရှည်လျားစွာ ငြိမ်း မအေး မပြီးမပြတ် ဖြစ်တည်နေကြောင်း အမှုသည်က၊ သို့မဟုတ် အမှုသည်များက လျှောက်ထားခြင်းအားဖြင့် အထောက်အထား ခိုင်မာစွာသိရှိရသည်ကို အကြောင်းပြု၍ ထိုသို့သောအမှုသည်၊ ခရိုင်ဌာနဌ်ဖြစ်တည်နေခဲ့သော် ဌာနချုပ်မှ ညွှန်ကြားချက်ကို၎င်း မြို့နယ်ဌာနဌ် ဖြစ်တည်နေခဲ့သော်၊ ဌာနချုပ်နှင့် ခရိုင်ဌာနတို့မှ ညွှန်ကြားချက်ကို၎င်း၊ လိုက်နာ၍ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ငြိမ်းအေးပြီးပြတ်အောင်ရွက်ဆောင်ရမည်။

## ငြင်းချက်များအကြောင်း

၂၃။ ။ငြင်းချက်များကိုစီစဉ်နည်း။ ။(၁) အမှု၏အချင်းအရာ၊ သို့မဟုတ် ဝိနည်းတော်နှင့်စပ်လျဉ်း၍ အရေးယူလောက်သည့် ဆင်ခြင်ရန်အချက်ကို၊ အမှုသည်တဦး ကထွက်ဆို၍၊ကျန်တဦးကငြင်းဆိုသည့်အခါ၊ ငြင်းချက်ဖြစ်ပွါးလာသည်။

(၂) အမှုသည်တဦးကထွက်ဆို၍ တဘက်အမှုသည်ကငြင်းကွယ်သည့်အရေး ယူလောက်သော ဆင်ခြင်ရန်အချက် အသီးသီးမှာ၊ ငြင်းချက်တသီးတခြားစီဖြစ်စေ ရမည်။

(၃) ငြင်းချက်များမှာ——

(က) အမှုအချင်းအရာနှင့်ဆိုင်သည့်ငြင်းချက်။

(ခ) ဝိနည်းတော်နှင့်ဆိုင်သည့်ငြင်းချက်ဟူ၍ နှစ်မျိုးရှိသည်။

(၄) အမှုကို ပဌမအကြိမ်ဆိုင်ပြိုင်ရာတွင်၊ စွဲချက်နှင့် ချေလွှာများကို ဖတ်ရှု စစ်ဆေးသင့်သည်ထင်မြင်ရာတို့ကို၊ အမှုသည်တို့အား စစ်ဆေးပြီးနောက်၊ အချင်းအရာ၊ သို့မဟုတ် ဝိနည်းတော်နှင့်စပ်လျဉ်း၍၊ မည်သည့် အရေးယူလောက်သော ဆင်ခြင်ရန် အချက်တွင်၊ အမှုသည်တို့သဘောကွဲပြားကြကြောင်းကို သိသာရန်ထောက်လှမ်းပြီးလျှင်၊ အမှုကို အမှန်အကန်ဖြစ်စေရန်ဆုံးဖြတ်နိုင်မည်ဟုထင်မြင်သည့်ငြင်းချက်များကို၊ဝိနည်းမိုရ် တို့ကကောက်ထုတ်စီစဉ်ရေးမှတ်ထားရမည်။ (ပုံစံ ၁၁)။

၂၄။ ။ဝိနည်းတော်နှင့်စပ်လျဉ်းသည့် ငြင်းချက်များဖြင့် အမှုကိုဆုံးဖြတ်နည်း ။ ။အမှုတမှုတည်း၌၊ ဝိနည်းတော်နှင့် စပ်လျဉ်းသည့် ငြင်းချက်နှင့် အချင်းအရာနှင့် စပ်လျဉ်းသည့် ငြင်းချက်ဟူ၍ နှစ်မျိုးသော ငြင်းချက်ရှိသော်လည်း၊ ဝိနည်းတော်နှင့် စပ်လျဉ်းသည့်ငြင်းချက်နှင့်ပင်၊ ၎င်းအမှုတမှုလုံးကို၊ သို့မဟုတ် ၎င်း၏ တစိတ်တဒေသကို

စီရင်ဆုံးဖြတ်နိုင်မည်ဟု ဝိနည်းမိုရ်ိတို့က ထင်မြင်သဘောရလျှင်၊ ဝိနည်းတော်နှင့်စပ်လျဉ်းသည့် ငြင်းချက်များကို ရှေးဦးစွာ စစ်ဆေးစီရင်ခွင့်ရှိသည်။ ဤကဲ့သို့ စစ်ဆေးဆုံးဖြတ်ရန် အလို့ငှါ၊ ဝိနည်းမိုရ်ိတို့က သင့်သည်ဟုထင်မြင်လျှင် ဝိနည်းတော်နှင့် သက်ဆိုင်သည့် ငြင်းချက်များကို၊ ဆုံးဖြတ်၍မပြီးမီ၊ အချင်းအရာနှင့်စပ်လျဉ်းသည့်ငြင်းချက် ထုတ်ခြင်းကို ရွှေ့ဆိုင်းထားခွင့်ရှိသည်။

၂၅။ ။ငြင်းချက်များကိုကောက်ဆုတ်စီစဉ်နည်း။ ။အောက်ပါ အကြောင်းအရာ အရပ်ရပ်မှဖြစ်စေ၊ တစုံတရာမှဖြစ်စေ၊ ငြင်းချက်များကို ကောက်ထုတ် စီစဉ်ခွင့်ရှိသည်။

(က) စွဲချက်လျှောက်လွှာနှင့် ချေလွှာများ၊ သို့မဟုတ် အမှုတွင်မေးအပ်သည့် မေးခွန်းများကို ဖြေဆိုရာတွင် ပေါ်ထွက်သည့် စွပ်စွဲချက်အဆိုများ။

(ခ) နှစ်ဘက်သောအမှုသည်တို့က တင်ပြသော စာချုပ် စာတမ်းပါ အကြောင်းအရာများ။

၂၆။ ။ငြင်းချက်မရှိသော အမှုဆုံးဖြတ်နည်း။ ။အမှုကိုပဌမ အကြိမ်ဆိုင်ပြိုင်ရာတွင်၊ အမှုသည်တို့မှာ အခြင်းအရာ၊ သို့မဟုတ် ဝိနည်းတော်နှင့် စပ်လျဉ်းသည့် အကြောင်းအချက် တစုံတရာတွင်၊ ငြင်းချက်မရှိကြောင်း ထင်ရှားလျှင်၊ ဝိနည်းမိုရ်ိတို့က တခါတည်းဆုံးဖြတ်ခွင့်ရှိသည်။

၂၇။ ။ငြင်းချက်ရှိသော အမှုဆိုင်ပြိုင်ခြင်းကို ရွှေ့ဆိုင်းထားခွင့်။ ။အမှုစစ်ဆေးရာ၌၊ မည်သည့်အခြေသို့ဆိုက်ရောက်နေစေကာမူ၊အကြောင်းအချက် လုံလောက်စွာ ပြသလျှင်၊ နှစ်ဘက်သော အမှုသည်တို့ကို၊ သို့မဟုတ် တဦးဦးကို၊ ဝိနည်းမိုရ်ိတို့က အချိန်ပေး၍ အမှုဆိုင်ပြိုင်ခြင်းကို ရံဖန်ရံခါ ရွှေ့ဆိုင်းခွင့်ရှိသည်၊ အက်ဥပဒေပုဒ်မ ၂၆ (၁) အရ၊ ဌာနသို့မလာနိုင်သော အမှုသည်ကို၊ သို့မဟုတ် သက်သေကို စစ်ဆေးရန်ကိစ္စနှင့် အဆိုပါပုဒ်မ၏ ပုဒ်မခွဲ (၂) အရ၊ အခြားမြို့နယ်တွင် သီတင်းသုံး နေထိုင်သော အမှုသည်ကို၊ သို့မဟုတ် သက်သေကို စစ်ဆေးရန် သက်ဆိုင်ရာ ဌာနသို့ အကြောင်း ကြားစာ (ပုံစံ ၁၂) ပေးပို့ရရှိသည့်ကိစ္စရှိလျှင်လည်း၊ အမှုကို ရွှေ့ဆိုင်းခွင့်ရှိသည်။

## အမှုသည်တို့က မိမိတို့အဘွက်အမှုအကြောင်း စတင်လျှောက်လဲချက်ပေးခြင်းနှင့် သက်သေပြခြင်းအကြောင်း

၂၈။ ။အမှု စတင်လျှောက်လဲခွင့်။ ။(၁) စောဒက၏စွဲချက်လျှောက်လွှာအတိုင်း၊ စုဒိတက က ဖြောင့်ဆိုဝန်ခံသော်လည်း၊ ၎င်းဖြောင့်ဆိုချက်တွင်၊ စောဒက က အလိုရှိသော ဆုံးဖြတ်ချက်များမှာ မည်သည့် အစိတ်အပိုင်းကိုမျှ မရထိုက်ကြောင်း အဆိုဆင်ခြေမျိုးမပါလျှင်၊ အမှုကိုဆိုင်ပြိုင်ရန် ချိန်းဆိုသည့်နေ့ရက်တွင်၊ သို့မဟုတ် ဆိုင်ပြိုင်ရန် ရွှေ့ဆိုင်းထားသည့်အခြား နေ့ရက်တွင် စောဒက က၊ အမှုအကြောင်းကို စတင်ပြောဆို၍ သက်သေပြခွင့်ရှိသည်။ ဆိုခဲ့သည့်အဆိုဆင်ခြေမျိုး တစုံတရာပါရှိလျှင်၊ စုဒိတက က၊ အမှုအကြောင်းကိုစတင် ပြောဆို၍သက်သေပြခွင့်ရှိသည်။

(၂) အမှုသည်များနှင့် သက်သေများကို ဝိနည်းမိုရ်တို့ကစစ်ဆေး၍၊ ၎င်းတို့၏ ထွက်ဆိုချက် များကို (ပုံစံ ၁၃ နှင့် ၁၄)၊ အက်ဥပဒေပုဒ်မ ၇ (၃) (င) အရ၊ တာဝန်ခံက၊ အကျဉ်းချုပ် ရေးမှတ်ခြင်း၊ သက်သေခံအဖြစ် တင်သွင်းသော စာချုပ်စာတမ်းများ စာရင်းကို၊ စောဒကအတွက်နှင့် စုဒိတကအတွက် သီးခြား၍ရေးမှတ်ပြုလုပ်ထားရမည်။ (ပုံစံ ၁၅)။

(၃) နှစ်ဘက်သောအမှုသည်တို့နှင့် သက်သေများကိုစစ်ဆေး၍၊ အက်ဥပဒေပုဒ်မ ၂၆ အရ၊ စစ်ဆေးရသော သက်သေစစ်ဆေးချက်တို့ကို ဖတ်ကြားပြီးနောက် ပဋ္ဌမလျှောက်လဲခွင့်ရသူက၊ မိမိအမှုကိုတမှုလုံးအတွက် လျှောက်လဲရမည်။

(၄) ၎င်းနောက်အခြားဘက်မှ အမှုသည်က၊ မိမိအမှုကို အမှုတမှုလုံးနှင့် စပ်လျဉ်း၍ အရပ်ရပ်လျှောက်လဲရမည်။

(၅) ၎င်းနောက် စတင်လျှောက်လဲသူက၊ အမှုတမှုလုံးနှင့် စပ်လျဉ်း၍အရပ်ရပ်ပြန်လှန်ချေဆို လျှောက်လဲရမည်။

၂၉။ ။သက်သေတို့ အမူအရာနှင့် စပ်လျဉ်းသည့် မှတ်ချက်များ။ ။အမှုစစ်ဆေးစဉ် အမှုသည်၏၊ သို့မဟုတ် သက်သေအသီးသီး၏ အမူအရာနှင့် စပ်လျဉ်း၍၊အရေးကြီးသည်ထင်မြင်သည့် မှတ်ချက်များကို၊ ဝိနည်းမိုရ်တို့၏ အမိန့်အရ၊ တာဝန်ခံက ရေးမှတ်ထားခွင့်ရှိသည်။

၃၀။ ။သက်သေကို ပြန်၍ခေါ်ယူ စစ်ဆေးနိုင်ခွင့်။ ။အမှုကို ကြားနာစစ်ဆေးရာ၌မည်သည့် အခြေသို့ဆိုက်ရောက်စေကာမူ၊ စစ်ဆေး ပြီးသောသက်သေကို ပြန်၍ခေါ်ယူပြီးလျှင်၊ ဝိနည်းမိုရ်တို့က စစ်ဆေးခွင့်ရှိသည်။

၃၁။ ။ဝိနည်းမိုရ်တို့က ကြည့်ရှုစစ်ဆေးခွင့်အာဏာ။ ။အမှုကို စစ်ဆေးရာမည်သည့်အခြေသို့ ဆိုက်ရောက်စေကာမူတစုံတရာအငြင်းပွားသည့်မည်သည့်ပစ္စည်းအရာဝတ္ထုကိုမဆို၊ ဝိနည်းမိုရ်တို့က ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။

## ဆုံးဖြတ်ချက်အကြောင်း

၃၂။ ။ဆုံးဖြတ်ချက်ချပေးနည်း။ ။(၁) ဆိုင်ရာဝိနည်းမိုရ် တို့ကအမှုကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ သို့မဟုတ် ရွှေ့ဆိုင်းလျှင်ရွှေ့ဆိုင်းသောနေ့ရက်၌၊ ဌာနတွင်အထင်အရှား ဆုံးဖြတ်ချက်ချပေးရမည်။ ဆုံးဖြတ်ချက်ချရန် ရွှေ့ဆိုင်းသည့်နေ့ရက်ကိုအမှုသည်တို့အား အကြောင်းကြားရမည်။

(၂) ငြင်းချက်ထုတ်သော အမှုများ၌ ငြင်းချက်အသီးသီးအတွက် ဆုံးဖြတ်ချက်ချမှတ်ရမည့်ပြင်၊ မည်သည့်အတွက်ကြောင့် ဤကဲ့သို့စီရင် ဆုံးဖြတ်ရခြင်းအကြောင်းကို၊ ဝိနည်းမိုရ်တို့က ဆုံးဖြတ်ချက်တွင်ရေးသားဖော်ပြရမည်။

(၃) ဆုံးဖြတ်ချက်၏ နောက်ဆုံးပိုင်းတွင်၊ စီရင် ဆုံးဖြတ် ချက်၏ လိုရင်းအဓိပ္ပါယ်ကို သာမန်လူပုဂ္ဂိုလ်တို့ အလွယ်တကူ နားလည်နိုင်စေရန်၊ မြန်မာစာရိုးရိုးဖြင့်ရေးသားပါရှိရမည်။

(၄) စီရင်ချက်တွင် (ပုံစံ ၁၆ ) အမှုဆုံးဖြတ်ချက်ချသည့်နေ့နှင့် ရောက်ရှိသောအမှုသည်များ၏ ဘွဲ့ အမည်ပါရှိစေရမည်။

၃၃။ ။စီရင်ချက်ကို နေ့စွဲတပ်၍ လက်မှတ် ရေးထိုးရခြင်း။ ။စီရင်ချက်ကို ချပေးသည့်အခါ၊ ဝိနည်းမိုရ်တို့က စီရင်ချက်တွင်နေ့စွဲကို ထည့်တပ်၍၊ အက်ဥပဒေပုဒ်မ ၂၂ (၁) (က) အရ လိုက်နာ၍ လက်မှတ်ရေးထိုးရမည်။

၃၄။ ။အက်ဥပဒေပုဒ်မ ၂၄ အရ၊ နယ်တရားမရုံးသို့ အကြောင်းကြားစာ ပေးပို့နည်း။ ။အမှုသည်က၊ ဌာန၏အမိန့်ကို၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို လိုက်နာ ဆောင်ရွက်စေရန်၊ မည်သို့ပြုလုပ်ပေးစေလိုကြောင်းကို နှုတ်ဖြင့်၊ သို့မဟုတ် လျှောက်လွှာ ဖြင့်လျှောက်ထားလျှင်၊ တာဝန်ခံက သက်ဆိုင်ရာနယ်တရားမရုံးသို့ အကြောင်းကြားစာ (ပုံစံ ၁၇) ပေးပို့ရမည်။ ထိုအကြောင်းကြားစာနှင့်အတူ တာဝန်ခံက ''မိတ္တူ၊အမှန်'' ဟုရေးသား၍ နေ့စွဲနှင့်တကွ လက်မှတ် ရေးထိုးထားသောအမိန့်၏၊ သို့မဟုတ် ဆုံးဖြတ်ချက်၏ မိတ္တူတစောင်ကို ပူးတွဲပေးပို့ရမည်။

## စောဒနာမှုအစီအစဉ်

၃၅။ ။စောဒနာဝင်နည်း။ ။စောဒနာဝင်စောဒကသည်၊ အက်ဥပဒေ ပုဒ်မ ၁၈ ၏ ခြွင်းချက်ဖြင့်ပိတ်ပင်ထားသော အမှုမျိုးတွင်မှတပါး၊ ပဌမစောဒနာဝင်လွှာ (ပုံစံ ၁၈) ကို သက်ဆိုင်ရာခရိုင်တာဝန်ခံထံသို့ တင်သွင်းရမည်။ ၎င်းပြင် အက်ဥပဒေပုဒ်မ ၁၉ အရ၊ သို့မဟုတ် ၎င်း၏ခြွင်းချက်အရလျှောက်ထား၍ (ပုံစံ ၁၉) အထူးခွင့်ပြုချက်ကို ရရှိလျှင်၊ နောက်ဆုံးစောဒနာဝင်လွှာ (ပုံစံ ၂၀) ကို ဌာနချုပ်၏တာဝန်ခံထံသို့ တင်သွင်းရမည်။

၃၆။ ။စောဒနာဝင်လွှာတွင်ပါရှိရမည့်အချက်များ။ ။စောဒနာဝင်လွှာတွင် အက်ဥပဒေ ပုဒ်မ ၂၁ (၂) (က) ၌ ဖေါ်ပြထားသည့် အချင်းအရာအချက်အလက်များ ပါရှိရမည့်အပြင်၊ အထူးအားဖြင့် မိမိစောဒနာဝင်သည့် ဆုံးဖြတ်ချက်၌ မနှစ်သက်၊ ကန့်ကွက်လိုသည့် အချက်များကို၊ တသီးတခြားထုတ်နုတ် အကျဉ်းရေးသား ဖေါ်ပြရမည်။ ယင်းသည့် အကြောင်းအချက်များကို အစဉ်အတိုင်း အမှတ်စဉ်ရမည်။ သို့သော် အထွေထွေဆင်ခြေများ မပါရှိစေရ။ (ပုံစံ ၁၈ နှင့် ၂၀)။

၃၇။ ။စောဒနာဝင်လွှာကိုပယ်ရှားနည်းနှင့်ပြင်ဆင်နည်း။ ။(၁) စောဒနာဝင်လွှာကို၊အက်ဥပဒေ ပုဒ်မ ၂၁ (၂) (က) နှင့်နည်းဥပဒေ ၃၆ အတိုင်းမရေးသားလျှင်၊ ၎င်းကိုသက်ဆိုင်ရာတာဝန်ခံက ပယ်ခွင့်ရှိသည်။ သို့မဟုတ် ၎င်းဌာနက သတ်မှတ်သည့် နေ့ရက်အတွင်း ပြင်ဆင်စေရန် စောဒနာဝင် စောဒကသို့ ပြန်ပေးခွင့်ရှိသည်။ သို့မဟုတ် ဌာနတွင်ပင် တခါတည်းပြင်ဆင်စေနိုင်ခွင့်ရှိသည်။

(၂) စောဒနာဝင်လွှာကိုပယ်သည့်အခါတွင် မည်သည့်အကြောင်းကြောင့် ပယ်ကြောင်းကို၊ နေ့စဉ်မှတ် စာတမ်းတွင် တာဝန်ခံက အမိန့်ရေးမှတ်ထားရမည်။

(၃) စောဒနာဝင်လွှာ၌ ပြင်ခွင့်ပြုလျှင်၊ ပြင်ဆင်ချက် အနီးအနားတွင်၊ တာဝန်ခံက နေ့စွဲနှင့်လက်မှတ်ရေးထိုးရမည်။

၃၈။ ။စောဒနာဝင်လွှာကို မှတ်ပုံတင်သွင်းနည်း။ ။စောဒနာဝင်လွှာကို လက်ခံလျှင်၊ ဆိုင်ရာတာဝန်ခံက စောဒနာဝင်လွှာစာရွက် အသီးသီးပေါ်တွင် နေ့စွဲနှင့် တကွလက်မှတ်ရေးထိုးပြီးလျှင်၊ နေ့စဉ်မှတ် စာတမ်းတွင်၊ စောဒနာဝင်လွှာလက်ခံသည့် အကြောင်း ရေးသားပြီး မှတ်ပုံတင်စာအုပ် (ပုံစံ ၂၁) တွင် ရေးသွင်းရမည်။

၎င်းစာအုပ်ကို၊ စောဒနာဝင်မှုများ မှတ်ပုံတင်စာအုပ်ဟု ခေါ်တွင်ရမည်။

၃၉။ ။အကြောင်းကြားစာ မပေးသော်လည်း စောဒနာဝင်မှုကို ပလပ်စေနိုင်ခွင့်။ ။(၁) တောင်းယူသင့်လျှင်၊ အမှုတွဲအရပ်ရပ်များကိုတောင်းယူ၍၊ စောဒနာဝင် စောဒက၏ (စောဒနာဝင်မှုကို လက်ခံပါမည့်အကြောင်း) လျှောက်လဲချက်များကို ကြားနာနိုင်စေခြင်းငှါ၊ နေ့ရက်ချိန်းဆိုရမည်။ ၎င်းနေ့ရက်တွင် စောဒနာဝင် စောဒက လာရောက်လျှင်၊ လျှောက်လဲချက်ကို ကြားနာပြီးနောက်၊ သက်ဆိုင်ရာမြို့နယ်ဌာန၊ သို့မဟုတ် ခရိုင်ဌာနသို့ အကြောင်းကြားစာ မပေးဘဲလျက်၊ စောဒနာဝင်မှုကိုပလပ်နိုင်ခွင့်ရှိသည်။

(၂) ချိန်းဆိုသည့် နေ့ရက်တွင်သော်၎င်း၊ ရွှေ့ဆိုင်းသည့် နေ့ရက်တွင်သော်၎င်း စောဒနာဝင် စောဒကမလာရောက်လျှင်၊ စောဒနာဝင်မှုကို ပလပ်သည့် အမိန့်ချပေးနိုင်ခွင့်ရှိသည်။

၄၀။ ။သက်ဆိုင်ရာဝိနိစ္ဆယဌာနသို့အကြောင်းကြားစာပေးပို့နည်း။ ။ယင်းသို့စောဒနာဝင်မှုကိုပလပ်လျှင်၊ သို့မဟုတ် စောဒနာဝင်မှုကိုလက်ခံလျှင် စောဒနာဝင်ရာဌာနတာဝန်ခံက စောဒနာဝင်ရှိနေကြောင်းကို၊ စောဒနာဝင်သည့် ဆုံးဖြတ်ချက်ချပေးသောသက်ဆိုင်ရာဌာနသို့အကြောင်းကြားစာ (ပုံစံ ၂၂) ပေးပို့ရမည်။

၄၁။ ။စောဒနာဝင်မှုကို ဆိုင်ပြိုင်ရန် နေ့ရက်ချိန်းနည်း။ ။စောဒနာဝင်မှုကို ပလပ်ခြင်းမပြုလျှင်၊ ဌာနတွင်ဆောင်ရွက်ဆဲအမှုကိစ္စ၊ စောဒနာဝင် စုဒိတက၏ နေရပ်မှစ၍၊ ၎င်းနေ့ရက်တွင် စောဒနာဝင် စုဒိတက လာရောက်ချေဆိုနိုင်ရန် အချိန်လုံလောက်စွာရစေခြင်းငှါ၊ စောဒနာဝင် စုဒိတကအား အကြောင်းကြားစာ (ပုံစံ ၂၃) ပေးအပ်ရန်လိုသည့်အချိန်များကိုထောက်ချင့်၍ နေ့ရက်ချိန်းဆိုရမည်။

၄၂။ ။အကြောင်းကြားစာစွဲကပ်ခြင်းနှင့်ပေးအပ်ခြင်း။ ။နည်းဥပဒေ ၄၁ အရ၊ ချိန်းဆိုသတ်မှတ်သည့် နေ့ရက်အကြောင်းကြားစာ (ပုံစံ ၂၃) ကို၊ စောဒနာဝင်ရာဌာနတွင် စွဲကပ်ထားစေရမည်။ ၎င်းအကြောင်းကြားစာ မိတ္တူတစောင်ကို နည်းဥပဒေ ၁၄ နှင့် ၁၅ တို့တွင် ပြဋ္ဌာန်းသတ်မှတ်သည့်အတိုင်း စောဒနာဝင် စုဒိတကသို့ပေးအပ်စေရန်သက်ဆိုင်ရာ မူလစီရင်ခွင့်အာဏာရှိသည့် တရားမရုံးသို့ပေးပို့ရမည်။

၄၃။ ။အကြောင်းကြားစာတွင်ပါရှိရမည့်အချက်များ။ ။စောဒနာဝင် စုဒိတကသည်၊ ၎င်းသို့ပေးအပ်သည့်အကြောင်းကြားစာတွင်ချိန်းဆိုသည့်နေ့ရက်၌၊ ဌာနသို့ မလာမရောက်လျှင်၊ မြို့နယ်ဌာန၊ သို့မဟုတ် ခရိုင်ဌာနဆုံးဖြတ်ချက်ကို မျက်မှောက်ပြု၍၊ စောဒနာဝင်မှုကို ဆုံးဖြတ်မည့်အကြောင်းပါရှိစေရမည်။

၄၄။ ။အပြီးသတ် စ၍လျှောက်လဲပိုင်ခွင့်။ ။(၁) ချိန်းဆိုသည့်နေ့ရက်တွင်၊ သို့မဟုတ် ကြားနာရန်ရွှေ့ဆိုင်းသည့်အခြားနေ့ရက်တွင် စောဒနာဝင်မှုကိုအထောက်အထားဖြစ်စေရန်၊ စောဒနာဝင် စောဒက က၊ လျှောက်လဲသောလျှောက်လဲချက်ကိုကြားနာရမည်။ ယင်းသို့ ကြားနာပြီးနောက် စောဒနာဝင် စုဒိတက၏ လျှောက်လဲချက်ကို ကြားနာခြင်းမပြုဘဲ ဝိနည်းဓိုရ်တို့က စောဒနာဝင်မှုကို ပလပ်နိုင်ခွင့်အာဏာရှိသည်။

(၂) စောဒနာ၀င်စုဒိတက၏လျှောက်လဲချက်ကို မကြားနာမီ၊ ဝိနည်းမိုရ်တို့က၊ အမှုကိုတခါတည်းပလပ်စေခြင်းမပြုမှသာ၊ စောဒနာ၀င် စုဒိတက၏ချေပလျှောက်လဲချက်ကို ကြားနာရမည်။ ဤကဲ့သို့ကြားနာလျှင်၊ စောဒနာ၀င် စောဒကကိုပြန်လည်ချေဆိုခွင့်ပေးရမည်။

၄၅။ ။စောဒနာ၀င် စောဒကမလာသည့်အတွက် အမှုကိုပလပ်နိုင်ခွင့်။ ။ ချိန်းဆိုသည့်နေ့ရက်တွင်၊ သို့မဟုတ် ဆိုင်ပြိုင်ရန် ရွှေဆိုင်းသည့် အခြားနေ့ရက်တွင်၊အမှုကိုကြားနာရန် အမှုခေါ်သည့်အခါ၊စောဒနာ၀င် စောဒက မလာမရောက်လျှင်၊ အမှုကိုပလပ်စေရန်၊ ဝိနည်းမိုရ်တို့က အမိန့်ချခွင့်ရှိသည်။ (ပုံစံ ၂၄)။

၄၆။ ။စောဒနာ၀င်စုဒိတကမလာလျှင် လိုက်နာဆောင်ရွက်ရန်နည်း။ ။ စောဒနာ၀င် စောဒကသာ လာရောက်၍ စောဒနာ၀င်စုဒိတက လာရောက်ခြင်းမရှိလျှင်၊ လက်အောက်ဌာန၏ဆုံးဖြတ်ချက်ကိုမူတ်မှောက်ပြု၍၊ သို့မဟုတ် အက်ဥပဒေ ပုဒ်မ ၂၆ (၁) နှင့် (၂)၊ သို့မဟုတ် ပုဒ်မ ၃၂ အရ၊ ဆောင်ရွက်၍ စောဒနာ၀င်မှုကို ကြားနာစစ်ဆေးနိုင်သည်။

၄၇။ ။မလာရောက်သည့်အတွက် ပလပ်စေသည့် စောဒနာ၀င်မှုကို၊ ပြန်လည်လက်ခံနည်း။ ။နည်းဥပဒေ ၄၅ အရ၊စောဒနာ၀င်မှုကို ပလပ်စေလျှင် ၎င်းစောဒနာ၀င်မှုကို ပြန်လည်လက်ခံရန် စောဒနာ၀င် စောဒက က၊ စောဒနာ၀င်ရာဌာနတွင် လျှောက်ထားနိုင်ခွင့်ရှိသည်။ မည်သည့် အကြောင်းကြောင့် မလာရောက်နိုင်ခြင်းကို လုံလောက်စွာအကြောင်းပြလျှင်၊ ဝိနည်းမိုရ်တို့ကသင့်လျော်သည့် စည်းကမ်း ချက်များထားပြီးလျှင် ၎င်းစောဒနာ၀င်မှုကိုပြန်လည်လက်ခံခွင့်ရှိသည်။

၄၈။ ။ဆုံးဖြတ်ချက်ချ ပေးရမည့် နေ့နှင့်နေရာ။ ။အမှုသည်တို့လျှောက်လဲချေဆိုချက်များကိုကြားနာ၍စောဒနာ၀င်အမှုတွဲ၌ကြည့်ရှုရန် သင့်သည့်အပိုင်းကိုကြည့်ရှုပြီးလျှင် ပြီးခြင်း၊ သို့မဟုတ် အခြားနေ့ရက်တရက်တွင် ဌာန၌ အတိအလင်းဆုံးဖြတ်ချက်ချပေးရမည်။ အခြားနေ့ရက်တရက်တွင်ဆုံးဖြတ်ချက်ချပေးလိုလျှင်၊ အမှုသည်တို့ကို အကြောင်းကြားစာပေးပြီးမှ ချပေးရမည်။

၄၉။ ။ဆုံးဖြတ်ချက်ရေးနည်း။ ။စောဒနာ၀င်ရာဌာနက ချပေးသည့်ဆုံးဖြတ်ချက်များမှာ၊ စာဖြင့်ရေးသား၍—

(က) ဆုံးဖြတ်ရန်အချက်အဆစ်များ၊
(ခ) ၎င်းအချက်အဆစ်များတွင်ဆုံးဖြတ်ချက်၊
(ဂ) မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ဆုံးဖြတ်ကြောင်း၊
(ဃ) စောဒနာ၀င်သည့် မြို့နယ်ဌာန၏၊ သို့မဟုတ် ခရိုင်ဌာန၏ဆုံးဖြတ်ချက်ကိုပယ်ဖျက်လျှင်၊ သို့မဟုတ် ပြောင်းလဲပြင်ဆင်လျှင်

စောဒနာ၀င် စောဒက ရထိုက်သည့် ဆုံးဖြတ်ချက်များရေးသား၍၊ ချပေးသည့်အခါ၊ ဝိနည်းမိုရ်တို့က၊ နေ့စွဲနှင့်တကွ (ပုံစံ ၂၄ ) လက်မှတ်ရေးထိုးရမည်။

၅၀။ ။ဆုံးဖြတ်ချက်တွင် ဖေါ်ပြရမည့်အချက်များ။ ။ဆုံး ဖြတ်ချက်တွင်၊ စောဒနာ၀င်သည့် ဆုံးဖြတ်ချက်ကိုအတည်ပြုသည့်အမိန့်၊ သို့မဟုတ် ပြောင်းလဲပြင်ဆင်သည့်အမိန့်၊ သို့မဟုတ် ပယ်ဖျက်သောအမိန့်၊ သို့မဟုတ် အမှုသည်တို့က မည်သို့အမိန့်ချပေးရန်သဘောတူကြလျှင်၊ ၎င်းတို့သဘောတူချက်နှင့် ညီညွတ်သောအမိန့်မှစ၍ မည်သည့်အမိန့်မျိုးမဆို ဝိနည်းတော်နှင့်လျော်ညီစွာချမှတ်ခွင့်ရှိသည်။

၅၁။ ။ဆုံးဖြတ်ချက်မိတ္တူကိုလက်အောက်ဌာနသို့ပို့ရခြင်း။ ။ပဌမ စောဒနာဝင်မှုဆုံးဖြတ်ချက်၏မိတ္တူတစောင်ကို သက်ဆိုင်ရာမြို့နယ် ဌာနသို့၎င်း၊ နောက် ဆုံးစောဒနာဝင်မှုဆုံးဖြတ်ချက် မိတ္တူတစောင်စီကို ခရိုင်ဌာနနှင့်မြို့နယ် ဌာနများသို့ ၎င်းပေးပို့ရမည်။

၅၂။ ။အမှုတွဲများကိုအမျိုးအစားခွဲခြားနည်း။ ။အမှုတွဲများကို အောက်ပါအတိုင်း ၄ မျိုးခွဲခြားထားရမည်။

(၁) အမိကရုဏ်းမှု၊ အမှုတွဲများ။
(၂) ပဌမစောဒနာဝင်မှု၊ အမှုတွဲများ။
(၃) နောက်ဆုံးစောဒနာဝင်မှု၊ အမှုတွဲများ။
(၄) အမိကရုဏ်းမှုသေး၊ အမှုတွဲများ။

၅၃။ ။အမှုတွဲများကိုစီစဉ်နည်း။ ။(၁) အမိကရုဏ်းမှု၊အမှုတွဲများကို၊ ပဌမပိုင်း၊ဒုတိယပိုင်း၊တတိယပိုင်းနှင့် စတုတ္ထပိုင်းဟူ၍လေးပိုင်း ပိုင်းခြားထားပြီးလျှင်၊ ၎င်းအပိုင်းအသီးသီးအတွက် အမှုတွဲမျက်နှာဖုံးများတွင်ဖေါ်ပြထားသည့်စာရင်းအတိုင်း စာရွက်စာတမ်းများကိုစာတွဲထားရမည်။ သို့သော်တတိယပိုင်းတွင် တွဲထားရန်စာရွက်စာတမ်းများမရှိလျှင်၊ ၎င်းအပိုင်းကိုချန်လှပ်ထားရမည်။

(၂) ပဌမ စောဒနာဝင်မှု၊ နောက်ဆုံး စောဒနာဝင်မှု။ ။အမှုတွဲ အသီးသီးတို့ကို နှစ်ပိုင်းစီပိုင်းခြားပြီးလျှင်၊သက်ဆိုင်ရာအပိုင်းအတွက်မျက်နှာဖုံးတွင်ဖေါ်ပြထားသည့်စာရင်းအတိုင်း စာရွက်စာတမ်းများကို တွဲထားရမည်။

၅၄။ ။ပြီးပြတ်သည့် အမှုတွဲများကို ခရိုင်တရားမ ရုံးတော်သို့ပို့နည်း။ ။အမှုတွဲများကို ဆုံးဖြတ်ချက်ချပြီးနောက် ဆက်လက် လုပ်ဆောင်ရန်ကိစ္စ တစုံတရာမရှိသော် စာအုပ်ကဲ့သို့ချုပ်စေ၍၊ဝိနိစ္ဆယဌာနအဆောက်အဦမရှိသေးမီအတွင်းခရိုင်တရားမရုံးသို့စာရင်း (ပုံစံ ၂၅) နှစ်စောင်နှင့်တကွ ထိန်းသိမ်း ထားရန် ပေးပို့ရမည်။ ခရိုင်တရားမရုံးက၊ အမှုတွဲများကိုရရှိကြောင်း၊ ၎င်းစာရင်း စာစောင်များပေါ်တွင်၊ အမှုတွဲထိန်းက လက်မှတ်ရေးထိုးပြီး၍၊ တစောင်ကိုလက်ခံထားပြီးအခြားတစောင်ကိုသက်ဆိုင်ရာဌာနသို့ ပြန်လည်ပေးပို့ရမည်။ ဌာနတွင်ပြန်လည်ရရှိသောအခါ ထိုစာရင်းကို ၎င်းအတွက်မျက်နှာဖုံးတွဲထားရမည်။

၅၅။ ။ပုံစံများ။ ။ဝိနိစ္ဆယဌာန များတွင် အသုံးပြုရန် ''နောက်ဆက်တွဲ (က)'' တွင်ဖေါ်ပြထားသောစာရင်းပါပုံစံများ၊သို့မဟုတ် ၎င်းတို့နှင့်တရားမ ရုံးများတွင် အသုံးပြုရန်ပြဋ္ဌာန်းထားသည့်ပုံစံများကို၊ အကြောင်းအားလျော်စွာပြင်ဆင်၍အသုံးပြုရမည်။

၅၆။ ။စာရေးနှင့် မင်းစေတို့၏ ဝတ္တရားများ။ ။ဝိနိစ္ဆယဌာန အသီးသီးတွင်၊ တာဝန်ခံက စာရေးနှင့် မင်းစေတို့၏ ဝတ္တရားအသီးသီးကို သတ်မှတ်ပေးရန် ''ထာဝစဉ်အမိန့်စာအုပ်'' တအုပ်စီထားရှိရမည်။ ၎င်းဝတ္တရားတို့ကို သာမန်အားဖြင့် ''နောက်ဆက်တွဲ (ခ)'' တွင် ဖေါ်ပြထားသည်။

# နောက်ဆက်တွဲ (က)

## ဝိနိစ္ဆယဌာနအတွက်ပုံစံများ

၁။ စွဲချက်လျှောက်လွှာ။

၂။ နေ့စဉ်မှတ်စာတမ်း။

၃။ အဓိကရုဏ်းမှု မှတ်ပုံတင်စာအုပ် (တရားမမှုများ မှတ်ပုံစာရင်းစာအုပ် နံပါတ် ၁)။

၄။ ချိန်းဆိုထားသောအမှုများခေါ်ပုံစာရင်း။

၅။ ချေလွှာတင်ရန်၊ ကိုယ်တိုင်လာရောက်ရန်၊ ငြင်းချက်ထုတ်ရန်၊ အမှုအပြီးသတ်ဆုံးဖြတ်ရန်အတွက်အကြောင်းကြားစာ။

၆။ သက်သေခံလာရောက်ရန် အကြောင်းကြားစာ။

၇။ စာချုပ်စာတမ်းများတင်ပြရန်အကြောင်းကြားစာ။

၈။ အကြောင်းပြချေပရန်အကြောင်းကြားစာ။

၉။ တရားမရုံးတော်သို့အကြောင်းကြားစာနှင့်အတူပေးပို့သောအမှာစာ။

၁၀။ ချေလွှာ။

၁၁။ ရှေးဦးစွာမှတ်စာတမ်းများ။

၁၂။ အမှုသည်၊သို့မဟုတ်သက်သေကိုစစ်မေးပေးရန်အကြောင်းကြားစာ။

၁၃။ သက်သေခံချက်။

၁၄။ သက်သေအစစ်ခံချက် (သို့မဟုတ်အခြားဆောင်ရွက်သည့် မှုခင်းရေးရန်) အဆက်။

၁၅။ သက်သေခံတင်သွင်းသော စာချုပ်စာတမ်းနှင့်ပစ္စည်းများစာရင်း။

၁၆။ ဆုံးဖြတ်ချက်။

၁၇။ ဝိနိစ္ဆယဌာနအက်ဉပဒေ ပုဒ်မ ၂၄ အရ၊ တရားမရုံးတော်သို့ ပေးပို့သော အကြောင်းကြားစာ။

၁၈။ ပဌမစောဒနာဝင်လွှာ။

၁၉။ အထူးအခွင့်တောင်းလွှာ။

၂၀။ နောက်ဆုံးစောဒနာဝင်လွှာ။

၂၁။ စောဒနာဝင်မှုများ မှတ်ပုံတင်စာအုပ်။ (အယူခံမှုများမှတ်ပုံစာရင်းစာအုပ် နံပါတ် ၆)။

၂၂။ လက်အောက်ဝိနိစ္ဆယဌာနသို့အကြောင်းကြားစာ။

၂၃။ စောဒနာဝင်စုဒိတကသို့ပေးရန်အကြောင်းကြားစာ။

၂၄။ စောဒနာဝင်မှုဆုံးဖြတ်ချက်။

၂၅။ ခရိုင်တရားမရုံးအမှုတွဲခန်းသို့ ပို့သည့်ဆုံးဖြတ်ပြီးသော အမှုတွဲများစာရင်း။ တရားရာဇဝတ်—အများဆိုင်ရာပုံစံနံပါတ် ၁၃။

၂၆။ ၎င်းစာရင်း စာရွက်များအတွက်အဖုံး။ တရားရာဇဝတ်—အများဆိုင်ရာပုံစံနံပါတ် ၁၃ (က)။

၂၇။ အဓိကရုဏ်းမှုအမှုတွဲမျက်နှာဖုံး ပဌမပိုင်း။

၂၈။ အဓိကရုဏ်းမှုအမှုတွဲမျက်နှာဖုံး ဒုတိယပိုင်း။

၂၉။ အဓိကရုဏ်းမှုအမှုတွဲမျက်နှာဖုံး တတိယပိုင်း။

၃၀။ အဓိကရုဏ်းမှုအမှုတွဲမျက်နှာဖုံး စတုတ္ထပိုင်း။

၃၁။ ပဋ္ဌမစာဝေဒနာဝင်မှုမျက်နှာဖုံး (အခြားအမှုတွဲများ၊ဒုတိယပိုင်း)။

၃၂။ နောက်ဆုံးစာဝေဒနာဝင်မှုမျက်နှာဖုံး။

၃၃။ အသေးအဖွဲ့မှုမျက်နှာဖုံး။

၃၄။ အမှုတွဲခန်းသို့ပို့သောအမှုတွဲများစာရင်း။

၃၅။ ရရှိစာများမှတ်ပုံတင်စာအုပ် [(ရုံးသုံး) အသေးအဖွဲ့—အများဆိုင်ရာ ၁၀]။

၃၆။ ဝိနိစ္ဆယဌာနမှပေးစာများမှတ်ပုံတင်စာအုပ် [(ရုံးသုံး) အသေးအဖွဲ့—အများဆိုင်ရာ ၁၁]။

၃၇။ ဝိနိစ္ဆယဌာနမြို့နယ်အတွင်းမင်းစေဖြင့်ပေးပို့သောအခါ စာများရရှိကြောင်း လက်မှတ်ခံယူသောစာအုပ် [(ရုံးသုံး) အသေးအဖွဲ့—အများဆိုင်ရာ ၁၂]။

# နောက်ဆက်တွဲ (ခ)

တာဝန်ခံ (ဆရာတော်) က စာရေးများနှင့် မင်းစေများကို အသီးသီး ဆောင်ရွက်ရန် ဝတ္တရားများကို ''အမိန့်စာအုပ်''ခေါ် စာအုပ်တွင်ပိုင်းခြားသတ်မှတ်ပေး ထားရမည့်ဝတ္တရားများမှာ သာမန်အားဖြင့် အောက်ပါအတိုင်းဖြစ်စေရမည်။

ဝိနိစ္ဆယဌာနစာရေးနှင့် မင်းစေများမှာအစိုးရလခစားများဖြစ်သဖြင့် အစိုးရရုံး အမှုထမ်းများစောင့်စည်းအပ်သော စည်းကမ်းတို့ကိုလိုက်နာရမည်။

## စာရေးများလိုက်နာရန်ဝတ္တရားများ

(၁) တာဝန်ခံ (ဆရာတော်) သတ်မှတ်ပေးသည့်အချိန်၌ ဝိနိစ္ဆယဌာနသို့ အချိန်မှန်လာရောက်ခြင်း။

(၂) ဝိနိစ္ဆယဌာနအလုပ်ခွင် အသုံးအဆောင် ပရိဘောဂများကို၊ မင်းစေအား ကောင်းမွန်စွာထားရှိစေခြင်း။

(၃) စွဲချက်လျှောက်လွှာ၊ စောဒနာဝင်လွှာ၊ ဝိနိစ္ဆယဌာနသို့ပေးပို့သောစာ၊ ဝိနိစ္ဆယဌာနမှပေးပို့သော စာများကိုမှတ်ပုံတင်ခြင်း။

(၄) မှတ်ပုံတင်စာရင်း စာအုပ်များထားရှိခြင်း၊ အမှုတွဲများ မျက်နှာဖုံးတပ် ပေးခြင်း။

(၅) ပြဋ္ဌာန်းသတ်မှတ်သည့်အစဉ်အတိုင်း အမှုတွဲများကိုစီစဉ်ခြင်း၊ ဆုံးဖြတ်ပြီး အမှုတွဲများကို နေရာတကျချုပ်ထားခြင်း၊ပုံစံများကိုသိမ်းဆည်းထားခြင်း။

(၆) အမိန့်များကိုမှတ်သား၍ လိုက်နာဆောင်ရွက်ခြင်း။

(၇) အမှုခေါ်ပုံစံရင်းထားရှိခြင်း။

(၈) တာဝန်ခံဆရာတော်ထံသို့ ချိန်းဆိုသောနေ့ရက်များ၌ အချိန်မှီအမှုတွဲ များကိုတင်ပြခြင်း။

(၉) အမှုတွဲများနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း။

(၁၀) ဝိနိစ္ဆယဌာနအတွက် တာဝန်ခံ (ဆရာတော်) ညွှန်ကြားသည့်အတိုင်း စာပေးစာယူပြုလုပ်ခြင်း၊ စာကြမ်းရေးပြခြင်း။

(၁၁) အမှုတွဲခန်းသို့ပို့ရန် အမှုတွဲစာရင်းကို အချိန်မှန်ပြုလုပ်ထားပြီးလျှင် အမှုတွဲ များကို ခရိုင်တရားမ ရုံးအမှုတွဲခန်းတွင် ထားရန်သက်ဆိုင်ရာ ခရိုင်တရားမရုံးသို့ပေး ပို့ခြင်း။

(၁၂) ဝိနိစ္ဆယဌာန၏ တံဆိပ်တုံးများကို အလွဲသုံးစားမပြုနိုင်ရန် ကောင်းစွာ ထိန်းသိမ်းထားခြင်း။

(၁၃) အမှုစစ်ဆေးကြားနာသောအခါ၊ တရားရုံးများရွှေ့ပတ်ကဲ့သို့၊ အမှုနှင့် သက်ဆိုင်သည့်ပုံစံများတွင် ရေးမှတ်ခြင်း။

(၁၄) ဝိနိစ္ဆယဌာန အက်ဥပဒေနှင့်နည်းဥပဒေများကို ကျွမ်းကျင်စေရန်လေ့လာ ကျက်မှတ်ထားခြင်း။

(၁၅) ဝိနိစ္ဆယဌာနအက်ဥပဒေ၊ နည်းဥပဒေနှင့် ဝိနိစ္ဆယဌာနနှင့် သက်ဆိုင် သည့် ဥပဒေစာအုပ်များကို ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ အလုံးစုံပြင်ဆင်ထား ခြင်း။

(၁၆) တာဝန်ခံ (ဆရာတော်) အမိန့်ပေးလျှင်၊ အမိန့်ဆုံးဖြတ်ချက်၊ သက်သေထွက်ချက်စသည်တို့ကို မိတ္တူကူးရေး၍ မိတ္တူအမှန်ဟု တာဝန်ခံဆရာတော်၏လက်မှတ်ရယူခြင်း။

(၁၇) နည်းဥပဒေများ အရ ပို့ရန်ရှိသော အမိန့်ဆုံးဖြတ်ချက် စသည်တို့၏ မိတ္တူများကို သက်ဆိုင်ရာသို့ပေးပို့ခြင်း။

(၁၈) စာရွက် စာတမ်းများကို၊ မင်းစေဖြင့်ပေးပို့ သောအခါ၊ ရယူသူတို့က ရကြောင်း လက်မှတ်ရေးထိုးရန် စာအုပ်နှင့်စာပေး စာယူလုပ်သောစာရင်း စာအုပ်များ ထားရှိခြင်း။

## ဝိနိစ္ဆယဌာန မင်းစေလုလင်၏ဝတ္တရားများ

(၁) တာဝန်ခံ ဆရာတော် သတ်မှတ်သော အချိန်၌ ဝိနိစ္ဆယဌာနသို့ လာရောက်ခြင်း။

(၂) ဝိနိစ္ဆယဌာန အလုပ်ခွင်တွင် အသုံးပြုသော အသုံးအဆောင်ပရိဘောဂများကိုစင်ကြယ်ကောင်းမွန်စွာ နေရာတကျရှိစေခြင်း။

(၃) အကြောင်းကြားစာ စသည်တို့ကို ခိုင်းစေသည့်အတိုင်း သွားရောက်ပေးအပ်ခြင်း၊ ရယူခြင်း။

(၄) ဝိနိစ္ဆယဌာန တာဝန်ခံဆရာတော်များနှင့်စာရေးများ၏အလုပ်ကို ကူညီနိုင်သမျှကူညီဆောင်ရွက်ပေးခြင်း။

ဝိနိစ္ဆယဌာနပုံစံ ၁

(နည်းဥပဒေ ၅ ကြည့်)

## စွဲချက်လျှောက်လွှာ

________________ မြို့နယ်ဝိနိစ္ဆယဌာန၊ ________________ မြို့။

၁၃ ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် __________ စောဒက ____________

______________________________ ရပ် ____________________

နှင့်

စုဒိတက __________________________ ရပ် ____________________

အထက်အမည်ပါစောဒက က အောက်ပါအတိုင်းလျှောက်ထားပါသည်။

(၁) ____________________________

(၂) ____________________________

(၃) ____________________________

(၄) ____________________________

(၅) ____________________________

အထက်ပါစုဒိတကသည် (ဤဝိနိစ္ဆယဌာန၏ စီရင်ခွင့်အာဏာနယ်နိမိတ်အတွင်း သီတင်းသုံးနေထိုင်ခြင်းကြောင့်၎င်း၊ အဓိကရုဏ်းဖြစ်အာရာမ် မြေပစ္စည်းဝတ္ထုသည်၊ ၎င်းဝိနိစ္ဆယဌာန၏ စီရင်ခွင့်အာဏာ နယ်နိမိတ်အတွင်း ရှိခြင်းကြောင့်၎င်း)၊ ဤဝိနိစ္ဆယဌာနက ဆုံးဖြတ်ပိုင်ခွင့်အာဏာရှိပါသည်။

(လိုရာထည့်၍မလိုသည့် စာလုံးများကိုပယ်ပါ။)

သို့ဖြစ်ပါသောကြောင့် ဝိနည်းတော်နှင့်အညီ * ______________________________ ဆုံးဖြတ်ချက်၊ သို့မဟုတ် အရှင်ဝိနည်းဓိုရ်ဆရာတော်တို့ချပေးလိုတော်မူသောဆုံးဖြတ်ချက် ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားပါသည်။

* စောဒက အလိုရှိသော ဆုံးဖြတ်ချက်ကိုရေးသားရန်။

____________

စောဒက။

မြို့၊ ၁၃ ခုနှစ်၊ လ ရက်။

စွဲချက်လျှောက်လွှာနှင့်ပူးတွဲတင်သွင်းသောစာတမ်းများစာရင်း။

(၁) ____________________________

(၂) ____________________________

(၃) ____________________________

အခြားအထောက်အထားပြုလိုသည့်စာချုပ်စာတမ်းများစာရင်း။

(၁) ____________________________

(၂) ____________________________

(၃) ____________________________

____________

စောဒက။

ဝိနိစ္ဆယဌာန ပုံစံ ၂
(နည်းဥပဒေ ၇ ကြည့်)

နေ့စဉ်မှတ်စာတမ်း

______________ ဝိနိစ္ဆယဌာန

[၁၃ ____ ခုနှစ်၊ ______ အမှတ်]

______________ နှင့် ______________

| ဤဇယား ကွက်ကို လွတ်ထားရမည် | နေ့စွဲ (၁) | ဆောင်ရွက်သည့် မှုခင်းနှင့် ချမှတ်မြဲ အမိန့်များကို မှတ်သားချက်များ (၂) | အမှုကိုရွှေ့ဆိုင်းလိုက်သည့်နေ့စွဲ (၃) |
|---|---|---|---|
| | | | |

ဝိနိစ္ဆယဌာန ပုံစံ ၃
(နည်းဥပဒေ ၉ ကြည့်)

မြို့နယ်

အဓိကရုဏ်းမှုများ

| စွဲချက် လျှောက် လွှာ တင် သွင်းသောနေ့ | အမှုအမှတ်စဉ် | တရားလို | | | တရားခံ | | | တရားလို အလိုရှိသော အမိန့်ဆုံးဖြတ်ချက် | အမှု ကြားနာရန် ချိန်းဆိုသော နေ့ရက်များ | ဆုံးဖြတ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဘွဲ့အမည် | ဂုဏ်ထူးအလုပ်အကိုင် | နေရပ် | ဘွဲ့အမည် | ဂုဏ်ထူးအလုပ်အကိုင် | နေရပ် | | | နေ့စွဲ | အနိုင်ရသူ | မည်သို့ဆုံးဖြတ်ကြောင်း |
| | | | | | | | | | | | | |

# ဝိနိစ္ဆယဌာန

<u>မှတ်ပုံတင်စာအုပ်</u>

| ချက် | | စောဒနာဝင်မှု | | | | တရားမရုံးဇာရီမှု | | | |
|---|---|---|---|---|---|---|---|---|---|
| လိုရင်းအချက် | ကြာရက်ပေါင်း | အမှုအမှတ် | စောဒနာဝင်သူ | မည်သို့ဆုံးဖြတ်ကြောင်း | လိုရင်းအချက် | ရုံးအမည်နှင့်အမှုအမှတ် | တရားမရုံးက လုပ်ဆောင်ပေးခြင်း၏အကျိုး | မှတ်ချက် | တာဝန်ခံဆရာတော်၏လက်မှတ် |
| | | | | | | | | | |

ဝိနိစ္ဆယဌာန ပုံစံ ၄
(နည်းဥပဒေ ၁၀ ကြည့်)

# ဝိနိစ္ဆယဌာန

## ချိန်းဆိုထားသောအမှုခေါ်ပုံစာရင်း

| အမှုအမှတ် | စောဒက၊ သို့မဟုတ် လျှောက်ထားသူ | စုဒိတက၊ သို့မဟုတ် လျှောက်ထားခံရသူ | စွဲဆို လျှောက်ထားသည့် ကိစ္စ | ချိန်းဆိုသောနေ့ |
|---|---|---|---|---|
| | | အဓိကရုဏ်းမှုများ။<br>ပဌမ စောဒနာ ဝင်မှုများ။<br>ဒုတိယ စောဒနာဝင်မှုများ။<br>အဓိကရုဏ်း သေးမှုများ။ | | |

မှတ်ချက်။ ။အမှုကို မှတ်ပုံတင်ပြီး၍ချိန်းဆိုသည့်နေ့သတ်မှတ်ပြီးလျှင်ပြီးခြင်း ဤစာရင်းတွင် ထည့်သွင်းရမည်။ အမှုများတွင်ချိန်းဆိုသည့်နေ့များပြောင်းလွဲရွှေ့ဆိုင်းလျှင်၊ ဤစာရင်းတွင်ဖေါ်ပြသောနေ့ရက်များကို ပြင်ဆင်ပြောင်းလွဲရမည်။ ဤစာရင်းကို ဝိနိစ္ဆယဌာနတွင်အများမြင်နိုင်သည့်အာဝါသ၌ ကပ်ထားရမည်။

## အကြောင်းကြားစာ

<u>ဝိနိစ္ဆယဌာန ပုံစံ ၅</u>
(နည်းဥပဒေ ၁၂ ကြည့်)

__________________ ဝိနိစ္ဆယဌာန

[၁၃____ခုနှစ် အဓိကရဏ်းမှုအမှတ်____ ________]

စေ၁ဒက________________ နေရပ်၊________________

နှင့်

စုဒိတက________________ နေရပ်၊________________

________________________________________

________________________________________

________မြို့________________________သိရှိရန်မှာ

_____က (*____________) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊________

__________ကိုယ်တိုင် ၁၃ _____ခုနှစ်.____________လွှ _____ရက်နေ့

__________အချိန်တွင်၊စေ၁ဒက၏စွဲဆိုချက်ကို . ချေပရှင်းလင်းရန် ဤဝိနိစ္ဆယဌာနသို့ လာရောက်စေလိုပါသည်။ ဤချိန်းဆိုခြင်းသည် (*_____) ဖြစ်၍၊ ၎င်းနေ့ရက်တွင် ________________က၊ အမှီပြုလိုသည့် စာချုပ်စာတမ်းအရပ်ရပ်ကို တင်ပြရန် အသင့်ရှိရမည်ဖြစ်ပါကြောင်း။

၁၃ _____ခုနှစ်၊____________ လွှ______ရက်နေ့တွင် ဤဝိနိစ္ဆယဌာန တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးလိုက်ပါသည်။

________________

တာဝန်ခံဆရာတော်။

---

* ဤအမှတ်ပြထားသောနေရာတွင် (၁) အမှုကို အပြီးသတ် ဆုံးဖြတ်ရန်၊ (သို့မဟုတ်) (၂) ငြင်းချက်ထုတ်ရန်၊ (သို့မဟုတ်) (၃) ကိုယ်တိုင် လာရောက်ရန်၊ (သို့မဟုတ်) (၄) ချေလွှာတင်ရန်ဟု လိုအပ်သည့်စာတမ်းကို ထည့်သွင်းပါ။

ဝိနိစ္ဆယဌာန ပုံစံ ၆
(နည်းဥပဒေ ၁၂ ကြည့်)

## သက်သေခံလာရောက်ရန်အကြောင်းကြားစာ

________________________ ဝိနိစ္ဆယဌာန

[ ၁၃____ ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် ____________ ]

စောဒက________________________ နေရပ်________________
နှင့်
စုဒိတက________________________ နေရပ်________________

________________________________________________

________________________________________________

________________________________________ သိရှိစေလိုသည်မှာ

အထက်ကပြဆိုထားသည့်အမှုတွင် စောဒက/စုဒိတက အတွက်၊ သက်သေခံ လာရောက်ရန်ဖြစ်၍ ၁၃____ ခုနှစ်၊ ____________ လ ____ ရက်နေ့ ____ နာရီအချိန်၊ ဤဝိနိစ္ဆယဌာနသို့၊ ကိုယ်တိုင်လာရောက်စေလိုသည်။ ၎င်းပြင် ________________________________ များကိုအတူယူဆောင်လာစေလိုသည်၊ သို့မဟုတ် ဤဝိနိစ္ဆယဌာနသို့အရောက်ပို့စေလိုသည်။

၁၃____ ခုနှစ်၊ ____________ လ ____ ရက်နေ့တွင်၊ ဤဝိနိစ္ဆယဌာနတံဆိပ်ရိုက်နှိပ်လက်မှတ်ရေးထိုးလိုက်ပါသည်။

____________________

တာဝန်ခံဆရာတော်။

ဝိနိစ္ဆယဋ္ဌာနပုံစံ ၇
(နည်းဥပဒေ ၁၂ ကြည့်)

## စာချုပ်စာတမ်းတင်ပြရန်အကြောင်းကြားစာ

____________________ဝိနိစ္ဆယဋ္ဌာန

[၁၃ _____ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် ____________]

စောဒက____________________နေရပ်_______________

နှင့်

စုဒိတက____________________နေရပ်_______________

______________________________________________

______________________________________________

စောဒက/စုဒိတက သိရှိရန်မှာ၊ အထက်ပါအမှုကို ဦးစွာကြားနာဆိုင်ပြိုင်မည့်နေ့ရက်တွင်၊ သင်၏ လက်ရှိဖြစ်သော၊ အမှုနှင့်စပ်လျဉ်းသက်ဆိုင်သည့်၊ စာချုပ် စာတမ်းများကို ဤဝိနိစ္ဆယဋ္ဌာနတွင်တင်ပြစေလိုကြောင်း။ သင်၏လက်ဝယ်မရှိလျှင်၊ မည်သူ့လက်တွင် ရှိကြောင်းဖော်ပြစေလိုကြောင်း။

____________မြို့၊ ၁၃ ____ခုနှစ်၊ ____________ လ____ရက်။

____________________

တာဝန်ခံဆရာတော်။

ဝိနိစ္ဆယဌာနပုံစံ ဂ
(နည်းဥပဒေ ၁၂ ကြည့်)

ဘီလစ်မှတ်ပုံတင်စာအုပ်တွင်နံပါတ်______။

## အကြောင်းပြချေပရန် အကြောင်းကြားစာ

______ ______ဝိနိစ္ဆယဌာန

[၁၃______ခုနှစ်၊ အဒိကရုဏ်းမှုအမှတ်______]

စောဒက______ နေရပ်______ ______

နှင့်

စုဒိတက______ နေရပ်______

စုဒိတက______ ______သိစေရမည်။

အထက်အမည်ပါ စောဒက______က၊ ဤဝိနိစ္ဆယဌာနသို့

______

______

______

သည့်အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍၊ သင်ကဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြချေပရန်။

၁၃______ခုနှစ်၊______လွှ______ ရက်နေ့

မွန်းမတည့်မီ______နာရီ၊ အချိန်တွင် သင်ကိုယ်တိုင် ဤဝိနိစ္ဆယဌာနသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင်၊ အဆိုပါလျှောက်ချက်ကို၊ ဝိနည်းတော်အရ၊ သင့်တော်သည့်အမိန့်ချပေးလိမ့်မည်။

၁၃______ခုနှစ်၊______လွှ______ ရက်နေ့

ဤဝိနိစ္ဆယဌာန တံဆိပ်ရိုက်နှိပ် လက်မှတ်ရေးထိုးလိုက်သည်။

______

တာဝန်ခံဆရာတော်။

ဝိနိစ္ဆယဌာန ပုံစံ ၉
(နည်းဥပဒေ ၁၄ ကြည့်)

## တရားမရုံးတော်စီရင်ပိုင်နက်အတွင်း ချအပ်ရန် အကြောင်းကြားစာကို ပေးပို့သောအမှာစာ

————————————မြို့နယ် ဝိနိစ္ဆယဌာန

[၁၃———ခုနှစ်၊ ————————မှုအမှတ်————]

စောဒက၊ } နှင့် { စုဒိတက။

သို့၊

————————မြို့၊ မြို့နယ်တရားမရုံး။

* ———————————— တရားသူကြီး။

———————————————————————

ရပ်တွင် ယခုသီတင်းသုံး နေထိုင်လျက်ရှိကြောင်း သိရသည်နှင့် ထို* ကို ပေး၍၊ အကြောင်း ကြားစာကို ပေးအပ်ပြီး၊ စွဲကပ်ပြီး † မပြီး၊ အစီရင်ခံစာနှင့် အတူတကွ ဤဝိနိစ္ဆယဌာနသို့

၁၃ ————ခုနှစ်၊ ——————— လ ————ရက် နေ့အရောက်ပြန်လည်ပေးပို့စေလိုပါသည်။

၁၃ ————ခုနှစ်၊ ——————— လ ————ရက်နေ့။

———————————
တာဝန်ခံဆရာတော်။

* စောဒက အမည်ဖြစ်စေ၊ စုဒိတက အမည်ဖြစ်စေ၊ သက်သေ အမည်ဖြစ်စေ၊ ထည့်သွင်းရေးသားရန်။

† မလိုသည့်စာများကို ပယ်ဖျက်၍ အလိုရှိသည့် အတိုင်း ပြင်ဆင်ထည့်သွင်းရန်။

ဝိနိစ္ဆယဋ္ဌာနပုံစံ ၁၀

(နည်းဥပဒေ ၁၇ ကြည့်)

________________မြို့နယ်ဝိနိစ္ဆယဋ္ဌာန

________________အဓိကရဏ်းမှု

[၁၃______ ခုနှစ်၊ အဓိကရဏ်းမှုအမှတ်______]

စောဒက________________ ရပ်________________

နှင့်

စုဒိတက________________ ရပ်________________

ချေလွှာ

အထက်အမည်ပါစုဒိတက ကအောက်ပါအတိုင်းချေလွှာ တင်သွင်းလျှောက်ထားပါသည်။

(၁) အဆိုလွှာအပိုဒ် ( ) ကိုမဟုတ်ကြောင်း ငြင်းကွယ်ပါသည်

(၂) အဆိုလွှာအပိုဒ် ( ) ကိုမှန်ကြောင်းဝန်မခံပါ။

(၃) အဆိုလွှာအပိုဒ် ( ) ကိုမှန်ကြောင်းဝန်ခံသော်လည်း။

(၄) (အခြားဆိုလိုသောအချက်များရှိလျှင်၊ထည့်၍ပြန်လှန်ထုချေချက်) ။

သို့ဖြစ်ပါ၍၊ စောဒက၏ အဆိုလွှာများကိုဝိနည်းတော်နှင့် မညီညွတ်သဖြင့် အဓိကရဏ်းမှုပလပ်တော်မူပါမည့်အကြောင်းချေလွှာတင်သွင်းလျှောက်ထားပါသည်။

________________

စုဒိတက။

________မြို့၊ ၁၃______ခုနှစ်၊ ________________ လ ________ရက်။

ချေလွှာနှင့်အတူပူးတွဲတင်သွင်းသောစာတမ်းများစာရင်း။

(၁) ________________

(၂) ________________

(၃) ________________

အထောက်အထားပြုလိုသောစာချုပ်စာတမ်းများစာရင်း။

________________

စုဒိတက။

ဝိနိစ္ဆယဌာနပုံစံ ၁၁
(နည်းဥပဒေ ၂၃ ကြည့်)

## အဓိကရုဏ်းမှုများတွင်ရှေးဦးစွာမှတ်စာတမ်းများ

______________________________ မြို့နယ်ဝိနိစ္ဆယဌာန

[၁၃ ______ ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် ____________ ]

} နှင့် {

ရောက်ရှိကြသည်မှာ—

တရားလို ____________________________

တရားခံ ____________________________

တရားလိုအတွက် ______________________

တရားခံအတွက် ______________________

အဆိုစွဲချက်နှင့်ထုချေချက်တို့ကိုဖတ်ရှုသည်။
ငြင်းချက်ထုတ်ရန်အလို့ငှါ၊ အမှုသည်တို့ကို စစ်မေးချက်။

ဝိနိစ္ဆယဌာနပုံစံ ၁၂
(နည်းဥပဒေ ၂၇ ကြည့်)

သက်သေကို စစ်မေးပေးရန်အမှာစာ

[၁၃၁၁ ခုနှစ်၊ဝိနိစ္ဆယအက်ဥပဒေပုဒ်မ ၂၆ (၂) ]

______________ မြို့နယ်ဝိနိစ္ဆယဌာန၌

[၁၃______ ခုနှစ်၊အဓိကရုဏ်းမှုအမှတ်________]၊

စောဒက } နှင့် { စုဒိတက။

______________ မြို့နယ် ဝိနိစ္ဆယဌာန၊တာဝန်ခံဆရာတော်သို့၊ အထက်၌ ရေးသား ပါရှိသော အမှုတွင် ______________ က ______________ မြို့နယ်အတွင်းသီတင်းသုံးနေထိုင်သောအောက်ပါသက်သေ၏သက်သေခံချက်ကို အလိုရှိရာ ______________ ဖြစ်၍၊ * ကိုသက်သေ၏အစစ်ခံချက်ကို သင်တို့၏ မြို့နယ်ဝိနိစ္ဆယဌာနမှ ဝိနည်းဓိုရ်ဆရာတော်နှစ်ပါးက စစ်ဆေးပေးစေလိုပါသည်။ ၎င်းသက်သေအစစ်ခံချက်ကို အမှုသည်တို့လာရောက်ရှိနေလျှင်၊၎င်းတို့မျက်မှောက်တွင်ယူစေလိုပါသည်။ ၎င်းတို့က ၎င်းသက်သေကို မေးခွင့်ရှိသည်။ ထိုသို့စစ်မေးပြီးလျှင်ပြီးခြင်း၊ ၎င်းသက်သေထွက်ချက်များကို၊ သင်က (ဤဝိနိစ္ဆယဌာနသို့) ပြန်ပို့စေလိုပါသည်။

* သက်သေကို မေးရန် ရေး ပေးသော မေးခွန်းများဖြင့် စစ်မေးပေးစေလို လျှင်၊ ဤ အကြောင်း ကြားစာနှင့်အတူပူးတွဲ ပေးပို့လိုက်သောမေးခွန်းများ အ တိုင်း ဟု ထည့်သွင်းရန်၊

၁၃______ ခုနှစ်၊ ______________ လ______ ရက်နေ့တွင်ဤဝိနိစ္ဆယဌာနတံဆိပ်ရိုက်နှိပ်၍၊ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

______________

တာဝန်ခံဆရာတော်။

စစ်မေးပေးရန်သက်သေများအမည်နေရပ်။

(၁) ______________
(၂) ______________
(၃) ______________

ဝိနိစ္ဆယဌာန ပုံစံ ၁၃
(နည်းဥပဒေ ၂၀ ကြည့်)

## သက်သေထွက်ချက်

______________ ဝိနိစ္ဆယဌာန

၁၃ ____ ခုနှစ်၊ ______________ အမှတ်

၁၃ ____ ခုနှစ်၊ ______ လ ______ ရက်နေ့။

______ စောဒက / စုဒိတက ၏ သက်သေ အမှတ် ______ ထွက်ချက်။

ဤသက်သေကို အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) အရ၊ ငါးပါးသီလ ဆောက်တည်စေပြီး၊ သို့မဟုတ် မှန်ရာကိုထွက်ဆိုပါမည်ဟု သစ္စာပြုစေပြီးနောက်ထွက်ဆိုသည်မှာ—

ဘွဲ့အမည် ______________

အသက် ______________

အမျိုးအနွယ် ______________

ဘာသာ ______________

ချက်မြှုပ် ______________

နေရပ် ______________

အလုပ်အကိုင် ______________

အဘအမည် ______________

သက်သေကိုမှတ်မိစေရန်အလို့ငှါ၊ ၎င်း၏ဘွဲ့အမည်အောက်၌ လိုသမျှအကြောင်းအရာများကို တာဝန်ခံဆရာတော်ကထည့်သွင်းရမည်။

၁။——————— ၂။ ——————— ၃။———

ဝိနည်းဓိုရ်ဆရာတော်များလက်မှတ်။

ဝိနိစ္ဆယဌာန ပုံစံ ၁၄
(နည်းဥပဒေ ၂၀ ကြည့်)

## သက်သေအစစ်ခံချက်၊ သို့မဟုတ် အခြားဆောင်ရွက်သည့် မှုခင်း ရေးရန်ပုံစံအဆက်

[၁၃———ခုနှစ်၊ အမိကရုဏ်းမှုအမှတ်——————]

သက်သေ၏ဘွဲ့၊ သို့မဟုတ် အမည် စာမျက်နှာ။ *

* ဤနေရာ တွင် သက်သေအစစ်ခံချက် စီရင်ချက်၊ သို့မဟုတ် အခြား ဆောင်ရွက် သည့်မှုခင်းတွင်ဤစာ မျက်နှာနံပါတ်စဉ်ကို ထည့်သွင်း။

၁။ ________________ ၂။ ________________ ၃။

ဝိနည်းဓိုရ်ဆရာတော်လက်မှတ်များ။

ဝိနိစ္ဆယဌာနပုံစံ ၁၅
(နည်းဥပဒေ ၂၀ ကြည့်)

## သက်သေခံတင်သွင်းသောစာချုပ်စာတမ်းစာရင်းနှင့် ပစ္စည်းများစာရင်း

——————————မြို့နယ်ဝိနိစ္ဆယဌာန

[ ၁၃———ခုနှစ်၊ အဓိကရုဏ်းမှုအမှတ်——— ]

အောက်ပါစာချုပ်စာတမ်းပစ္စည်းများကို $\frac{\text{စောဒက}}{\text{စုဒိတက}}$ အတွက်တင်သွင်းသည်။

| အမှတ်စဉ် | စာချုပ်စာတမ်းပစ္စည်းများ၏ အကြောင်းအရာ | တင်သွင်းသော နေ့စွဲ | မှတ်ချက် |
|---|---|---|---|
| | | | |

မှတ်ရန်။ ။စောဒကအတွက်၊ သို့မဟုတ် စုဒိတကအတွက်သက်သေခံအဖြစ် လက်ခံပြီးသော စာချုပ်စာတမ်းအရပ်ရပ်တို့ကို၊ ဤပုံစံတွင်ရေးသားထည့်သွင်းပြရမည်။ စောဒကဘက် စာချုပ်စာတမ်းများကို "က"၊ "ခ"၊ "ဂ"၊ အစရှိသော အက္ခရာစာလုံးများနှင့် မှတ်သား၍၊ စုဒိတကဘက်စာချုပ်စာတမ်းများကို "၁"၊ "၂"၊ "၃" အစရှိသောဂဏန်းများနှင့်မှတ်သားခွဲခြားပြရမည်။ သက်သေခံအဖြစ်တင်သွင်းသော စာချုပ်စာတမ်းအရပ်ရပ်တို့ကိုသက်သေခံအရာတံဆိပ်ရိုက်နှိပ်ရမည်။ (စောဒကဘက်အတွက်စာရင်းနှင့် စုဒိတကဘက်အဖွဲ့တွက်စာရင်းဟူ၍ ခွဲခြားပြုလုပ်ထားရမည်။)

နေ့စွဲ——————————

တာဝန်ခံဆရာတော်။

ဝိနိစ္ဆယဌာန ပုံစံ ၁၆
(နည်းဥပဒေ ၃၂ ကြည့်)

## ဆုံးဖြတ်ချက်

____________________ မြို့နယ်ဝိနိစ္ဆယဌာန

၁၃ ____ ခုနှစ်၊ __________ လ ____ ရက်နေ့။

[ ၁၃ ____ ခုနှစ်၊ အမှိကရုက်းမှုအမှတ် ________ ]

____________________ နှင့် ____________________

ရောက်ရှိကြသည့်အမှုသည်များ။

စောဒက ________________

စုဒိတက ________________

## ဆုံးဖြတ်ချက်

၁။ ______________ ၂။ ______________ ၃။ ______________

ဝိနည်းမိုရ်ဆရာတော်လက်မှတ်များ။

ဝိနိစ္ဆယဌာန ပုံစံ ၁၇
(နည်းဥပဒေ ၃၄ ကြည့်)

## မြို့နယ်ဝိနိစ္ဆယဌာန

(ဝိနိစ္ဆယဌာနအက်ဉ်ပဒေ ပုဒ်မ ၂၄ အရ၊ အကြောင်းကြားစာ)

[၁၃____ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် ____________]

တရားနိုင်
စုဒိတက/စောဒက

တရားရှုံး
စုဒိတက/စောဒက

____________________မြို့၊

နယ်တရားမရုံးတော်၊
တရားသူကြီးသို့၊

ဤ အ ကြောင်း ကြား စာ နှင့် အ တူ ပူး တွဲ ပေး ပို့ လိုက် သော ၁၃____ခုနှစ်၊ ________ ____ ၌____ရက်၊ နေ့စွဲပါ $\frac{\text{အမိန့်}}{\text{ဆုံးဖြတ်ချက်}}$ကို၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ အောက်တွင်ဖော်ပြထားသည့်အတိုင်း၊ အတည်ပြုလုပ်ဆောင်ရွက်ပေးစေလိုပါသည်။ ၎င်းဆုံးဖြတ်ချက်မှ$\frac{\text{စုဒိတက}}{\text{စောဒက}}$က စောဒနာ$\frac{\text{ဝင်နေပါသည်။}}{\text{မဝင်ပါ။}}$

တရားမရုံးသို့အကြောင်းကြားစာယခင်က $\frac{\text{မပို့ဘူးပါ။}}{\text{ပို့ဘူးပါသည်။}}$၎င်းရုံး ____ခုနှစ်၊ဇာရီမှုအမှတ် ________တွင် ဖြစ်ခဲ့ပါသည်။

ဆောင်ရွက်ပေးစေလိုချက်။

________________
တာဝန်ခံဆရာတော်။

တရားမရုံးက မည်ကဲ့သို့ကူညီဆောင်ရွက်ပြုလုပ်ပေးစေလိုကြောင်းကို၊ အောက်ပါအတိုင်းဖော်ပြရမည်။

(က) ဆုံးဖြတ်ချက်တွင် သီးခြားသတ်မှတ်ဖော်ပြထားသည့် ဂရုဘဏ်၊လဟုဘဏ် ပစ္စည်းတစုံတခုကို လက်ရောက်ပေးအပ်စေရန်၊

သို့မဟုတ်

(ခ) ပုဂ္ဂိုလ်တဦးတယောက်၊ သို့မဟုတ် အများကို၊ တရားနိုင်ပိုင်ထိုက်မှနှင်ထုတ်ပယ်ရှားပေးစေရန်၊

သို့မဟုတ်

(ဂ) အခြားရသင့်ရထိုက်သောအခွင့်အရေးအလျောက်၊ မည်သည့်နည်းဖြင့်ဆောင်ရွက်ပေးစေရန်။

ဝိနိစ္ဆယဌာန ပုံစံ ၁၀
(နည်းဥပဒေ ၃၅ ကြည့်)

______________ ခရိုင်ဝိနိစ္ဆယဌာန၊ ______________ မြို့။

[၁၃____ခုနှစ်၊ ပဌမ စောဒနာဝင်မှုအမှတ်______________]

စောဒနာဝင်စောဒက______________________ နေရပ်______________

နှင့်

စောဒနာဝင်စုဒိတက ______________________ နေရပ်______________

______________မြို့၊ ______________မြို့နယ်ဝိနိစ္ဆယဌာန၊__________ခုနှစ်၊ အဓိကရုဏ်း အမှုအမှတ်__________တွင်၊__________ခု__________ လ______ ရက်နေ့၊ ဝိနိစ္ဆယချမှတ်သောဆုံးဖြတ်ချက်ကို၊အောက်ပါအချက်များကြောင့်၊ မကျေနပ်ပါ၍၊ စောဒနာဝင်ရောက်လျှောက်ထားပါသည်။

၎င်းအချက်များမှာ—

(၁)
(၂)
(၃)
(၄)
(၅)

သို့ဖြစ်ပါ၍၊ မြို့နယ်ဝိနိစ္ဆယဌာနမှ၊ ဝိနိစ္ဆယချမှတ်ချက်ကို၊ပယ်ဖျက်လျက်၊စောဒနာဝင်၊ စောဒက၏အဆိုအရ၊ ဝိနည်းတော်နှင့်အညီ၊ ဝိနိစ္ဆယပေးသနားတော်မူပါမည့်အကြောင်း စောဒနာဝင်လျှောက်ထားပါသည်။

______________မြို့၊ ၁၃______ခုနှစ်၊ ______________ လ______ရက်။

______________________

စောဒနာဝင်စောဒက။

မြို့နယ်ဝိနိစ္ဆယဌာန အမှုတွင် စောဒက။ / စုဒိတက။

ဝိနိစ္ဆယဌာနပုံစံ ၁၉
(နည်းဥပဒေ ၃၅ ကြည့်)

## အထူး ခွင့်တောင်း လျှောက်လွှာပုံစံ

(ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၁၉ ၏ခြွင်းချက်။)

နိုင်ငံတော် ဝိနိစ္ဆယဌာန ____________________ မြို့၊

[ ၁၃——— ခုနှစ်၊ နောက်ဆုံးစာဒနာဝင်အမှတ် ———— ]

လျှောက်ထားသူ ________________ နေရပ် ________________________

နှင့်

လျှောက်ထားခံရသူ ______________ နေရပ် ________________________

အထက်အမည်ပါ လျှောက်ထားသူက၊ အောက်ပါဝိနည်းတော်အချက်များအရ၊ ____________ မြို့၊ __________ မြို့နယ် ဝိနိစ္ဆယဌာန ________ ခုနှစ်၊ အဓိကရုဏ်းမှု အမှတ် ______ တွင်၊ __________ ခုနှစ်၊ ____________ လ ___ ရက်နေ့စွဲဖြင့်၊ ချမှတ်သော ဝိနိစ္ဆယဆုံးဖြတ်ချက်နှင့် ____________ မြို့၊ ခရိုင် ဝိနိစ္ဆယဌာန ______ ခုနှစ်၊ စာဒနာဝင်မှုအမှတ် ________ တွင်၊ ______ ခုနှစ်၊ ________ လ ______ ရက်နေ့စွဲနှင့် ချမှတ်သော ဝိနိစ္ဆယ ဆုံးဖြတ်ချက်တို့ကိုထပ်မံ၍၊ နောက်ဆုံးစာဒနာဝင်ခွင့်ပြုရန်၊ လျှောက်ထားပါသည်။

(၁) မြို့နယ်နှင့် ခရိုင်ဆုံးဖြတ်ချက်များသည်၊ ဝိနည်းတော်နှင့်မညီပါ။
(၂) ၎င်းဆုံးဖြတ်ချက်များသည်၊ အယူအဆလွဲ၍၊ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။
(၃) ၎င်းဆုံးဖြတ်ချက်များသည်၊ ရှေ့နောက် သက်သေတို့၏ ထွက်ချက်များနှင့် မညီပါ။
(၄) ဝိနည်းတော်နှင့် မသက်ဆိုင်သော အချက်များ ပါဝင်ပါသည်။

သို့ဖြစ်ပါ၍၊ အောက်ဝိနိစ္ဆယဌာနများမှ သက်ဆိုင်သော အမှုတွဲများကို၊ ခေါ်ယူကြည့်ရှုတော်မူပြီးလျှင်၊ ပူးတွဲပါ စာဒနာ ဝင်ချက်များအရ၊ နောက်ဆုံး စာဒနာဝင်ရောက်နိုင်ရန်၊ အထူး ခွင့်ပေးသနားပါမည့်အကြောင်း လျှောက်ထားပါသည်။

__________ မြို့၊ ၁၃ _____ ခုနှစ်၊ ______________ လ _____ ရက်၊

________________________

အထူးခွင့်တောင်းလျှောက်ထားသူ၊

မြို့နယ်ဝိနိစ္ဆယဌာနအမှုတွင် စာဒက၊ / စုံဒိတက၊

ဝိနိစ္ဆယဌာနပုံစံ ၂၀
(နည်းဥပဒေ ၃၅ ကြည့်)

## နောက်ဆုံး စောဒနာဝင်လွှာ

[၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၁၉။]

နိုင်ငံတော် ဝိနိစ္ဆယဌာန ______________________ မြို့။

[၁၃ ခုနှစ်၊ နောက်ဆုံးစောဒနာဝင်မှုအမှတ် ______ ]

နောက်ဆုံး စောဒနာဝင်စောဒက ______________ နေရပ် ____________

နှင့်

နောက်ဆုံး စောဒနာဝင်စုဒိတက ______________ နေရပ် ____________

________________ မြို့၊ ခရိုင်ဝိနိစ္ဆယဌာနက၊ ၁၃ ____ ခုနှစ်၊ ပဌမ စောဒနာဝင်မှု အမှတ် __________ တွင်၊ ၁၃ _____ ခုနှစ်၊ ____________ လ _____ ရက်နေ့စွဲဖြင့်၊ ချမှတ်သော ဌာနဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့်၊ အောက်ပါ အကြောင်းအချက်များအရ၊ နောက်ဆုံး စောဒနာဝင်ရောက် လျှောက်ထားပါသည်။

၎င်းအချက်များမှာ—

(၁)
(၂)
(၃)
(၄)

သို့ဖြစ်ပါ၍၊ မြို့နယ်နှင့်ခရိုင် ဝိနိစ္ဆယဌာနများမှ၊ သက်ဆိုင်သောအမှုတွဲများကို၊ ခေါ် ယူကြည့်ရှုတော်မူပြီးလျှင်၊ ဝိနည်းတော်နှင့်အညီ၊ ဝိနိစ္ဆယ ပေးသနားတော်မူပါမည့် အကြောင်း နောက်ဆုံးစောဒနာဝင်ရောက် လျှောက်ထားပါသည်။

______________ မြို့၊ ၁၃ ____ ခုနှစ်၊ ______________ လ _____ ရက်။

________________

နောက်ဆုံးစောဒနာဝင်သူ၊

မြို့နယ်ဝိနိစ္ဆယဌာနအမှုတွင် စောဒက။ / စုဒိတက။

ဝိနိစ္ဆယဌာန ပုံစံ ၂၁
(နည်းဥပဒေ ၃၈ ကြည့်)

ခရိုင်
နိုင်ငံတော်

ပဌမ
ဒုတိယ စောဒနာဝင်မှု

| စောဒနာဝင်လျှောက်နေ့စွဲ | စောဒနာဝင်မှုအမှတ်စဉ် | စောဒနာဝင်-စောဒက | | | စောဒနာဝင်-စုဒိတက | | | စောဒနာဝင်သည့် | |
|---|---|---|---|---|---|---|---|---|---|
| | | ဘွဲ့၊ အမည် | ဂုဏ်ထူး၊ အလုပ်အကိုင် | နေရပ် | ဘွဲ့၊ အမည် | ဂုဏ်ထူး၊ အလုပ်အကိုင် | နေရပ် | ချပေးသောဝိနိစ္ဆယဌာန | အမိန့်ကူးမှုအမှတ်၊ သို့မဟုတ် ပဌမစောဒနာဝင်မှုအမှတ် |
| | | | | | | | | | |

ဝိနိစ္ဆယဌာန

များးမှတ်ပုံတင်စာအုပ်

| ဆုံးဖြတ်ချက် | | ဆုံးဖြတ်ချက် | | | | |
| --- | --- | --- | --- | --- | --- | --- |
| လိုရင်း | အမှု ကြားနာရန် ချိန်းဆိုသော နေ့ရက်များ | နေ့စွဲ | အောက် ဝိနိစ္ဆယ ဌာန၏ ဆုံးဖြတ် ချက်ကို အတည်ပြု သည်၊ ပယ် သည်၊ ပြင်သည် | မည်သို့ ဆုံးဖြတ်ကြောင်း လိုရင်းအချက် | အမှုကြားရက် | မှတ်ချက်၊ သို့မဟုတ် တာဝန်ခံဆရာ တော်၏လက်မှတ် |

ဝိနိစ္ဆယဌာန ပုံစံ ၂၂
( နည်းဥပဒေ ၄၀ ကြည့် )

## လက်အောက်ဝိနိစ္ဆယဌာနသို့အကြောင်းကြားစာပုံစံ

ခရိုင် / နိုင်ငံတော် ဝိနိစ္ဆယဌာန

[၁၃ ——— ခုနှစ်၊ ပဌမ / နောက်ဆုံး စာဝဒနာဝင်မှုအမှတ် ——————]

စာဝဒနာဝင် စာဝဒက ———————————— နေရပ် ————————————

နှင့်

စာဝဒနာဝင် စုဒိတက ———————————— နေရပ် ————————————

———————————— မြို့နယ် / ခရိုင် ဝိနိစ္ဆယဌာန ———————————— မြို့။

တာဝန်ခံဆရာတော်သိရှိရန်အကြောင်းမှာ၊ အထက်ပါအမှုတွင်၊ က ၁၃ ——— ခုနှစ်၊ ———————— လ ——— ရက်နေ့၌၊ အရှင်တို့၏ ဝိနိစ္ဆယဌာနက ၁၃ ——— ခုနှစ်၊ ——————— မှုအမှတ်၊ ချမှတ်သည့်ဆုံးဖြတ်ချက်ကို၊ ဤဝိနိစ္ဆယဌာန၌၊ စာဝဒနာဝင်သည်ဖြစ်ရာ၊ ၎င်းစာဝဒနာဝင်လွှာကို ပလပ် / လက်ခံ လိုက်ကြောင်း လျှောက် ကြားပါသည်။

ထိုအမှုတွဲနှင့်အတူ သက်သေခံအဖြစ် တင်သွင်းသည့် အရေးကြီးသော စက္ကူရပ်များကို လျင်မြန်နိုင်သမျှလျင်မြန်စွာ ပေးပို့စေရန် လျှောက်ကြားပါသည်။

———————— မြို့၊ ၁၃ ——— ခုနှစ်၊ ———————— လ ——— ရက်။

တာဝန်ခံဆရာတော်။

မှတ်ချက်။ ။မလိုသည့်စာများကိုပယ်ဖျက်ပါ။

ဝိနိစ္ဆယဌာန ပုံစံ ၂၃
(နည်းဥပဒေ ၄၁ ကြည့်)

## စေ၀ဒနာ၀င်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို စေ၀ဒနာ၀င်စုဒိတကသို့ကြားသိစေသည့် အကြောင်းကြားစာ

* ________________________ ဝိနိစ္ဆယဌာန

[ ၁၃_____ ခုနှစ်၊ ပဌမ / နောက်ဆုံး စော၀ဒနာ၀င် အမိကရုဏ်းမှုအမှတ်_____ ]

စော၀ဒနာ၀င်စော၀ဒက } နှင့် { စော၀ဒနာ၀င်စုဒိတက

၁၃ _____ ခုနှစ်၊ __________________ လွှ _____ ရက်နေ့စွဲပါ

ဝိနိစ္ဆယဌာနမှ ဆုံးဖြတ်ချက် ကိုစေ၀ဒနာ၀င်မှု၊

စေ၀ဒနာ၀င်စုဒိတက သိစေလိုသည်မှာ

ယခုအမှုတွင် ဝိနိစ္ဆယဌာနက ချပေးသည့်ဆုံးဖြတ်ချက်ကို

က၊ စေ၀ဒနာ၀င်ရာ၊ ဤဝိနိစ္ဆယဌာနတွင် မှတ်ပုံ

စာရင်းတင်သွင်း၍ ထိုစေ၀ဒနာ၀င်မှုကို၊ ၁၃ _____ ခုနှစ်၊ __________________

လွှ __________ ရက် ( ၁၃ _____ ခုနှစ်၊ __________________ လွှ _____ ရက် )

နေ့တွင် ဆိုင်ရန် ဤဝိနိစ္ဆယဌာနက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်လာရောက်စေလိုသည်။

၁၉ _____ ခုနှစ်၊ __________________ လွှ _____ ရက်နေ့၊ ဤဝိနိစ္ဆယဌာန

တံဆိပ်ရိုက်နှိပ်၍၊ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်။

တာ၀န်ခံဆရာတော်။

---

* ခရိုင်၊ သို့မဟုတ် နိုင်ငံတော်ဟုထည့်သွင်းရန်။

မှတ်ရန်။ ။အတည်မပြုဘဲဆိုင်းထားရန်အမိန့်ချမှတ်လျှင်၊ ၎င်းအကြောင်းကို ဤအကြောင်းကြားစာတွင်ဖော်ပြရမည်။

ဝိနိစ္ဆယဌာနပုံစံ ၂၄
(နည်းဥပဒေ ၄၅ နှင့် ၄၉ ကြည့်)

## စောဒနာဝင်မှုဆုံးဖြတ်ချက်

__________________________ နိုင်ငံတော် / ခရိုင် ဝိနိစ္ဆယဌာန။

[ ၁၃ ____ ခုနှစ်၊ စောဒနာဝင်မှုအမှတ် ______________ ]

__________________ ခရိုင် / မြို့နယ် ဝိနိစ္ဆယဌာန၊ ၁၃——ခုနှစ်၊ ပဌမစောဒကဝင်မှု / အဓိကရုဏ်းမှု

အမှတ် / အမှတ် တွင်ချမှတ်သောဆုံးဖြတ်ချက်ကိုစောဒနာဝင်မှု။

စောဒနာဝင်စောဒက } နှင့် { စောဒနာ ဝင် စုဒိတက

ဆုံးဖြတ်ချက်ချမှတ်သည့်အခိုက်တွင်ရောက်ရှိနေသောအမှုသည်များမှာ——

စောဒနာဝင်စောဒက ______________________

စောဒနာဝင်စုဒိတက ______________________

၁၃ _____ ခုနှစ်၊ __________ လ ________ ရက်။

ဆုံးဖြတ်ချက်

ဝိနိစ္ဆယဌာန ပုံစံ ၂၅
(နည်းဥပဒေ ၅၄ ကြည့်)

စီရင်ဆုံးဖြတ်ပြီး၊ (က) ____________ မှုများကိုခရိုင်တရားမရုံးအမှုတွဲခန်းသို့ ____________ ဝိနိစ္ဆယဌာနက ၃ လတကြိမ် ပို့သောစာရင်း

| မှတ်ပုံစာအုပ်တွင် ပြသည့် အမှုနံပါတ် | တရားလို၊ အယူခံတရားလို၊ ဒီကရီ အနိုင်ရသူ စောဒက၊ စောဒနာ၀င် စောဒက | တရားခံ၊ အယူခံတရားခံ၊ တရားရှုံး၊ စုဒိတက၊ စောဒနာ၀င် ,စုဒိတက | ဆုံးဖြတ်သည့် နေ့စွဲ | အမှုတွဲထိန်း လက်မှတ် | ပဋ္ဌမပိုင်း (က) ဖိုင်တွဲ၊ သို့မဟုတ် စစ်ကြောသော အမှုတွဲကို ဖျက်ဆီး သည့် နေ့စွဲ | နောက်ဆုံးပိုင်း (ခ) ဖိုင်တွဲ၊ သို့မဟုတ် အမိန့်ဆင့်စာ အမှုတွဲကိုဖျက်ဆီး သည့် နေ့စွဲ | ကြီးကြပ် အုပ်ချုပ်သူ အရာရှိ၏ လက်မှတ်တို | အကြောင်းအရာများ |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |

(က) ဤနေရာ၌၊ တရားမမူလ၊ တရားမဇာရီ၊ တရားမအသေးအဖွဲ၊ တရားမအယူခံ၊ ရာဇဝတ်ကြီး၊ ရာဇဝတ်အသေးအဖွဲ၊ ရာဇဝတ်အယူခံ၊ ရာဇဝတ်ပြင်ဆင်ဟူ၍ထည့်သွင်းရမည်။

ဝိနိစ္ဆယဌာန ပုံစံ ၂၆

## ရန်ကုန်မြို့ နိုင်ငံတော်ဝိနိစ္ဆယဌာန

၁၃——ခုနှစ်၊ နောက်ဆုံး စာဒနာဝင်မှု အမှတ်

စောဒနာဝင်စောဒက

နှင့်

စောဒနာဝင်စုဒိတက

### အောက်ခရိုင် ဝိနိစ္ဆယဌာန

၁၃——ခုနှစ်၊ စောဒနာဝင်မှုအမှတ်——————တွင်

ဆုံးဖြတ်ချက်၏ နေ့စွဲ၊ ၁၃——ခုနှစ်၊——————

### မူလ မြို့နယ် ဝိနိစ္ဆယဌာန

၁၃——ခုနှစ်၊ အမှု အမှတ်————တွင်

ဆုံးဖြတ်ချက်၏ နေ့စွဲ၊ ၁၃——ခုနှစ်၊——————

၁၃——ခုနှစ်၊——————လ——ရက် နေ့တွင်၊စတင်စွဲဆိုသည်။

၁၃——ခုနှစ်၊——————လ——ရက်နေ့တွင်၊ စီရင်ချက်ချသည်။

၁၃——ခုနှစ်၊ ——————လ——ရက်။

ဇာဝန်ခံဆရာတော်။

## စစ်ဆေးစီရင်ခြင်းဆိုင်ရာ အမှုတွဲအပိုင်းရှိ စက္ကူရပ်များစာရင်း

| ပုံစံ အမှတ် | အမျိုးအမည် | စာမျက်နှာ အမှတ် | အကြောင်း အရာ မှတ်ချက်။ |
|---|---|---|---|
| ၁ | မဇ္ဈိကာစဉ် .... .... | | |
| ၂ | နေ့စဉ်မှတ်တမ်း .... .... | | |
| ၃ | စောဒနာဝင်လွှာ .... .... | | |
| ၄ | စောဒနာဝင်နှင့် ပူးတွဲတင်သည့် စီရင်ချက် မိတ္တူများ | | |
| ၅ | ပြန်လှန်ကန့်ကွက်လွှာ၊ ရှိလျှင် .... .... | | |
| ၆ | အမှုသည် များကို အစား သွင်းရန်၊ ထပ်သွင်းရန်၊ သို့မဟုတ်ထုတ်ပယ်ရန် လျှောက်လွှာများ။ | | |
| ၇ | ပဋိညာဉ်စီရင်ချက်၊ သို့မဟုတ် သဘောတူ ပြေငြိမ်းရန် လျှောက်လွှာများ။ | | |
| ၈ | ဝိနိစ္ဆယဌာနကအမှုကို ပြန်ပို့ရန်အမိန့်၊ ရှိလျှင် .... | | |
| ၉ | ပြန်၍ ပို့သည့်အခါ၊ အောက်ဝိနိစ္ဆယ ဌာန၏ ဆုံးဖြတ်ချက်မိတ္တူ၊ ရှိလျှင်။ | | |
| ၁၀ | နိုင်ငံတော် ဝိနိစ္ဆယဌာန၏အပြီးသတ် စီရင်ချက် .... | | |
| ၁၁ | စာချုပ်စာတမ်း ပြန်ပေးရန် လျှောက်လွှာ .... | | |
| ၁၂ | စောဒက စုဒိတက၏ ကိုယ်စားလှယ်စာများ .... | | |
| ၁၃ | နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ ပို့လိုက်သည့် အယူခံ အမှုတွဲမိတ္တူများ။ | | |
| ၁၄ | နေ့စဉ် မှတ်တမ်းတွင်ရေး မှတ်ထားသည့် အမိန့်များမှ အပ၊ ဝိနိစ္ဆယဌာန၏ အခြားအမိန့်များ။ | | |
| ၁၅ | ပြန်၍ပြင်ဆင်ရန် လျှောက်လွှာများနှင့်၊ ၎င်းတို့နှင့် စပ်လျဉ်းသောအမိန့်များ။ | | |
| ၁၆ | ဝိနည်းမိုရ်ကဖြစ်စေ၊ ဝိနည်းမိုရ်များကဖြစ်စေ၊ သို့မဟုတ် တာဝန်ခံကဖြစ်စေ၊ တွဲဘက် တာဝန်ခံက ဖြစ်စေ၊ ကောင်းစွာ ထိန်းသိမ်းထားရန် အမိန့် ပြဋ္ဌာန်းသည့် စာတမ်းတစုံတရာ။ | | |
| | စာမျက်နှာပေါင်း .... | | |

တိုက်ဆိုင်ကြည့်ပြီးမှန်ကြောင်း။

ဝိနိစ္ဆယဌာနစာရေး။ — အမှုတွဲထိန်း၊ ခရိုင်တရားရုံး။

၁၃ ______ ခုနှစ်၊ ________ လ ______ ရက်နေ့။ ၁၃ ______ ခုနှစ်၊ ________ လ ______ ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၂၇

<u>အမိကရုဏ်းမှုမျက်နှာဖုံး ပဌမပိုင်း</u>

——————မြို့နယ် ဝိနိစ္ဆယဌာန

[ —————— ခုနှစ်၊ အမိကရုဏ်းအမှုအမှတ် —————— ]

——————

စောဒက။

——————

စုဒိတက။

<u>ရယူလိုသောဆုံးဖြတ်ချက်</u>

——————————————————

—————————————————— ရလိုမှု။

စွဲချက်လျှောက်လွှာလက်ခံသောနေ့ ——————————

ဆုံးဖြတ်ချက်ချသောနေ့ ——————————

## အမိကရုဏ်းမှ ပဋ္ဌမပိုင်းတွင်၊ တွဲထားရမည့်စာရွက်စာတမ်းများစာရင်း

| အမျိုးအမည် | စာမျက်နှာ အမှတ် | မှတ် ချက် |
|---|---|---|
| ၁။ နေ့စဉ်မှတ်တမ်း .... .... | | |
| ၂။ စွဲချက်လျှောက်လွှာ .... .... | | |
| ၃။ စွဲချက်လျှောက်လွှာနှင့်အတူ ပူးတွဲတင်သွင်းသည့် မြေပုံများ | | |
| ၄။ ‡ စွဲချက်လျှောက်လွှာပေါ်တွင် ရေးမှတ်မပါလျှင်၊ စွဲချက်လျှောက်လွှာနှင့် တင်သွင်းသော စာချုပ် စာတမ်းများစာရင်း။ | | |
| ၅။ စောဒကက အကိုးအကားပြုသော်လည်းမတင်မသွင်းသည့် စာချုပ်စာတမ်းများစာရင်း။ | | |
| ၆။ ချေလွှာများ .... .... .... | | |
| ၇။ ‡ ချေလွှာတွင် ရေးမှတ်မပါလျှင်၊ချေလွှာနှင့်အတူ ပူးတွဲတင်သွင်းသော စာချုပ်စာတမ်းများစာရင်း။ | | |
| ၈။ စုဒိတက က အကိုးအကားပြုသော်လည်း မတင်မသွင်းသည့်စာချုပ်စာတမ်းများစာရင်း။ | | |
| ၉။ ရှေ့ဦးစွာဆောင်ရွက်သည့် မှုခင်းများနှင့်ငြင်းချက်များ .... | | |
| ၁၀။ * စောဒကအတွက် သက်သေအစစ်ခံချက်များ .... | | |
| ၁၁။ စုဒိတကအတွက် သက်သေအစစ်ခံချက်များ .... | | |
| ၁၂။ ပုဒ်မ ၂၆ အရ၊ သက်သေစစ်ဆေးပေးသော ဆရာတော်တို့၏အစီရင်ခံစာ။ | | |
| ၁၃။ အမှုပြေငြိမ်းကြောင်းလျှောက်လွှာ .... .... | | |
| ၁၄။ ဆုံးဖြတ်ချက် .... .... .... | | |
| ၁၅။ စောဒနာ၀င်မှုဆုံးဖြတ်ချက်မိတ္တူများ .... | | |
| စာမျက်နှာပေါင်း .... | | |

* စုဒိတက အစပြုလျှင် "စုဒိတက" ဟူ၍အစားသွင်းရမည်။

‡ အမှုမပြီးပြတ်မီ၊စွဲချက်လျှောက်လွှာ၊ သို့မဟုတ် ချေလွှာနှင့်အတူပူးတွဲတင်သွင်းသောစာချုပ်စာတမ်းများကို တတိယပိုင်း မျက်နှာဖုံးတွင်တွဲပြီးလျှင်၊ တာ၀န်ခံဆရာတော်က လုံခြုံစွာထိန်းသိမ်းထားရမည်။

တိုက်ဆိုင်ကြည့်ရှု၍မှန်ကြောင်းတွေ့ရှိသိရပါသည်။

ဝိနိစ္ဆယဋ္ဌာနစာရေး။ အမှုတွဲထိန်း၊

ခရိုင်တရားမရုံး။

၁၃_____ခုနှစ်၊____ ____လ_____ရက်နေ့။ ၁၃_____ခုနှစ်၊____ ____လ _____ရက်နေ့

4

ဝိနိစ္ဆယဌာန ပုံစံ ၂၀

**အမိကရုဏ်းမှု ဒုတိယပိုင်း**

မြို့နယ်ဝိနိစ္ဆယဌာန

[ ——————— ခုနှစ်၊ အမိကရုဏ်းမှုအမှတ်———]

စောဒက။

စုဒိတက။

သက်သေခံအဖြစ်တင်သွင်းသောစာရွက်စာတမ်းများတွဲရန်။

အမိကရုဏ်းမှု (ဒုတိယပိုင်း) တွင် တွဲထားရမည့်စာရွက်စာတမ်းများစာရင်း

| အံမျိုးအမည် | စာမျက်နှာ အမှတ် | မှတ်ချက် |
|---|---|---|
| * စောဒကအတွက် သက်သေခံအဖြစ်ဖြင့် လက်ခံသော စာချုပ်စာတမ်းနှင့်ပစ္စည်းစာရင်း။ | | |
| * စောဒကအတွက် သက်သေခံအဖြစ်ဖြင့် လက်ခံသော စာချုပ်စာတမ်းများ။ | | |
| ‡ စုဒိတကအတွက် သက်သေခံအဖြစ်ဖြင့် လက်ခံသောစာချုပ်စာတမ်းနှင့် ပစ္စည်းစာရင်း။ | | |
| ‡ စုဒိတကအတွက် သက်သေခံအဖြစ်ဖြင့် လက်ခံသောစာချုပ်စာတမ်းများ။ | | |

* စုဒိတကအံစပြုလျှင် " စုဒိတက " ဟူ၍အစားသွင်းရမည်။

‡ သက်သေခံအဖြစ်ဖြင့် လက်မခံသောစာချုပ်စာတမ်းများကို အမှုတွဲတွင်တွဲထားခြင်းမရှိစေရ။ တင်သွင်းသောအမှုသည်သို့၊ ၎င်းစာချုပ်စာတမ်းများကို ပြန်ပေးလိုက်ရမည်။

‡ စုဒိတကအစပြုလျှင် " စုဒိတက " ဟူ၍ အစားသွင်းရမည်။

စီရင်ချက်ချပြီးနောက် စောဒနာဝင်ချိန်ကုန်လွန်လျှင်၊ သို့မဟုတ် စောဒနာဝင်မှုဆုံးဖြတ်ချက်များချပြီးသောအခါ၊ သက်သေခံစာရွက်စာတမ်းများကို ပြန်ပေးနိုင်သည်။ ထိုသို့ပြန်ပေးကြောင်းနှင့်၊၎င်းတို့၏မိတ္တူများထားမထားကို " မှတ်ချက် " ဇယားကွက်တွင်တာဝန်ခံဆရာတော်ရေးမှတ်ထားရမည်။

တိုက်ဆိုင်ကြည့်ရှု၍ အထက်ပါစာရင်းအတိုင်းအမှန်တွေ့ရှိသည်။

ဝိနိစ္ဆယဌာနစာရေး။

အမှုတွဲထိန်း၊
ခရိုင်တရားမရုံး။

၁၃— —ခုနှစ်၊———လ ———ရက်နေ့၊ ၁၃ —— ခုနှစ်၊ ———လ ——— ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၂၉

<u>အဓိကရုဏ်းမှုမျက်နှာဖုံး တတိယပိုင်း</u>

# မြို့နယ်ဝိနိစ္ဆယဌာန

[ ———— ခုနှစ်၊ အဓိကရုဏ်းမှုအမှတ် ———— ]

__________
စောဒက။

__________
စုဒိတက။

ကြားဖြတ်လျှောက်လွှာများနှင့်ဆုံးဖြတ်ချက်များတွဲရန်။

## အမိကရုဏ်းမှုတတိယပိုင်းတွင်တွဲထားရမည့်စာရွက်စာတမ်းများစာရင်း

| အမျိုးအမည် | စာမျက်နှာအမှတ် | မှတ်ချက် |
|---|---|---|
| ၁။ ကြားဖြတ်ကိစ္စများအတွက်လျှောက်လွှာ .... | | |
| ၂။ ၎င်းတို့နှင့် သက်ဆိုင် သည့်စာရွက်စာတမ်းများ | | |
| ၃။ ၎င်းတို့နှင့်သက်ဆိုင်သည့်အမိန့်စာများ .... | | |
| ၄။ အခြားအပိုင်းတွင်မတွဲရသော စာရွက်စာတမ်းများ။ | | |
| ၅။ အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ပေးရန်လျှောက်လွှာ။ | | |
| စာမျက်နှာပေါင်း .... | | |

လျှောက်လွှာအသီးသီးနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် အမိန့်စာများကို နေ့စွဲအလိုက် စီစဉ်တွဲထားရမည်။

တိုက်ဆိုင်ကြည့်ရှု၍အထက်ပါအတိုင်းအမှန်တွေ့ရှိသည်။

စိန်စစ္စယဋ္ဌာနစာရေး။

၁၃ —— ခုနှစ်၊ —— လ —— ရက်နေ့။

အမှုတွဲထိန်း၊
ခရိုင်တရားမရုံးတော်

၁၃ —— ခုနှစ်၊ —— လ —— ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၃၀

အမိက ရုံး‌ေမူစ တွက်ဆ ‌ေရဝိုင်း၊ သို့မဟုတ် အခြားအမှုမျိုး‌ေတွင် ဒုတိယပိုင်း

ဝိနိစ္ဆယဌာန

၁၃ —— ခုနှစ်၊ { အမိကရုံး / ပဌမစာ‌ေဒနာဝင် / နောက်ဆုံးစာ‌ေဒနာဝင် / အသေးအဖွဲ့ကိစ္စ } မှုအမှတ်

စာဒက။

စာဒနာဝင်-စာဒက။

လျှောက်ထားသူ။

နှင့်

စုဒိတက။

စာဒနာဝင်-စုဒိတက။

လျှောက်ထားခံရသူ။

အကြောင်းကြားစာ စသည်တို့တွဲထားရန်။

## အမိကရုဏ်းမှုစတုတ္ထပိုင်းတွင် တွဲထားရမည့် စာရွက် စာတမ်းများစာရင်း

| အမျိုးအမည် | စာ မျက် နှာ အမှတ် | မှတ်ချက် |
|---|---|---|
| ၁။ အကြောင်းကြားစာမှစ၍ ရင်းနှင့် သက်ဆိုင်သည့် စာများ။ | | |
| ၂။ သက်သေတို့စာရင်းများ .... .... | | |
| ၃။ အမှုကိုရွှေ့ဆိုင်းရန်၊ သက်သေများကိုလာရောက်စေရန် စသည်တို့နှင့် စပ်လျဉ်းသည့် လျှောက်လွှာများနှင့် အကြောင်းကြားစာများ။ | | |
| ၄။ အမှုတွဲများ စသည်တို့ကို တောင်းခေါ်သည့် စာနှင့် ပြန်ပို့သည့်စာစသည်များ။ | | |
| ၅။ အခြားအရေးမကြီးသော စက္ကူရပ်များ .... | | |
| စာမျက်နှာပေါင်း .... | | |

တိုက်ဆိုင်ကြည့်ရှုပြီး မှန်ကြောင်းတွေ့ရှိသိရပါသည်။

ဝိနိစ္ဆယဋ္ဌာနစာရေး။

အမှုတွဲထိန်း၊
ခရိုင်တရားမရုံး။

၁၃ _____ ခုနှစ်၊ ______ လ ______ ရက်နေ့။ ၁၃ _____ ခုနှစ်၊ ______ လ ______ ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၃၁

______________ခရိုင်ဝိနိစ္ဆယဌာန

[၁၃______ခုနှစ်၊ပဌမစောဒနာဝင်မှုအမှတ်______။]

______________

စောဒနာဝင်-စောဒက။

______________

စောဒနာဝင်-စုဒိတက။

______________

______________မြို့နယ်ဝိနိစ္ဆယဌာန

၁၃______ခုနှစ်၊အမိကရုဏ်းမှုအမှတ်______တွင်၊၁၃______ခုနှစ်

______လွှ______ရက်နေ့၌ ချမှတ်သော ဆုံးဖြတ်ချက်မှ

______________

စောဒနာဝင်လွှာ လက်ခံသောနေ့______________

အမှုဆုံးဖြတ်သည့်နေ့______

## ဤအမှုတွဲပိုင်းတွင် တွဲရမည့် စာရွက်စာတမ်းများစာရင်း

| အမျိုးအမည် | စာမျက်နှာ အမှတ် | မှတ်ချက် |
|---|---|---|
| ၁။ နေ့စဉ်မှတ်တမ်း .... .... .... | | |
| ၂။ စောဒနာဝင်လွှာ .... .... | | |
| ၃။ စောဒနာဝင်လွှာနှင့်အတူ တင်သွင်းသော ဆုံးဖြတ်ချက် မိတ္တူ။ | | |
| ၄။ ကန့်ကွက်လွှာ .... .... .... | | |
| ၅။ ကြားဖြတ်လျှောက်လွှာများနှင့် ၎င်းတို့အပေါ်တွင် ချမှတ်သောအမိန့်။ | | |
| ၆။ ဆုံးဖြတ်ချက် .... .... .... | | |
| ၇။ နိုင်ငံတော်ဝိနိစ္ဆယဌာနဆုံးဖြတ်ချက်၏မိတ္တူ .... | | |
| ၈။ ဝိနည်းမိုရ် ဆရာတော်တို့နှင့် တာဝန်ခံ ဆရာတော်တို့က တွဲထားစေလိုသောစာရွက်စာတမ်းများ။ | | |
| စာမျက်နှာပေါင်း .... | | |

တိုက်ဆိုင်ကြည့်ရှုပြီး၍အထက်ပါအတိုင်းအမှန်တွေ့ရှိပါသည်။

ဝိနိစ္ဆယဌာနစာရေး။

အမှုတွဲထိန်း၊
ခရိုင်တရားမရုံး။

၁၃——ခုနှစ်၊————လ———ရက်နေ့။ ၁၃———ခုနှစ်၊ ————လ ——- ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၃၂

## နောက်ဆုံးစောဒနာဝင်အမှုတွဲမျက်နှာဖုံး

နိုင်ငံတော်ဝိနိစ္ဆယဌာန ________ ⁄ ________ မြို့

[၁၃ ___ ခုနှစ်၊ နောက်ဆုံးစောဒကဝင်မှုအမှတ် ___ ]

________________

စောဒနာဝင်-စောဒက။

________________

စောဒနာဝင်-စုဒိတက။

---

ပဌမစောဒနာဝင်ရာ ခရိုင်ဝိနိစ္ဆယဌာန။

၁၃ ___ ခုနှစ်၊ ___ ပဌမစောဒနာဝင်မှုအမှတ် ________ ။

၁၃ ___ ခုနှစ်၊ ________ လ ________ ရက်နေ့စွဲပါဆုံးဖြတ်ချက်၊

---

မြို့နယ်ဝိနိစ္ဆယဌာန။

၁၃ ___ ခုနှစ်၊ အဓိကရုဏ်းမှု ________ အမှတ် ________

၁၃ ___ ခုနှစ်၊ ________ လ ________ ရက်နေ့စွဲပါဆုံးဖြတ်ချက်။

---

စောဒနာဝင်လွှာလက်ခံသောနေ့ ________________

စောဒနာဝင်ခွင့်ပေးသောနေ့ ________________

အမှုဆုံးဖြတ်သည့်နေ့ ________

ဤအမှုတွဲအပိုင်းတွင်တွဲထားရမည့် စာရွက်စာတမ်းများစာရင်း။

| အမျိုးအမည် | စာမျက်နှာ အမှတ် | မှတ်ချက် |
|---|---|---|
| ၁။ နေ့စဉ်မှတ်တမ်း .... .... | | |
| ၂။ စောဒနာဝင်လွှာ .... .... | | |
| ၃။ ရင်းနှင့်အတူပူးတွဲတင်သွင်းသော ဆုံးဖြတ်ချက်မိတ္တူများ။ | | |
| ၄။ ကန့်ကွက်လွှာ (တင်သွင်းလျှင်) .... | | |
| ၅။ အမှုသည်တို့နှင့် ပတ်သက်သည့် လျှောက်လွှာ။ | | |
| ၆။ အမှုသည်တို့ သဘောတူ အလိုရှိသည့် ဆုံးဖြတ်ချက်တောင်းလွှာ။ | | |
| ၇။ ခရိုင်ဝိနိစ္ဆယဌာနသို့ စစ်ဆေးရန် ပြန်ပို့သည့်အမိန့် (ချမှတ်လျှင်)။ | | |
| ၈။ ထပ်မံဆုံးဖြတ်ချက်၏မိတ္တူ .... | | |
| ၉။ နိုင်ငံတော် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက် | | |
| ၁၀။ လျှောက်လွှာများ .... .... | | |
| ၁၁။ ဝိနည်းမိုရ်ဆရာတော်တို့၊ သို့မဟုတ် တာဝန်ခံဆရာတော်က တွဲထားစေသောစာရွက်စာတမ်းများ။ | | |
| စာမျက်နှာပေါင်း .... | | |

တိုက်ဆိုင်ကြည့်ရှု၍ အထက်စာရင်းအတိုင်း အမှန်တွေ့ရှိသည်။

ဝိနိစ္ဆယဌာနစာရေး။

အမှုတွဲထိန်း၊
ခရိုင်တရားမရုံး။

၁၃——ခုနှစ်၊——လ——ရက်နေ့။ ၁၃——ခုနှစ်၊——လ——ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၃၃

<u>အသေးအဖွဲ့ကိစ္စ အမှုတွဲမျက်နှာဖုံး (ပဌမပိုင်း)</u>

ဝိနိစ္ဆယဌာန

[၁၃________ ခုနှစ်၊ အသေးအဖွဲ့ကိစ္စမှု၊ အမှတ်____________]

____________
လျှောက်ထားသူ။

____________
လျှောက်ထားခံရသူ။

လျှောက်ထားသည့်ကိစ္စ။

________________________________________

________________________________________

________________________________________

________________________________________

အမှုစတင် လျှောက်ထားသည့်နေ့ ____________________________

အမှုဆုံးဖြတ် / အမှုပိတ် သည့်နေ့ ____________________________

## ဤအပိုင်းတွင်တွဲထားရမည့် စာရွက်စာတမ်းများစာရင်း

| အမျိုးအမည် | စာမျက်နှာ အမှတ် | မှတ်ချက် |
|---|---|---|
| ၁။ နေ့စဉ်မှတ်တမ်း .... .... | | |
| ၂။ အမှုဖွင့်လျှောက်လွှာ၊ သို့မဟုတ် အခြားရုံးမှသက်သေ စစ်ဆေးပေးရန် ပေးပို့သောအကြောင်းကြားစာ။ | | |
| ၃။ ၎င်းနှင့်အတူ ပူးတွဲတင်သွင်းသော စာချုပ်စာတမ်းများ။ | | |
| ၄။ အထောက်အထားပြသော စာချုပ် စာတမ်းများစာရင်း။ | | |
| ၅။ အမှုကြားနာစဉ် တင်သွင်းသော စာချုပ်စာတမ်းများ။ | | |
| ၆။ ချေလွှာ၊ သို့မဟုတ် ကန့်ကွက်လွှာ၊ သို့မဟုတ် အပြိုင်လျှောက်လွှာများ။ | | |
| ၇။ ကြားဖြတ် လျှောက်လွှာများနှင့် သက်ဆိုင်သည့် စာတမ်းများ။ | | |
| ၈။ လျှောက်ထားသူအတွက် သက်သေ ထွက်ချက်များ | | |
| ၉။ သက်သေခံ စာချုပ် စာတမ်းများစာရင်း .... | | |
| ၁၀။ လျှောက်ထားခံရသူအတွက် သက်သေထွက်ချက်များ။ | | |
| ၁၁။ လျှောက်ထားခံရသူအတွက် သက်သေခံ စာချုပ် စာတမ်းများစာရင်း။ | | |
| ၁၂။ ၎င်းစာရင်းပါ စာချုပ်စာတမ်းများ .... | | |
| ၁၃။ တာဝန်ခံဆရာတော်၏ အစီရင်ခံစာ .... | | |
| ၁၄။ နှစ်ဘက်သော အမှုသည်တို့ အလိုရှိသော ဆုံးဖြတ်ချက် တောင်းဆိုသည့်လျှောက်လွှာ။ | | |
| ၁၅။ ဆုံးဖြတ်ချက် .... .... | | |
| စာမျက်နှာပေါင်း .... | | |

သက်သေခံ စာချုပ် စာတမ်းများအဖြစ် လက်မခံသော စာချုပ် စာတမ်းများကို အမှုတွဲတွင်တွဲမထားရ။ ၎င်းတို့ကိုတင်ပြသောအမှုသည်သို့ ပြန်ပေးလိုက်ရမည်။

တိုက်ဆိုင်ကြည့်ရှု၍ အထက်ပါအတိုင်း အမှန်တွေ့ရှိသည်။

ဝိနိစ္ဆယဌာနစာရေး။ — အမှုတွဲထိန်း၊ ခရိုင်တရားမရုံး။

၁၃——ခုနှစ်၊——လ——ရက်နေ့။ ၁၃——ခုနှစ်၊——လ——ရက်နေ့။

ဝိနိစ္ဆယဌာန ပုံစံ ၃၄

——————————ဝိနိစ္ဆယဌာန

၁၃ ..... —.. ခုနှစ်အတွင်း ခရိုင်အမှုတွဲခန်းသို့ ပို့သော
အမှုတွဲများစာရင်း။

ဝိနိစ္ဆယဌာန ပုံစံ ၃၆

**ပေးပို့သည့်ကြားစာစသည်များ**

| နေ့စွဲ | မှတ်ပုံတင်အမှတ် | အမှုတွဲအမှတ် | မည်သူထံသို့ပို့သည် | စာပါအကြောင်းအရာ |
| --- | --- | --- | --- | --- |
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | | |

ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်

| ပြန်စာလို မလို<br>(၆) | ပြန်စာ မှတ်ပုံတင် အမှတ်<br>(၇) | ပေးပို့သည့် မည်သည့် စာအမှတ် အတွက် နှိုးဆော် ထောက် ပေးသည်<br>(၈) |
|---|---|---|
| | | |

ဝိနိစ္ဆယဌာန ပုံစံ ၃၇

မြို့ဘွင်းစာပို့မှဘ်ပုံဘင်စာရင်းစာအုပ်

| စာပို့သည့်နေ့ | မှာကြားချက် | မည်သူ့ထံသို့ | စာလက်ခံသူ၏လက်မှတ်၊ ရာထူး နှင့် ရရှိသည့် နေ့စွဲ |
|---|---|---|---|
| | | | |

* ဤနေရာတွင် စာအမှတ်၊ သို့မဟုတ်အမှုတွဲအမှတ်နှင့်ပူးတွဲပေးပို့သော စာရွက်စာတမ်းများ၏စာရင်းကိုအကျဉ်းချုပ်ရေးထည့်ရန်၊

ပ၊မ၊ဗ၊စ၊—အမှတ် ၇၆၊ အမျိုးသားစိမံကိန်း၊ ၁၃-၅-၅၃—၅,၀၀၀—၄၊

အမှတ်စဉ်
နေ့စွဲ.....................

# ပါဠိပဟတ္တသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၇။]

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲထွန်းကား ပြန့်ပွားစည်ပင်ရေးအတွက် ပါဠိတက္ကသိုလ် ကည်ထောင်ရန်၎င်း၊ စာချဓမ္မာစရိယ ဆရာ တော်များကိုလည်း ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှုပလိဗောကင်းငြိမ်းစေရန်၎င်း၊ လိုအပ်သည်ဖြစ်သောကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော် သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယ အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်ထား ရန်မလိုလျှင်—

(က) ''ဗဟိုအဖွဲ့'' ဆိုသည်မှာ ပုဒ်မ ၈ အရ ဖွဲ့စည်းထားသော ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ကိုဆိုလိုသည်။

(ခ) ''အမှုဆောင်အဖွဲ့''ဆိုသည်မှာ၊ပုဒ်မ ၁၆ အရရွေးချယ်ဖွဲ့စည်း ထားသော ဗဟိုအဖွဲ့၏အမှုဆောင်အဖွဲ့ကိုဆိုလိုသည်။

(ဂ) ''စာချဓမ္မာစရိယ'' ဆိုသည့် စကားရပ်တွင် ''မူလစာချဓမ္မာ စရိယဆရာတော်''နှင့်'' သီးခြားစာချဓမ္မာစရိယဆရာတော်'' နှစ်မျိုးလုံးပါဝင်သည်။

(၁) '' မူလ စာချ ဓမ္မာစရိယ ဆရာတော် '' ဆိုသည်မှာ၊ ပညာ ဗ ဟု သု တ နှင့် ပြည့် စုံ ၍ စာ ပေ ကျမ်း ဂန် တတ် မြောက် ကျွမ်းကျင်တော်မူသည်ဟု ထင်ရှားကျော်စောသော မူလ စာချဆရာတော်ကိုဆိုလိုသည်။

(၂) '' သီးခြားစာချ ဓမ္မာစရိယ ဆရာတော် '' ဆိုသည်မှာ၊ နိုင်ငံ တော်အစိုးရ ကျင်းပသော စာချတန်း စာမေးပွဲ၌ ဖြစ်စေ၊ ရန်ကုန်မြို့၊ စေ တီ ယ င်္ဂ ဏ စာ ချ တန်း စာမေးပွဲ၌ဖြစ်စေ၊ မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတ စာချတန်းစာမေးပွဲ၌ ဖြစ်စေ ဝင်ရောက်ဖြေဆို၍၊ ပါရာဇိကဏ်ပါဠိတော်နှင့် အဋ္ဌ ကထာ၊သီလက္ခန်ပါဠိတော်နှင့် အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိ တော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာတည်းဟူသော ကျမ်းရင်း သုံးကျမ်းကို အောင်မြင်သော စာချဆရာတော်ကို ဆိုလို သည်။

(ဃ) '' ကျောင်း ''ဆိုသည့်စကားရပ်တွင် ကျောင်းတိုက်လည်းပါဝင် သည်။

အဘိုး—၁၅ ပြား]

၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပါဠိတက္ကသိုလ် ဖွဲ့စည်းတည်ထောင်ရမည်။ ပါဠိတက္ကသိုလ်တွင် မည်သည့်ကျောင်းမဆို ပုဒ်မ ၄ (၁) တွင် ပြဋ္ဌာန်းထားသောအင်္ဂါနှင့်ပြည့်စုံလျှင် ပါဝင်နိုင်ရမည်။

၄။ ။(၁) ပါဠိတက္ကသိုလ်တွင် ပါဝင်လိုသော ကျောင်းတကျောင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါဠိဘာသာပညာရေးအဖွဲ့ကကျင်းပသော ပဌမကြီးတန်းစာမေးပွဲကို အောင်မြင်ပြီး၍ ဓမ္မာစရိယစာချတန်း၌ ဆက်လက်စာသင်နေသူ စာသင်သားအရေအတွက်အနည်းဆုံး ဆယ်ပါး ရှိရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် အင်္ဂါနှင့် မပြည့်စုံသော ကျောင်းသည် တမြို့တည်း၌ဖြစ်စေ၊ တရွာတည်း၌ဖြစ်စေ၊ နီးစပ်ရာကျောင်းများနှင့် စုပေါင်းခြင်းဖြင့်လိုအပ်သောအင်္ဂါနှင့် ပြည့်စုံလျှင်၊ ထိုကဲ့သို့စုပေါင်း၍ပါဠိတက္ကသိုလ်တွင် ပါဝင်နိုင်သည်။

သို့ရာတွင် ယင်းသို့ပါဠိတက္ကသိုလ်ဝင် ကျောင်းတကျောင်းအဖြစ်ဖြင့် ပါဝင်ရန် စုပေါင်းထားသောကျောင်းများသည် ဤအက်ဥပဒေပါကိစ္စများအလို့ငှါ ပါဠိတက္ကသိုလ်ဝင်ကျောင်းတကျောင်းသာဖြစ်သည်ဟု မှတ်ယူရမည်။

ထို့ပြင် ဝါသိုခေတ်တခုတည်း၊ တရာင်တည်းဖြစ်သော ကျောင်းတခုအတွင်း ပါဠိတက္ကသိုလ်ဝင်ကျောင်းများခွဲ၍ မတည်ထောင်ရ။

၅။ ။(၁) ပါဠိတက္ကသိုလ်ဝင် ကျောင်းတကျောင်းသည် ပုဒ်မ ၄ (၁) တွင်သတ်မှတ်ထားသည့် စာသင်သားအရေအတွက်မပြည့်စုံလျှင်၊ ပါဠိတက္ကသိုလ်ဝင် ကျောင်းအဖြစ်မှ ရပ်စဲရမည်။

(၂) ပါဠိတက္ကသိုလ်ဝင် ကျောင်းတကျောင်း၏ စာသင်သားများအနက်၊ ပါဠိတက္ကသိုလ်ဝင် ကျောင်းဖြစ်သည့်နေ့မှစ၍ ခြောက်နှစ်အတွင်းတွင် ပါဠိတက္ကသိုလ်စာမေးပွဲ၌ ပါရာဇိကဏ်ပါဠိတော်နှင့် အဋ္ဌကထာ၊ သီလက္ခန်ပါဠိတော်နှင့် အဋ္ဌကထာ၊ မူလပဏ္ဏာသပါဠိတော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာတည်းဟူသော ကျမ်းရင်းသုံးကျမ်းလုံးကိုအောင်မြင်သောပုဂ္ဂိုလ်များ၏ အရေအတွက်သည်၊ ရာနှုန်း သုံးဆယ်အောက်လျော့လျှင်၊ ယင်းကျောင်းသည် ပါဠိတက္ကသိုလ်ဝင်ကျောင်းအဖြစ်မှ ရပ်စဲရမည်။

၆။ ။(၁) ပါဠိတက္ကသိုလ် စာသင်သားသည်၊ မိမိစာလိုက်နေသည့် ပါဠိတက္ကသိုလ်ဝင်ကျောင်းတွင်—

(က) တနှစ်လျှင်အနည်းဆုံးရှစ်လသီတင်းသုံးရမည်။ ထို့ပြင်

(ခ) ဒိဋ္ဌိ မအောင်မြင်သေးသော ကျမ်းစာများကို စာချဓမ္မာစရိယများက ပို့ချပေးသည့် စာဝါများအနက် ရာနှုန်း ခြောက်ဆယ်အောက်မနည်း စာလိုက်ရမည်။

(၂) ဤအက်ဥပဒေအာဏာ တည်သည့်နေ့မှစ၍ သုံးနှစ်အတွင်း၌မူကား၊ ပါဠိတက္ကသိုလ် စာသင်သားမဟုတ်သည့် ပုဂ္ဂိုလ်သည်၊ ပါဠိတက္ကသိုလ်စာချဓမ္မာစရိယဘွဲ့ထံတွင်ဖြစ်စေ၊ ပုဒ်မ ၂၆ အရ နိုင်ငံတော်အစိုးရ၏ လှူဒါန်းထောက်ပံ့ခြင်းကိုခံရသောစာချဓမ္မာစရိယတပါးထံတွင်ဖြစ်စေ၊ မိမိဖြေဆိုလိုသောကျမ်းစာများကို ထိုစာချဓမ္မာစရိယကပို့ချပေးသည့်စာဝါများအနက် ရာခိုင်နှုန်းရှစ်ဆယ်အောက်မနည်း

စာလိုက်၍၊ ယင်းသို့စာလိုက်ကြောင်း သက်သေခံလက်မှတ်ကို ဆိုင်ရာစာချဓမ္မာစရိယ ထံမှ ရရှိလျှင်၊ ပါဠိတက္ကသိုလ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်သည်။

၇။ ။(၁) တက္ကသိုလ်ဝင် ကျောင်းအုပ်ဆရာတော်သည်၊ မိမိကျောင်း အတွက် စာချဓမ္မာစရိယများကို မိမိသဘောအတိုင်းခန့်ထားနိုင် နုတ်ပယ်နိုင်သည်။ သို့ရာတွင် ထိုစာချဓမ္မာစရိယများသည် ရဟန်းတော်များသာဖြစ်ရမည်။

(၂) ဓမ္မာစရိယစာချတန်းတွင် စာသင်နေသော စာသင်သား ဆယ်ပါးကိုစာပို့ချရန်အတွက်၊ စာချဓမ္မာစရိယသုံးပါးခန့်ထားနိုင်သည်။ နောက်ထပ် စာသင်သားအရေအတွက် တိုးတက်လာသဖြင့်၊ ကျောင်းအုပ်ဆရာတော်က ဗဟိုအဖွဲ့သို့ စာချဓမ္မာစရိယတိုး၍ ခန့်နိုင်ရန်တောင်းလာသော်၊ ပြည့်စုံလုံလောက်သော အကြောင်း ရှိက၊ ဗဟိုအဖွဲ့သည် သင့်လျော်သလိုဆုံးဖြတ်၍ ခန့်ခွင့်ပြုနိုင်သည်။

၈။ ။(၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ပါဠိ တက္ကသိုလ်ဗဟိုအဖွဲ့တခုကို ဖွဲ့စည်းရမည်။

(၂) ဗဟိုအဖွဲ့တွင် အောက်ပါဆရာတော်များပါဝင်စေရမည်။

(က) ပါဠိတက္ကသိုလ်ဝင် ကျောင်းတကျောင်းမှ ကိုယ်စား လှယ်ဆရာတော်တပါးစီ။

(ခ) အပိုဒ် (က) တွင် ရည်ညွှန်းထားသည့် ဆရာတော် များ၏ညွှန်ကြားချက်အရ နိုင်ငံတော်အစိုးရက တင် မြှောက်သောပါဠိတက္ကသိုလ်ဝင်မဟုတ်သည့်ကျောင်း များမှ နာယကဆရာတော်များ၊ အဆိုပါနာယက ဆရာတော်များ၏ အရေအတွက်သည်၊ အပိုဒ် (က) တွင် ရည်ညွှန်းထားသည့် ဆရာတော်အားလုံး၏ ရာနိုင်နှုန်း သုံးဆယ်ထက်မပိုစေရ။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါဠိဘာသာ ပညာ ရေးအဖွဲ့၏နာယက ဆရာတော်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်ဆရာ တော် နှစ်ပါး။

(၃) (က) ပါဠိတက္ကသိုလ်ဝင်ကျောင်းမှကိုယ်စားလှယ်ဆရာတော် သည်၊ ကျောင်းအုပ်ဆရာတော်ကိုယ်တိုင်သော်၎င်း၊ ထိုဆရာတော်က တင်မြှောက်သည့် မိမိကျောင်းရှိ စာချဓမ္မာစရိယတပါးသော်၎င်း ဖြစ်စေရမည်။

(ခ) ကျောင်းအုပ် ဆရာတော်က မိမိကျောင်းရှိ စာ ချ ဓမ္မာ စရိယကို ကိုယ်စားလှယ် ဆရာတော်အဖြစ် တင်မြှောက်သည့်အခါ၊ ထိုစာချဓမ္မာစရိယ သည် ဗဟိုအဖွဲ့တွင်ယင်းသို့ ညွှန်ကြားသည့်နေ့မှစ၍ သုံးနှစ်ပါဝင်ရမည်။

သို့ရာတွင် ထိုစာချဓမ္မာစရိယသည်၊ အဆိုပါသုံးနှစ်အတွင်း၌ ထိုကျောင်း၏ စာချဓမ္မာစရိယအဖြစ်မှရပ်စဲခဲ့သော်၊ ဗဟိုအဖွဲ့ဝင်အဖြစ်မှရပ်စဲရမည်။

(၄) ပုဒ် (၂) အပိုဒ် (ခ) နှင့် (ဂ) တို့အရတင်မြှောက်သော ဆရာတော်သည်၊ဗဟိုအဖွဲ့တွင် ယင်းသို့တင်မြှောက်သည့်နေ့မှစ၍ သုံးနှစ်ပါဝင်ရမည်။ သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါဠိဘာသာပညာရေးအဖွဲ့၏ နာယကဆရာ

တော်ဖြစ်လျှင်၊ ထိုဆရာတော်သည် အဆိုပါသုံးနှစ်အတွင်း၌ နာယကဆရာတော်အဖြစ် မှရပ်စဲခဲ့သော်၊ ဗဟိုအဖွဲ့ဝင်အဖြစ်မှရပ်စဲရမည်။

၉။ ။(၁) ဗဟိုအဖွဲ့သည်၊မိမိတို့အထဲမှဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်တပါးစီ ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည်၊ သို့တည်းမဟုတ် ဒုတိယ ဥက္ကဋ္ဌဆရာ တော်သည်၊ရွေးကောက်တင်မြှောက်သည့်နေ့မှစ၍ ဥက္ကဋ္ဌဆရာတော်၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်၌ သုံးနှစ်တည်မြဲရမည်။

သို့ရာတွင် ထိုဥက္ကဋ္ဌဆရာတော်သည်၊သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌဆရာတော် သည်၊အဆိုပါသုံးနှစ်အတွင်း၌ ဗဟိုအဖွဲ့ဝင်ဆရာတော်အဖြစ်မှရပ်စဲခဲ့သော်၊ ဗဟိုအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်၊သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်မှရပ်စဲရမည်။

(၃) ဥက္ကဋ္ဌဆရာတော်သည်၊ ဗဟိုအဖွဲ့၏ အစည်းအဝေးများတွင် သဘာပတိအဖြစ်ဖြင့်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်မတက်ရောက်သည့်ဗဟိုအဖွဲ့၏ အစည်းအဝေးတွင်၊ ဒုတိယဥက္ကဋ္ဌဆရာတော်ကသဘာပတိအဖြစ်ဖြင့်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်နှင့်ဒုတိယဥက္ကဋ္ဌ ဆရာတော်နှစ်ပါးလုံးမတက်ရောက်သည့်ဗဟိုအဖွဲ့၏ အစည်းအဝေးတွင်၊သဘာပတိအဖြစ်ဖြင့်ဆောင်ရွက်ရန် အစည်းအဝေးသို့တက်ရောက် သည့်ဗဟိုအဖွဲ့ဝင်ဆရာတော်များက မိမိတို့အထဲမှဆရာတော်တပါးကို ရွေးကောက်တင် မြှောက်ရမည်။

၁၀။ ။(၁) ပုဒ်မ ၈ (၃) (ခ) နှင့် ပုဒ်မ ၈ (၄) တွင်မည်သို့ပင်ပါရှိစေ ကာမူ၊ ဗဟိုအဖွဲ့ဝင်ဆရာတော်တပါးသည်၊ အောက်ဖော်ပြပါအကြောင်းတခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်၊ဗဟိုအဖွဲ့ဝင်ဆရာတော်အဖြစ်မှရပ်စဲသည်ဟုမှတ်ယူရမည်။

(က) လူထွက်သော်၄င်း။
(ခ) ပံ့တော်မူသော်၄င်း။
(ဂ) စိတ်ပျံ့လွင့်ရူးသွပ်သော်၄င်း။
(ဃ) ပါရာဇိက အာပတ္တိ မိကရုဏ်းဖြစ်၍ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်း ဂဏ ဝိနည်းမှုရုံးထံမှ၊ သုဒ္ဓဆုံးဖြတ်ချက်ကို မရ သော်၄င်း။
(င) အကျင့်စာရိတ္တနှင့် ပတ်သက်သော ရာဇဝတ်မှုဖြင့် အပြစ်ခံရသော်၄င်း၊ သို့တည်းမဟုတ် အပြစ်ခံရဘူး သော်၄င်း။
(စ) ဗဟိုအဖွဲ့ဝင်ဆရာတော်အဖြစ်မှ နုတ်ထွက်သော်၄င်း။
(ဆ) ဗဟိုအဖွဲ့၏ သုံးလတကြိမ် အစည်းအဝေး သုံးခုသို့ တဆက်တည်း မတက်ရောက်ဘဲ နေသော်၄င်း။

(၂) ဆရာတော်တပါးသည်၊ဗဟိုအဖွဲ့ဝင်အဖြစ်မှရပ်စဲသဖြင့်၊ ဗဟို အဖွဲ့တွင် နေရာလစ်လပ်ခဲ့သော်၊ ထိုအဖွဲ့ဝင်အဖြစ်မှရပ်စဲသောဆရာတော်ကိုတင်မြှောက် ခဲ့သည့်နည်းအတိုင်း၊ အဖွဲ့ဝင်အသစ်ကိုတင်မြှောက်၍လစ်လပ်သည့်နေရာကိုဖြည့်ရမည်။

သို့ရာတွင် ယင်းသို့နောက်ထပ်ဝင်ရောက်သည့်ဆရာတော်သည်၊ဗဟိုအဖွဲ့ဝင်အဖြစ်မှ ရပ်စဲသည့်ဆရာတော်ပါဝင်ရန်၊ ကျန်ရှိနေသေးသော ကာလအပိုင်းအခြားအတွက်သာလျှင်ပါဝင်ရမည်။

(၃) ပါဠိတက္ကသိုလ်ဝင်ကျောင်း၏ ကျောင်းအုပ် ဆရာတော်သည်၊ သို့တည်းမဟုတ် စာချဓမ္မာစရိယသည်၊ ပုဒ်မခွဲ(၁) အပိုဒ် (က)၊(ခ)၊(ဂ)၊(ဃ) သို့တည်းမဟုတ် (င)တွင် ဖော်ပြထားသည့် အကြောင်းတခုခုကြောင့် အရည်အချင်း ပျက်ယွင်းလျှင်၊ ကျောင်းအုပ် ဆရာတော်အဖြစ်မှ၊ သို့တည်းမဟုတ် စာချဓမ္မာစရိယအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

၁၁။ ။(၁) ဗဟိုအဖွဲ့မှာ၊ ပါဠိတက္ကသိုလ်အတွက် စီမံဆောင်ရွက်ဘွယ်ရှိသမျှကို စီမံဆောင်ရွက်နိုင်ခွင့်ရှိစေရမည့်ပြင်၊ ပုဒ်မ ၁၆ တွင် ရည်ညွှန်းထားသည့် အမှုဆောင်အဖွဲ့၏ဆောင်ရွက်ချက်ကို ကြီးကြပ်ပြင်ဆင်ဖြည့်စွက်နိုင်ခွင့် ရှိစေရမည်။

(၂) အထူးသဖြင့် ဗဟိုအဖွဲ့သည်၊ အောက်ပါကိစ္စများကို ဆောင်ရွက်နိုင်သည်။

(က) ပုဒ်မ ၄ (၁) တွင်ပြဋ္ဌာန်းထားသည့် အင်္ဂါနှင့်ပြည့်စုံ၍ ပါဠိတက္ကသိုလ်တွင် ပါဝင်လိုသော ကျောင်းများကို စစ်ဆေးပြီးလျှင်၊ ပါဠိတက္ကသိုလ်ဝင် ကျောင်းများအဖြစ် အသိအမှတ်ပြုရန်။

(ခ) ဓမ္မာစရိယ စာချတန်းစာမေးပွဲများကိုငင်း၊ အလားတူ စာမေးပွဲများကိုငင်း၊ပရိယတ္တိသာသနာတိုးတက်ရေး အတွက်၊ ထိုစာမေးပွဲများထက် မိန့်ကျေးဇူးများမည့် စာမေးပွဲများကိုငင်း ကျင်းပရန်။

(ဂ) ဆိုခဲ့သော စာမေးပွဲများအတွက် စည်းမျဉ်းဥပဒေများ သတ်မှတ်ခြင်းစသော စီမံဆောင်ရွက်ဘွယ်ရှိသမျှကို ဆောင်ရွက်ရန်။

(ဃ) ဆိုခဲ့သော စာမေးပွဲများကို အောင်မြင်သောပုဂ္ဂိုလ်များအား၊ ဆုလက်မှတ်၊တံဆိပ်၊ဘွဲ့ထူး၊ဂုဏ်ထူးများ အပ်နှင်းချီးမြှောက်ရန်။

(င) ပါဠိတက္ကသိုလ်အတွက်၊ ပါဠိတက္ကသိုလ်ဝင် ကျောင်းများအတွက်၊ ဆုတံဆိပ်များအတွက်၊ ပညာသင်စရိတ်၊စကောလားရှစ်ဆုအတွက်သည်ဖြင့် လှူဒါန်းလာကြသောငွေနှင့် အခြား ဝတ္ထု ပစ္စည်းများကို အလှူခံ၍စီမံခန့်ခွဲသုံးစွဲရန်။

မှတ်ချက်။ ။သို့အလှူခံရာစီမံခန့်ခွဲသုံးစွဲရာ၌ ဝိနည်းဒေသနာတော်နှင့်ညီညွတ်အောင်၊ ကပ္ပိယကာရကလိုလျှင်၊ ပုဒ်မ ၁၃ (၁) အရ ခန့်ထားသော တွဲဘက်အတွင်းရေးမှူးနှင့် ပုဒ်မ ၁၄ အရ ခန့်ထားသောအကျိုးဆောင်ငွေထိန်းလူကြီးသည်၊ကပ္ပိယကာရကဖြစ်ကြရမည်။

(စ) သို့လက်ခံ သုံးစွဲရာတွင် နိုင်ငံတော် အစိုးရထံမှငင်း၊ အခြား အလှူရှင်များထံမှငင်း၊ သက်ဆိုင်ရာ ကိစ္စ အတွက်ရရှိသော အလှူငွေနှင့် အခြားဝတ္ထုပစ္စည်း

များကို ဗဟိုအဖွဲ့ဝင် ဆရာတော်များအားရင်း၊ ပါဠိ တက္ကသိုလ်ဝင် ကျောင်းများအားရင်း၊ ထိုကျောင်း များ၏ ကျောင်းအုပ် ဆရာတော် များအားရင်း၊ ထိုကျောင်းများ၏ စာချ ဓမ္မာစရိယ များအားရင်း လှူဒါန်းထောက်ပံ့ရန်။

(ဆ) သုံလက်ခံသုံးစွဲရာတွင် နိုင်ငံတော် အစိုးရထံမှရင်း၊ အခြား အလှူရှင်များ ထံမှရင်း၊ သက်ဆိုင်ရာ ကိစ္စ အတွက်ရရှိသော အလှူငွေနှင့် အခြားဝတ္ထုပစ္စည်း များကို ပါဠိတက္ကသိုလ်စာမေးပွဲအောင် ပုဂ္ဂိုလ်များ အားရင်း၊ ပါဠိတက္ကသိုလ်စာသင်သားများအားရင်း လှူဒါန်းထောက်ပံ့ရန်။

(ဇ) ဗဟိုအဖွဲ့က လွှဲအပ်သော တာဝန် ဝတ်တရားများကို ဆောင်ရွက်ခြင်းအလို့ငှါ အခါကာလအားလျော်စွာ ဗဟိုအဖွဲ့ဝင် ဆရာတော်များပါဝင်သော အဖွဲ့ငယ် များခန့်ထားရန်။

(ဈ) ဤအက်ဥပဒေပါ ကိစ္စများအတွက် ဤအက်ဥပဒေနှင့် မဆန့်ကျင်သော စည်းမျဉ်းဥပဒေများကို သတ်မှတ် ပြဋ္ဌာန်းရန်။

(ည) ဤအက်ဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင် စေရန်၊ ပြဉ္စဝယ်ကိစ္စဟူသမျှကို စီမံဆောင်ရွက်ရန်။

၁၂။ ။(၁) ဗဟိုအဖွဲ့သည်၊ မိမိတို့အထဲမှ အတွင်းရေးမှူး ဆရာတော် တပါးကို ရွေးချယ်တင်မြှောက်ရမည်။

(၂) ထိုအတွင်းရေးမှူး ဆရာတော်သည်၊ ယင်းသို့ ရွေးချယ်တင် မြှောက်သည့်နေ့မှစ၍ အတွင်းရေးမှူးရာထူး၌ သုံးနှစ်တည်မြဲရမည်။

သို့ရာတွင် ထိုအတွင်းရေးမှူးဆရာတော်သည်၊အဆိုပါသုံးနှစ်အတွင်း၌ ဗဟိုအဖွဲ့ ဝင်ဆရာတော်က မဖြစ်မှုရပ်စဲခဲ့သော်၊ အတွင်းရေးမှူးဆရာတော်အဖြစ်မှရပ်စဲရမည်။

၁၃။ ။(၁) ဗဟိုအဖွဲ့တွင် တွဲဘက်အတွင်းရေးမှူးအဖြစ်ဖြင့် အမှုထမ်း ဆောင်ရန်၊ နိုင်ငံတော်သမတ က ဗဟိုအဖွဲ့၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ နိုင်ငံတော်အတက်တန်း ငန်ထမ်းအရာရှိ ဥပါသကာတဦးကို ခန့်ထားရမည်။

(၂) ဗဟိုအဖွဲ့အတွက် ဤအက်ဥပဒေ၏ ပဋ္ဌမဇယားတွင် ဖော်ပြ ထားသည့်အတိုင်း ရာထမ်း မှုထမ်းများရှိစေရမည်။ ထိုရာထမ်း မှုထမ်းများကို တွဲဘက် အတွင်းရေးမှူးက ခန့်ထားရမည်။ သို့ရာတွင် နိုင်ငံတော်သမတ သည်၊ ထိုဇယားကို အခါ ကာလအားလျော်စွာပြင်ဆင်နိုင်သည်။

(၃) ပုဒ်မခွဲ(၁)နှင့်(၂)တို့တွင် ရည်ညွှန်းထားသည့်အရာရှိနှင့် ရာထမ်း မှုထမ်းများ၏ လစာနှင့်စရိတ်များသည်၊ နိုင်ငံတော်သမတ က သတ်မှတ်သည့် အတိုင်းဖြစ်စေရမည်။

အမှတ်စဉ်.............
နေ့စွဲ.............

# ၁၃၁၃ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ဂ။]

(၁၉၅၇ ခုနှစ်၊ ပြန်လည်ပုံနှိပ်ခြင်း။)

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၃၁၃ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယအက်ဥပဒေတွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်အဖြစ်ဖြင့် ထည့်သွင်းရမည်။

> ''သို့ရာတွင် ယင်းသို့စာသင်သားအရေအတွက်မပြည့်စုံခြင်းသည်၊ ထိုကျောင်းရှိ ပါဠိတက္ကသိုလ်စာသင်သားများအနက် အချို့သော စာသင်သားများ ပါဠိတက္ကသိုလ်စာမေးပွဲ အောင်မြင်သည့် အကြောင်းကြောင့် ဖြစ်လျှင် ထိုကျောင်းသည် အဆိုပါ စာသင်သားများ စာမေးပွဲ အောင်မြင်သည့်နေ့မှစ၍ သုံးလကုန်ဆုံးသည့်နေ့အထိ လိုအပ်သော စာသင်သားအရေအတွက်မပြည့်စုံမှုသာ၊ ထိုသုံးလကုန်ဆုံးသည့်နေ့ နောက်နေ့တွင် ပါဠိတက္ကသိုလ်ဝင်ကျောင်းအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။''

အဘိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၉ဂ၊ တရားရေးဝန်ကြီးဌာန ၂ဂ-၁-၅၇—၂,၀၀၀—၂။

အမှတ်စဉ်............
နေ့စွဲ............

# ၁၃၁၃ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၈။]

(၁၉၅၇ ခုနှစ်၊ ပြန်လည်ပုံနှိပ်ခြင်း။)

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၃၁၃ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယအက်ဥပဒေတွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်အဖြစ်ဖြင့် ထည့်သွင်းရမည်။

"သို့ရာတွင် ယင်းသို့စာသင်သားအရေအတွက်မပြည့်စုံခြင်းသည်၊ ထိုကျောင်းရှိ ပါဠိတက္ကသိုလ်စာသင်သားများအနက် အချို့သော စာသင်သားများ ပါဠိတက္ကသိုလ်စာမေးပွဲ အောင်မြင်သည့် အကြောင်းကြောင့် ဖြစ်လျှင် ထိုကျောင်းသည် အဆိုပါ စာသင်သားများ စာမေးပွဲ အောင်မြင်သည့်နေ့မှစ၍ သုံးလကုန်ဆုံးသည့်နေ့အထိ လိုအပ်သော စာသင်သားအရေအတွက်မပြည့်စုံမှသာ၊ ထိုသုံးလကုန်ဆုံးသည့်နေ့ နောက်နေ့တွင် ပါဠိတက္ကသိုလ်ဝင်ကျောင်းအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။"

အဘိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၉၈၊ တရားရေးဝန်ကြီးဌာန ၂၈-၁-၅၇—၂,၀၀၀—၂။

အမှတ်စဉ်............
နေ့စွဲ............

# ၁၃၁၄ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၇။]

(၁၉၆၂ ခုနှစ်တွင် ထပ်မံပုံနှိပ်သည်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၃၁၄ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ'' ဟု ရည်ညွှန်းသည့်ကောဇာ သက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ် နှင့် ဓမ္မာစရိယအက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ) တွင် ''သုံးလတကြိမ်'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁) တွင် ''သုံးလလျှင် တကြိမ်'' ဆိုသည့်စကားရပ်အစား ''ခြောက်လလျှင်တကြိမ်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၁) တွင် ''တလလျှင်တကြိမ်'' ဆိုသည့်စကားရပ်အစား ''သုံးလလျှင်တကြိမ်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''သုံးလတကြိမ်ကျင်းပသော'' ဆိုသည့်စကားရပ် ကိုပယ်ဖျက်၍ ''သုံးလချုပ်'' ဆိုသည့်စကားရပ်အစား ''ခြောက် လချုပ်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) ၌ ''အစည်းအဝေးဖြစ်သော သုံးလတကြိမ်'' ဆို သည့်စကားရပ်ကို ပယ်ဖျက်ရမည်။ ထို့အပြင်

(ဂ) ပုဒ်မခွဲ (၃) ၌ ''သုံးလတကြိမ်ဆိုသည့်စကားရပ်ကို'' ပယ်ဖျက် ရမည်။

၆။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၂ တွင် ''အစည်းအဝေး ဖြစ်သော သုံးလတကြိမ်'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၆ တွင် ''ပါဠိတက္ကသိုလ်တွင် မပါဝင် သောကျောင်းများရှိ'' ဆိုသည့်စကားရပ်အစား ''ပါဠိတက္ကသိုလ်စာချ ဓမ္မာစရိယ မဟုတ်သည့်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၇ တွင် ''ပါဠိတက္ကသိုလ်တွင် မပါဝင် သောကျောင်းများရှိ စာချ ဓမ္မာစရိယ များအားရင်း၊'' ဆိုသည့် စကားရပ် အစား ''ကျောင်းအုပ်ဆရာတော်များအားရင်း၊ စာချဓမ္မာစရိယများအားရင်း၊ အခြားရဟန်း တော်များအားရင်း'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

အဘိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၁၇၇၊ တရားရေးဌာန၊ ၁၆-၅-၆၂—၁,၀၀၀—၂။

(၄) ဆိုခဲ့သောအရာရှိနှင့် ရာထမ်း မှုထမ်းများသည်၊ ဗဟိုအဖွဲ့နှင့် ပုဒ်မ ၃၆ တွင် ရည်ညွှန်းထားသည့် အမှုဆောင်အဖွဲ့တို့က စီမံချထားသော တာဝန်ဝတ်ကရားများကိုထမ်းဆောင်ကြရမည်။

၁၄။ ။နိုင်ငံတော်သမတ သည်၊ ဗဟိုအဖွဲ့၏သဘောတူညီချက်ကို ကြိုတင်ရယူ၍ အကျိုးဆောင်ငွေထိန်းလူကြီးတယောက်ခန့်ထားရမည်။

၁၅။ ။(၁) ဗဟိုအဖွဲ့သည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ သာမန်အားဖြင့် သုံးလလျှင်တကြိမ်၊ ဥက္ကဋ္ဌဆရာတော် သတ်မှတ်သောနေ့တွင် အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌ ဆရာတော်သည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်သောအခါ၊ ဗဟိုအဖွဲ့၏အထူးအစည်းအဝေးကိုဘိတ်ခေါ်နိုင်သည်။

(၃) ဆယ်ပါးအောက်မနည်းသော ဗဟိုအဖွဲ့ဝင်ဆရာတော်များက လက်မှတ်ရေးထိုး၍ ပါဠိတက္ကသိုလ်ဆိုင်ရာ ကိစ္စတခုခုအတွက်ဗဟိုအဖွဲ့၏ အထူးအစည်းအဝေးကို ဘိတ်ခေါ်စေလိုကြောင်း ဥက္ကဋ္ဌဆရာတော်ထံအကြောင်းကြားလျှင်၊ ဥက္ကဋ္ဌဆရာတော်သည်၊ ဗဟိုအဖွဲ့၏အထူးအစည်းအဝေးကို ဘိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်ဆရာတော်ဆယ်ပါးအောက်မနည်းတက်ရောက်လျှင်၊ ထိုအစည်းအဝေးကိုကျင်းပနိုင်စေရမည်။

၁၆။ ။(၁) ဗဟိုအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ ဗဟိုအဖွဲ့ဝင်ဆရာတော် အနည်းဆုံး ခုနစ်ပါး၊ အများဆုံးဆယ်ပါးပါဝင်သောအမှုဆောင်အဖွဲ့တခုကို ရွေးချယ်ဖွဲ့စည်းထားရမည်။

(၂) အမှုဆောင်အဖွဲ့တွင် ဗဟိုအဖွဲ့၏ဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌဆရာတော်ပါဝင်လျှင်၊ ထိုဗဟိုအဖွဲ့၏ဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌဆရာတော်တို့သည်၊ ထိုအမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌဆရာတော် အသီးသီးဖြစ်စေရမည်။ ယင်းသို့ဗဟိုအဖွဲ့၏ဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယ ဥက္ကဋ္ဌ ဆရာတော်သည် အမှုဆောင်အဖွဲ့တွင် မပါဝင်လျှင်၊ ထိုအမှုဆောင်အဖွဲ့က မိမိတို့အထဲမှ ဥဋ္ဌက္ကဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌဆရာတော်တပါးစီ ရွေးကောက်တင်မြှောက်ရမည်။

(၃) ဥက္ကဋ္ဌဆရာတော်သည်၊ အမှုဆောင်အဖွဲ့၏ အစည်းအဝေးများတွင် သဘာပတိအဖြစ်ဖြင့်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်မတက်ရောက်သည့် အမှုဆောင်အဖွဲ့၏ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌဆရာတော်က သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌဆရာတော် နှစ်ပါးလုံး မတက်ရောက်သည့်အမှုဆောင်အဖွဲ့၏အစည်းအဝေးတွင် သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရန်၊ အစည်းအဝေးသို့ တက်ရောက်သည့် အမှုဆောင်အဖွဲ့ဝင် ဆရာတော်များက မိမိတို့အထဲမှ ဆရာတော်တပါးကို ရွေးကောက်တင်မြှောက်ရမည်။

(၄) အမှုဆောင်အဖွဲ့သည်၊ ရွေးချယ်ဖွဲ့စည်းသည့်နေ့မှစ၍ သုံးနှစ်တည်မြဲရမည်။

သို့ရာတွင် အမှုဆောင်အဖွဲ့ဝင်ဆရာတော်တပါးသည် အဆိုပါသုံးနှစ်အတွင်း၌ ဗဟိုအဖွဲ့ဝင် ဆရာတော်အဖြစ်မှ ရပ်စဲခဲ့သော်၊ အမှုဆောင်အဖွဲ့ဝင် ဆရာတော်အဖြစ်မှ ရပ်စဲရမည်။

(၅) ဗဟိုအဖွဲ့၏အတွင်းရေးမှူးဆရာတော်နှင့်တွဲဘက်အတွင်းရေးမှူးတို့သည်၊ အမှုဆောင်အဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးဖြစ်စေရမည်။

၁၇။ ။(၁) အမှုဆောင်အဖွဲ့သည်၊ ဗဟိုအဖွဲ့ကလွှဲအပ်သော ကိစ္စတာဝန်များကို ဗဟိုအဖွဲ့ကသတ်မှတ်ပေးသော စည်းကမ်းများအတိုင်း ဆောင်ရွက်ရမည်။

(၂) အမှုဆောင်အဖွဲ့က ဆောင်ရွက်သည့်ကိစ္စများကို ဗဟိုအဖွဲ့၏ အစည်းအဝေးသို့တင်ပြရမည်။

၁၈။ ။(၁) အမှုဆောင်အဖွဲ့သည်၊ သာမန်အားဖြင့် တလလျှင်တကြိမ် အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော် သတ်မှတ်သောနေ့တွင် စည်းဝေးရမည်။

(၂) အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်သည်၊ မိမိသင့်လျော်သည်ဟုထင်မြင်သောအခါ၊ အထူးအစည်းအဝေးကို ဘိတ်ခေါ်နိုင်သည်။

(၃) လေးပါးအောက်မနည်းသောအမှုဆောင်အဖွဲ့ဝင်ဆရာတော်များက လက်မှတ်ရေးထိုး၍ အလုပ်လိုအရေးကြီးသောကိစ္စတခုခုအတွက် အထူးအစည်းအဝေး ဘိတ်ခေါ်စေလိုကြောင်း၊ အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ထံ အကြောင်းကြားလျှင်၊ ထိုဥက္ကဋ္ဌဆရာတော်သည်၊ အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ဘိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ အမှုဆောင်အဖွဲ့ဝင် ဆရာတော် ငါးပါးအောက်မနည်းတက်ရောက်လျှင်၊ ထိုအစည်းအဝေးကိုကျင်းပနိုင်စေရမည်။

၁၉။ ။ဗဟိုအဖွဲ့၏ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏အစည်းအဝေးတွင် စဉ်းစားဆွေးနွေးသည့်ကိစ္စများကို၊ အစည်းအဝေးတက်ရောက်သည့် ဆရာတော်များ၏ များသောသဘောဆန္ဒအရ ဆုံးဖြတ်ရမည်။ သဘောဆန္ဒတူနေသည့်အခါ၊ သဘာပတိဆရာတော်က မိမိသဘောအတိုင်း အနိုင်အရှုံးကိုဆုံးဖြတ်နိုင်သည်။

၂၀။ ။ဗဟိုအဖွဲ့၏၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များသည်၊ အဆိုပါဗဟိုအဖွဲ့၏၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏ အဖွဲ့ဝင်များစုံလင်ခြင်းမရှိဟူသောအကြောင်းကြောင့်၎င်း၊ အဖွဲ့ဝင်တင်မြှောက်ရာ၌စည်းကမ်းနှင့်မညီညွတ်ဟူသောအကြောင်းကြောင့်၎င်း ပျက်ပြယ်မရှိစေရ။

၂၁။ ။(၁) တွဲဘက် အတွင်းရေးမှူးသည်၊ သုံးလတကြိမ် ကျင်းပသော ဗဟိုအဖွဲ့၏သာမန်အစည်းအဝေးများတွင် ပါဠိတက္ကသိုလ်အတွက်သုံးလချုပ်စာရင်းများကို အမှုဆောင်အဖွဲ့မှတဆင့်တင်ပြရမည်။

(၂) တွဲဘက်အတွင်းရေးမှူးသည်၊ ဗဟိုအဖွဲ့၏ အထွက်အဝင်ငွေစာရင်းများကို အစိုးရစာရင်းစစ်များအား စစ်ဆေးစေပြီးလျှင်၊ နှစ်ချုပ်စာရင်းကို အစိုးရစာရင်းစစ်များ၏သက်သေခံလက်မှတ်နှင့်မှတ်ချက်များပါပူးတွဲ၍တနှစ်လျှင်တကြိမ်၊ ဗဟိုအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးဖြစ်သော သုံးလတကြိမ် အစည်းအဝေးတွင် အမှုဆောင်အဖွဲ့မှတဆင့်တင်ပြရမည်။

(၃) တွဲဘက်အတွင်းရေးမှူးသည်၊ပါဠိတက္ကသိုလ်အတွက် ရ-သုံးခန့်မှန်းခြေစာရင်းအကြမ်းကို တနှစ်လျှင်တကြိမ်၊ နိုင်ငံတော်အစိုးရ၏ ရ-သုံးခန့်မှန်းခြေစာရင်း၌ပါဝင်နိုင်ရန်၊ ဗဟိုအဖွဲ့၏ သုံးလတကြိမ်အစည်းအဝေးတွင် အမှုဆောင်အဖွဲ့မှတဆင့်တင်ပြရမည်။

၂၂။ ။အတွင်းရေးမှူးဆရာတော်နှင့် တွဲဘက်အတွင်းရေးမှူးသည်၊ နှစ်စဉ်နှစ်ချုပ်အစီရင်ခံစာများကိုစီစဉ်ရေးသားပြီးလျှင်၊ဗဟိုအဖွဲ့၏နှစ်ပတ်လည်အစည်းအဝေးဖြစ်သော သုံးလတကြိမ်အစည်းအဝေးတွင် အမှုဆောင်အဖွဲ့မှတဆင့်တင်ပြရမည်။

၂၃။ ။ပါဠိတက္ကသိုလ်ဝင်ကျောင်း၏ကျောင်းအုပ်ဆရာတော်နှင့် စာချဓမ္မာစရိယတို့သည်၊ နိုင်ငံတော်အစိုးရ၏လှူဒါန်းထောက်ပံ့မှုကို ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ဖော်ပြထားသောနှုန်းများအတိုင်း ရရှိရမည်။ သို့ရာတွင် နိုင်ငံတော်သမတသည်၊ ထိုနှုန်းများကို အခါကာလအားလျော်စွာ ပြင်ဆင်နိုင်သည်။

၂၄။ ။ဗဟိုအဖွဲ့ဝင်ဆရာတော်များ၊အမှုဆောင်အဖွဲ့ဝင်ဆရာတော်များနှင့် ပုဒ်မ ၁၁ (၂) (ဇ) အရခန့်ထားသောအဖွဲ့ငယ်ဝင်ဆရာတော်များသည်၊ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊အစည်းအဝေးများသို့ဘက်ရောက်သည့်အတွက်၊ ခရီးစရိတ်နှင့်အခြားစရိတ်များကိုနိုင်ငံတော်သမတ က သတ်မှတ်ထားသော နှုန်းများအတိုင်း ရရှိရမည်။

၂၅။ ။တွဲဘက်အတွင်းရေးမှူးမှာ သာလျှင်၊ ပါဠိတက္ကသိုလ်ကိစ္စများအတွက် ပါဠိတက္ကသိုလ်ရံပုံငွေမှ ငွေထုတ်ယူနိုင်ခွင့်ရှိစေရမည်။ ထိုတွဲဘက်အတွင်းရေးမှူးသည်၊ အကျိုးဆောင်ငွေထိန်းလူကြီးနှင့် ပူးတွဲလက်မှတ်ထိုးသော ချက်လက်မှတ်ဖြင့်သာလျှင်၊ ငွေများကိုထုတ်ယူရမည်။

၂၆။ ။နိုင်ငံတော်အစိုးရသည်၊ ပါဠိတက္ကသိုလ်တွင်မပါဝင်သော ကျောင်းများရှိ အရည်အချင်းနှင့်ပြည့်စုံသော စာချဓမ္မာစရိယများကို ဤအက်ဥပဒေ၏ တတိယဇယားပါနည်းဥပဒေများအရ ရွေးချယ်၍ ထိုနည်းဥပဒေများတွင် သတ်မှတ်ထားသော နှုန်းအတိုင်းလှူဒါန်းထောက်ပံ့ရမည်။ နိုင်ငံတော်သမတသည်၊ ထိုနည်းဥပဒေများနှင့် နှုန်းကို အခါကာလအားလျော်စွာပြင်ဆင်နိုင်သည်။ သို့ရာတွင် မည်သည့်အခါမဆို၊ ထိုနှုန်းသည် ပါဠိတက္ကသိုလ်စာချဓမ္မာစရိယများအား လှူဒါန်းသည့်နှုန်း၏တဝက်သာ ဖြစ်စေရမည်။

၂၇။ ။ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ဗဟိုအဖွဲ့အားငှင်း၊ပါဠိတက္ကသိုလ်တွင်မပါဝင်သောကျောင်းများရှိ စာချဓမ္မာစရိယများအားငှင်း၊ ငွေကိုဖြစ်စေ၊ အခြားဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လှူဒါန်းထောက်ပံ့သည့်အခါ၊ နိုင်ငံတော်အစိုးရသည်၊သို့တည်းမဟုတ် အခြားသောအလှူရှင်သည် ဝိနည်းဒေသနာတော်နှင့်အညီ လှူဒါန်းထောက်ပံ့ရမည်။

## ပဌမဇယား။

[ပုဒ်မ ၁၃(၂)]

ဗဟိုအဖွဲ့အတွက် ရာထမ်းမှုထမ်းများ—

| | | |
|---|---|---|
| (၁) | ရုံးအုပ် | .... ၁ |
| (၂) | အထက်တန်းစာရေး | .... ၂ |
| (၃) | အောက်တန်းစာရေး | .... ၂ |
| (၄) | လက်နှိပ်စက်စာရေး | .... ၁ |
| (၅) | စာပေးစာယူစာရေး | .... ၁ |
| (၆) | မင်းစေ | .... ၂ |

## ဒုတိယဇယား။

[ပုဒ်မ ၂၃။]

| | |
|---|---|
| | ငွေ(ကျပ်)။ |
| (က) တက္ကသိုလ်ဝင် စာချ မဟာစရိယ တပါး အတွက် တလလျှင် ဆွမ်းဆန်တော် .... .... | ၆၀ |
| (ခ) စာချ မဟာစရိယ မဟုတ်သည့် ပါဠိ တက္ကသိုလ်ဝင် ကျောင်းအုပ်ဆရာတော် တပါးအတွက်တလလျှင် ဆွမ်းဆန်တော် .... .... | ၆၀ |
| (ဂ) စာချမဟာစရိယဖြစ်သော ပါဠိတက္ကသိုလ်ဝင်ကျောင်း အုပ် ဆ ရာ တော် တ ပါး အတွက် တ လ လျှင် ဆွမ်းဆန်တော် .... .... | ၁၀ |
| (ဃ) ပါဠိတက္ကသိုလ်ဝင်ကျောင်းတကျောင်းအတွက်နဝကမ္မ အလှူငွေ တနှစ်လျှင်အလှူတော် .... .... | ၅၀၀ |

## တတိယဇယား။

[ပုဒ်မ ၂၆။]

၁။ ။ဤနည်းဥပဒေများတွင်။ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်-

(က) ''အက်ဥပဒေ''ဆိုသည်မှာ၊ ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေကို ဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ နည်းဥပဒေ ၃ အရ ဖွဲ့စည်းထားသော စာချဓမ္မာစရိယရွေးချယ်ရေးအဖွဲ့ကိုဆိုလိုသည်။

၂။ ။နိုင်ငံတော်အစိုးရသည်၊ အက်ဥပဒေပုဒ်မ ၂၆ အရ ဆောင်ရွက်ရန်အလို့ငှါ၊ပါဠိတက္ကသိုလ်တွင်မပါဝင်သည့်ကျောင်းများရှိ စာချဓမ္မာစရိယများကိုဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်ရမည်။

၃။ ။နိုင်ငံတော်အစိုးရက ဆိုခဲ့သော စာချဓမ္မာစရိယများကို ရွေးချယ်ရန်အလို့ငှါ ဆိုင်ရာခရိုင်ဝန်၊ပညာဝန်နှင့် သက်ဆိုင်ရာအရပ်တွင် သာသနာရေးအသင်းရှိလျှင်၊ ထိုအသင်း၏ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ထိုဥက္ကဋ္ဌ၏ ကိုယ်စားလှယ်ပါဝင်သော စာချဓမ္မာစရိယ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရမည်။

၄။ ။အဖွဲ့သည်၊ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသော စာချဓမ္မာစရိယများကိုရွေးချယ်ရမည်။

(၁) အပိုဒ် (၃) တွင် အသီးသီးသတ်မှတ်ထားသည့်အရေအတွက်ရှိသော စာလိုက်သံဃာတော်များကို ပရိယတ္တိစာပေများပို့ချလျက်ရှိခြင်း၊ထို့ပြင်

(၂) ဆိုခဲ့သော စာလိုက်သံဃာတော်များကို အနည်းဆုံး တနေ့လျှင် စာနှစ်ဝါပို့ချလျက်ရှိခြင်း။

(၃) (က) မန္တလေးမြို့ရှိကျောင်းတကျောင်းတွင်စာလိုက်သံဃာတော် အရေအတွက် အနည်းဆုံးအပါး ၃၀။

(ခ) ရန်ကုန်မြို့ရှိ ကျောင်းတကျောင်းတွင်ကျောင်းနေ သံဃာတော်အရေအတွက် အနည်းဆုံး ၂၅ ပါးရှိ၍၊ စာတဝါလျှင် စာလိုက်သံဃာတော်အရေအတွက် အနည်းဆုံး ၁၀ ပါး။

(ဂ) ခရိုင် မြို့မရှိ ကျောင်းတကျောင်းတွင် ကျောင်းနေသံဃာတော်အရေအတွက်အနည်းဆုံး ၂၅ ပါးရှိ၍၊စာတဝါလျှင် စာလိုက်သံဃာတော် အရေအတွက် အနည်းဆုံး ၅ ပါး။

(ဃ) အပိုဒ် ၃ (က)၊ (ခ) နှင့် (ဂ) တို့တွင် ရည်ညွှန်းထားသောမြို့များမှ တပါး အခြားမြို့ရှိ ကျောင်းတကျောင်းတွင်ကျောင်းနေသံဃာတော် အရေအတွက်အနည်းဆုံး အပါး ၂၀ ရှိ၍၊ စာတဝါလျှင် စာလိုက်သံဃာတော် အရေအတွက်အနည်းဆုံး ၄ ပါး။

(င) ကျေးရွာရှိ ကျောင်းတကျောင်းတွင်ကျောင်းနေ သံဃာတော်အရေအတွက် အနည်းဆုံး ၁၅ ပါးရှိ၍၊စာတဝါလျှင်စာလိုက်သံဃာတော် အရေအတွက် အနည်းဆုံး ၄ ပါး။

၅။ ။အဖွဲ့သည်၊ နည်းဥပဒေ ၄ တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ပြည့်စုံသည်ဟု မိမိတို့ထင်မြင်သော စာချစမ္မာစရိယများထံမှ၊ သို့တည်းမဟုတ် ကျောင်းအုပ်ဆရာတော်များထံမှ အောက်ပါဇယားတွင် ပြထားသည့်အတိုင်း စာရင်းတောင်းယူရမည်။

ဇယား။

အရှင်ဘုရားတို့ပို့ချတော်မူသော စာဝါများကို အောက်တွင် စာရင်းရေးသားချီးမြှင့်တော်မူပါ။

| | |
|---|---|
| နံနက်— | ဘွဲ့တော်— |
| နေ့— | သိက္ခာ — |
| ညနေ— | ကျောင်းတိုက်— |
| ည— | မြို့ရွာ— |
| | စာသင်သားဦးရေ— |

၆။ ။နည်းဥပဒေ ၅ အရ တောင်းယူသော စာရင်းကို ရရှိသည့်အခါ၊ စာချစမ္မာစရိယတပါးသည် နည်းဥပဒေ ၄ တွင်ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ပြည့်စုံသည်ဟု အဖွဲ့ကကျေနပ်လျှင်၊ သက်ဆိုင်ရာအရပ်တွင် ထင်ရှား ကျော်စောသည့်

ဂဏာစရိယ ဂဏပါမောက္ခဖြစ်သော အခြားဆရာတော်ကြီး သုံးပါးထံ၊ ထိုစာချမ္မော စရိယသည် လျှဒါန်းထောက်ပံ့ခြင်းခံရထိုက် မခံရထိုက် စာဖြင့်မေးလျှောက်ရမည်။အဆို ပါဆရာတော်များက၊ လျှဒါန်းထောက်ပံ့ခြင်းခံရတိုက်သည်ဟု စာဖြင့် လက်မှတ်ရေးထိုး၍ ထောက်ခံတော်မူကြလျှင်၊ ထိုစာရင်းနှင့် ထောက်ခံချက်များကို၊မိမိတို့၏ အစီရင်ခံစာ နှင့်တကွပူးတွဲ၍နိုင်ငံတော်အစိုးရသာသနာရေးဌာနသို့ပေးပို့ရမည်။

၇။ ။နိုင်ငံတော်အစိုးရသည်၊ ယင်းသို့ အရည် အချင်း များနှင့် ပြည့်စုံ၍ ထောက်ခံချက်များကိုရရှိသော၊ ထို့ပြင် ဆိုင်ရာကျောင်းအုပ် ဆရာတော်ကညွှန်ကြား သော စချမ္မောစရိယများအား၊ တပါးအတွက် တလလျှင် ဆွမ်းဆန်တော်ငွေ ၃၀ လျှဒါန်းထောက်ပံ့ရမည်။

၈။ ။နိုင်ငံတော်အစိုးရက နည်းဥပဒေ ၇ အရ လျှဒါန်းတောက်ပံ့နေသော စာချမ္မောစရိယ၏ ကျောင်းတွင် စာလိုက်သံဃာတော် အပါးတရာရှိလျှင်၊ သို့တည်း မဟုတ် အပါးတရာထက်ပိုလျှင်၊ စာလိုက်သံဃာတော် အရေအတွက် အပါးငါးဆယ် လျှင်၊ စာချမ္မောစရိယ တပါးကျတွက်၍ ဆိုင်ရာကျောင်းအုပ်ဆရာတော်က ညွှန်ကြား သည့် စာချမ္မောစရိယများအားလျှဒါန်းထောက်ပံ့ရမည်။

၉။ ။(၁)ဆိုခဲ့သောနည်းဥပဒေများအရ လျှဒါန်းထောက်ပံ့ခြင်းမပြုသေးမီ အက်ဥပဒေ အာဏာတည်သည့် နေ့မှစ၍ ဆိုခဲ့သော နည်းဥပဒေများအရ လျှဒါန်း ထောက်ပံ့သည့် နေ့တိုင်အောင် ပါဠိတက္ကသိုလ်တွင် မပါဝင်သော ကျောင်းများရှိ အောက်တွင် ဖော်ပြထားသော စာချမ္မောစရိယ များကို နိုင်ငံတော်အစိုးရက တပါး အတွက်တလလျှင် ဆွမ်းဆန်တော်ငွေ ၃၀ လျှဒါန်းထောက်ပံ့ရမည်။

(က) မန္တလေးမြို့၌ ပရိယတ္တိသာသနဟိတ အသင်းကယခု လျှဒါန်းထောက်ပံ့နေသောစာချမ္မောစရိယများနှင့်

(ခ) ရန်ကုန်မြို့၌ ပရိယတ္တိသာသနနုဂ္ဂဟအသင်း၊သို့တည်း မဟုတ် စေတီယင်္ဂဏအသင်းတို့က ယခုလျှဒါန်း ထောက်ပံ့နေသော ကျောင်းများရှိဆိုင်ရာကျောင်း အုပ်ဆရာတော်များက ညွှန်ကြားသည့် စာချမ္မော စရိယများ။

(၂) နည်းဥပဒေခွဲ (၁) အပိုဒ် (ခ) အရ နိုင်ငံတော်အစိုးရက လျှဒါန်းထောက်ပံ့ရမည့် စာချမ္မောစရိယများ၏ အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) သံဃာတော် ၂၅ ပါးမှအပါး ၅၀ အထိရှိလျှင် စာချမ္မောစရိယတပါး။

(ခ) သံဃာတော်အပါး ၁၀၀ ရှိသော်၊သို့တည်းမဟုတ် အပါး ၁၀၀ ထက်ပိုသော်၊ သံဃာတော် အပါး ၅၀ လျှင် စာချမ္မောစရိယတပါးကျ။

၁၀။ ။နိုင်ငံတော်အစိုးရ၏ လျှာဒါန်း ထောက်ပံ့မှုကို ရရှိသော စာချဓမ္မာစရိယသည်—

(က) လူထွက်လျှင်ဖြစ်စေ၊
(ခ) ပျံတော်မူလျှင်ဖြစ်စေ၊
(ဂ) စိတ်ပျံ့လွင့်ရူးသွပ်လျှင်ဖြစ်စေ၊
(ဃ) ပရာဇိက အာပတ္တာဓိကရုဏ်း ဖြစ်၍ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်းဂဏ၊ ဝိနည်းမိုရ်ထံမှ သုဒ္ဓဆုံးဖြတ်ချက်ကို မရလျှင်ဖြစ်စေ၊
(င) အကျင့်စာရိတ္တ နှင့် ပတ်သက်သော ရာဇဝတ်မှုဖြင့် အပြစ်ခံရလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် အပြစ်ခံရဘူးလျှင်ဖြစ်စေ၊
(စ) နည်းဥပဒေ ၄ (၃) တွင် ပြဋ္ဌာန်းထားသည့် စာလိုက်သံဃာတော်၊ သို့တည်းမဟုတ် ကျောင်းနေသံဃာတော် အရေအတွက် မပြည့်လျှင်ဖြစ်စေ၊
(ဆ) သီတင်းနေ့များကိုချန်လှပ်၍ ရေတွက်သော် တနေ့လျှင်အနည်းဆုံး စာနှစ်ဝါပို့ချရန် ပျက်ကွက်သည့် ကာလ အပိုင်း အခြားသည် တနှစ်တွင် ရက်ပေါင်း ခြောက်ဆယ်အောက် မလျော့လျှင်ဖြစ်စေ

နိုင်ငံတော်အစိုးရသည် ထိုစာချဓမ္မာစရိယအား လျှာဒါန်းထောက်ပံ့ခြင်းကို ရပ်စဲရမည်။

၁၁။ ။အဖွဲ့သည် နိုင်ငံတော်အစိုးရ၏ လျှာဒါန်းထောက်ပံ့မှုကိုရရှိသောစာချဓမ္မာစရိယထံမှ နည်းဥပဒေ ၅ ပါ ဇယားရှိ အကြောင်းအရာများကို၊တနှစ်လျှင်တကြိမ်စာရင်းတောင်းယူ၍ နိုင်ငံတော်အစိုးရသာသနာရေးဌာနသို့ မိမိတို့အစီရင်ခံစာနှင့်တကွ ပို့ရမည်။

၁၂။ ။ဤနည်းဥပဒေများအရ၊နိုင်ငံတော်အစိုးရ၏လျှာဒါန်းထောက်ပံ့မှုသည် မြန်မာနိုင်ငံတော်ပါဠိဘာသာပညာရေးအဖွဲ့၏ လျှာဒါန်းထောက်ပံ့မှုကိုဖြစ်စေ၊နိုင်ငံတော်အစိုးရ၏အခြားနည်းလျှာဒါန်းထောက်ပံ့မှုကိုဖြစ်စေ မထိခိုက်စေရ။

ပ၊မ၊ဗ၊စ—အမှတ် ၁၄၁၊ အမျိုးသားနှင့်သာသနာရေးဝန်ကြီးဌာန၊ ၁-၁၀-၅၃—၂,၀၀၀—၂